# သုမောင်

## မျိုးရိုးထဲမှဆိုးပေကြီးများ



http://myanmarpyithar.net

# သုမောင်

၁၉၅၁ခုနှစ်၊ မတ်ချ်လ(၁၃)ရက်၊ အင်္ဂါနေ့ညနေတွင် ဖခင်စာရေးဆရာရုပ်ရှင်ဒါရိုက်တာ (ဦး)သာမုနှင့် မိခင်မူလတန်းကျောင်းအုပ်ဆရာကြီးဒေါ်ခင်ညိုတို့မှ ရန်ကုန်မြို့တွင် ဖွားမြင်သည်။ ၁၉၆၉ခုနှစ်တွင် ယုဝတီဂျာနယ်၌ စာပြင်ဆရာအဖြစ်ဝင်ရောက်လုပ်ကိုင်ရင်း မောင်ညိုအောင်အမည်ဖြင့် ကဗျာတိုကလေးများစတင်ရေးသည်။ ၁၉၇၀မတ်လမှာပင် 'ဝတ်မုံ'မဂ္ဂဇင်းကိုတစ်ကြိမ်မျှကိုယ်ပိုင်ထုတ်ဝေပြီး အယ်ဒီတာလုပ်သည်။ ထိုမဂ္ဂဇင်းတွင် အုပ်စိုးအမည်ဖြင့် 'သနပ်ခါးရည်ကကျဲကျဲ' ဝတ္ထုတိုကို ရေးခဲ့သည်။

၁၉၇၃စက်တင်ဘာလထုတ်ရှုမဝမဂ္ဂဇင်းတွင် 'ငယ်အိပ်မက်' အမည်ရှိဝတ္ထုကို စတင်ရေးသား ဖော်ပြခံရခြင်းဖြင့် သုမောင်အမည်ကို ရယူခဲ့ပါသည်။(၁၉၇၄ ကျခါမှ 'ချစ်စံနမူ' ရုပ်ရှင် ဇာတ်ကားဖြင့် ရုပ်ရှင်နယ်သို့ ဝင်ပါသည်။) ၁၉၉၀ ပြည့်နှစ်အတွက် အကောင်းဆုံး မင်းသားအကယ်ဒမီဆုကို 'ခုနှစ်စဉ်အလွမ်း' ဇာတ်ကားဖြင့် ရရှိပါသည်။ ၁၉၇၅ ကျခါမှ 'ပန်းဦးပန်မယ့်သူ' တေးသီချင်းဖြင့် ဂီတနယ်သို့ ဝင်ရောက်ပါသည်။ ၁၉၇၄တွင် 'အချစ်' အမည်ရှိလုံးချင်းဝတ္ထုကို ကိုယ်တိုင်ထုတ်ဝေရေးသားရင်း လုံးချင်း ဝတ္ထုရေးဆရာ ဖြစ်ခဲ့ရပါသည်။ လုံးချင်းဝတ္ထု၊ဘာသာပြန်ဝတ္ထု၊ဘဝအတွေ့အကြုံစာပေပေါင်းချုပ်စာစု ပေါင်း(၄၀)ရေးသားထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ (စာအုပ်စာရင်းနောက်ကျောမှစာမျက်နှာတွင် ဖော်ပြထားပါသည်။) ၁၉၉၈ခုနှစ်အတွက်ပရိသတ်အကြိုက်မန္တလေးစာပေဆုကို ရွှေအမြုတေ မဂ္ဂဇင်းပါ 'မျိုးရိုးထဲမှ ဆိုးပေကြီးများ' စာတွဲဖြင့် ရရှိပါသည်။ ၂၀၀၁ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် အမေရိကန်နိုင်ငံ အိုင်အိုဝါပြည်နယ်တက္ကသိုလ်မှ ကျင်းပသော နိုင်ငံတကာစာပေ အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံကိုယ်စားစာရေးဆရာအဖြစ် စာရေးဆရာမ မြနှောင်းညိုနှင့်အတူ တက်ရောက်ခဲ့ပါသည်။

ကလောင်ခွဲများ (၁) မဟူရာ (ကော်လံဖြည့်ကဗျာများ)
(၂) ကိုရင်ဧ ယျ (ဘာသာရေးဆောင်းပါးများ)
(၃) မောင်ဗလ (ကလေးကဗျာများ)
(၄) စိန်ခြယ် (ရုပ်ရှင်ပညာပေးဆောင်းပါးများ)

သာမုရုပ်ရှင်ခြံ၊ လေးဒေါင့်ကန်လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းတွင် ဇနီးသည်ဒေါ်အေးအေးမေ(အေးဘုံ)၊ သမီးကြီး စိုးအိမ်သူ၊ သားလတ်ဖိုးသောကြာ၊ သားငယ်ထိန်ထိန်သာ၊ သမီးထွေး ထိပ်ထားတို့နှင့်အတူ ဘဝအတွေ့အကြုံစာပေများကို ရေးသားရင်း နေထိုင်ပါသည်။

ထိုးမြလက်မှတ်

# မာတိကာ


| | | |
|---|---|---|
| | ဝင်းငြိမ်း၏အမှာစာ | ၉ |
| ၁။ | ကျွန်တော့်အဖေ၏အမေ | ၁၃ |
| ၂။ | အဖေ၏အမေ (၂) | ၂၆ |
| ၃။ | အဖေ၏အမေ (၃) | ၃၆ |
| ၄။ | မျိုးရိုးထဲမှဆိုးပေကြီးများ (၁) | ၄၆ |
| ၅။ | မျိုးရိုးထဲမှဆိုးပေကြီးများ (၂) | ၅၈ |
| ၆။ | မျိုးရိုးထဲမှဆိုးပေကြီးများ (၃) | ၇၃ |
| ၇။ | မျိုးရိုးထဲမှဆိုးပေကြီးများ (၄) | ၈၆ |
| ၈။ | မျိုးရိုးထဲမှဆိုးပေကြီးများ (၅) | ၉၂ |
| ၉။ | မျိုးရိုးထဲမှဆိုးပေကြီးများ (၆) | ၁၀၀ |
| ၁၀။ | ဦးသာခုရဲ့ထွက်ဆိုချက် (၁) | ၁၁၂ |
| ၁၁။ | ဦးသာခုရဲ့ထွက်ဆိုချက် (၂) | ၁၂၂ |
| ၁၂။ | ဦးသာခုရဲ့ထွက်ဆိုချက် (၃) | ၁၃၁ |
| ၁၃။ | ဦးသာခုရဲ့ထွက်ဆိုချက် (၄) | ၁၄၁ |
| ၁၄။ | ဦးသာခုအမှုပွဲ | ၁၄၉ |
| ၁၅။ | ဦးသာခု၏နောက်ဆုံးရှေ့နေ | ၁၅၇ |
| ၁၆။ | သာခုဘောပင်အတ္ထုပ္ပတ္တိ | ၁၆၈ |


http://myanmarpyithar.net

http://myanmarpyithar.net

# ဝင်းငြိမ်း၏
# အမှာစာ

ကိုသုမောင်က ရွှေအမြုတေမဂ္ဂဇင်းမှာ ဖော်ပြခဲ့တဲ့ သူ့ဆွေမျိုးများ အကြောင်းတို့ကို စုစည်းပြီး စာအုပ်တစ်အုပ် ထုတ်မှာမို့လို့ အစ်ကို အမှာစာ ရေးပေးပါလို့ ဆိုလာတယ်။ တကယ်တော့ သူ့စာအုပ်က ကျွန်တော် မိတ်ဆက် ပေးဖို့ရာ မလိုအပ်တဲ့ စာအုပ်ဖြစ်တယ်ဆိုတာ စာဖတ်သူများ သိကြပြီးသားပါ။ ဒါပေမယ့် ညီအစ်ကို အရင်းလို ရင်းနှီးမှုကို အခြေခံပြီး ဒီအမှာစာကို ကျွန်တော် ရေးပေးဖြစ်တာပါ။ သုမောင်နဲ့ ကျွန်တော် ရင်းနှီးမှုက ကျွန်တော့်ညီ ဆန်နီညိမ်း ကနေ စတာပါ။ သူတို့နှစ်ယောက်က စိန့်ပေါလ် (အ. ထ. က-၆ ဗိုလ်တထောင်) မှာ တစ်တန်းတည်းနေခဲ့ကြတဲ့ ကျောင်းသားတွေပေါ့။ သူတို့ နှစ်ယောက်က ပြောမနာ ဆိုမနာ ရင်းနှီးခဲ့ကြရာက သုမောင်နဲ့ ကျွန်တော်တို့ ညီအစ်ကိုတစ်တွေ ရင်းနှီးလာခဲ့ကြပါတယ်။ နောက်တော့ သူတို့ညီအစ်ကို အားလုံးနဲ့ ကျွန်တော်တို့ ညီအစ်ကို တစ်တွေ ရင်းနှီးသွားကြပါတယ်။ ဒါကြောင့် ဘာစာအုပ်ပဲ လုပ်လုပ်



http://myanmarpyithar.net

ကိုဝဏ္ဏ၊ ကိုသုမောင်၊ ကိုမင်းလူတို့ ညီအစ်ကိုတွေဆီက စာမူများကို ကျွန်တော်တို့ညီအစ်ကိုတစ်တွေက တောင်းခံ တတ်မြဲပါပဲ။

ရွှေအမြုတေမဂ္ဂဇင်းကို ကျွန်တော် စီစဉ်တည်းဖြတ်တဲ့အခါ ကျတော့လည်း ကိုသုမောင် မနေသာတော့ဘဲ စာမူပေးရ ပြန်ပါတယ်။ သူရေးတဲ့စာအများစုက စာဖတ်ပရိသတ်များသိကြတဲ့ အတိုင်း သူတို့မိသားစု အသိုင်းအဝိုင်းကအကြောင်းတွေ များပါတယ်။ တချို့စာဖတ်ပရိသတ်များက သုမောင်တို့ကလည်း ရေးလိုက်ရင် သူတို့မိသားစုအကြောင်းချည်းပဲလို့ ဝေဖန်သံတွေလည်းကြားရပါတယ်။ ဝတ္ထုဆိုတာ အဓိကအားဖြင့် လူနဲ့ လူ့ပတ်ဝန်းကျင်အကြောင်းရေးဖွဲ့ကြတာပါ။ သူတို့မိသားစု ဆိုတာလည်း လူတွေပဲ မဟုတ်လား၊ သက်ရှိထင်ရှား ဇာတ်ကောင်တွေနဲ့ ရေးဖွဲ့ခြင်းခြင်း ဖြစ်တာကြောင့် သူ့ဝတ္ထုတွေဟာ သက်ဝင် လှုပ်ရှားနေပါတယ်။ ဒီလို ဆွေမျိုးမိသားစုများ အကြောင်း နိုင်ငံတကာက စာရေးဆရာများလည်း ရေးဖွဲ့ကြပါတယ်။ အဲဒီလို ရေးဖွဲ့ခြင်းကိုစာပေအမျိုးအစားအားဖြင့် Family Saga လို့ ခေါ်တဲ့အကြောင်း ကွယ်လွန်သူ စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်က "ကိုင်း. . . ပြောလိုက်စမ်းမယ်၊ သောင်းပြောင်းထွေလာ" မဂ္ဂဇင်းမှာ ဆောင်းပါးတစ်ပုဒ် သီးသန့် ရေးခဲ့ဖူးတာကိုကျွန်တော် မှတ်မိနေပါတယ်။

သုမောင်တို့ညီအစ်ကိုတစ်တွေက ဟာသဉာဏ်လည်း ရွှင်ကြပါတယ်။ ကိုဝဏ္ဏရိုက်တဲ့ ရုပ်ရှင်ကားများမှာ ကလိထိုး ရယ်ခိုင်းတာမျိုး မဟုတ်ဘဲ တစိမ့်စိမ့်တွေးပြီးရယ်ရတဲ့ ဟာသတွေ အများကြီး ပါတတ်ပါတယ်။ သုမောင်ရေးတဲ့ ဝတ္ထုတွေမှာလည်း ထိုနည်းလည်းကောင်း ပါပဲ။ ဒါကြောင့် စာပေလုပ်သား မဂ္ဂဇင်းမှာ စာရေးဆရာကြီး မောင်ထင်က မောင်ဝေဖန်အမည်ဖြင့်ဆောင်းပါး ရေးသားခဲ့ရာမှာ "သုမောင်၏ မိသားစုပုံပြင်များသည် သော်တာဆွေကဲ့သို့ ဝါးလုံးကွဲမရယ်ရ။ ရယ်ရကောင်းမလား၊ မရယ်ဘဲနေရ ကောင်းမလားဟု ပြုံးစိစိဖြစ်ရ" လို့ ရေးသားခဲ့ဖူးပါတယ်။ ရွှေအမြုတေမှာ "မျိုးရိုးထဲက ဆိုးပေကြီးများ" ခေါင်းစဉ်နဲ့ ရေးသားခဲ့တဲ့ ဆောင်းပါးများထဲက တစ်ပုဒ်မှာ

သူ့အဘိုးအေ မယားငယ်ယူတဲ့အခါ သူ့အဘွားက အဘိုး လိုက်လာမယ့် ဘတ်စ်ကားလိုင်းကစောင့်ပြီး ဖမ်းပုံ၊ မယားငယ်က မွေးလာတဲ့ သားနှစ်ယောက်ကို မောင်စာ၊ မောင်လင်းဟု အမည် ပေးခဲ့ပုံများမှာ ဆရာကြီးမောင်ထင်ပြောသလို ပြုံးစိစိဖြစ်ရတဲ့ ရေးဖွဲ့ပုံများပဲ ဖြစ်ပါတယ်။

ရွှေအမြုတေမှာ သုမောင်ရေးခဲ့တဲ့ အဖေ၏အမေဆိုတဲ့ ဆောင်းပါးကို ပုံနှိပ်ဖော်ပြခဲ့စဉ်က မန္တလေးမြို့က ချီးမြှင့်တဲ့ မန္တလေးစာပေဆုကို ရရှိခဲ့ပါတယ်။ အဲဒီဆောင်းပါးကို အကြောင်း ပြုပြီးတော့ဘဲ အမေရိကန် ပြည်ထောင်စု Iowa တက္ကသိုလ်က ကြီးမှူး ကျင်းပတဲ့ International Writing Program မှာတက်ရောက်ဖို့ သုမောင်ကိုရွေးချယ်ခြင်း ခံခဲ့ရပါတယ်။ သုမောင်က သူ့မိသားစုတွေအကြောင်းရေးရာမှာ အဖေဘက်က အမျိုးတွေရော၊ အမေဘက်ကအမျိုးတွေပါ မကျန်ပါဘူး။ ရွှေအမြုတေမှာ မျိုးရိုးထဲကဆိုးပေကြီးများခေါင်းစဉ်နဲ့ ရေးသလို မဏ္ဍိုင်မဂ္ဂဇင်းမှာလည်း သူ့ဖခင် ဆရာသာစု အမှုတွေရှာတတ်ပုံများကိုလည်း ရေးဖွဲ့ခဲ့ပြန်ပါတယ်။ သုမောင် သူ့အမျိုးတွေအကြောင်းစာတစ်တန်ပေတစ်ဖွဲ့ ရေးနိုင်ခြင်းမှာ သူ့မိခင်ဖြစ်သူ အမေညိုက စာရေးဆရာကတော်ပီပီ သူကိုယ်တိုင် စာမရေးပေမယ့် ကျောင်းဆရာမဟောင်း တစ်ယောက် ဖြစ်တာကြောင့် သားတွေကို ပုံပြောကောင်းသူလည်းဖြစ်ပါတယ်။ အမျိုးတွေအကြောင်းကို ဟိုရှေးရှေးတုန်းက အစချီတဲ့ ပုံပြင်များကို ပြောပြလေ့ရှိပုံရပါတယ်။ ဒါကြောင့်လည်း သုမောင်က ဆောင်းပါးလိုတစ်မျိုး၊ ဝတ္ထုလိုတစ်သွယ် ရေးဖွဲ့နိုင်ခြင်း ဖြစ်ပါတယ်။

မျိုးရိုးထဲကဆိုးပေကြီးများလို့ သူခေါင်းစဉ်တပ်တုန်းက သူ့ထုံးစံအတိုင်း ကျွန်တော့်ကို ရှင်းပြခဲ့ဖူးပါတယ်။ ကိုယ့်သားသမီး ဆော့လွန်း၊ စကားတတ်လွန်းရင် လူကြီးများက "သိပ်ဆိုးတဲ့ ကောင်ပေါ့" လို့ ညည်းသည်ကို ဂုဏ်ယူတဲ့ လေသံနဲ့ ကြွားတတ်ကြတဲ့ သဘောမျိုး သူကလည်း သူ့အမျိုးတွေအကြောင်းချစ်စနိုးနဲ့ ခေါင်းစဉ်တပ်ထားခြင်း ဖြစ်တယ်လို့ ဆိုပါတယ်။ အခု စာအုပ်ကိုလည်း "မျိုးရိုးထဲကဆိုးပေကြီးများ" လို့ပဲ ခေါင်းစဉ်ပေးထား ပါသတဲ့။ လူဆိုးလို့

ချစ်စနိုးပြောရမယ်ဆိုရင် သုမောင်ကိုလည်း လူဆိုးလို့ ကျွန်တော် ပြောရလိမ့်မယ်။ သူ အရက်သောက်တာ တစ်နိုင်ငံလုံးသိပါတယ်။ ကျွန်တော့် အမေက ဆိုရင် ရုပ်မြင်သံကြား အစီအစဉ်ကလာတဲ့ သူ့အရုပ်တွေကို ကြည့်ပြီး ပါးဖောင်းနေရင် ဗလ အရက်သောက်နေပြီ။ ပါးချပ်နေရင် ဗလ အရက် ဖြတ်လိုက်ပြီလို့ သုံးသပ် တတ်ပါတယ်။ (ဘယ်သီချင်းက ဘယ်တုန်းက ရိုက်ပြီး ဘယ်တော့လွှင့်တယ် ဆိုတာ အမေက စိတ်မဝင်စားပါဘူး၊ သုမောင်ပါး ဖောင်းတာပိန်တာကိုသာ သူကြည့်ပါတယ်) အရက်သောက်လို့ လူဆိုးလို့ ကျွန်တော်ပြောတာ မဟုတ်ပါဘူး။ စဉ်းစားကြည့်လေ၊ သူက စာရေးဆရာ။ သူ့အဖေက စာရေးဆရာ။ သူ့အဖေ ဆရာသာခု တစ်သက်လုံး ရေးလာခဲ့တဲ့ ဖောင်တိန်ကို သားများထဲက သူတစ်ဦးတည်းသာ အမွေဆက်ခံ ရယူ ခဲ့ပေမယ့် အဲဖောင်တိန် သူ့ကြောင့်ပဲ ပျောက်သွားသတဲ့။ အဖေ့အမွေ ဖျောက်လိုက်သူမို့ ကျွန်တော်က လူဆိုးလို့ ခေါ်ခြင်းပါ။

သုမောင် ဆရာသာခုရဲ့ဖောင်တိန်ကိုဖျောက်လိုက် ပေမယ့် ချီးကျူးစရာတစ်ခုကတော့ "စာရေးဆရာသာခုသား" ဆိုတဲ့ ဂုဏ်ပုဒ် ပျောက်မသွားအောင် သူစာတွေ အဆက်မပြတ် ရေးနေနိုင်ခြင်းကိုပါပဲ။ အမွေကိုတော့ဖြင့် သူ ထိန်းသိမ်းထား နိုင်သေးတယ်။ ဆက်လက်ပြီး တော့လည်း အမွေအနှစ်ကို ထိန်းသိမ်း နိုင်ပါစေလို့ (ကောင်းသော လူကလေး အမိပ္ပာယ် ရတဲ့) လူဆိုးကလေး သုမောင်အတွက် ဆန္ဒပြုလိုက်ပါတယ်။

**ဝင်းငြိမ်း**

# ကျွန်တော့်အဖေ၏ အမေအကြောင်း

"ခင်ဗျား ဝတ္ထုတိုဆယ်ပုဒ်မှာ သုံးပုဒ်က အဖေ အကြောင်း၊ သုံးပုဒ်ကအမေအကြောင်း၊ ကျန်တဲ့ လေးပုဒ်က ခင်ဗျား ပတ်ဝန်းကျင် အကြောင်း" ဟု စာဖတ်သူ မိတ်ဆွေ တစ်ယောက်က မြှောက်ပင့်သလို၊ ချိုးနှိမ် သလိုလို စကားဆို ပါသည်။ မိသားစုထဲမှာပင် ဝတ္ထုအကြောင်း ရှာတတ်သည် လို့ချီးကျူးတာလိုလို ဘောင်ကျဉ်းသည်ဟု ကဲ့ရဲ့ချင်တာ ဖြစ်ကြောင်း၊ သူ၏ မချိုမချဉ် မျက်နှာထားက သိသာစေ ပါသည်။ အထူးသဖြင့် ထိုပုဂ္ဂိုလ်သည် ကျွန်တော့် အစ်ကို မောင်ဝဏ္ဏ၏ သူငယ်ချင်း စာသမား ပညာတတ် တစ်ယောက် ဖြစ်သဖြင့်ကျွန်တော်က ဘာမှ ပြန်မပြောဖြစ်ပါ။ နဂို ကတည်းက သူသည် အထက်စီးဖြင့် သမားဂုဏ်ပြ စကားဆို နေသည်မဟုတ်ပါလား။ကျွန်တော်၏ အနုပညာဘဝတွင် ဒီလိုပဲ အထက်စီးဖြင့် ဟန်ကိုယ့်ဖို့ ဆက်ဆံတတ်သူ မြောက်မြားစွာ တွေ့ဖူး ပါသည်။ သူရို့ကို ကျွန်တော်ကတော့ သနားလိုက်သည် သာဖြစ်ပါသည်။ သူရို့သည် ကျွန်တော့် အစ်ကို အရွယ်များ၊ ကျွန်တော့် အရင်စာတိုပေစ ရေးခဲ့သူများ။ သို့သော် ကျွန်တော်က ရှူးသလိုလို ပေါ်သလိုလို နေခဲ့ရာမှ "စာရေးဆရာ" ဟူသော ဂုဏ်ပုဒ်ကို ပရိသတ်ကရော၊ စာပေ ပညာရှင်



http://myanmarpyithar.net

များကပါ အသိအမှတ်ပြု ခံလိုက်ရသောအခါ (သူရို့ ကို ကျော်ဖြတ်တက်သွားသောအခါ) မနာလို တိုရှည်တော့ မဟုတ်၊ ကျွဲမြီး တိုသွားကြပုံရ၏။ မစ္စေရစိတ် မထားသော်လည်း မုဒိတာ မပွားနိုင် ကြသည် ကိုတော့ ကျွန်တော်က ရိပ်မိပါသည်။ တကယ်လည်း သူရို့ လောက် ကျွန်တော်က ပညာမတတ်ပါ။ သူရို့လောက် ကျွန်တော်က စာမဖတ်ပါ။ သို့သော် ပါရမီ အရာ၌ကား သူရို့ ကျွန်တော့်ကို လိုက်မမီကြပါ။

ထိုအခါ ကျွန်တော်သည် သူရို့ကို ဘာမျှ ခွန်းတုံ့ မပြန်သော်လည်း အဖေအကြောင်း၊ အမေအကြောင်းများကို ပို၍ ပို၍ အရွဲ့တိုက် ရေးပစ်ခဲ့ပါတော့သည်။ ထို့ကြောင့်ပင် "ဒုရင်ကောက်" အမည်ရှိ အမေဘွဲ့ ဝတ္ထုတို လုံးချင်းတစ်အုပ်၊ "သာခု" အမည်ရှိ ဖခင်ဘွဲ့ ဝတ္ထုတို လုံးချင်း တစ်အုပ်ပင် ထွက်ရှိနိုင်ခဲ့ခြင်း ဖြစ်၏။ ( ၁၉၈၀ ဝန်းကျင်က ဖြစ်သည်) ယခုထိလည်း မကြာမကြာ ဆိုသလို အဖေအကြောင်း၊ အမေ အကြောင်း များကို ရေးနေမိပေသည်။ အထူးသဖြင့်မူ အမေ့ အကြောင်းများ. . . ။

❑ ❑ ❑

ဟိုးတစ်လောဆီက ဆရာသုခ၏ "အမေနေ့" နှင့် ပတ်သက်ပြီး စာပေဂီတ၊ ရုပ်ရှင်နယ်တို့၌ အုတ်အော် သောင်းတင်း ဖြစ်သွားခဲ့သည်ကို မှတ်မိကြပါ လိမ့်မည်။ ထိုစဉ်ကာလမှာပင် စောစောက ပြောခဲ့သော ကျွန်တော့် အစ်ကို၏ သူငယ်ချင်း စာသမားသည် ကျွန်တော့်ထံ တကူးတကန့် တယ်လီဖုန်း ဆက်ပါသည်။

"ဘယ်နှယ့်လဲ ဘိုသု၊ ဒီပွဲမှာ ဘာမှ ဝင်မန္တတော့ဘူးလား"

သူသည် ကျွန်တော် စာရေးဆရာ ဖြစ်စကတည်းက ပြောခဲ့သော အထက်စီးလေသံဖြင့် မချိုမချဉ် စကားဆို ပါသည်။ အသက် အရွယ်၊ အချိန်အခါတွေ ရင့်ရော်လာသော် လည်း ကနေ့အထိ သူ၏ စိတ်ဓာတ် မပြောင်းလဲသေးသည်ကို ကျွန်တော် အံ့ဩမိပါသည်။ သူသည်

အခုထိ ကျွန်တော့် အပေါ် ဘာကြောင့် ကျွဲမြီးတိုနေသည်ကို စဉ်းစား မရပါ။ အမြဲတမ်း ခေတ်မီနေတာလား၊ တစ်နေရာ တည်းကနေ စိတ် ဓာတ် မတက်တော့တာလား မသိရပါ။

ဘာပဲဖြစ်ဖြစ် "အမေနေ့" ပေါ်ပေါက်လာသော အမေနှင့် ပတ်သက်သည့် အနုပညာရှင်များ ခေတ်ဆန်း လာသော အချိန်သမယ၌ ထိုပုဂ္ဂိုလ်က ကျွန်တော့်ကို မှတ်မှတ် ထင်ထင် သတိတရ ဖုန်းဆက်ဖော် ရသည်ကိုပင် ကြံဖန်၍ ကျေးဇူးတင်ရမည် ဖြစ်ပါသည်။ သူ့စိတ်ထဲမှာ ကျွန်တော် အမြဲ ရှိနေသည် ထင်၏။

"အမေ့အကြောင်း၊ အမေပြောပြတဲ့ အကြောင်း တွေရေးရင်းနဲ့ ဝတ္ထုတိုရေးဆရာ ဖြစ်လာတာပဲဗျာ၊ နောက်ထပ်တကူးတကန့် ထပ်ရေး နေစရာမလိုပါဘူး၊ ခုလည်း ကြုံရင်ကြုံသလို အမေ့အကြောင်းတွေ ကျွန်တော် ရေးနေသားပဲ" ဟု စကားနည်းရန်စဲ ပြောရပါသည်။ အမှန်မှာ "အမေ" ပွဲဆူနေစဉ် ကျွန်တော့်ကို သူကလှမ်းပြီး ကလိထိုးတာ ဖြစ် ကြောင်း ကျွန်တော်သိနေပါသည်။

"မဟုတ်ဘူးလေ၊ မြန်မာစာ လောကမှာ အမေဘွဲ့၊ အဖေဘွဲ့ ဝတ္ထုတွေ အများဆုံးရေးခဲ့တာ သုမောင်လို့ ကျွန်တော်တို့က သတ်မှတ် ထားတာဗျ၊ ဒီပွဲမှာ တစ်ခုခုတော့ ဝင်လုပ်ဖို့ကောင်းတာပေါ့" ဟု သူက ထပ်ပြီး သွေးထိုးပါသည်။ ကျွန်တော်က. . .

"နေ့တိုင်း ဘုရား ရှိခိုးတဲ့သူဟာ၊ လူစုပြီး ဘုရားဖူး သီးသန့် ထွက်တဲ့အလုပ်ကို လုပ်ခဲပါတယ်၊ ဘုရားဖူး သွားရင်လည်း တစ်ယောက် တည်း သော်လည်းကောင်း၊ မိသားစုနဲ့ သော်လည်းကောင်း အေးအေး လူလူ သွားတတ်ပါတယ်" ဟု စကားကုန် ပြောလိုက်ရပါသည်။ သူ့မနော ကို ကျွန်တော် သိသည်။ "အဖေတွေ ဘယ်သွားထားမလဲ" ဆိုသည့် ပြဿနာထဲ ကျွန်တော့်ကို ဆွဲထည့်လိုဟန်တူသည်။ ကျွန်တော်က စကား ကို အဆုံးသတ်သော်လည်း သူကထပ်ပြီး အရစ်ရှည်ပါသည်။ ထင်သည့်



http://myanmarpyithar.net

အတိုင်းပါပဲ။

"ဒါပေမယ့် ခင်ဗျားက အဖေတွေ အကြောင်းလည်း အရေးများ တဲ့သူပဲ၊ ခုဖြစ်နေတာက အမေတွေ တစ်ခေတ်ဆန်းတော့ အဖေတွေ ဘယ်သွားထားမလဲ၊ ဘာညာနဲ့ တစ်ဖက်က ပြဿနာတင် လာပြီလေ၊ ဒီတော့ ခင်ဗျား အနေနဲ့ . . ။

"တော်ပါတော့ဗျာ၊ ကျွန်တော် ခုတလော ဝတ္ထုတို ရေးအား နည်း နေတယ်၊ အနုပညာရေးရာ အတွေ့အကြုံတွေသာ အရေးများ နေတယ်၊ ပြီးတော့ မိဘနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ ရေးရဖန် များလို့ ငြီးငွေ့နေပါပြီ၊ Sorry ပဲ" ဟု တိုတိုပြတ်ပြတ် ပင်ပြော၍ တယ်လီဖုန်းကို အလျင်စလို ချပစ်လိုက်ပါတော့သည်။

အမေအကြောင်း၊ အဖေအကြောင်း၊ စာပေ အနုပညာ အကြောင်းထက် သူ၏ အတို့အထောင် ဉာဉ်ကို မကြိုက်သောကြောင့် ဖြစ်ပါသည်။ ပြီးတော့ တစ်ပါးသူ စကားပြောလျှင် အလွန် သည်းညည်းခံ နားထောင်ပေး တတ်သော ကျွန်တော်သည်ပင် သူ့အတွင်းစိတ်ကို မခံ မရပ်နိုင်တော့ပါ။ ကိုယ့်ထက် အသက် ကြီးနေသူ မိတ်ဆွေမို့သာ ကျွန် တော့် ပါးစပ်က ဖရုဿဝါစာတွေ ထွက်မသွားခြင်း ဖြစ်ပါသည်။

❑ ❑ ❑

"အမေညိုကြီးကတော့ ကျန်းမာ တယ်နော်၊ သူ့ဆီ တယ်လီဖုန်း ဆက်ရင် အနည်းဆုံး ၁၅ မိနစ်လောက် အချိန်ယူရတယ်၊ စကားပြော ကလည်းကောင်း၊ အသံကြီးကလည်း မာလိုက်တာ၊ မှတ်ဉာဏ်တွေက လည်း ကောင်းမှကောင်း"

ဟု သူငယ်ချင်းတစ်ယောက်က ကျွန်တော့်အမေ အကြောင်းကို ချီးကျူးစကားဆိုပါသည်။ သူက အမေ အစွဲအလန်း ကြီးသူ ဖြစ်သည်။ ကျွန်တော့်ထက်ပင် လွန်ကဲပါ သည်။ သို့သော် အနုပညာသမား မဟုတ်

ပါ။ ထို့ကြောင့် အမေဘွဲ့ကို သူမဖွဲ့ တတ်နိုင်။

ပြီးတော့ သူသည် ကျွန်တော့်အမေနှင့် သူ့အမေကို အမြဲနှိုင်း ယှဉ်ကြည့်နေတတ်သူ ဖြစ်သည်။ သူ့အမေနှင့် ကျွန်တော့်အမေသည် စိတ်ထားတတ်ပုံချင်းရော၊ မုဆိုးမ ဖြစ်ကြခြင်း ပါတူသည်။ ကုန်ကုန်ပြော ကြကြေး၊ အရွယ် ကောင်း ကြစဉ်မှာပဲ ယောကျ်ားနောက် အိမ်ထောင်ပြု သွားသည်ကို ခံရပုံခြင်းလည်း တူပါသည်။ မတူတာက ကျန်းမာရေးနှင့် မိသားစုရေးပင် ဖြစ်ပါသည်။ ကျွန်တော့် မိခင်က ( ၈၀ ) ကျော်ပါပြီ။ သွားတစ်ချောင်းမျှ မကျိုးသေးပါ။ စားကောင်းတုန်း၊ သောက်ကောင်း တုန်း၊ အိပ်ကောင်း တုန်းပင်။ မှတ်ဉာဏ်တွေကလည်း ကောင်းနေပါသေး သည်။ ( ၇၀ ) ကျော်မှ လေဖြတ်သွားသော်လည်း ပြန်ကောင်းသွား၏။ ( ၈၀ ) နားနီးမှ လက်မောင်း အဆစ်ပြုတ် သွားသော်လည်း ပြန်ဆက် သွား၏။ ရှေးဘဝ ကုသိုလ်ကံဟုပင် ဆိုရပါလိမ့်မည်။ လူ့သဘာဝအတိုင်း အသက်ကြီးလာသဖြင့် စကားတွေ များလာသော်လည်း မှတ်ဖွယ်သားဖွယ် များသာ ဖြစ်နေပါ၏။

ဒါကိုပင် ကျွန်တော့်သူငယ်ချင်းက သူ့မိခင်နှင့် ယှဉ်၍ အားကျ နေပါသည်။ သူ့မိခင်သည် ကျန်းမာရေး မကောင်းပါ။ (၆၀) လောက် ကတည်းက ချူချာခဲ့သူ ဖြစ်ပါသည်။ ဆေးနှင့်မပြတ် နေရရှာသူပါ။ မှတ်ဉာဏ်တွေလည်း လျော့ရဲ လာခဲ့ပါသည်။ ဉပမာ တီဗွီပြလို့ ကျွန်တော် သီချင်းဆိုသည့် ကဏ္ဍ ပါလာလျှင်. . .

"ဟဲ့. . . ဒီကောင်လေး ပြန်သောက်နေပြန်ပြီ ထင်တယ်"

"ဟဲ့. . . ဒီကောင်လေး မသောက်တော့ဘူး ထင်တယ်" ဟု အမြဲလိုလို ပြောတတ်ပါသည်။ အမှန်မှာ ကျွန်တော် တီဗွီ မရိုက်တာ ကြာပါပြီ။ အဟောင်းများကို အလျဉ်းသင့်သလို ပြန်လွှင့်နေခြင်းသာ ဖြစ်သည်။ "မကောင်း ခြောက်လ၊ ကောင်းခြောက်လ" ကျွန်တော်မှာ လည်း တီဗွီများ ရိုက်နေစဉ်က အရက်သောက်ချိန်နှင့် ကြုံလျှင် ကျွန်တော့်

ပါး ဖောင်းနေတတ်ပြီး နားနေချိန်နှင့် ကြုံလျှင် ကျွန်တော့်ပါး ပိန်နေပါသည်။ ဒါတွေကို အလျဉ်းသင့်သလို ပြန်လှန်သုံးသပ်ကြည့်တော့အခါ ကျွန်တော့်ပါးသည် ပိန်လိုက် ဖောင်းလိုက်။ ဤတွင် သူ့ မိခင်ကြီးက အထက်ပါအတိုင်း မှတ်ချက်ပြုခြင်း ဖြစ်၏။ ထိုအခါ သူငယ်ချင်းဖြစ်သူက. . .

"မဟုတ်ပါဘူး အမေရယ်၊ သူအခု မသောက်တော့ပါဘူး၊ ဒါတွေက အရင်တုန်းက ရိုက်ထားတဲ့ သီချင်းတွေပါ" ဟုရှင်းပြရသည်။ သို့သော် ရှင်းတုန်း ခဏပါပဲ။ နောက် တစ်ကြိမ် ထိုသီချင်းပြန်လာလျှင် "ဟော ဒီကောင်လေး ပြန်သောက်နေပြန်ပြီ"။ ထိုကိစ္စကို ယနေ့တိုင် ဘယ်လိုမှ ရှင်းမရတော့ပါ။

စောစောကပြောသလို သူက ကျွန်တော့်အမေနှင့် သူ့အမေကို နှိုင်းယှဉ်ရာ၌ ကျန်းမာရေးကိစ္စသည် အဓိက မဟုတ်ပါ။ အသက်ကြီးလာလျှင် ကျန်းမာရေးထိခိုက် ယိုယွင်းလာတာ ဓမ္မတာဟု သူသဘောပေါက်ပြီးသား ဖြစ်သည်။ ပြဿနာမှာ မိသားစုကိစ္စ ဖြစ်ပါသည်။

ကျွန်တော့်အမေမှာ သားလေးယောက်ရှိသည်။ အတူနေက သားတစ်ယောက်နှင့် ချွေးမ။ ကျန်သော သား သုံးယောက်နှင့် ချွေးမသုံးယောက်ကလည်း လက်တစ်ကမ်း မှာပင် နေကြသည်။ အမေ့အိမ်ကို သားသုံးယောက်အိမ်က ဝန်းရံထားသည် ဆိုပါစို့။ ပြီးတော့ ကျွန်တော်တို့ သား လေးယောက်ထက်ပင် ချွေးမ လေးယောက်က အမေ့ကို ပို၍ ဂရုတစိုက် ရှိကြလေရာ အမေသည် သူ့အရွယ် သူ့ အခြေအနေနှင့် လိုလေသေး မရှိဟု ဆိုရနိုင်ပါသည်။

ဤသည်ပင်လျှင် ကျွန်တော့်သူငယ်ချင်းအတွက် သူ့အမေနှင့် ပတ်သက်ပြီး ခံစားချက် ပိုမိုပြင်းထန်စရာ ဖြစ်ခဲ့ရပါတော့သည်။

သူ့အမေတွင်လည်း သားသမီး ( ၆ ) ယောက် ထွန်းကားခဲ့ပါသည်။ အားလုံးလည်း ကိုယ့်ခြေထောက်ပေါ် ကိုယ် ကောင်းကောင်း ရပ်နိုင်ရုံမျှမက ချောင်ချောင်လည်လည် ရှိကြသူများ ဖြစ်ပါသည်။ သို့

သော် သားသမီးကံ မကောင်း ဟုဆိုရမလားမသိ။ သမီး တစ်ယောက်က အပျိုကြီးဖားဖား ဖြစ်လေမှ ဥပစ္ဆေဒကကံဖြင့် ကွယ်လွန်သည်။ သား တစ်ယောက်က ထောင်တန်းကျနေသည်။ (သည်တော့ ချွေးမဖြစ်သူမှာ သည် ယောက္ခမကြီးထက် သူ့လင်သားကိစ္စ ကိုပို၍ ဗျာများနေရသည်) ငွေကြေး ပို့ပေးနိုင်သော်လည်း မေတ္တာတရားကို ပို့မပေးနိုင်သော သား သမီး တစ်ယောက်ကလည်း သျှောင်နောက် ဆံထုံးပါဖြင့် တစ်နယ် တစ်ကျေးမှာ။ နောက်သား တစ်ယောက်က နိုင်ငံခြားမှာ။ ထိုအမေနှင့် အတူနေ ဆိုလို့ သားကြီးနှင့် သားလတ်သာ ရှိသည်။

ထိုအထိကတော့ ထိုအမေကြီးအတွက် မထောင်းသာလှ ဟု ဆိုချင်ဆိုနိုင်ပါသည်။ အဘယ်ကြောင့် ဆိုသော် ထိုအမေထက် သားသမီး ကံဆိုးသော အမေတွေ အပုံအပင် ရှိနေသောကြောင့်ပင်။ ဘာပဲဖြစ်ဖြစ် ကိုယ့်အထွာ နှင့် ကိုယ်ကတော့ ဘဝမှာ လိုအပ်ချက်တွေ အမြဲ ရှိနေသည် မဟုတ်ပါလားလေ။

ကျွန်တော့်သူငယ်ချင်း၏အမေ တွင်လည်း သူ့ဘဝ သူ့ အခြေ အနေအရ လိုအပ်ချက်တွေ ရှိနေပါသည်။ စာဖွဲ့လောက်အောင် ဘဝမနာ သော်လည်း ကိုယ်ချင်းစာ ကြည့်နိုင်ပါသည်။

အထက်တွင်ဆိုခဲ့သော "ကျွန်တော့်အမေ ကံကောင်းသည်ကို ချီးမွမ်းခန်း"ဖွင့် လေတိုင်း ကျွန်တော့် သူငယ်ချင်းသည် မျက်ရည်လည် နေတတ်ပါသည်။ မကြာ မကြာလည်း ကျွန်တော့်အမေ ကံကောင်းပုံကို မုဒိတာ ပွားတတ်ပါသည်။ ဒါကိုက သူ့အမေ၏ ဘဝကို နှိုင်းချိန်နေခြင်း ဟု ကျွန်တော်က သဘောပေါက်ပါသည်။ ပြောခဲ့ပါပကော၊ ကိုယ့်အထွာ နှင့် ကိုယ်ပါဟု။

သို့သော် တစ်နေ့တွင် သူက မျက်ရည်လည်ရုံ တွင်မက မျက် ရည်ကျလျက် စကားဆိုပါသည်။

"အမေညို့က ကံကောင်းတယ်ဗျာ ကျွန်တော့်အမေ ကံဆိုး



http://myanmarpyithar.net

ရှာတယ်”

ကြားနေကျစကားပင် ဖြစ်သော်လည်း သည်တစ်ခါ နည်းနည်း ပိုထူးခြားသည်မို့ အာရုံစိုက် နားထောင်ရပါသည်။

“အမေ့ရောဂါက ပိုဆိုးလာတယ်ဗျာ၊ စိတ်ကလည်း ပိုပြီး ချောက်ချားလာသလိုပဲ၊ အိမ်မှာ ကျွန်တော်မရှိရင် တစ်ယောက်တည်း နေရတာကိုး”

“ဗျာ. . . ခင်ဗျားညီလင်မယား ကရော”

“အဲ ပြောချင်လို့ပေါ့ဗျာ၊ ပြဿနာက ကျွန်တော့် ညီရဲ့မိန်းမနဲ့ အမေနဲ့ ရန်ဖြစ်ကြတဲ့ကိစ္စပါ။ ဒါကလည်း ကမ္ဘာဦး အစကတည်းက ဖြစ်စဉ်မို့ မပြောပလောက်ပါဘူး၊ ဒါပေမယ့် ဒီကောင်က မယားဘက် လိုက်ပါပြီး အိမ်ပေါ်က ဆင်းသွား တယ်၊ သေခန်းပြတ်တဲ့ဗျာ၊ အမေကို”

“ခုဆိုရင် ဒီကောင်ဟာ သူ့အိမ်သာရေးနာရေးလည်း အမေ့ကို မပြောတော့ဘူး၊ အမေ့အိမ် သာရေးနာရေးလည်း သတင်းမေးဖော် မရတော့ဘူး၊ ကုန်ကုန်ပြောမယ်ဗျာ၊ သူတို့ရဲ့ ဒုတိယသားလေးကိုတောင် အမေ့ခမျာ ဒီနေ့ထိ မမြင်ဖူးရှာဘူး၊ ငွေကြေး ထောက်ပံ့ဖို့ ဆိုတာ ဝေး ရောပဲ”

“ခင်ဗျားအမေဘက်ကရော ပြန်ပြီး အဆက်အသွယ် မလုပ် ဘူးလား”

“သူက စ,လုပ်သင့်တယ်လေဗျာ၊ ပြီးတော့ အမေက ကျွန်တော် တို့ ရှိနေသားပဲ ဆိုပြီး မာနကလေးကလည်း မချချင်ဘူး၊ ခက်တာက အိမ်မှာ လူလေး လူငယ်ကလည်း မရှိဘူး၊ ကျွန်တော်နဲ့ အမေ နှစ်ယောက် တည်းနေကြတာ (သူက လူပျိုကြီး ဖြစ်သည်) ကျွန်တော့်မှာက စားဝတ် နေရေး လုပ်ငန်းကလည်း တစ်ဖက်၊ အချိန်မတော် အချိန်တော် အိမ်မြဲ တာ မဟုတ်ဘူး၊ ကြုံသလို အမေ့ကို ပြုစုနေရတာ၊ နေကြရတာလည်း တိုက်ခန်းဆိုတော့ ကျွန်တော်မရှိတဲ့အချိန် အိမ်ကို သော့ခတ် ထားရတော့

မီးရေးထင်းရေးကလည်း ရှိသေးတယ်၊ အမေ တစ်ယောက်တည်း အခန်းထဲ ပိတ်ထားခဲ့ ရတာလည်း စိတ်မချဘူး၊ အဲ ကျွန်တော် အိမ်ပြန် ရောက်တော့လည်း တစ်နေ့လုံး အထီးကျန်နေခဲ့ရတဲ့ အမေနဲ့ စကားစမြည် ပြောပေးနေရပြန်ရော" ဟု မျက်ရည်စကား ဆိုပါသည်။

သူတို့မိသားစု ပြဿနာ ဘာတွေရှိလို့ ဘယ်သူ့ အမှား ဆိုတာ ကျွန်တော် မသိပါ။ သိလည်း မသိတန် ကောင်းပါ။ သို့သော် သူငယ်ချင်း၏ အမေဆိုသော အသိကြောင့် ကျွန်တော် စိတ်မကောင်း ဖြစ်ရတာတော့ အမှန်ပင်။ အခြား ကျွန်တော်နှင့် မသိသော လူတစ်ယောက်၏ အမေဆိုလျှင်တော့ ကျွန်တော် ခုလောက် ဂရုတစိုက် ရှိချင်မှရှိမည်။ သူများ အမေတွေ သည့်ထက် ဆိုးကြသည်ကို ကျွန်တော် သဘောပေါက် သော်လည်း ကိုယ်နှင့် နီးစပ်သော အသိုင်းအဝိုင်းမို့ ကျွန်တော်က အဖြစ်သည်း နေတာကိုလည်း ဝန်ခံပါသည်။

မည်သို့ပင်ရှိစေ၊ အမေတွေ ဒုက္ခရောက်တာ ကျွန်တော် မကြိုက်ပါ။ အမေတွေဘက်က အမှားတွေ ရှိချင် ရှိပါမည်။ သို့သော် အမေသည် အမေသာ ဖြစ်သည် ဟု ကျွန်တော်က ကိုယ်တွေ့ မျက်မြင် ရှိထားသူမို့ ဘက်လိုက် နေချင်မိပါသည်။

❑ ❑ ❑

အထက်တွင် 'အမေနေ့' 'အမေစာပေ အနုပညာ'များနှင့် ပတ်သက်၍ အတို့အထောင် လုပ်ခံရခြင်းအကြောင်းကို ကျွန်တော် ရေးပြီးပါပြီ။ သူငယ်ချင်း အမေ တစ်ယောက်၏ ဒုက္ခတစ်ခုကိုလည်း ရေးပြီးပါပြီ။ စဉ်းစားကြည့်လျှင် စာဖွဲ့လောက်သည်ဟု မဆိုသာမှန်းလည်းသိပါသည်။ သို့သော် ထိုဖြစ်စဉ် နှစ်ခုသည် တစ်ပြိုင်နက် ဆိုသလို ကျွန်တော့်ထံ ရောက်လာသည်၌ ကျွန်တော့်စိတ်သည် ကျွန်တော့် အဖေ၏ အမေအကြောင်းသို့ ဖျတ်ခနဲ ရောက်သွားရပါသည်။ ဒါကတော့



http://myanmarpyithar.net

ရေးလို့ ကောင်းသော အကြောင်းအရာဟု ကျွန်တော် ထင်ပါသည်။

ကျွန်တော့်အဖေ၏ အမေသည် အလွန်ဆိုးသော မိန်းမကြီး တစ်ယောက် မဟုတ်သော်လည်း မိခင်ကောင်း တစ်ယောက်တော့ကား မဟုတ်ပြန်ပါ။ အများသူငါ ပတ်ဝန်းကျင်ပေါ် ကောင်းသလောက် သား အရင်း ဖြစ်သူ (ကျွန်တော့်အဖေ) အပေါ်တော့ မထင်ရလောက်အောင်ကို ဆိုးသူဖြစ်ပါသည်။ မည်မျှအထိ အဖွေ့အပေါ် အဘွား ဆိုးခဲ့သည်ကို ကျွန်တော်က ခရေစေ့တွင်းကျ ရေးပြလျှင် စာဖတ်သူ ယုံမည် မဟုတ်ပါ။ ကျွန်တော့် အဖေ နားလေးသွားရခြင်းသည် အဘွားရိုက်လို့ ဟူ၍ လောက်သာ ဆိုချင်ပါသည်။ ကလေးကို အမေအရိုက်ကြမ်း တတ်သည် မှာ မဆန်းသော်လည်း အဘွားက အဖေ့ကို ရိုက်ပုံမှာ အဖေ ဆိုးလို့ မဟုတ်။ အလကားနေရင်း အပျင်းပြေ ခေါ်ရိုက်သည် အထိ အရိုက်ကြမ်း သဖြင့် ယခုလို ရေးပြရခြင်းပါ။

အဖွေ့အမေသည် စာမတတ်ပါ။ ရန်ကုန်မြို့ သိမ်ကြီးဈေးထဲ တွင် ခေါင်းရွက်ဗျပ်ထိုးဈေးသည် လုပ်စားရပါသည်။ ကိုယ်ပိုင် အရင်း အနှီးဖြင့် ရောင်းရသည်မဟုတ်။ သူများတကာ ဆိုင်တွေမှ တိုလီမုတ်စ ကလေးများကို ဟိုတစ်စ သည်တစ်စ ယူ၍ ဗန်းနှင့်လည်ရောင်း၊ မကုန် ပြန်ပေး၊ ကုန်သလောက်ပေါ်မှာ ရာခိုင်နှုန်းဖြင့်ယူ၊ အိမ်အတွက် ဈေးဖိုး လုပ်စားရသူ သာဖြစ်၏။ ဤမျှ ဆင်းရဲပါသည်။ သည်တော့ အဖွေ့ကို ကျောင်းမထားနိုင်ပါ။ ထိုအခါ ဉာဏ်ကောင်းသော အဖေသည် ရပ်ကွက် ထဲမှာ လူကြီးသူမများ၏ မေတ္တာကို ရအောင်ယူပြီး လက်တို လက်တောင်း ကူညီရင်း မုန့်ဖိုးပဲဖိုး ရှာရသည်။ ထမင်းနပ် မှန်အောင် ကြိုးစားခဲ့ရသည်။ အဘွားပေးသော အဖွေ့အတွက် နေ့စဉ် အဟာရဖိုးသည် ထမင်း မဟုတ် ပါ။ နံနက်စာ၊ ညစာအတွက် ဆန်ပြုတ်တစ်ခွက်နှင့် အီကြာကွေး တစ်ခြမ်း မျှသာ။ ဒါတောင် တစ်ခါတစ်ရံ အဘွားက အမေ့ခံပြီး နံနက်စာ (သို့) ညစာကို တစ်နပ်တည်းကျွေးခဲ့သည်။ ကျောင်းနေဖို့ ဆိုတာ ဝေလာဝေး။



http://myanmarpyithar.net

တစ်နေ့ တစ်နပ်စာနှင့် မုန့်ဖိုးကိုပင် သူ့ဘာသာ ရှာခဲ့ရသော အဖေ။ အများသူငါ ကလေးများနှင့် ကစား ခုန်စား လုပ်နေစဉ်မှာပင် အဖေ့ မျက်လုံးတွေက လမ်းဘေးအိမ်များသို့ မျက်စိကစား နေရ၏။ "ဘယ်သူ များ ငါ့ကို တစ်ခုခုခေါ်ခိုင်းမလဲ" ဟု။ ဒါမှ တစ်နပ်စာ ဆန်ပြုတ်ဖိုးရမည် ကိုး။ လိမ္မာသော၊ ဉာဏ်ကောင်းသော အဖေ့ကို ရပ်ဆွေရပ်မျိုးများက အမြင်မတော်သဖြင့် ကျောင်းထားပေးသည်။ (ဦးမောင်ကလေး၊ ဒေါ် ကျုတ် သက်န်း ပရိက္ခရာ သူဌေးများဟု သိရသည်)။ ထိုသို့ ကျောင်း ကလေး တက်ရစဉ်မှာပင် မုန့်ဖိုးနှင့် ကျောင်းလခကို လမ်းထောင့်ချိုးမှ ချောင်းယူပြီး အဖေ့ အမေက တောင်းယူ သုံးစွဲတတ်သည်။ ရိုးရိုး တောင်း သည်မဟုတ်။ ခေါင်းခေါက်၊ ဗိုက်ခေါက်လိမ်ပြီး လုယူခြင်း ဖြစ်သည်။ ပြီးတော့ ထိုရတတ်သမျှ ငွေစဖြင့် နတ်ကန္နား သွားသည်။ မြင်းပွဲနှင့် ဖဲနိုင်လျှင် ဟင်းကောင်း ကျွေးကောင်းများချက်ပြီး အိမ်နီးချင်းများကို ကောင်းကောင်း ကျွေးမွေး ဧည့်ခံသည်။ ထိုအချိန်မျိုးတွင် အဖေသည် လှေခါးရင်းတွင် အူလိပ် ဗိုက်ဟာပြီး တံတွေးတမျိုမျို ဖြင့် ထိုင်စောင့်နေရ တတ်သည်။ အားလုံး ကုန်တော့မှ အရိုးအရင်း ကို "ဟဲ့ သေနာကလေး. . လာစား" ဟု မသထာရေစာ ကျွေးတတ်သည်။

ဤသည်တို့မှာ ကျွန်တော်က အပိုပြောရခြင်း မဟုတ်ပါ။ လိုပင် လိုနေပါသေးသည်။ အဘယ့်ကြောင့်ဆိုသော် အဖေက သူ့အမေ အကြောင်းပြန်ပြောသောအခါ သည့်ထက် လွန်ကဲသော မယုံစရာများစွာ ပါနေသောကြောင့် ဖြစ်သည်။ သို့သော် အဖေက တိုက်ရိုက် ပြောခြင်း မဟုတ်ပါ။ ဝတ္ထုဖြင့် ပြောပြခဲ့ခြင်း ဖြစ်သည်။ အကြိမ်ကြိမ် ပြန်လည် ပုံနှိပ်ထုတ်ဝေခဲ့ရသော 'သားခု'၏ 'အတာ' ဝတ္ထုသည် အဖေ၏ ငယ်ဘဝ အတ္ထုပ္ပတ္တိပင် ဖြစ်ပါတော့သည်။

ယခုအချိန် အသက် ( ၄၀ ) နှင့် အထက် စာဖတ် ဝါသနာကြီး သူတို့သည် အဖေ၏ 'အတာ' ဝတ္ထုရှည်ကြီးကို ကောင်းစွာသိရှိ ကြပေ



http://myanmarpyithar.net

လိမ့်မည်။ 'အတာ' တွင် အတာဆိုသော ၁၀ နှစ်သားအရွယ် ကောင်လေး တစ်ယောက်၏ မိခင်မေတ္တာ ငတ်မွတ်ခဲ့ရပုံသည် စာဖတ်သူ မျက်ရည်ကျ ရလောက်ပေသည်။ ကျွန်တော် ဆိုလျှင် မျက်ရည်ကျ ရမည့်အခန်း ရုပ်ရှင်ထဲ သရုပ်ဆောင် ရမည်ဆိုလျှင် 'အတာ' စာအုပ်ကို ရိုက်ကွင်းပေါ် ယူသွားတတ်သည်။ ရိုက်ခါနီးဆဲဆဲ ကြုံရာ စာမျက်နှာကို လှန်ဖတ်ရုံဖြင့် ကျွန်တော် မျက်ရည် အလိုလို ကျရသည်။

သို့သော် အဖေသည် သူ့အမေကို အလွန် ချစ်ရှာသည်။ သူ့ အမေ သူ့အပေါ် ဆိုးခဲ့သည်များကို လူသိမခံပါ။ အတာ ဝတ္ထုသည် သူ့ ကိုယ်တွေ့ပါဟူ၍ ကွယ်လွန်ခါနီးကျမှ ဝန်ခံခဲ့လေသည်။ (မကွယ်လွန်မီ အဖေ့ကို ရွှေအမြုတေ ကိုဝင်းငြိမ်းက ထိုအကြောင်း အင်တာဗျူး လုပ် တော့လည်း အဖေဝန်ခံ ခေါင်းညိတ်ခဲ့ပါသည်။ ဒါကြောင့် ယခု ကျွန်တော် ရေးရဲပါသည်။)

"ဟုတ်မှ ဟုတ်ရဲ့လား အဖေရယ်" ဟု ကျွန်တော် မေးသော အခါ

"ဒါထက်ဆိုးတာတွေရှိတာပေါ့ကွာ၊ ဝတ္ထုအနေနဲ့ ယုတ္တိမတန်မှာ စိုးလို့ အဖေထည့်မရေးတာ" ဟုပြောပါသည်။

မည်သို့ပင်ရှိစေ၊ ကျွန်တော်တို့ အရွယ်ကလေးတွေ ရလာသော အခါ ဤမျှဆိုးသော အမေကို အဖေ ကျွေးဇူးဆပ်ပုံတွေကိုကား မျက်မြင် ကိုယ်တွေ့ ဖြစ်ခဲ့ရပါသည်။ ကျွန်တော်တို့ ငယ်စဉ်၌ အဖေသည် ချမ်းသာ ကြွယ်ဝနေသူ ဖြစ်နေပါပြီ။ အိမ်မှာ မော်တော်ကား ( ၆ ) စီး ရှိနေပါသည်။ ထိုအထဲမှ အကောင်းဆုံးကား (ထိုစဉ်က ဘဲလ်အဲယား ဇိမ်ခံကား)ကို သူ့ အမေအတွက် ထားသည်။ အဘွား သွားချင်ရာ သွားဖို့ အတွက်တဲ့။ ကျွန်တော့် အဘွား ဘယ်တွေသွားသနည်း။ လမ်းဘေးနတ်ပွဲသို့၊ ဖဲရိုက် သွားဖို့နှင့် ဈေးသွားရောင်းဖို့ ဖြစ်သည်။ စာရေးဆရာ ဒါရိုက်တာ ကုမ္ပဏီ ပိုင်ရှင်ကြီး ဦးသာခု၏ မိခင်သည် နံနက်တိုင်း ဇိမ်ခံကားဖြင့် သွားပါသည်။



http://myanmarpyithar.net

သူ့တွင် ဈေးဗန်း အလွတ်တစ်ခု ပါသည်။ ဈေးသို့ရောက်သော် ထိုဗန်း အလွတ်ထဲသို့ ဟိုဆိုင်သည်ဆိုင်မှ သားငါးများ၊ တိုလီမုတ်စ ဟင်းသီး ဟင်းရွက်များကို အကြွေးယူပြီး ဈေးထဲလည်ရောင်းတော့သည်။ ထိုအချိန် တွင် ဦးသာခုသည် ဇိမ်ခံကားပေါ် စီးကရက်ခဲရင်း သူ့အမေကို ထိုင်၍ စောင့်ပေးရှာသည်။ ကျွန်တော့် မျက်မြင် ဖြစ်ပါသည်။

"အဖေရယ်၊ အဘွားကို အလိုလိုက်တာ လွန်လွန်း ပါတယ်" ဟု ကျွန်တော်က ကရုဏာဒေါသော ပြောသောအခါ အဖေက

"ဟ သားရဲ့၊ မင်းဘွားဘွားကို သာမဟုတ်ဘူး၊ မင်းတို့ ကိုလည်း ဖေဖေ ဂရုစိုက်တာပဲ၊ သားတို့ကို ဖေဖေ တစ်ချက်ကလေး ရိုက်ဖူးသလား၊ ပြောစမ်း၊ အေး အဲသလို ဖေဖေလုပ်နေတာ နောင်ဘဝမှာ မင်းအဘွား ဝဋ်လည်မှာ စိုးလို့ပဲ၊ မင်းတို့ ယုံချင်ယုံ မယုံချင်နေ၊ နောက် ဘဝမှာ အဖေက မိဘဖြစ်ပြီး အဖေ့အမေက သားသမီး ဖြစ်ခဲ့ရင် ဒီဘဝ ဝဋ်ကြွေး တွေ ပြန်လည်မှာကို ဖေဖေ သိပ်စိုးရိမ်တယ်" ဟု ပြောရှာပါသည်။

အဖေဆုံးခါနီး နောက်ဆုံး ထွက်သက်သည် ကျွန်တော့် လက် ပေါ်မှာ ဖြစ်သည်။ အဖေသည် ဝေဒနာကိုကြိတ်မှိတ်ခံစား နိုင်သူသာ ဖြစ်သည်။ နောက်ဆုံးအချိန် များတွင် အဖေသည် မခံမရပ် နိုင်လွန်းမှ တစ်ချက်မျှ ညည်းတွားပါသည်။

"အမေ" ဟူ၍ ဖြစ်ပါသည်။

ရွှေအမြုတေ ( ရုပ်စုံမဂ္ဂဇင်း )
ဧပြီလ ( ၁၉၉၉ )

# အဖေ၏အမေ (၂)

'အဖေ၏အမေ' ဆိုပြီး ရွှေအမြုတေမှာ ကျွန်တော် ရေးလိုက်တော့ နံပါတ်(၁) အကျိုးရှိသွားတာက အဖေ၏ ငယ်ဘဝကို စာဖတ်သူတွေ စိတ်ဝင်စားလာခဲ့ခြင်းပါပဲ။ ထိုငယ်ဘဝနှင့် ပတ်သက်၍ အဖေရေးခဲ့သော 'အတာ' ဆိုသည့် ဝတ္ထုရှည်လုံးချင်းစာအုပ်ကို စာဖတ်သူသက်ကြီး၊ သက်လတ်များပြန်လည် တမ်းတမိခြင်း၊ မမီလိုက်သောစာဖတ်သူ လူငယ်များက စိတ်ဝင်တစား မေးဖော် မြန်းဖော် ရလာခြင်းပါပဲ။ နံပါတ်(၂) အကျိုးရှိလာပုံကတော့ အဖေ၏အမေ (ဘွားဘွား) အကြောင်းကို စာဖတ်သူက စိတ်ဝင်စားလာတော့ ကျွန်တော့်မှာ "မိသားစုပုံပြင်"ထဲမှ အဘွားအကြောင်းတွေ ပြန်ဖော်ခွင့် ရလိုက်ခြင်း ပါပဲ။

ကျွန်တော် ရွှေအမြုတေ၊ ဧပြီလထုတ်မှာရေးခဲ့သလို အဘွားသည် အဖေ့အပေါ် ဆိုးခဲ့ပုံများမှာ အမှန်ဖြစ်သော်လည်း ဒါတွင်မကအဘိုး(သူ့ယောကျ်ား) အပေါ် ဆိုးခဲ့သည်များကိုလည်း ဖော်ပြချင်ပါတယ်။ ဒါမှ "ဆိုးသောသူများ ထက်မြက်တတ်၏" ဟူသော စကားကိုထောက်ခံရာ ကျပါလိမ့်မယ်။ မှန်ပါသည်။ အဘွားသည် သူ့ခေတ်နှင့်သူ၊ သူ့ပတ်ဝန်းကျင်နှင့်သူ ထက်မြက်ခဲ့သူသာ ဖြစ်ပါ၏။ ဆိုးလည်း တော်



http://myanmarpyithar.net

တော်ဆိုးခဲ့သည့် အဘွားကြီးပါပဲ။ ဆိုးရလောက်အောင်လည်း အဘွားဘဝကို ကြည့်ဦး။

အဘွားသည် စာလုံးဝမတတ်သည့် ပျံကျဈေးသည်။ ကျွန်တော် ရေးခဲ့ဖူးသားပဲ။ အဘွားသည် ကိုယ့်အရင်း အနှီးနှင့်ကိုယ် ဈေးရောင်းနိုင်ခဲ့သူပင် မဟုတ်ဟု။ ဒီလိုပဲ ဟို'အသည်' ထံမှ ပစ္စည်း ကလေး၊ သည် "အသည်" ထံမှ တောက်တိုမယ်ရကလေးတွေ မကုန် ပြန်အပ်စနစ်ဖြင့် ယူပြီး ဗန်းကလေးခေါင်းပေါ်တင် ဈေးထဲလှည့် ရောင်းရသော ဈေးသည် မျိုးဖြစ်ပါသည်။ နေစရာအိမ်လည်းမရှိ။ အဖေ ပြန်ပြောပြသလောက် ကုန်ဈေးတန်းလမ်းပေါ်ရှိ တိုက်နှစ်လုံး ကြားတွင် ပျဉ်ခင်းအဖီထိုးပြီး နေခဲ့ကြရသည်တဲ့။ အဖေသည်လည်း ထိုနေရာမှာပင် လူလားမြောက်ခဲ့ရခြင်း ပါတဲ့။ ကိုင်း. . . ထိုစရိုက်၊ ထိုဝန်းကျင်မှာ ထိုအဆင့်အတန်းနှင့် နေခဲ့ရသူ အဘွား မဆိုးခံနိုင်ရိုးလား။ (ဤနေရာတွင် သူ့ပင်ကိုယ်ဗီဇနှင့် အတိတ်ကံ အကျိုးပေးကြောင့် ကျွန်တော့်အဖေသည် လူဆိုး သူခိုးလေး ဖြစ်မလာဘဲ စာကြိုးစား၊ တစ်ဝမ်းတစ်ခါး ရှာစားပြီး နောင်တစ်ချိန် 'သာခု' ဟူ၍ ဖြစ်လာခဲ့ရ သည်မှာ ထူးခြားပါ၏)

မည်သို့ပင်ရှိစေ၊ ဤစာစု၌ အဘွားကိုသာ ရိုးမယ်ဖွဲ့ မည်မို့ အဖေ့အကြောင်းမရေးတော့ပါ။ အဘွားကို ပင်တိုင်ထားမည် ဆိုသော်လည်း ကျွန်တော်ရေးပြမည့် အကြောင်းအရာမှာ ယခု စာရေးနေစဉ် ဖျတ်ခနဲ မှတ်မိသော အကြောင်းကလေးများသာ ဖြစ်နေပါလိမ့်မည်။ ဟိုခုန် သည်ကူးလည်း ဖြစ်ချင်ဖြစ်နေပါလိမ့်မည်။ ကျွန်တော့်စာက အဘွား၏ ဘဝအတ္ထုပ္ပတ္တိမှ မဟုတ်ဘဲ၊ ငယ်ငယ်က ကြည့်ဖူးခဲ့ သောရုပ်ရှင်မှ ပြကွက် အတိုအစလေးများကို မှတ်မိသရွေ့ ပြန်ပြောပြသည်လောက်သာ ဖြစ်ပါလိမ့်မည်။

ကိုင်း. . . အဘွား နာမည်မှာ ဒေါ်ဖွားမြှင်။ (အဘိုးက ဦးမြမောင်၊ တရားရုံးမှာ ရှေ့ဖတ်စာရေး။ တစ်နေ့ရမှ တစ်နေ့စား)

ဒေါ်ဖွားမြင်သည် သူ့သားအပေါ်တွင်သာ ဆိုးခဲ့သည်မက သူ့ယောက်ျား ဦးမြမောင် အပေါ်လည်း တော်တော်ဆိုးခဲ့ပါသည်။ ဟော. . ပျံကျ ဈေးသည်မို့လို့လားတော့ မသိ။ သူ့အသိုင်းအဝိုင်း၊ သူ့ အပေါင်းအဖော်များ အပေါ်တော့ ကောင်းချင်တိုင်း ကောင်းသူသာ ဖြစ်၏။အဖေနှင့် အဘိုးအပေါ်ဆိုးသလောက်ပင် တန်ဖိုးညီစွာ ကောင်းခဲ့သည် ဟုဆိုကလွန်အံ့မထင်။ အဘွား မြင်းပွဲနိုင်လျှင် သူ့အပေါင်းအသင်းများ၊ အိမ်နီးချင်းများကို အလှူပေးသလို ကျွေးမွေး၏။ (ဟင်းချက်ကလည်း အလွန်ကောင်း) အဘိုးခမျာမှာတော့ ထိုအသိုင်းအဝိုင်းတွေ နောက်မှ။ အဲ. . . အဖေကျတော့ ကျန်မှကျွေး၊ မကျန်လျှင် 'ရော့. . . ဆန်ပြုတ် သွားဝယ်သောက်' ဟု ပိုက်ဆံတစ်ပြား ပစ်ပေးလိုက်ရုံမျှ။ တစ်ခါတစ်ရံများ အဖေ့ခမျာ သူ့ဘာသာသူ ရှာဖွေ စုဆောင်းထားသော ကျောင်းစရိတ် မုန့်ဖိုးကလေးများကို ဗိုက်ခေါက်လိမ်၊ ခေါင်းခေါက်ပြီး မရအရတောင်း မြင်းလောင်း ပစ်တတ်သတဲ့။ အဲ. . . စကားမစပ် ပြောရဦးမယ်။

အဘွားသည်စာမတတ်ဟု ကျွန်တော်ဆိုခဲ့၏။ သို့သော်ထူးခြားသည်မှာ ဘရင်လေးတို့၊ ဘကျော်လေးတို့၊ Steward တို့၊ Win တို့၊ Place တို့ စသည်များကိုတော့ မြန်မာလိုရော၊ အင်္ဂလိပ်လိုပါ ကောင်းစွာဖတ်တတ် မှတ်တတ်ပါသည်တဲ့။ ဒီစကားလုံးတွေ၊ ဝေါဟာရတွေက မြင်းပွဲနှင့် သက်ဆိုင်တာတွေကိုး။ သူအလွတ်ကျက်ထား၊ ရထားတာ နေမှာပေါ့။ ဒါကြောင့်ပဲ ထင်သည်။ စာမတတ်သူများသည် မှတ်ဉာဏ် အလွန်ကောင်းတတ်သည်တဲ့။ မျက်စေ့မမြင်သူများ နားပါးသကဲ့သို့ပင်။

စောစောကပြောသလို အဘွားက စာမတတ်သော်လည်း စာအလွန်ဖတ်ချင်သူ ဖြစ်၏။ အထူးသဖြင့် သူရှိစဉ် ခေတ်က သတင်းစာများကို အဘွားက နေ့စဉ်မပြတ် ဖတ်လို၏။ ထိုအခါ စာတော်ဖတ်တာဝန်ကို အဘိုးက ယူရရှာတော့သည်။အဘိုးသည် တရားရုံးဖတ် စာရေးဖြစ်လေရာ ညနေတိုင်း ရုံးကပြန်လျှင် ထိုနေ့ထွက်သမျှ သတင်းစာတွေ

အကုန်လုံး အိမ်ပြန်သယ်ဆောင် လာခဲ့ရ၏။ ညပိုင်း အဘိုးနှင့် အဘွား အနားရချိန်တွင် အဘိုးကရှိသမျှ သတင်းစာတွေကို ခေါင်းစဉ်မှအစ အယ်ဒီတာ့အာဘော်၊ သတင်းနှင့် ကြော်ငြာအဆုံး အကုန်လုံး ဖတ်ပြရ၏။ သတင်း ချင်းတူနေလို့ ကျော်ဖတ်လည်းမရ။ ၏, သည်မလွဲ၊ တစ်လုံး မကျန်အောင် ဖတ်ရခြင်းပါတဲ့။ အဘိုးခမျာ အဘွား၏ စာတော်ဖတ်ဘဝ မည်မျှ ဒုက္ခ ရောက်ရမည်ကို စဉ်းစားကြည့် နိုင်ပါသည်။ အဓိက အလေး ထား ဖတ်ပြရသော သတင်းများ မှာ ကုန်ဈေးနှုန်း၊ လူဆိုးသူခိုးနှင့် မြင်းပွဲ။ ပြီးတော့ သတင်းတူ၊ ကြော်ငြာ များရယ်လို့ ကျော်ဖတ်သွားလို့လည်း မရ။ အဘွားက စာမတတ်သော်လည်း အဘိုးဖတ်သော လေသံ၊ မျက်လုံးနှင့် စာမျက်နှာ၊ စာကြောင်းရေတွေကို မျက်တောင်မခတ် လိုက်ကြည့်ပြီး 'ချက်ကင်'လုပ်နေတတ်ပါသတဲ့။ မတော်တဆ ကျော်သွားလို့ကတော့

'ဟင်း. . . ကိုမြမောင်၊ ရှင့်စိတ် 'မသင်း'ဆီ ရောက်နေသလား' ဆိုလျှင် အဘိုး ငြိမ်ကျသွားရမြဲ ဖြစ်သည်။

ဒါကလည်း အဘွား၏ နိုင်ကွက်၊ အဘိုး၏ပျော့ကွက် ဖြစ်ပါ၏။ အဘိုးတွင် မသင်းဆိုသူ အငယ်အနှောင်း ရှိ၏။ (ကျွန်တော်တို့ ငယ်စဉ်က ပင် ထိုဒေါ်သင်းကို မီလိုက်ပါသေးသည်)

ဒေါ်သင်းနှင့်အဘိုးတို့၏ ဇာတ်လမ်းကတော့ ကုန်ဈေးတန်းမှ ပြောင်းခဲ့ပြီး သက်န်းကျွန်းရှိ (ယခု သာစုခြံ) သို့ ရောက်သောအချိန်မှ စတင်ခဲ့ပါသည်။ ကျွန်တော်ကိုယ်တိုင် ကောင်းကောင်း မှတ်မိနေတာ တစ်ခုရှိသည်။ အဘွားသည် သာစုခြံရှေ့မှ ရေမြောင်း အုတ်ခုံပေါ်တွင် ညနေတိုင်း အဘိုး ရုံးအပြန်ကိုထိုင်၍စောင့်တတ်သည်။ ထိုစဉ်ကခြံရှေ့မှ ပြေးဆွဲသော ဘတ်စ်ကားများမှာ 'ယုန်'တံဆိပ် ဖြစ်၏။ ယုန်တံဆိပ် ဘတ်စ်ကားမှန်သမျှ ပိုင်ရှင်၊ ဒရိုင်ဘာ၊ စပယ်ယာ အကုန်လုံး အဘွားကို ကြောက်ရ၏။ (အဘွားက အရပ် လူကြီး) အဆဲအဆို ကြမ်းသလောက် အကျွေးအမွေး ရက်ရောသဖြင့် ဘတ်စ်ကားသမားများ သာမက

ထိုခေတ်က (ပုလိပ်) များပင် အဘွားကို ကြောက်ရ၏။

စောစောကပြောသလို အဘွားတစ်ယောက် ညနေတိုင်း အဘိုးကို ခြံ၀ထွက်မျှော်ပြီဆိုလျှင် သူ့စိတ်ထဲ မသက်ာ သည့်ဘတ်စ်ကား မှန်သမျှ 'ရပ်' ဟု တစ်လုံး လှမ်းအော်လျှင် ကျိခနဲ ရပ်ပေးရသည်။ ထိုအခါ အဘွားသည် ကားပေါ် တက်၍ အဘိုးကို ရှာလေသည်။ ဆယ်ခါရံ ရှစ်ခါ လောက်တော့ မိတာပါပဲ။ အဖြစ်က အဘိုးသည် ရုံးမှအပြန် ဒေါ်ဖွားမြင် မှတ်တိုင် (အဘွားကိုရပ်ပေးရသဖြင့် အလိုလို ဒေါ်ဖွားမြင်မှတ်တိုင်ဟု တွင်သွားခဲ့ခြင်းဖြစ်၏) မှာ မဆင်းဘဲ သက်န်းကျွန်း မြို့တွင်းအထိ ပုန်းလျှိုး ကွယ်လျှိုး ခရီးဆက်တတ် ပါသည်။ ဟိုမှာက ဒေါ်သင်းအိမ် ရှိတာကိုး။ သည်တော့ ဒရိုင်ဘာခုံနံဘေးမှာ စပယ်ယာဘီးကြီး ထားသည့် ထောင့် ကွယ်မှာ ဆောင့်ကြောင့်ကလေး ထိုင်၍ ပုန်းနေသော အဘိုးကို မိတော့ သည်ပဲပေါ့။

"ဘယ်ကားမှာ အဘိုးပါလာမယ် ဆိုတာ အဘွား ဘယ်လို သိသလဲ" ဟု ကျွန်တော်က မေးသောအခါ

"ဟဲ့. . . ဟိုဒရိုင်ဘာ၊ စပယ်ယာတွေရဲ့ မျက်ခွက်တွေ လှမ်း ကြည့်တာနဲ့ ငါက သိတာပေ့ါ။ မအေပေး သူခိုး အားပေးတွေ။ မလုံမလဲ အခွက်တွေနဲ့ ဟာပဲ။"

ထိုအခါမျိုးတွင် အဘိုး မသက်သာဘူးသာ မှတ်ပေတော့။ ရိုက် မောင်း၊ ပုတ်မောင်းတော့ မလုပ်ပါ။ လူကြား သူကြားတစ်တစ်ခွခွ ပြော ရင်း အိမ်ပြန်ရောက်လျှင် ရှိသမျှ ဟင်းအိုးတွေ သွန်မှောက်တတ်ခြင်းတို့ သာ ပြုလုပ်တတ်ပါသည်။

နောက်တစ်ခု မှတ်မိတာက အဘိုးသည် "ဒေါ်သင်း" နှင့် သား နှစ်ယောက် ထွန်းကားခဲ့ပါသည်။ ကျွန်တော့်ထက် အသက်များစွာ ကြီးပါ သည်။ နာမည်ရင်းတွေကိုတော့ ကျွန်တော် မေ့နေပါပြီ။ အဘွားပေးထား သော နာမည်ပြောင်များကိုသာ မှတ်မိပါသည်။ "မောင်စာ" နှင့် "မောင်



http://myanmarpyithar.net

လင်း”တဲ့။ သူရို့ကိုတော့ အဘွားကတော်တော် ချစ်သည်။ အိမ်ကိုလည်း အလည်ခေါ်သည်။ ကျွေးမွေးဆင်မြန်းသည်။ (သားအရင်း ဖြစ်သူ အဖေ့ ထက်ပင် အချစ်ပိုနေတာ ဘာကြောင့်မှန်း စဉ်းစားလို့မရပါ)

အဲ. . . အဘွားနာမည်ပေးသည့် “မောင်စာ” နှင့် “မောင် လင်း” ကိစ္စ။ နောင်အချိန် ကျွန်တော် အရွယ်ရောက် လာတော့ အဘွား ကိုမေးသည်။ “အဲဒီ အစ်ကိုကြီးနှစ်ယောက် ကို ဘာကြောင့် “မောင်စာ” နှင့် “မောင်လင်း” လို့ ခေါ်ရတာလဲ ဘွားဘွားရဲ့” ဟု။ ထိုအခါ အဘွားက ရယ်မောပါသည်။

“ဟဲ့. . . မင်းပဲ စဉ်းစားကြည့်။ မင်းအဘိုးက ငါ့လက်ကလွတ်မှ မသင်းအိမ် အလစ်ချောင်းပြီးသွားရတာ။ “စာကလေး” တွေ အစာ လုစားရတာ မင်းမမြင်ဖူးဘူးလား။ သုတ်သုတ် သုတ်သုတ်နဲ့လေ။ အဲဒါကြောင့် တစ်ကောင်က “မောင်စာ” ဖြစ်ကရောပေါ့”

ကျွန်တော့်မှာ ထိုစဉ်တုန်းကတော့ ငယ်သေးတော့ သိပ် သဘောမပေါက်။ ခုပြန်စဉ်းစားတော့မှ အင်း. . . ရယ်လိုက်ရ တာလေ။

“နေဦး. . . မောင်လင်းဆိုတာကရော ဘွားဘွားရဲ့”

“ဒါက မင်းအဘိုးဟာညနေ ရုံးပြန်ချိန်ဆို ငါက စောင့်စောင့် ဖမ်းတော့ သင်း(ဒင်း)က အကြံတစ်မျိုး ထုတ်တယ်ကွယ့်။ ရုံးအသွား မနက်မိုးလင်းပိုင်းမှာ ဘတ်စ်ကားကို ပြောင်းပြန်စီးပြီး သက်န်းကျွန်း မသင်းတို့အိမ်ကို အရင်ဝင်တာ။ ပြီးမှ ဟိုကတစ်ဆင့် မြို့ထဲပြန်သွား တာကိုး။ ဒီတော့အဲဒီ အငယ်ကောင်နာမည် “မောင်လင်း” ဖြစ်ကရော ပေါ့ကွယ်” တဲ့။

ဪ. . . အဘွားနှယ်၊ စာရေးဆရာ၏အမေ မပြောရဘူး။ နာမည်ပေး တော်တော်ကောင်း။

❑ ❑ ❑



http://myanmarpyithar.net

ကိုင်း. . . ကျွန်တော်မပြောဘူးလား။ အဘွား အကြောင်းတွေ ရေးရာမှာ ဟိုခုန်သည်ကူး ဖြစ်ပါလိမ့်မည်ဟု။ ဘာပဲဖြစ်ဖြစ် ယခု ကျွန်တော်ပြောလိုသော အချက်မှာ အဘွားသည် စျေးသည်တစ်ယောက် ဖြစ်ပါလျက် စာမတတ်သော် လည်း သတင်းစာ မှန်မှန်ဖတ်သည့် အကျိုး ကျေးဇူးပါ။

ပြီးတော့ သူ၏ ဉာဏ်ရည် ထက်မြက်မှုကို အကောင်းဘက်တွင် အသုံးချတတ်မှုပါ။ တစ်ခါသော် ရာဇဝင်လူဆိုး တစ်ယောက်အကြောင်း သတင်းစာများတွင် ဓာတ်ပုံနှင့်တကွ မျက်နှာဖုံးသတင်းအဖြစ် ပါလာ လေ၏။ လူကြီးလူကောင်း "လူဆိုး" ဟုဆိုရမလားမသိ။ ခုခေတ် မျက်စိထဲ မြင်ယောင်လာ အောင် ပြောရလျှင် ပိုးပုဆိုးနှင့်၊ ရှူးဖိနပ်နှင့်၊ ကုတ်အင်္ကျီ နှင့်၊ လည်စည်း မာဖလာနှင့်၊ မော်တော်ကားနှင့်။ ဆိုပါစို့ရဲ့၊ ဗိုလ်အောင်ဒင် စတိုင်လ်။

ထိုခေတ်က ပုလိပ်များလည်းလက်လျှော့ထားရသည် ဟုဆို၏။ အလွန်ဖျံကျပုံ ရလေသည်။ ပြီးတော့ မျက်နှာဖြူ ကြီးကြီး မာစတာပိုင်းနှင့် လည်းအဆက်အသွယ် ရှိပုံရ၏။

တစ်နေ့တွင် ထိုပုဂ္ဂိုလ်သည်ရှိုးကျကျ ဝတ်ဆင်လျက် ရုပ်ဖျက်ပြီး အဘွားတို့စျေးရောင်းသော သိမ်ကြီးစျေးရှေ့သို့ မယောင်မလည် ရောက် ရှိလာခဲ့၏။ သူ့ကို မည်သူမျှ ရုတ်တရက် မမှတ်မိချေ။ သို့သော် မျက်စိ လျင်သော၊ ဉာဏ်ရည်ထက်မြက်သော၊ ပါးသော၊ လျင်သော အဘွားက ထိုပုဂ္ဂိုလ်ကို လှစ်ခနဲတွေ့ ချက်ချင်းမှတ်မိသွားလေတော့ သည်။

ကျွန်တော် ပြောခဲ့ဖူးသည်နော်။ အဘွားသည် ပျံကျ စျေးသည် ပါဟု။ ခေါင်းရွက်ဗျပ်ထိုး လမ်းလျှောက်စျေးသည် ပါဟု။ သူ့စျေးဗန်း ထဲမှာလည်း တိုလီမုတ်စ အစုံအလင်ပါဟု။

အဘွားဘာလုပ်သည် မှတ်သနည်း။ စျေးရောင်းရင်း၊ အော်ရင်း၊ ဟစ်ရင်းက ထိုပုဂ္ဂိုလ်နား ကပ်သွား၏။ အဆင်သင့် လက်ထဲဆုပ်ထား

သော ငရုတ်သီးအစိမ်းမှုန့်ကို ထိုလူဆိုးကြီး၏ မျက်စိထဲ ပက်ခနဲ ပက်သွင်း လိုက်လေတော့သည်။

မျက်စိထဲ ငရုတ်သီးမှုန့်ဝင်ပြီး အကန်းတစ်ယောက်ပမာ ချာလည် ပတ်လည်ဖြစ်နေတော့မှ ထိုလူဆိုးကြီးကို သူ့ အဖော်ဈေးသည်တွေနှင့် ဝိုင်းဖမ်းပြီး ဂုတ်ကနေဆွဲ၊ ဂတ်တဲ (ရဲစခန်း) ပို့လိုက်ပါတော့သည်။

❑ ❑ ❑

ထိုကိစ္စနှင့် ပတ်သက်၍ ထိုစဉ်က အင်္ဂလိပ်ဘုရင်ခံက ဆင်စွယ် ရိုးတပ် မိန်းမကိုင် ခြောက်လုံးပြူးတစ်လက်နှင့် အတူ ရပ်ကွက်လူကြီးဘွဲ့ကိုပါ အပ်နှင်းလေတော့သည်။ ( မယုံရင် ဓာတ်ပုံရှု )

သို့သော် ထိုဆင်စွယ်ရိုးတပ် သေနတ်ကို အဘွားခမျာ လက်ထဲကြာကြာ မကိုင်လိုက်ရပါ။ အကြောင်းကား. . .

"ဟာ. . . သားအဘွားက အလွန်ဒေါသကြီးတာကွ။ အဲဒီ သေနတ်လက်ထဲရောက်ပြီးကတည်းက မင်းအဘိုးရော၊ အဖေပါ တုတ်တုတ် မလှုပ်ရဲကြတော့ဘူး။ ထစ်ခနဲရှိ ခါးကြားက သေနတ်ကို ကိုင်တော့တာကိုး" ဟု အဖေက ပြန်ပြောပြပါသည်။

"နေ့ဖြင့် ဒီသေနတ် ဘယ်လိုဇာတ်သိမ်းသွားသလဲ ဖေဖေ"

"အေး. . . နောက်ဆုံး ဒီသေနတ်ကို ပြန်သိမ်းဖို့ ဘုရင်ခံဆီ အထိ တက်ပြီးတောင်းပန်ရတာပေါ့။ ရဲစခန်းက လည်း လက်မခံရဲ။ ရဲ အင်စပက်တော်ကလည်း လက်မခံရဲကိုးကွ"

"ဘုရင်ခံက ပြန်လက်ခံသလား"

"ပထမတော့ အဲဒီဘုရင်ခံကောင်က သူရို့လူမျိုး စည်းကမ်းရှိကြောင်း၊ ကတိတည်ကြောင်း သက်သေပြတဲ့ အနေနဲ့ "ပေးပြီးသားပစ္စည်း ပြန်မယူနိုင်ဘူး" တွေဘာတွေ လုပ်နေသေးတာ။ နောက်ဆုံးအဘိုးနဲ့



http://myanmarpyithar.net

ဖေဖေက ဖြစ်ကြောင်း ကုန်စင်ရှင်းပြပြီး ဘုရင်ခံကိုပဲ ပြန်ပြီး အကြံပေး လိုက်ရတယ်”

“ဘယ်လိုအကြံလည်း ဖေဖေ။ ဘုရင်ခံမှာ အကြံ မရှိလို့လား”

“အေး. . . ဘယ်လိုအကြံပေးရသလဲဆိုတော့ ဒီပစ္စည်းဟာ အလှပြ သက်သက်ပေးရတာ။ တကယ်တော့ လန်ဒန်ရွှေမြို့တော်ကြီးက ပြတိုက်မှာထားဖို့၊ ကြေးဆိုင်းဘုတ် ကြီးနဲ့ ဂုဏ်ပြု မှတ်တမ်းတင်ဖို့။ ဒါကြောင့် ဒီသေနတ်အစား ငွေဓားမြှောင်ကို ကိုင်ဆောင်ခွင့်ပြုပါတယ် လို့ပြောပြီး သေနတ် ပြန်သိမ်းခိုင်းရတာပေါ့ကွာ”

ဟု အဖေက ဇာတ်ကြောင်းပြန်လှန်ပြောပြပါသည်။ ဤနေရာ တွင် စာဖတ်သူ ဂရုစိုက်မိမလားမသိ။ အဖေ့စကား တွင် ဘုရင်ခံကောင် ဟု သုံးနှုန်းလိုက်ခြင်းကို။

သည်လိုပါ. . . ။

အဘွားသည် စာမတတ်သော လမ်းဘေးဈေးသည်။

အဖေကျတော့ စာရေးဆရာဖြစ်လာသည်။

အဘွားသည် ဖဲရိုက်သည်။ မြင်းလောင်းသည်။

အဖေကတော့ အရက်ပင်မသောက်တတ်။

အဘွားသည် အင်္ဂလိပ်ဘုရင်ခံက လက်နက်အပ် ခံရသော အရပ်လူကြီး။

အဖေ မူကား နယ်ချဲ့ဆန့်ကျင်ရေးသမား၊ ရဲရဲ တောက်သခင်။

ဤလိုအမေနှင့် ကြီးပြင်းခဲ့ရသော သားတစ်ယောက်၊ ဤလို လူလားမြောက်လာခဲ့ရသည်မှာ ထူးဆန်းသလို ဖြစ်မနေဘူးလား။ ကျွန် တော့် အနေနှင့်မူ မထူးဆန်းပါ။ ပတ်ဝန်းကျင်သည် လည်းကောင်း၊ မျိုးရိုး ဗီဇသည်လည်းကောင်း လူတစ်ယောက်၏ ဘဝကို လွှမ်းမိုးနိုင်သည် မှန် သော်လည်း ဉာဏ်ရည်ထက်မြက်မှုကို အကောင်းဘက်လှည့်၍ အသုံးချ တတ်ခြင်းနှင့် မေတ္တာထားနိုင်ခြင်းသည်ပို၍ အရေးကြီးသည်ကော မဟုတ်



http://myanmarpyithar.net

ပါလားလေ။

ကျွန်တော်ပြောခဲ့ဖူးသားပဲ။ အဖေသည် သူ့အမေ (အဘွား)ကို အလွန်ချစ်သူပါဟု။ ထိုအကြောင်းတွေ ကြုံတော့ ရေးပါမည်။

ရွှေအမြုတေ (ရုပ်စုံမဂ္ဂဇင်း )
အောက်တိုဘာလ ( ၁၉၉၉ ခုနှစ် )

# အဖေ၏အမေ (၃)

ကျွန်တော်၏ စာဖတ်သူများက အဘွား အကြောင်းတွေ ရေးစမ်းပါဦးဟု ဆိုသဖြင့်သာ ရေးရပါသည်။ တကယ်တော့ လက်က ခပ်ရွံ့ရွံ့ပါပဲ။ အကြောင်းမှာ ကျွန်တော်က အဘွားအကြောင်းကို အရှိအတိုင်း ရေးလိုက်သောအခါ အဖေ့အပေါ် အဘွားဆိုးခဲ့ပုံတွေ ကွက်ကွက် ကွင်းကွင်း ပေါ်ကုန်ပါသည်။ ထိုအခါ ကျွန်တော့်အဖေ (သာခု)ကို စာဖတ်သူက ပို၍ သနားကရုဏာ သက်လေ၏။

ကျွန်တော် မကြာခဏ ရေးဖူးပါသည်။ နာမည်ကျော် ပုဂ္ဂိုလ်တစ်ယောက် အကြောင်း အဆိုးဖြစ်စေ၊ အကောင်း ဖြစ်စေ အရင်းအတိုင်း ရေးလျှင် စာဖတ်သူက ပို၍ စိတ်ဝင်စားသည်။ လိုအပ်သည်ထက် ပို၍အရသာ ရှိသလို ခံစားရသည်။ ဒါသည် လူ့သဘာဝ ဖြစ်သော်လည်း ထိုစာပေမျိုးကို ရေးသောအခါ စာရေးဆရာသည် အလွန် သတိထားရပါသည်။ နံပါတ်တစ် အနေနှင့်က ထိုနာမည်ကြီး ပုဂ္ဂိုလ်ကို ဇာတ်ကောင်နေရာထားပြီး ပရိသတ်ကို ဖမ်းစားသည် မှန်သော်လည်း အများသူငှာကို ကိုယ်စားပြုသော အကျိုးပြုစေတနာ ရည်ညွှန်းချက်တော့ ပါရပါမည်။ အသားလွတ် လူစိတ်ဝင်စား ပြီးပြီးရော ရေးဖို့ မသင့်ပါ။ ထို့ထက်ကား



http://myanmarpyithar.net

မိမိ ဗဟိုပြုသော ပုဂ္ဂိုလ်အပေါ် ထိခိုက်နစ်နာစေသော အကြောင်းများကို တတ်နိုင်သလောက် ရှောင်သင့်ပါသည်။ မိမိနှင့် ရန်ဘက်ပင် ဖြစ်ပါစေ။ အမနာပ ရေးမိသော စာပေများသည် နောင်တစ်ချိန် နောင်တ တရား ရစရာ ဖြစ်သွားပါလိမ့်မည်။ (ဤနေရာတွင် အတ္ထုပ္ပတ္တိ စာပေမျိုးကို ခြွင်းချက်ထားပါသည်။ ဝေဖန်ရေး စာပေကိုတော့ ကျွန်တော် မကျွမ်းကျင်သဖြင့် မပြောလိုပါ) ယခု ကျွန်တော် ပြောနေသည်မှာ ကျွန်တော် ရေးနေကျ ဖြစ်သော အသိုင်းအဝိုင်းအတွေ့အကြုံ စာပေမျိုးလေးမျှကိုသာ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော့် ထိုအကြောင်းမျိုး ရေးလျှင် တတ်နိုင်သမျှ အကောင်းကိုသာ ရှာကြံရေးပါသည်။

ဤစာစုတွင် ကျွန်တော်က အဘွားကို ရည်ညွှန်း သော်လည်း အဖေ့ကို ပင်တိုင်ထားပါသည်။ ထို့ကြောင့် နာမည်ကြီး တစ်ယောက် ဖြစ်သော အဖေ့သိက္ခာကို ဂရုစိုက်ရပါသည်။ အဖေ ကိုယ်တိုင်ကလည်း ကျွန်တော့်အပေါ် တော်တော်ကြီး စိတ်မကောင်းဖြစ်သွားခဲ့တာ ကြုံဖူးပါသည်။ "ပင်တိုင်စံ စိတ်မကောင်းပါဘူးကွယ်" ဟူသော လုံးချင်းဝတ္ထုရှည် တစ်ပုဒ်ကို (၁၉၇၇ ) ကျွန်တော်ရေးခဲ့စဉ်က ဖြစ်သည်။ ကျွန်တော်က ဝတ္ထုရှည် ပုံသဏ္ဍာန်ဖြင့် ဇာတ်အိမ်ဖွဲ့ပြီး ရေးသော်လည်း ဇာတ်လမ်းတွင် ဇာတ်လိုက်မင်းသား၏ဖခင် နောက်အိမ်ထောင်ပြုသဖြင့် သားသမီးတွေ ခံစားရပုံ ဇာတ်ကွက် ပါဝင်သွားသည်။ ထိုအခါ တကယ့် ကျွန်တော့်၏ အရွယ်ဘဝ ငယ်စဉ်က ခံစားချက်တွေကို ထည့်ရေးဖြစ်ခဲ့သည်။ ကျွန်တော်က ဝတ္ထု သဘောမျိုး ကွယ်ဝှက်ရေးသော်လည်း စာရေးဆရာ ရင့်မကြီး ဖြစ်သော အဖေ (သာခု) မရိပ်မိဘဲ ဘယ်ရှိပါ့မည်နည်း။ ထိုဝတ္ထု ဖတ်ပြီးသော် အဖေ တော်တော် စိတ်မကောင်း ဖြစ်သွား ရရှာသည်။ သူ၏ မှတ်စုစာအုပ်ကလေးထဲတွင် ကျွန်တော့်ဝတ္ထုနာမည်ကို တပ်ပြီး "မုန်းလျှင် အပြစ် ချစ်လျှင် အကျိုး" ဟု စာတိုကလေးရေးခဲ့သည်။ အဖေ ဆုံးပြီးမှ သူ့စာအုပ်စင်မှာ ကျွန်တော်ပြန်တွေ့ခြင်းဖြစ်သည်။ ဒါကို ကျွန်တော်



http://myanmarpyithar.net

ဖတ်ရတော့ မျက်ရည်ကျရသည်။ ကြည့်စမ်း၊ ရေးသူအတွက်ရော၊ အရေးခံရသူအတွက်ပါ ထိခိုက်သွားတော့သည် မဟုတ်လား။ ဒါတောင် ကျွန်တော်က လိမ္မာပါးနပ်စွာ ကွယ်ဝှက် ရေးတာနော်။

ထို့ကြောင့်ပင် နောင်သောအခါ ပုဂ္ဂိုလ်ရေး ပါလာလျှင် အကောင်းသို့သာ ညွှန်းသော ဟာသဆန်သော အဖြစ်တို့ကိုသာ ကျွန်တော် ရွေးချယ်လာတတ်တော့သည်။ ထို့အတွက် နောင်တစ်ချိန် ရှေးဟောင်း နှောင်းဖြစ် ပြန်ပြောလို့ပင် ကောင်းသေးတော့ဟု မှတ်ယူပါသည်။

စကားမစပ် ပြောရဦးမည်။ ကျွန်တော် စာရေးဆရာ ပေါက်စဘဝက ထိုစဉ်နာမည်ကြီး စာရေးဆရာ တစ်ယောက်သည် ကိုယ်ရေးမှတ်တမ်းတစ်ပုဒ်ကို မဂ္ဂဇင်းတွင် ရေးပါသည်။ သူ၏သမီးက သူ့ကို ကလန်ကဆန် လုပ်သဖြင့် သမီး၏ မင်္ဂလာဆောင်သို့ သူမသွားဘဲ ဆန္ဒပြခဲ့သည့်အကြောင်း ဖြစ်သည်။ ထိုမဂ္ဂဇင်းထွက်လာတော့ အဖေသည် ထိုစာမူကို ဖတ်ပြီးပြီးချင်း ထိုစာရေးဆရာ ( ဖေဖေ့ထက်ဝါ ငယ်ပါသည်) ထံ တယ်လီဖုန်းဆက်ပြီး ပက်ပက်စက်စက် ပြောခဲ့တာကို မှတ်မိနေပါသေးသည်။

ထို့ကြောင့်ပင် ရွှေအမြုတေ၊ အမှတ် ၁၁၃နှင့် ၁၁၉ တို့တွင် ကျွန်တော် ရေးခဲ့သော အဖေနှင့် အဘွားအကြောင်း တို့သည် ပရိသတ်ဖတ်လို့ကောင်း သည်ဆိုတာကပင် ကျွန်တော့်အဖို့ မထိတ်သာမလန့်သာ ဖြစ်ရပါသည်။ ပထမတစ်ပုဒ် “ကျွန်တော့်အဖေ၏ အမေအကြောင်း” ရွှေမှာ ပါလာတော့ “ကိုသုမောင်ရဲ့ အဘွား ဒါလောက်တောင်ဆိုးသလား” ဟု အမေးခံရသဖြင့် ဒုတိယတစ်ပုဒ် “အဖေ၏ အမေ (၂)” တွင် ကျွန်တော်က အဘွားဆိုးခဲ့ပုံကို တစ်ဖက်၌ သတ္တိကောင်းပုံနှင့် ထေပြီး ရေးခဲ့ရခြင်းဖြစ်သည်။ ဘာပဲဖြစ်ဖြစ် မရေးမဖြစ် ရေးရတော့မည် ဆိုလျှင် ယခုအပုဒ်၌ အဘွားဆိုးခဲ့ပုံကို ဟာသသဘော၊ ပျော်စရာ ကောင်းသော



http://myanmarpyithar.net

သဘောဖြစ်အောင် ကျွန်တော်ရေးပါမည်။ အထူးသဖြင့် မိခင်ဖြစ်သူ၏ အနှံ့အတာအား အမေကို ချစ်သော သားက ကပ်သီး ကပ်သပ် ခံယူ တတ်ပုံကို ဖော်ကျူးချင်ပါသည်။

❑ ❑ ❑

ကျွန်တော့် အဖေ၏အမေ စာစုတွင် အဖေရေးခဲ့သော"အတာ" ဝတ္ထုရှည်ကြီးအကြောင်း တစ်စွန်းတစ်စ ကျွန်တော် ဖော်ခဲ့ပါသည်။ "အတာ" သည်အဖေငယ်စဉ်က ဘဝဖြစ်သည် ဟုလည်း ဝန်ခံခဲ့သည်။ ဒါသည်လည်း အဖေက သူကွယ်လွန် ခါနီးကျမှ ကိုဝင်းငြိမ်းကို Interview တစ်ခုတွင် လူသိရှင်ကြား ဝန်ခံခဲ့သောကြောင့် ကျွန်တော်က ရေးရဲ ခြင်းဖြစ်သည်။ ကျွန်တော်တို့ကို ဆိုလျှင် ထိုဝတ္ထုသည် သူ့ကိုယ်တွေ့ပါဟု အဘွား ဆုံးပါးပြီး အတော်ကြာမှ ဖွင့်ပြောခြင်း ဖြစ်သည်။ သူ့အမေ အပေါ် ကျွန်တော်တို့ စိတ်ကွက်မှာ စိုးလို့တဲ့။ ထို့ကြောင့်ပင် ကျွန်တော် ကလည်း သူရှိ့အား အမိအကြောင်းကို အဖေကွယ်လွန်ပြီးမှ ဖောက်သည် ချခြင်း ဖြစ်ပါသည်။ အဖေ့အလိုအရ ပြောရလျှင်တော့ "အဖေ တစ် ယောက် သူ့အမေအကြောင်းတွေ ပြန်သတိရပြီး စိတ်မချမ်းမသာ ဖြစ် သွားမှာ ကျွန်တော်က စိုးရိမ်လို့ပါပဲ"။ ထို့ကြောင့် အဖေ ကွယ်လွန်ခါနီး အချိန်ကလေးကို စပြီး ပြောပါမည်။

"ဆေးရုံကဆင်းရင် အဖေ ဝင်ဒါမီယာအိမ်ကို မပြန်ဘူး။ သက်န်းကျွန်း မင်းအိမ်ကို လိုက်နေမယ်" ဟု သူ့ကို ဆေးရုံ လက်လွှတ် လိုက်မှန်းသိသော အချိန်တွင် အဖေက ပြောပါသည်။ သူခေါင်းချရန် အတွက် ကျွန်တော့်အိမ်ကို ရွေးချယ်ခြင်းအတွက် ကျွန်တော့်မှာ အဆိုး ထဲမှ အကောင်း တွေ့ရသလို ဝမ်းနည်းဝမ်းသာ ဖြစ်ရပါသည်။ သို့သော် ကျွန်တော့် အထင်နှင့် အဖေ့စိတ်ကူးက တခြားစီဖြစ်ပါသည်။

"မင်းအိမ်ဆောက်ထားတဲ့နေရာက အရင် ငါ့အမေ ထမင်း



http://myanmarpyithar.net

ချက်တဲ့ ဂိုဒေါင်နေရာ မဟုတ်လား”

ဩော်. . . သူမှတ်မိနေရှာပါတကား။

ကျွန်တော်ထင်သည်။ အကယ်၍သာ ကိုမင်းလူနှင့် ကိုရှုပ ယခုနေထိုင်ကြသော အိမ်ကလေးသည် ကျယ်ကျယ်ဝန်းဝန်း ရှိပါက ထိုအိမ်ကိုသာ သူခေါင်းချရန် ရွေးပါလိမ့်မည်။ အကြောင်းမှာ ထိုအိမ်သည် အဖေ့အမေ (ဘွားဘွား) ခေါင်းချ သွားသော အိမ်ဖြစ်သောကြောင့်ပင်။ ပြီးတော့ ထိုစဉ်က ကိုမင်းလူမှာ ခရီးရက်ရှည် ထွက်နေသဖြင့် အိမ်မှာ မရှိ။ တကယ်တော့ အဖေသည် ကျွန်တော့်ကို အချစ်ပိုသော်လည်း မင်းလူနှင့် ရှုပကို အားကိုးသူဖြစ်သည်။

ဘာပဲဖြစ်ဖြစ် အဖေသည် (သတိ ကောင်းသူပီပီ) သူ၏အသုဘ ကို သူ့စိတ်တိုင်းကျ စီမံခဲ့ပါသည်။ နံပါတ်တစ် အစီအစဉ်အရ-

“သား ဗလကြီး၊ ကျိုက္ကဆံ သင်္ချိုင်းကိုသွား၊ ခလယ်ပေါက် တည့်တည့် ဝင်သွား၊ ဇရပ်ရဲ့ ဘယ်ဘက်၊ မင်းရဲ့ မျက်နှာချင်းဆိုင်ဆိုရင် ညာဘက် ပေါ့ကွာ၊ အဲဒီမှာ အုတ်ဂူ တစ်ခု ရှိတယ်။ “ဒေါ်ဒေါ်ဥ (အသက် ၁၀၁ နှစ်)” လို့ရေးထား တယ်။ အဲဒီ ဒေါ်ဒေါ်ဥ ဂူနဲ့ ဆယ့်လေးငါးလှမ်း ခြားလောက် ပတ်ဝန်း ကျင် မြေနေရာ ကျန်နေသေးလားလို့ သွားစုံစမ်း”

အဖေက အမောဖောက်သံဖြင့် လေအကြော ရှည်နေသော်လည်း လိုရင်းကို ကျွန်တော်က သိနှင့်ပါပြီ။

“အဲဒီနေရာမှာ အမေနဲ့ မမကို မြှုပ်ခဲ့တာကွ။ ငါ့ကို အဲဒီနား မှာမြှုပ်။ အုတ်ဂူမလုပ်နဲ့၊ မှတ်တိုင်မစိုက်နဲ့”

မတတ်သာသည့်အဆုံး ကျွန်တော်က ကျိုက္ကဆံ သင်္ချိုင်း ဟူ၍ မရှိတော့ကြောင်း၊ စံပြဆေးရုံကြီး ဆောက်ထားကြောင်း ပြောသောအခါ သာစုခေါ်ပါသည်။

အဖေသည်သူသေလျှင်ပင် သူ့အမေနားမှာပင် နေချင်သူ ဖြစ်သော်လည်း တကယ်တမ်းသူ့အမေ သေကောင်း ပေါင်းလဲဖြစ် နေစဉ်

ကတော့ အနီးကပ်ပြုစုခဲ့သူ မဟုတ်ပါ။ ကျွန်တော့်အဘွား အသက်ထွက်သွားသော အချိန်ကလေးတွင် မလှမ်းမကမ်းမှာ အဖေသည် ရုပ်ရှင်ရိုက်နေဆဲဖြစ်သည်။ မှတ်မှတ်ရရ “အဖြေ” ဆိုသော ရုပ်ရှင် ဇာတ်ကားတွင် မြတ်မွန် ပျော်ပျော်ပါးပါး သီချင်းဆိုခန်း ရိုက်နေဆဲ ဖြစ်သည်။ ထိုစဉ်က ကျွန်တော်သည် “ကလက်” ရိုက်နေသူမို့ မှတ်မိနေခြင်းပါ။

“ဘွားဘွား ဆုံးပြီ” ဟု တပည့်တစ်ယောက်က လာအကြောင်းကြားတော့ ကွက်ခနဲ မျက်နှာပျက်သွားရုံမှ တစ်ပါး လက်ကာပြပြီး ရုပ်ရှင်ဆက်ရိုက်သည်။ နောက်ဆုံး ပျော်ပျော်ပါးပါး၊ သီချင်းဆို သရုပ်ဆောင်ရန် မြတ်မွန် ခမျာ မတတ်နိုင်တော့ဘဲ ဟီးချငိုကြွေးလေမှ အဖေက လုပ်ငန်းရပ်သည်။သူ့အမေထံသွားသည်။ ကန်တော့သည်။ အသုဘ အစီအစဉ်တွေ လုပ်သည်။

ထိုအဖြစ်အပျက်ကို အဖွဲ့အစ်မက အပြစ်တင် သောအခါ “ကျွန်တော် အလုပ်ပျက် မခံတတ်တာ မမသိသားဘဲ၊ အမေ့ အသက်ကို ဆွဲထားလို့မှ မရတာ။ ဆရာဝန်က အစ အပြည့်အစုံ ရှိနေသားပဲ”

အဖေ ပြောတာလည်း မှန်ပါသည်။ အဘွားသည် မကွယ်လွန်မီမှာပင် ဆရာဝန်လက်လွှတ်၍ မြောနေခဲ့တာ ကြာပါပြီ။ သို့သော် အဘွားဆုံးစရက်တွေက အဖေသည် ညဉ့်နက်သန်းခေါင် သူ့အမေမြေပုံရှိရာ သင်္ချိုင်းမှာ တစ်ယောက်တည်း သွားသွားထိုင်နေခဲ့ရှာသည်။

ဒါနှင့်ဆက်စပ်၍ အဘွားမကွယ်လွန်ခင် သုံးနှစ်လောက်က အဖြစ်အပျက်ကိုလည်း ကျွန်တော်မှတ်မိနေသည်။ ထိုစဉ်ကလည်း အဘွားသည် သေကောင် ပေါင်းလဲပါပဲ။ ဆရာဝန်ကလည်း လက်လွှတ်လိုက်ပါပြီ။ ( ထိုစဉ်က မိသားစုဆရာဝန်မှာ ယခု ကျောက်ကုန်းက ဆရာဝန်ကြီး ဦးစိုးမြင့် ဖြစ်သည်။ ယခင်က အဏုမြူဓာတ်ရောင်ခြည်ဌာနမှူးကြီး ဒေါက်တာ စိုးမြင့်) ဆရာ ဦးစိုးမြင့်က-

“အစ်ကိုသာခု၊ အမေကတော့ ရက်ပိုင်း၊ လပိုင်းပဲ။ ဒီတော့



http://myanmarpyithar.net

သူစားချင်တာကျွေး၊ လုပ်ချင်တာ လုပ်ပေးလိုက် ပါတော့” ဟုဆိုသည်။ အဘွားကို ဘာလုပ်ချင်သလဲမေးတော့ “ငါ့မြေးတွေ ရှင်ပြုပေး”ဆိုသဖြင့် ကျွန်တော်တို့ ညီအစ်ကို တစ်တွေ ငယ်ငယ်ရွယ်ရွယ်နှင့် ရှင်ပြုလိုက်ကြရသည်။ အဖြစ် သဘောမျိုးပေါ့။ ဒါကို အဖေက ရုပ်ရှင် ဖလင်ဖြင့် မှတ်တမ်းတင် ရိုက်ကူးပေးရသည်။ သူ့အမေ အိပ်ရာထက်မှ ပက်လက်ကြည့်ရှုနိုင်ရန် ကုတင်ခြေရင်းတွင် ပိတ်စအဖြူ ကာပြီး ပြန်ပြသပေးခဲ့ရသည်။ သို့သော်-

“အမေ ဘာလေးများ စားချင်သလဲ” ဟု အဖေက မေးတော့

“ လိပ်ဥ၊ ဒူးရင်းသီး၊ ငါးသလောက်ပေါင်း”တဲ့။

လက်လွှတ်ရတော့မည့်အတူတူမို့ အဖေ့ခမျာ မြိတ်ကျွန်းစုဘက်က လူလွှတ်ပြီး လိပ်ဥရှာခဲ့ရသည်။ ထိုအချိန်တွင် အဘွားသည် ခြေရောလက်ရော၊ ပါးရောဗိုက်ရော ဖောနေပါ ပြီ။ သို့ရာတွင် နောက်ဆုံးဆန္ဒအနေနှင့် သူစားချင်ရာတွေကို ကျွေးလိုက်သောအခါတွင်မူကား ဘယ်လိုကဘယ်လို ဖြစ်သည် မသိ။ ကျွန်တော် စောစောကပြောသော သူတကယ်ကွယ်လွန်ချိန် နောက်ထပ် သုံးနှစ်အထိ ဒေါင်ဒေါင်မြည်မြည် နေသွားခဲ့ ပါတော့သတည်း။

ဒါကို ခုတလော ကျွန်တော်ထမင်းမစားချင်ဘဲ ခေါက်ဆွဲလိုမျိုး၊ ပလာတာ လိုမျိုး စသဖြင့် စားချင်နေသဖြင့် ခုနကပြောသော ဆရာကြီး ဦးစိုးမြင့်အား တိုင်ပင်သောအခါ ဆရာကြီးက-

“အဲဒါ မင်းရဲ့သွေးသားက တောင်းဆိုတာပဲကွ။ မင်းဘွားဘွား အကြောင်း မမှတ်မိဘူးလား။ အဟာရဖြစ်မယ့်ဟာဆို ထမင်းလွတ် စားသာစား။ မင်းမှာ သွေးတိုး၊ ဆီးချိုနှလုံး စတဲ့ ရောဂါကြီးတွေမှ မရှိဘဲ။ ခံတွင်းတွေ့ရင် အဝသာ စားကွ။ အေး. . . ခွေးကောင်၊ အရက်တော့ မပါဘူးနော်” ဟု ရယ်ပွဲ ဖွဲ့၍ပြန်ပြောပါသည်။

အဘွားအကြောင်း ပြန်ဆက်ရလျှင် ထိုကဲ့သို့ မဟုတ်ကဟုတ်က

သူ အာသာငမ်းငမ်း ရှိတာတွေ တစ်ဝတစ်ပြဲ စားပြီး သေရှာပြန်ခဲ့သော သုံးနှစ်တာ ကာလအတွင်း နောက်ဆုံး တောင့်တသော ဆန္ဒသည်ကား သူ့အိမ်တွင် ဖဲဝိုင်း ထောင်ခိုင်းခြင်း ဖြစ်သည်။

"ဟဲ့. . . သာခု၊ ငါက ဘယ်အချိန်ပြန်သေဦးမလဲ မသိဘူး။ ဒီတော့ ငါ့အိမ်မှာ မသာဖဲဝိုင်း ခုကတည်းက လုပ်မယ်။ ငါ့ကို ဖဲရိုက်ဖို့ ပိုက်ဆံမှန်မှန် ပေးရမယ်။ နင့်အလုပ်သမား တွေထဲက အလှည့်ကျ ငါနဲ့ ဖဲရိုက်ဖို့ နှစ်ယောက်၊ သုံးယောက် စီစဉ်ပေး ရမယ်"

အဘွား၏ ဆန္ဒထူးကို အဖေက စီစဉ်ပေးရှာပါသည်။ (ထိုစဉ်က မြင်းပွဲတွေ မရှိသဖြင့် တော်သေးသည်။ နေ့မို့ဖြင့် မလွယ်ပါကလား) သို့သော် ကျွန်တော် မှတ်မိသလောက် အဘွားအတွက် ဖဲရိုက်ဘက်များ ဖြစ်ကြရသူများမှာ ထိုစဉ်က အဖေနှင့် (ဗိုလ်ကာတွန်း ရိုက်နေဆဲမို့) လုပ်ဖော် ကိုင်ဖက် ဦးလေး ဖိုးပါကြီး၊ ဦးလေးဂျော်လီဆွေ၊ ဦးလေးသန်းနွဲ့ တို့၏ ဇနီးသည်များ ဖြစ်တတ်ကြပါသည်။ တစ်ခါတစ်ရံ သူတို့ အားလပ် ပါမှ အဖေ့ အလုပ်သမားတွေက အလှည့်ကျ ဝိုင်းထိုင် ပေးရသည်။

နောက်တစ်ကြိမ် အဘွားတကယ် မသေဆုံးမီ သုံးနှစ်လောက် အတွင်း အဘွား၏ ဖဲဝိုင်းတွင် ဖြစ်လေ့ဖြစ်ထရှိသော အကြောင်းကို မှတ်မိ နေပြန်ပါသည်။

အခြားမဟုတ်ပါ။ ဖဲဝိုင်းတို့သဘာဝ အရှုံးအနိုင် ဆိုတာ ရှိပါ သည်။ အမြဲတမ်း မနိုင်ပါ။ အထူးသဖြင့် အရှုံး များပါသည်။ အဘွားသည် မကြာခဏရှုံးပါသည်။ သို့သော် သူ့ အလိုကိုလိုက်၍ ကျန်လူများက လက်လျှော့ပေးလျှင်လည်း မကြိုက်ပါ။ မအေတွေ၊ နှမတွေ စုံအောင် ဆဲတတ်ပါသည်။ သူ့ကို အရှုံးပေး ကစားခြင်းကိုပင် "ငါ့ကို ဖဲလိမ် ရိုက်ကြတယ်" ဟုပြောင်းပြန်အသုံးဖြင့် အပြစ် ဖို့သည်။ အဘွားက သစ္စာ တော့ အတော်ရှိသား။

အဘွားဖဲရှုံးလျှင် လုပ်လေ့လုပ်ထ တစ်ခုရှိသည်။ ပိန်မသာ



http://myanmarpyithar.net

လိမ်မသာ ရှုံးနေလျှင်တော့ သူ့သမီး (အဖွေအစ်မ) ထံမှလည်းကောင်း၊ မမြတ်မွန်ထံမှ လည်းကောင်း ချေးပြီး ဆက်ရိုက်သည်။ မဆံ့အင်ကာ ရှုံးပြီဆိုလျှင်တော့ ဖဲဝိုင်းထဲမှာ ပင်လျှင် ရုတ်တရက်ထပြီး (မရှိသေ့စကား) ရှုးရှုးတွေ တဖြန်းဖြန်း ပေါက်ချ ပါတော့သည်။ ဖဲဝိုင်းပေါ် ပစ်လှဲချပြီး "မူးတယ်. . . မူးတယ်၊ ငါသေတော့မယ်" ဟု လုပ်ချလိုက်ပါ တော့သည်။

အဘွား ထိုသို့ဖြစ်ပြီဆိုလျှင် ကျွန်တော် အဖေ့ကို ပြေး၍ ခေါ်ရပါသည်။ ဒါမျိုးကလည်း ရိုးနေပြီ ဆိုတာလိုမို့ အဖေကလည်း အဘွားအတွက် အသက်ကယ်ဆေးကို တစ်ပါတည်းယူပြီး လာရရှာပါ သည်။ ထိုအသက်ကယ်ဆေးကား အခြားမဟုတ်။ ထိုစဉ်က သုံးသော ငွေစက္ကူအချပ်ကြီး တစ်ချပ်မျှသာ ဖြစ်ပါသည်။

ထူးခြားသည်မှာ (သို့မဟုတ်) အသေအချာ စီစဉ် ထားရသည်မှာ ထိုငွေစက္ကူ အချပ်ကြီးသည် အသစ်ကျပ်ချွတ် ဖြစ်ရပါမည်။ ပိုက်ဆံနံ့ သင်းနေရပါမည်။

အဖေသည် ရုပ်ရှင်ထဲက မင်းသားနှင့် သူ့အမေ ဇာတ်ဝင်ခန်း အိုက်တင်လုပ်သလို အဘွားကို ကျောမှာသိုင်းပြီး ပွေ့ပါသည်။ ပြီးတော့ စောစောကပြောသော သူအဆင်သင့် ယူလာသည့် ငွေစက္ကူအသစ် ကျပ်ချွတ် အရွယ်ကြီးကို သူ့အမေ၏ နှာခေါင်းဝတွင် ယပ်ခတ်သကဲ့သို့ တဖျပ်ဖျပ်ခတ်ရင်း-

" အမေ. . . အမေ ကျွန်တော်အနားမှာ ရှိတယ်လေ" ဟု ပြောရရှာပါသည်။ ထိုအခါမှအဘွားသည် နတ်ဝင်သည် နတ်ထွက်သွား သလို ဟင်းခနဲ သက်ပြင်းချပြီး သတိ ပြန်လည်လာသည် ဟူသတတ်။

ကောင်းပါပြီ။ အဖေခရီးထွက်တာလိုမျိုး အခိုက်၌ အဘွား ထို သို့ ဖြစ်နေပြီဆိုလျှင် ဘယ့်နှယ်လုပ်မည်နည်း။

အဘွားအဖို့ကတော့ လွယ်လွယ်ကလေး ဖြစ်သည်။

အဖေက သူ့အမေနှင့် အစ်မကို ရွှေဘီးကုပ် တစ်ခု စီ လုပ်ပေး



http://myanmarpyithar.net

ထားသည်။ ရှေးလူကြီးအမယ်အိုများ ရွှေဘီးကုပ်တွေ၊ ဆံထုံးတွင် စိုက်ထားကြတာ မြင်ဖူးကြပါလိမ့်မည်။

အဘွားသည် နလံ မထူနိုင်အောင် ဖဲရှုံးလျှင်၊ အဖေကလည်း ခရီးထွက်နေလျှင် ထိုရွှေဘီးကုပ်ကို သူစိတ်ချရသော ဖဲရိုက်ဘက် အဖော်ထံတွင် ပေါင်နှံလိုက်ရုံပေါ့။ သို့သော် သူ့အမေခေါင်းပေါ်တွင် အမြဲထိုးထားသော ရွှေဘီးကုပ် ထိုသို့ ရုတ်တရက် ပျောက်သွားတာကို အဖေသိမှာ မပူရပါ။ အဘယ်ကြောင့်ဆိုသော် အဘွားတွင် ရွှေဘီးကုပ်နှင့် တစ်ထေရာတည်း အသင့်လုပ်ထားသော ဦးဖိုးချမ်း ရှိနေသောကြောင့်ပင်။ (ဦးဖိုးချမ်းဆိုတာ ခုခေတ်လူငယ်တွေသိအောင် ပြောရရင် ရွှေရည်စိမ်အတုပေါ့)

ရွှေအမြုတေ (ရုပ်စုံမဂ္ဂဇင်း)
နိုဝင်ဘာလ (၁၉၉၉ ခုနှစ်)

# မျိုးရိုးထဲမှဆိုးပေကြီးများ

ရွှေ(အမှတ် ၁၂၉၊ ဩဂုတ်လ ၂၀၀၀) "ကျွန်တော်၏ မေမေ့အကြောင်း" စာစုတွင် အဆုံးသတ်၌ ကျွန်တော်က "ကိုရွှေဝင်းငြိမ်း အမေတွေအကြောင်း ဒီလောက်နဲ့ပဲ ဖြတ်လိုက်ပါပြီ" ဟု စကား ကျူးခဲ့၏။ တကယ်တော့ ရေးရမည် ဆိုလျှင် အမေတွေအကြောင်း များစွာ ရှိပါသေးသည်။ သို့သော် ထူးထူးခြားခြား စရိုက်တွေ ထပ်မတွေ့သဖြင့် ထိုသို့ စကားခံခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် သိတော်မူကြသည့် အတိုင်း ကျွန်တော်က မိသားစု အသိုင်းအဝိုင်း အကြောင်းသာ စာများများ ဖွဲ့တတ်သူမို့ ဘာပဲရေးရေး ကျွန်တော့် ပတ်ဝန်းကျင် အသိုင်းအဝိုင်း အကြောင်းကတော့ ပါကိုပါရမလို ဖြစ်သည်။ ခုလည်း မျိုးရိုးထဲက ဆိုးပေကြီးတွေ အကြောင်း ရေးချင်လာပြန်သည်။ထို့ကြောင့် "စကားကျူး" သည်ဟု ကျွန်တော်က ဝန်ခံခဲ့ခြင်း ဖြစ်သည်။ ကြည့် ခုလည်း ရေးပြန်ပါပြီ။

ကြားဖြတ် ပြောရဦးမည်။ ကျွန်တော် ခဏ ခဏ ရှင်းရမည့် ကိစ္စ ဖြစ်သည်။ ကျွန်တော် ရေးလိုက်လျှင် သူ့ မိသားစုအကြောင်းချည်းပဲ ဟု အဝေဖန်ခံရခြင်း ဖြစ်သည်။ တစ်လောက ထွက်သည့် ကိုဝင်းငြိမ်း၏



http://myanmarpyithar.net

"ဝင်းငြိမ်း နှင့် စာရေးဆရာများ" စာအုပ် အင်တာဗျူး မှာကတည်းက (၁၉၈၄) ကျွန်တော်ရှင်းခဲ့သည်။ "ကျွန်တော့်မိသားစု အသိုင်းအဝိုင်းထဲမှာ မော်တော်ကား ဆယ့်သုံးလေးစီး ပိုင်ခဲ့သူကအစ သူများ တဲကုပ်ဘေး အဖီထိုး နေရတဲ့သူအထိ အဆင့်အမျိုးမျိုး ရှိတယ်။ သူတို့အကြောင်း ရေးတာ တစ်ကမ္ဘာလုံးက လူတွေအကြောင်း ရေးတာပဲ။ သူတို့ဟာ လူတွေ ပဲ။ ခွေးတွေ၊ နွားတွေမဟုတ်ဘူး" ဟု ဟိုစဉ်ကတော့ ငယ်တုန်းမို့ စကား ခပ်ကြမ်းကြမ်း သုံးမိတာပါ။ နောက်ပိုင်းလည်း ကျွန်တော် ခဏ ခဏ ရှင်းရပါသည်။ အကယ်၍ ကျွန်တော် ရေးခဲ့သော ဝတ္ထုတိုများထဲမှ ဇာတ်ကောင်နာမည်တွေ ပြင်လိုက်လျှင် ဆိုပါစို့ "ကျွန်တော် သုမောင်" အစား "ကိုဘခက်" ဟု ပြင်လိုက်လျှင် ကျွန်တော့်ကို ပတ်ဝန်းကျင်က လူတွေအကြောင်း ပါဟု မည်သူသိတော့ မည်နည်း။ ရှင်းရှင်းကလေးပါ။ ခက်တာက ကျွန်တော်ကလည်း ငယ်ကတည်းက ကိုယ်တွေ့ဝတ္ထု သဘော တွေကိုသာ ခံစားတတ်သူ။ သည်တော့ ဘယ်အချိန်ချိန်ရေးရေး ဝတ္ထု ဖြစ်ဖြစ်၊ ဆောင်းပါးဖြစ်ဖြစ် နီးစပ်ရာ ကိစ္စတွေက ပါသွားမြဲ ဖြစ်သွား တော့သည်သာ။ ကျွန်တော့်ဝတ္ထုတို ပုံသဏ္ဌာန်ကို "ဆရာကြီး မောင်ထင် လို၊ အမေ ဒေါ်ခင်မျိုးချစ်လို" ပုဂ္ဂိုလ်တွေကပင် ထောက်ခံကြောင်း အာပေါက်အောင် ပြောသော်လည်း ခုထိ တချို့က လက်မခံ။ ဝတ္ထုဆိုတာ စိတ်ကူးဟူ၍သာ သဘောထား နေကြတုန်း ဖြစ်သည်။ (အချို့သော စာ ဖတ်သူ နှင့် ဝေဖန်ရေးဆရာ အချို့ကို ပြောပါတယ်)

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ စာရေးဆရာ ဟု ကိုယ့် ဘာသာ ယုံကြည်သူပီပီ၊ ကိုယ့်နည်း ကိုယ့်ဟန်ဖြင့်တော့ ရေးနေဦးမည် သာ ဖြစ်ပါသည်။ ခုလည်း ကြားဖြတ်ပြီး ရှင်းနေ ရတာကိုက ပင်ပန်းလှ ပါပြီ။

မျိုးရိုးထဲက ဆိုးပေကြီးများ၊ ဆိုးပေကြီးများ ဆိုတာက ဆရာကြီး တက်တိုး ဘာသာပြန်သော ကမ္ဘာ့ဆိုးပေကြီးများ စာအုပ်ကို အမှတ်ရလို့

အမည်တပ်ရခြင်းပါ။ တကယ်တော့ လူရွှတ်၊ လူ့ဂွစာကြီးများ ဟုဆိုက ပို၍ သင့်ပါမည်။ သူ့ခေတ် သူ့အခါနှင့်ကတော့ လူဆိုးကြီးများ ပြော လည်း ဖြစ်ပါသည်။ ခုနှယ်ခါဆိုလျှင်တော့ "လူပျော်ကြီးများ"၊ "လူပြက်ကြီး များ" ဆိုပါစို့။

❑ ❑ ❑

သည်လောက် လင်ယောကျ်ားအပေါ် သစ္စာထားသော ကျွန် တော့် အမေအကြောင်း ရေးခဲ့ပြီနော်။ အဲ. . . မေမေ့မှာ အစ်ကိုအရင်း တစ်ယောက် ရှိသည်။ ဦးမြင့် (ဒေါက်တာမြင့်) ဟုလည်း နာမည်ကြီး ပါသည်။ ဒေါက်တာ ဆိုပေမယ့် အင်္ဂလိပ်လိုတော့ ကျွန်တော် မခေါ်တတ် ဟိုခေတ်က ကျန်းမာရေးမှူးကြီးမျိုးပါ။ အလွယ်ပဲခေါ်ကြပါစို့၊ ဆရာဝန် ပေါက်စ။ အလွန်ပျော်တတ်၊ ရွှတ်တတ်သော ပုဂ္ဂိုလ်ကြီး ဖြစ်သည်။ မေမေနှင့် ပြောင်းပြန်။

"အိမ်နောက်ဖေး ငရုတ်သီး သွားခူးဦးမယ်ဟေ့" ဆိုပြီး ထွက် သွားလိုက်တာ သုံးနှစ်သုံးမိုး ကြာတယ် ဆိုသော မြန်မာပုံခိုင်း စကား တစ်ခွန်းကို ကြားဖူးကြပါလိမ့်မည်။ ဆိုလိုတာက ဒီနားခဏ ဆိုပြီး ထွက် သွား၊ မိုးချုပ်မှ အိမ်ပြန်တတ်သည့် လူမျိုးကို သရော်သော ပုံခိုင်းစကား ဖြစ်ပါသည်။ သို့သော် ထိုပုံခိုင်းစကားသည် ကျွန်တော့်ဘကြီး ဦးမြင့်၏ တကယ့် အဖြစ်နှင့်စာလျှင် အိပ်နေသလောက်သာ ရှိပါလိမ့်မည်။ အဖြစ် က သည်လိုပါ။

ဒေါက်တာပေါက်စ မောင်မြင့်သည် ရန်ကုန်မြို့ ပုဇွန်တောင်၊ အိုးဘိုရပ်တွင် အိမ်ထောင်ကျသည်။ သူ့မိန်းမက မမကြီး။ မကြာမတင် မှာပင် သားဦးကလေးရသည်။ ယောကျ်ားလေးပါ။ မောင်သိန်းတိုးတဲ့။ ဟုတ်ပ့ါ. . . နောင်အခါ စာရေးဆရာ သိန်းတိုး (ကွယ်လွန်) ဆိုသူပါပဲ။

ဆိုကြပါစို့။ မောင်သိန်းတိုးကလေး တစ်နှစ်သား အရွယ်တွင်



http://myanmarpyithar.net

တစ်နေ့ ကလေးချိုရင်း ဝရံတာမှာထွက်၍ ရန်ကုန် သင်္ကြန်ကို ကြည့်မော နေသည်။ ကလေးအဖေ ဖြစ်စ ဆိုတော့ သင်္ကြန် လည်လို့လည်း မသင့်ဘူး လေ။ မမကြီးကလည်း ဒီအချိန် သူ့ယောကျ်ားဘယ်မှာ အလည်အပတ် ခိုင်းမည်နည်း။

ဖြစ်ချင်တော့ ထိုသို့ ကိုမြင့် ကလေးထိန်းရင်း ဝရံတာမှာ ရှိနေစဉ် အောက်ကားလမ်းမပေါ် ဂျစ်ကားတစ်စီး လာရပ်၏။ လူငယ်များ ရေကစား ထွက်ကြခြင်း ဖြစ်သည်။ ကိုမြင့်၏ သူငယ်ချင်းများ။

ထိုစဉ်က မော်လမြိုင် သင်္ကြန်၊ အထူးသဖြင့် ရိုးဂိုး သင်္ကြန်သည် ကြက်ပျံမကျ စည်ကားသည်။ ရန်ကုန်မှာ သင်္ကြန် လေးရက်ကျလျှင် ရိုးဂိုး မှာ ခုနစ်ရက်တစ်ပတ်။ "ရန်ကုန်က သံချပ်"၊ "မန္တလေးက အက"၊ "မော် လမြိုင်က ရေပက်" ဤမျှ ရေကစား ကျူးသောမြို့။ ထို့ကြောင့် "ရိုးဂိုး" သင်္ကြန် အသံ ကြားလိုက်ပြီ ဆိုလျှင်ပဲ။

ကိုမြင့်သည် "အေး. . . ကောင်းသားပဲကွ။ ခဏလေးနော်" ဆိုတဲ့ ပြီး. . . "မမကြီးရေ. . . ငါ့သူငယ်ချင်းတွေနဲ့ ခဏလေး လိုက် သွားပါရစေ။ သိန်းတိုးလေးကို လာချီစမ်းပါကွယ်" ဆိုပြီး သူ့မိန်းမ လက် တစ်နှစ်သားအရွယ် သားငယ်ကိုအပ် အင်္ကျီတစ်ထည် ကောက်စွပ်ပြီး သူငယ်ချင်းများ ဂျစ်ကားပေါ်တက် လိုက်ပါသွားရာ စာဖတ်သူများ မယုံ မရှိပါနှင့်။

မောင်သိန်းတိုးမှ ကိုသိန်းတိုးဘဝ ရောက်သည့် နှစ်ပေါင်း (၃၀) ကြာမှ ဒေါက်တာမြင့်တစ်ယောက် ရန်ကုန်သို့ တစ်ခေါက် ပြန်ရောက် လာသော ဟူ၏။ မယုံလျှင် သူ့သား စာရေးဆရာ သိန်းတိုးကို မေးကြည့် ဆိုရလောက်အောင်ကလည်း သူကအသက် ၆၀ လောက်မှာ ကွယ်လွန်ခဲ့ ပြီ။ မကြာသေးခင်ကပေါ့။ တစ်ခုတော့ရှိသည်။ မယုံလျှင် ဒေါက်တာမြင့် ၏ ညီမ အရင်းခေါက်ခေါက် (ကွျန်တော့်)မေမေ ဒေါ်ခင်ညို ယခုတိုင် သက်ရှိထင်ရှား ရှိပါသေးသည်။ မေမေ့သာ မေးကြည့် ကြပါတော့။ သူ့



http://myanmarpyithar.net

အစ်ကိုအကြောင်းသူအသိဆုံးပေါ့။

အဲ. . . ကျွန်တော်မှတ်မိနေတာ တစ်ခုတော့ ရှိသည်။ ဘဘမြင့် ရန်ကုန် ပထမဆုံး အကြိမ် ပြန်ရောက်တော့ ကျွန်တော်တို့ ခြံထဲ အရင် လာသည်။ သူက ယောက်ဖဖြစ်သူ ဖေဖေ(သာခု)ကို အလွန်ချစ်သည်။ သည်တော့ ဖေဖေက သူ့ကိုခေါ်ပြီး ပုဇွန်တောင် ဒေါ်မမကြီး အိမ် ကားဖြင့် လိုက်ပို့သည်။ ကားပေါ်မှာ ကျွန်တော်လည်း ပါသွားသည်။ ဟိုရောက်တော့ ဘဘမြင့်က ကားပေါ်က မဆင်း။ အဖေက ဒေါ်မမကြီး ရှိရာ အပေါ်ထပ် တက်သွားရသည်။ အဖေ ပြန်ဆင်းလာတော့ အသက် သုံးဆယ်အရွယ် ကိုသိန်းတိုးသာလျှင် အဖေနှင့် ပါလာသည်။ ဒေါ်မမကြီး ကား အိမ်ပေါ်မှ မဆင်း။

"ဟော့ကောင် မင်းငါ့ကို မှတ်မိလား"

"ဟာ. . . အဖေပဲ နှစ်သုံးဆယ်လောက်ကလေး ကွဲသွားတာ များ မမှတ်မိဘဲရှိပါ့မလား"

အစ်ကိုသိန်းတိုးကလည်း သူ့အဖေလိုပင် လူပျော် တစ်ယောက် ဖြစ်ပုံရသည်။ တကယ်တော့ အဖေ ပြောပြလို့သာ သိတာ ဖြစ်ပါလိမ့်မည်။ သူ့အဖေကို သူ့ဘယ်နှယ် မှတ်မိမည်နည်း။

"ဟော့. . . မင်းအမေကော"

"ဟိုမှာလေ" ဟု အစ်ကိုသိန်းတိုးက အပေါ်ထပ် ဝရံတာကို မေးဆတ်ပြတော့ ဘဘမြင့်က မော့၍ကြည့်ပြီး "မမကြီး" ဟု လှမ်းခေါ်သည်။ ကျွန်တော်ကလည်း အပေါ်ထပ် ဝရံတာသို့ လှမ်းကြည့်လိုက် သည်။ ထိုစဉ်က ဒေါ်မမကြီး လုပ်လိုက်သော အိုက်တင်ကို ယခုတိုင် ကျွန်တော့် မျက်စိထဲ စွဲနေသည်။ "ဟင်း. . . ခုမှ" ဆိုသည့် မျက်နှာပေး မျိုး တစ်ချက် မဲ့ပြပြီး ချာခနဲ အိမ်ထဲ ဝင်သွားပုံကိုဖြစ်သည်။ ထိုစဉ်က ကျွန်တော် လေးငါးနှစ်သားပေမည့် အမူအရာကို အကဲခတ်မိပုံမှာ ဒေါ်မမကြီး သူ့ယောက်ျားအပေါ် စိတ်ဆိုးပုံလည်း မဟုတ်။ ပြန်လာခဲ့



http://myanmarpyithar.net

ပါလား ဟု ခေါ်ပုံလည်း မဟုတ်၊ ပြန်မလာခဲ့နဲ့တော့ ဟု ပြောပုံမျိုးလည်း မဟုတ်၊ အမူ ပိုလိုက်ပုံမျိုးလည်း မဟုတ်၊ တစ်မျိုးတော့ တစ်မျိုးပါပဲလေ။ ထိုအိုက်တင်မျိုးက အိမ်ထောင်ရှင်မိန်းမကြီးများနှင့် အကယ်ဒမီမင်းသမီးများသာ လုပ်ပြတတ်မည် ထင်သည်။

ဘာပဲဖြစ်ဖြစ် ထိုတဒင်္ဂသည် ထိုမျှနှင့်သာ ပြတ်ပါသည်။ ဘဘမြင့်သည် နောက်တစ်ကြိမ် သူ့မိန်းမနှင့် (သေသည်အထိ) ထပ်မတွေ့ရပါတော့ချေ။ ဘယ်တွေ့ရမည်နည်း။ ဘဘမြင့်က မော်လမြိုင်မှာ နောက်အိမ်ထောင် ကျခဲ့ပြီကိုး။ ကျတာမှ တစ်ယောက် မဟုတ်၊ နှစ်ယောက်တဲ့ဗျာ။ တစ်ယောက်က ကျွန်တော်တို့ အခေါ် အမေသန်း။ နောက် တစ်ယောက်က အမေနှင်း။

အဖြစ်က သည်လိုပါ။ စောစောက ပြောသလို ကိုမြင့် တစ်ယောက် မော်လမြိုင် ရိုးဂိုးသင်္ကြန်လိုက်လည်ပြီး ရန်ကုန်ပြန်မည် အလုပ်မြို့ပေါ်မှာ သူဌေးမကြီးတစ်ယောက် သေကောင်ပေါင်းလဲ ဖြစ်ချိန်နှင့်ကြုံနေ၏။ ဟိုက ဆရာဝန်ကြီးတွေ အားလုံးလည်း လက်လွှတ် လိုက်ကြပြီ။ သေနေ့ကို မျှော်နေသည် ဆိုပါစို့။ ထိုသတင်းကို ဒေါက်တာပေါက်စမောင်မြင့် ကြားသွားသည်။ ငယ်ကလည်းငယ်၊ လက်ရဲဇက်ရဲကလည်းရှိဆိုတော့ သူ ကုကြည့်မယ် လုပ်ပါလေရော။ တိုက်ဆိုင်မှုပဲလား။ ကံတရားပဲလား။ ဒေါက်တာပေါက်စ၏ တွက်ချက်မှု မှန်ကန်လို့ပဲလားတော့ မသိ။ အဘွားကြီးသည် အသက်ဘေးမှ လွတ်လေ၏။ (အသက် ၉၀ ထိ နေသွားရသည်ဟု ကြားဖူးပါသည်) ထိုအခါ အဘွားကြီးသည် အသက်သခင်ကျေးဇူးရှင် ဒေါက်တာ မောင်မြင့်အား အောက်လမ်းမကြီး ခေါ် မြို့ပေါ်လမ်းမကြီး တစ်နေရာတွင် တိုက်ခန်းတစ်ခန်းပေး၍ "ဒေါက်တာမြင့်ဆေးတိုက်" ဟူ၍ဖွင့်ပေးလိုက်လေတော့သည်။

ဘဘကလည်း ဟိုမှာပျော်သွားတော့၏။ ဒေါက်တာမြင့် ဆေးတိုက်နှင့် မလှမ်းမကမ်းမှာ "မသန်း"ဆိုသူ မိန်းမချောလေး မိသားစု



http://myanmarpyithar.net

နေထိုင်ကြသည်။ ဘဘမြင့်က သူတို့ထံ ထမင်း လခပေးစားသည်။ မသန်းက ဟင်းချက်အလွန်ကောင်းသည်။ (ရန်ကုန်အကြွား၊ မန္တလေးစကား၊ မော်လမြိုင် အစားတဲ့) ဒေါက်တာမြင့်ကလည်း အစားကောင်း အလွန်ကြိုက်သည်။ သည်လိုနှင့် နာမည်ကြီးဒေါက်တာလေး မောင်မြင့်နှင့် မိန်းမချောလေး မသန်းတို့ ညားကြလေသတည်း။ သည်မှာတွင် ဒေါက်တာမြင့်သည် ရန်ကုန်ကမမကြီးနှင့် မောင်သိန်းတိုးကို မေ့ပစ်တာလား။ ဖြတ်ပစ်တာလား မသိ။ မသန်းနှင့်သမီး နှစ်ယောက်ထပ်ရသည် အထိ ဖြစ်သွားတော့သည်။ ငွေကလည်း ရွှင်သလားမမေးနှင့်။ ကုန်ကုန် ပြောကြရေး၊ ဒေါက်တာမြင့်နှင့် မော်လမြိုင် ခွဲမရအောင် နာမည်ပြိုင် ဖြစ်ရတော့သည်။ (ဟိုးတစ်လောက ကျွန်တော် မော်လမြိုင် ရောက်တော့တောင် သက်ကြီးရွယ်အိုတွေ အကြား "ဒေါက်တာမြင့်တို့များ ခုနှယ် ရှိလို့ကကွယ်" ဟု ပြောဆိုကြတုန်း)

ကြားဖြတ်ပြီး ထပ်ပြောပါရစေဦး။ ကျွန်တော် ရုပ်ရှင် အော်ပရေတာ ဘဝ မော်လမြိုင်တွင် အဖေ့ဇာတ်ကားတစ်ကား သွားပြတော့ သဘော်ဆိပ်မှ ဒေါက်တာမြင့် ဆေးတိုက်သို့ မြင်းလှည်းဖြင့် သွားရသည်။ သူတို့အခေါ်တော့ "ဘုံပြတ်" တဲ့။ ကျွန်တော်က မြင်းလှည်းခ မေးတော့ နှစ်ကျပ်လားပဲ မမှတ်မိ။ မြင်းလှည်း ငှားစီးရင်းက ထုံးစံအတိုင်း စပ်စုစကား ပြောမိရာက ကျွန်တော်သည် ဒေါက်တာမြင့်၏တူ ဖြစ်ကြောင်း ပြောမိဆိုမိ၏။ အဲ. . . ဘဘမြင့်ဆေးတိုက်ရောက်လို့ ပိုက်ဆံလည်း ရှင်းရော မြင်းလှည်းဆရာက. . .

"နေပါစေ။ ဆရာ့တူ ဆိုရင် မယူပါဘူး"တဲ့။ ဘယ့်နှယ်ဟာပါလိမ့်ဟု ဇဝေဇဝါ ဖြစ်ရသဖြင့် နောက်ပိုင်း ဘဘကို မေးကြည့်ရာ. . .

"ဟ. . . ကောင်ရ။ မြင်းလှည်းသမား၊ ဆိုက်ကားသမား ဆိုတဲ့ အကောင်တွေဆို ငါက ပိုက်ဆံ မယူဘူးလေ။ အလကား ကုပေးတာ။ သူတို့ခမျာ ရှိရှာတာမဟုတ်ဘူး"

ဘဘမြင့်သည် ထိုလူစားမျိုးဖြစ်သောကြောင့် တစ်မြို့လုံးက ချစ်ကြသည်ပေါ့။ အထူးသဖြင့် ဥစ္စာပေါ ရုပ်ချော၊ ပညာတတ်၊ မနော ကောင်း ဒေါက်တာမြင့်ကို အပျိုချော တွေကလည်း "ချစ်ကြပေသရှင်" ပဲပေါ့။ သည်တော့လည်း ဒုတိယအိမ်ထောင် ဖြစ်သော မနှင်းနှင့် ထပ်ပြီး ညားကြ လေသတည်းပေါ့။ ညားပုံကလေးကလည်း အညက်သားဗျာ။

ထိုစဉ်က မော်လမြိုင်မြို့ပေါ်တွင် B.S.A မော်တော် ဆိုင်ကယ် အကောင်းစား၏ လက်ကိုင်တွင် တစ်ဖက်တစ်ချက် ရွှေဒင်္ဂါးနှစ်ပြားစီ တွဲလောင်းချိတ်ပြီး နေရာအနှံ့ ဆေးလျှောက် ကုသူမှာ ဒေါက်တာမြင့် တစ်ယောက်သာရှိ၏။ ခုနှယ်ခါတော့ ပါဂျာရို စီးပြီး ဆေးကုသည့် သမား တော်ကြီးများ သဘောပေါ့လေ။

သည်လိုနှင့် တစ်နေ့သော် ဒေါက်တာမြင့်သည် မော်လမြိုင်မှ သံဖြူဇရပ်သို့ ထိုရွှေမော်တော်ဆိုင်ကယ်ဖြင့် ဆေးသွားကု၏။ ကိစ္စပြီး၍ ပြန်မည်အပြု ငယ်သူငယ်ချင်း တစ်ယောက်နှင့်ဆုံ၏။ သူငယ်ချင်းက ဆိုင်ကယ်ရှူး။ သို့သော် ဆင်းရဲသည်။

"ဟော့. . . မောင်မြင့် မင်း ဆိုင်ကယ် ခဏ စီးကြည့်ချင် သကွယ်"

"မင်းကြိုက်လို့လား။ ကြိုက်ရင် အပိုင်ယူလိုက်" တဲ့။

ဒါသည် တကယ့် ဖြစ်ရပ်မှန်။ ကျွန်တော့်ဘဘ၏ စရိုက်မှန်ပါ။ ကျွန်တော် ကျိန်ပြောရဲပါသည်။

သည်လိုနှင့် ဘဘသည် သူငယ်ချင်းကို ဆိုင်ကယ် ပေးခဲ့ပြီး ဘတ်စ်ကားဖြင့် မော်လမြိုင်ပြန်ခဲ့ရာ မျက်နှာချင်းဆိုင် ထိုင်ခုံတွင် သူ့မိန်းမ မသန်း ထက် လှသော မနှင်းနှင့် မျက်လုံးချင်းဆုံ၊ ရင်တွေခုန်. . .

နောင်သော်. . . ဒေါက်တာမြင့် တစ်ယောက် "မောင်ငံရပ်" တွင် နောက်ထပ် အိမ်တစ်ဆောင် မီးတပြောင်ဖြင့် သားသမီး လေး ငါး ယောက်နှင့်။ နောက်ထပ် ရွှေဒင်္ဂါးတပ် B.S.A တစ်စီးဖြင့် ဆေး လည်ကု



http://myanmarpyithar.net

ရင်း မသန်းအိမ်နေလိုက်၊ မနှင်းအိမ်သွားလိုက် ဖြစ်သွား ပါတော့ကြောင်း။

❑ ❑ ❑

ခဏခဏ "စကားမစပ်" ဟု ကျွန်တော်သုံးနှုန်းရတာ စာဖတ်သူကို အားနာသော်လည်း ဤသို့မှ စကားမစပ်လျှင် ကျွန်တော်၏ စာစုအဆုံးသတ်လို့ရတော့မည် မဟုတ်ပါ။ ထို့ကြောင့် နောက်ထပ် စကားမစပ်ထပ် ပြောရပါဦးမည်။

ဘဘမြင့်သည် ဆိုက်ကားသမား၊ မြင်းလှည်းသမား စသောသူဆင်းရဲများကို သနားတတ်ကြောင်း၊ အပေးအကမ်း အစွန့်အကြဲရက်ရောတတ်ကြောင်း၊ ပျော်သလိုသာ နေတတ် ကြောင်း၊ စိတ်ကိုလည်း "မော်ဒန်ယောနိသောမနသီကာရ" ထားတတ်ကြောင်း ပြောခဲ့ပြီးပါပြီ။

ခု ပြောမှာက သူ၏ ထိုစရိုက်ကြောင့်ပင် သူ ကွယ်လွန်သောအခါ ဆင်းဆင်းရဲရဲ ကွယ်လွန်ရရှာ၏။ နောက်ဆုံး အခေါက် ကျွန်တော်မော်လမြိုင် ရောက်တော့ (ဘဘက အသက် ၇၀ လောက် ရှိရော့မည်) အမေသန်း၏ အိမ်ကြီးရခိုင်သည် ယိုင်နေပါပြီ။ အမေနှင်း၏ ပျဉ်ထောင်အိမ်ကြီးသည် ထရံတွေ ကျိုးပေါက်နေရှာပြီ။ ဒါက ဓမ္မတာပေပဲဟု ဆိုရပါမည်။ သို့သော် ဥပမာလေး တစ်ခုတော့ ပြချင်သည်။ ထိုဥပမာသည် ကျွန်တော့် ကိုယ်တွေ့ ဖြစ်ပါသည်။ ထိုဥပမာ သေးသေးကလေးကို စာဖတ်သူက ချဲ့၍ စဉ်းစားပါရန် တောင်းပန်ပါသည်။

စောစောက ပြောခဲ့သော ပထမဆုံးအကြိမ် ကျွန်တော် မော်လမြိုင် ရုပ်ရှင်ပြသွားစဉ်က ဘဘ၏ "ဒေါက်တာမြင့် ဆေးတိုက်" ကြီးရှေ့လမ်းမပေါ်တွင် စက်ဘီး၊ ဆိုက်ကား ထိုင်ပြင်နေသူ တစ်ယောက်ကို သတိထားမိခဲ့၏။ နောင်မှ သိရသည်မှာ သူ့ကို ဘဘက သနားသဖြင့် ဆေးခန်းရှေ့ ကွက်လပ်မှာ ဘီးပြင်ခွင့်နေရာ ပေးထားမှန်း သိရပါသည်။

နောက်တစ်ကြိမ် မော်လမြိုင် ရောက်တော့ ထိုသူသည် ထို



http://myanmarpyithar.net

ကွက်လပ်မှာပင် စက်ဘီး၊ ဆိုက်ကားတွေ ပြင်နေဆဲ။ သို့သော် သူ၏ စက်အပိုပစ္စည်း ကိရိယာများ၊ တိုလီမုတ်စများသည် ဘဘ၏ ဆေးခန်း အတွင်း တစ်နေရာမှာ ရောက်နေလေသည်။ ကျွန်တော်က မေးတော့ "ဟ. . . သူ ညအိမ်ပြန်တော့ သူ့ပစ္စည်းတွေ လမ်းပေါ် ပစ်ထားလို့ ဘယ်ဖြစ်မည်လဲ။ ငါ့ဆေးခန်းထဲ သိမ်းခဲ့ရတာပေါ့" ဟု ရိုးရိုးကြီးပင် ပြန် ဖြေပါသည်။

နောက်တစ်ကြိမ်တွင် ထိုပုဂ္ဂိုလ်သည် ဘဘ၏ ဆေးခန်းထဲမှာ ပင် စက်ဘီး၊ ဆိုက်ကားတွေ ထိုင်ပြင်နေတာ တွေ့ရတော့သည်။ သူ့ ပစ္စည်းတွေကလည်း ဘဘဆေးခန်း တစ်ခုလုံး အပြည့်မျှ။

ဘဘကိုမူ ထိုပုဂ္ဂိုလ် စက်ပြင်သော ဘေးတွင် ခုံရှည် တစ်ခုပေါ် ပိတ်စခင်းပြီး လူနာတစ်ယောက်ကို ဆေးထိုးပေးနေတာ ကျွန်တော် မြင်ရ ၏။ စိတ်ထဲတော့ တော်တော်မကောင်း။ ဒေါသလည်းဖြစ်။ ဒေါသဖြစ် ရတာက. . .

"ဘဘ. . . သူ့ကိုဆိုင်ငှားလိုက်ပြီလား"

"ဘယ်ကလာကွာ။ ဒါက ငါပိုင်ပဲဟာ ခုဟာက သူ့ခမျာ အလုပ် က များ၊ ပစ္စည်းက များ တော်တော် ကသီလင်တနိုင် ရှာတာ။ ငါ့မှာက ဘာလိုသလဲ။ ဟော့ဒီ ခုံရှည် တစ်ခုရယ်၊ ဒီနားကြပ်ရယ်၊ ဒီဆေးထိုးအပ် ရယ်။ ဟော. . . ဟို. . . ဆေးဘီဒိုတစ်လုံးရယ်၊ ဒါပဲ။ လူနာလာ၊ ဒီခုံ ပေါ်တင် စမ်းသပ် ဆေးထိုး ပြီးတာပဲ ဟာကွာ"

❑ ❑ ❑

လွန်ခဲ့သည့် လေးငါးနှစ်က မော်လမြိုင်သို့ သီချင်းဆို ပွဲတစ်ခု အတွက် ကျွန်တော်ရောက်သွားခဲ့ပါသည်။ အောက်လမ်းမကြီး တစ် လျှောက် ကားပေါ်မှ ငေးကြည့်ရင်း ဘဘ ဆေးတိုက်နေရာကို ကျွန်တော် ရှာပါသည်။ အဆောက်အဦးတွေက ပြောင်းလဲ နေပါပြီ။ သို့သော် နေရာ



http://myanmarpyithar.net

ကိုကား ကျွန်တော်မှတ်မိနေပါသည်။ ဘဘမြင့်၏ တစ်ချိန်က ဆေးတိုက်နေရာတွင် သုံးထပ်လား၊ လေးထပ်လား တိုက်သစ်ကြီး တစ်လုံးကို တွေ့ရပါသည်။ ဩော်. . . သင်္ခါရပေပဲလေ။ သို့သော် ထို "သင်္ခါရ ပေပဲလေ" ကြားထဲကပင် ဒေါသတစ်ချက်တော့ ထောင်းခနဲ ထွက်ကျ လာရပါသေးသည်။ အကြောင်းမှာ ထိုတိုက်ကြီး၏ ထိပ်တွင် ကြီးမားသော ဆိုင်းဘုတ်ကြီးတစ်ခုကို မြင်လိုက်ရသောကြောင့်ပင်။

" × × × မော်တော်ဆိုင်ကယ်နှင့် စက်ဘီးရောင်းဝယ် ရေးကုမ္ပဏီ"

စုံစမ်းကြည့်တော့ ဟုတ်ပါသည်။ ဘဘဆိုင်ရှေ့တွင် ဆိုက်ကားပြင်ခဲ့သော ပုဂ္ဂိုလ်ကြီး၏ သားသမီးများ၊ မြေးများ၏ ဆိုင်ကြီးပါတဲ့။

သည်လိုဆိုတော့ စာဖတ်သူကထင်လိမ့်မည်။ ခင်ဗျား ဘဘက တဖြည်းဖြည်း နွမ်းပါးသွားလို့ ငှားရာက ရောင်းရတဲ့ဘဝ ဖြစ်ချင်ဖြစ်မှာပေါ့ဟု။ မဟုတ်ရပေါင်ပါ။ ဘဘက ပေးခဲ့ရတာပါတဲ့။ (ကျွန်တော် မလိမ်ပါဘူးတဲ့) တဲထဲ လက်ကလေး ခဏ ဝင်ထားပါရစေ ဆိုရာက နောက်ဆုံး တစ်ကိုယ်လုံး ရောက်ပြီး တဲရှင်က အပြင်ထွက်ပေးရသော "ကုလားအုတ် ပုံပြင်" ကို စာဖတ်သူ ကြားဖူးပြီးသား မဟုတ်ပါလား။

ကောင်းပါပြီ။ သည်ကိစ္စမျိုး တကယ် ရှိခဲ့ပါသည်။

သို့သော်. . . သည်ကိစ္စတွင် . . .

ဘဘမြင့်၏ စရိုက်သည် အဓိကလား။

ကံတရားသည် အဓိကလား။

လူ့သဘောသည် အဓိကလား။

ဘာပဲဖြစ်ဖြစ် ဘဘမြင့်သည် ကျွန်တော့်မိခင်၏ အစ်ကိုအရင်းဖြစ်တာကတော့ သေချာပါသည်။ သည်တော့ သူ့ကို ဘယ်လို လူစားမျိုးဟု သတ်မှတ် ရပါမည်နည်း။ ကျွန်တော့် မိခင်၏ သဘာဝနှင့် တူပါသလား။ ပြောင်းပြန် ဖြစ်နေပါသလား။

**တွတ်ပီစာအုပ်တိုက်**

http://myanmarpyithar.net

ကျွန်တော့်အနေနှင့်မူ "မျိုးထဲရိုးထဲက ဆိုးပေကြီးတစ်ဦး" ဟူ၍သာ "ချစ်စနိုး" ကင်ပွန်းတပ်လိုက်ချင်ပါသည်။

*မှတ်ချက်*

*ဆိုင်းဘုတ်နေရာတွင် ပုဂ္ဂိုလ်ရေး ထိခိုက်မည် စိုးသဖြင့် လူအမည်နေရာတွင် ကြက်ခြေခတ် ××× ပြုပါသည်။ မော်တော်ဆိုင်ကယ်နှင့် စက်ဘီးရောင်းဝယ်ရေး ကုမ္ပဏီ ဆိုရာ၌လည်း ကျွန်တော့် စာစုပါ။ ဆိုက်ကားပြင်ဆရာ စရိုက်နှင့် ကိုက်ညီစေရန်သာ ထိုသို့ သုံးရပါသည်။ တကယ်တော့ အခြား ကုမ္ပဏီလီမိတက်ကြီး တစ်ခုသာ ဖြစ်ပါသည်။ အခြားသော ဆိုင်ကယ်၊ စက်ဘီးဆိုင်များ၊ ဆိုင်းဘုတ်များနှင့် တိုက်ဆိုင်ပါက တောင်းပန်ပါသည်။*

ရွှေအမြုတေ (ရုပ်စုံမဂ္ဂဇင်း)
အောက်တိုဘာလ (၂၀၀၀ ပြည့်နှစ်)

http://myanmarpyithar.net

## မျိုးရိုးထဲမှဆိုးပေကြီးများ (၂)

အမေ၏ အစ်ကိုအရင်း ဒေါက်တာမြင့်အကြောင်း ရေးပြီးတော့ နောက်တစ်ဖန် အလှည့်ကျအနေနှင့် အဖေ့ဘက်က ကျွန်တော့် အဘိုးလေးအရင်းတစ်ယောက် အကြောင်း ရေးခဲ့ပါသည်။ သို့သော် ကျွန်တော်၏စာမူ ရေးလို့ ပြီးသည့် ကာလမှာပင် ထိုအဘိုးလေး၏ ကျန်ရစ်သူမိသားစုများ အချင်းချင်း ပြဿနာများနေသည်ဟု သတင်း ရရှိသဖြင့် ထိုစာမူကို ခဏ အသာ ဝှက်ထားရပါသည်။ အကြောင်းမှာ ကျွန်တော်၏ “မိသားစုပုံပြင်” စာမူများတွင် တကယ့်အရှိ ဇာတ်ကောင်များကို ပုံဖော်ခဲ့ပြီး သူရို့၏ နာမည်ရင်းများကိုပါ သုံးစွဲခဲ့လေရာ အကယ်တည့် ကျွန်တော့်စာမူကို ဖတ်မိပါမူ ရယ်စရာမောစရာ မဖြစ်ဘဲ နာကျည်းဒေါသထွက်စရာတွေ ဖြစ်ကုန်မှာ စိုးသောကြောင့် ဖြစ်ပါသည်။

ထိုအဘိုးလေးအကြောင်းတွင်လည်း အိမ်ထောင် နှစ်ဆက်ကျခဲ့ခြင်း အကြောင်းပါရှိလေရာ သူ့ဘက်ကိုယ့်ဘက် ဟူ၍ ရှိခဲ့ပါသည်။ ထိုစာရေးနေချိန် မတိုင်မီ အထိ ထိုသူ့ဘက် ကိုယ့်ဘက်တို့သည် အချင်းချင်း ညီညွတ်နေခဲ့ပုံ ရပါသည်။ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော့် စာမူပြီးချိန်မှ သူ့ဘက်ကိုယ့်ဘက် တကယ့်ကို လွန်ဆွဲပွဲကြီး ဖြစ်ပေါ်ခဲ့ရာ



http://myanmarpyithar.net

ကျွန်တော်က တစ်ဖက်ဘက်သို့ ဘက်လိုက်သည်ဟု အယူ ရှိခဲ့သော် မကောင်းတတ်ပေ။ ထို့ကြောင့်စာမူကို ခဏထားပြီး ဒိုရင်း ဒိုရင်း သဘော ပိုက်ကာ အမေ၏ မျိုးရိုးဘက်သို့သာ ပြန်လည် ဦးလှည့်ရပါတော့သည်။

**အမေ့အမေ၏ဘကြီး၊** အမေ၏အမေ ဒေါ်နှင်းလှိုင်တွင် ဘကြီး ဝမ်းကွဲ တစ်ယောက် ရှိ၏။ သူ့အမည် မှာ ဦးမြင့် ဖြစ်ပါသည်။ ဦးမြင့်သည် ထိုခေတ်က အရပ်လူကြီးလည်း ဖြစ်ပါသည်။ ရန်ကုန်မြို့ တစ်ဝိုက်တွင် နေထိုင်သောကြောင့် အရပ်လူကြီးဟု ခေါ်တွင်သော်လည်း ထိုခေတ်က မြို့ပြင် အရပ်များတွင် “သူကြီး” ဟုခေါ်ဆိုသောအဆင့်ပါ။ အာဏာရှိ သည်ဟု ဆိုရပါမည်။ အရပ်လူကြီးကို ထိုအရပ် ဒေသရှိ သက်ကြီး ရွယ်အိုများ လူလေးလူငယ်များက သူရို့ ဆန္ဒအလျောက် အလိုလို ရွေးကောက်ကြ ရပါသည်။

အရပ်ထဲမှာ ဩဇာရှိသူလည်း ဖြစ်ရပါမည်။ စီးပွားရေးလည်း သင့်တင့် ရပါမည်။ တည်ကြည် ဖြောင့်မတ်သူလည်း ဖြစ်ရပါမည်။ ကျန်းမာရေးလည်း ကောင်းရပါမည်။ ဘုရားတရားလည်း ကိုင်းရှိုင်း ရပါ မည်။ ရပ်ရေးရွာရေး၊ လူမှုဆက်ဆံရေးစသော ပညာများကိုလည်း တတ် ကျွမ်းရပါမည်။ စသဖြင့်သော အရည်အချင်းများသည် အဘိုးဦးမြင့်တွင် ပြည့်စုံခဲ့သည် ဆိုကြပါစို့ရဲ့။

ကျွန်တော့်အမေ၏ ဇာတိသည် ရန်ကုန်မြို့ ပုဇွန်တောင် (အိုး ဘို) ရပ် ဖြစ်သော်လည်း မူလဇစ်မြစ် ဘိုးဘွားများကား ရန်ကုန်မှ ပဲခူး အထွက် (ဟိုစဉ်ကတော့ “တော” ပါပဲ) “သိမ်ကြီး” ရွာဇာတိ ဖြစ်ပါသည်။

( “သိမ်ကြီး” ရွာသည် ယခုအခါ ဒဂုံတောင်ပိုင်း စက်မှုဇုံ ဖြစ်နေ ပြီကိုကား “အမေ့အဘွား၏ အမေ” စာစုတွင် ကျွန်တော်ရေးခဲ့ပြီးပါပြီ) နောင်သောအခါ “ဆရာမောင် ဆေးနီလုံး၊ ဆေးနီမှုန့်” ဟူ၍ ကျော်ကြား လာမည့် (အမေ့ ဘကြီးရင်း) ဦးမောင်မောင်၏ဆေးတိုက် ပုဇွန်တောင် အိုးဘိုရပ်တွင် အခြေကျခဲ့ရာမှ အိုးဘိုနှင့် သိမ်ကြီး ဆွေမျိုး နီးစပ်တွေ



http://myanmarpyithar.net

လည်း ဖြစ်ကုန်ရပါတော့သည်။ ယခုတိုင်ပင် ဆရာမောင် ဆေးတိုက် ရှိနေတာကို တွေ့ဖူးကြ ပေလိမ့်မည်။

မည်သို့ပင်ရှိစေ အမေ၏ အမေ ဒေါ်နှင်းလှိုင်တို့ လူလူသူသူ ဖြစ်လာကြသည်ကား- ရန်ကုန်မြို့၊ ပုဇွန်တောင် (အိုးဘို) ရပ်ဟုဆိုလျှင် လုံလောက်ပါပြီ။ လုံလောက်ပါပြီ ဟု ပြောရခြင်းမှာ ဟိုစဉ် အိုးဘိုရပ်၏ အခြေအနေကို ပြောလို၍ ဖြစ်၏။ (အမေ ကလေးဘဝ)က ပုဇွန်တောင် ရပ်သည် ခုနှယ်ခါလို မြို့ကြီးပြကြီး မဟုတ်သေးပေ။ ပုဇွန်တောင်ချောင်း နံဘေးမှ ရပ်ကွက်ကြီး တစ်ခုသာ ဖြစ်ပါသည်။ ချောင်းနံဘေး ရပ်ကွက် ဖြစ်သောကြောင့် ချောင်းရေ အတက်အကျဒဏ်ကို ခံရပါသည်။ ချောင်း ဒီရေ အတက်အကျပေါ် မူတည်၍ သွားလာ လှုပ်ရှား ကြရပါသည်။ ဆိုလိုသည်မှာ ချောင်းရေကျချိန်တွင် မိမိတို့ လုပ်ငန်းအတွက် လွတ်လပ် စွာ သွားလာကြလို့ ရသော်လည်း ချောင်းဒီရေ တက်ချိန်တွင်မူ တစ်အိမ့် တစ်အိမ် ကူးလူးသွားလာရာ၌ပင် ကျိုးတိုးကျဲတဲ တံတားကလေးများကို အသုံးပြုကြရပါသည်။ မြန်မာပြည်အောက်အရပ် မြစ်ဝကျွန်းပေါ်ဒေသ ကဲ့သို့ ပုဇွန်တောင်မှာလည်း အိမ်တိုင်း အိမ်တိုင်းတွင် ကိုယ်ပိုင် တံတား (သို့) အိမ်ရှေ့ ရေကပြင် ရှည်မျောမျောကလေးတွေ ရှိကြရပါသည်။ ထို တံတားကလေးများမှ တစ်ဆင့် ရပ်ကွက်ကို ဖြတ်သော ပင်မတံတားကြီး ပေါ် အရောက်သွားကြရပါသည်။ ထိုတံတားကြီးမှ တစ်ဆင့် လိုရာသွား ကြရ၏။ ထူးခြားသည်မှာ ရပ်ကွက်၏ ပင်မ ထိုတံတားသည် ရွှေဘုန်းပွင့် ဘုရားသို့ ဦးတိုက်နေခြင်းပင်။

ကျွန်တော်အခု ပြောပြမည့် အမေ့အဘိုးလေး ဦးမြင်၏ ဇာတ် လမ်း သည်လည်း ထိုတံတားနှင့် လုံးဝဆက်နွယ် နေပါတော့သည်။

❑ ❑ ❑



http://myanmarpyithar.net

အစဉ်အဆက် တည်ဆောက်ပြုပြင်ခဲ့သော ထိုအိုးဘို တံတားကို သစ်သားဖြင့်သာ တည်ဆောက်ထားခဲ့လေရာ နှစ်ကာလကြာသောအခါ တစ်စတစ်စ ယိုယွင်းလာခဲ့ရ၏။ ထိုအခါ ရပ်ကွက်သူ၊ ရပ်ကွက်သားတို့က ကိုယ်ထူ ကိုယ်ထ ပြင်ကြဆင်ကြရ၏။

"ဟဲ့ . . . မနှင်းလှိုင်တို့ အိမ်ရှေ့ တံတားခြေနင်း တစ်ခု ကျိုးနေပါပေါ့လား" ဟုတစ်ယောက်ယောက်က သတိပေးလျှင် အဘွား ဒေါ်နှင်းလှိုင်က ချက်ချင်း ပြင်ဆင်ရသလို-

"ဟဲ့ . . . ပလုတ်တုတ် ကံကောင်းလို့ ခြေမကျွံတယ်" ဟု ဖြတ်သွားဖြတ်လာများက အရေးပေါ် ကြုံရလျှင်လည်း မိမိတို့ ဘာသာပင် ပြင်ဆင်သွား လိုက်ကြလေသည်။ တစ်လ တစ်ခါ၊ တစ်နှစ်တစ်ခါ ဆိုသလို ရွှေဘုန်းပွင့်ဘုရား ဝေယျာဝစ္စ ကြုံလာသော နေ့များတွင်လည်း ရပ်ကွက်အင်အားဖြင့် (တစ်အိမ်တက်ဆင်း အလှူခံရင်း) အဘိုးလေးဦးမြင့်၏ ဦးဆောင်မှုဖြင့် လူလေးလူငယ်များက တံတားအစအဆုံး မွမ်းမံပြင်ဆင်ခြင်းကို ပြုကြရလေသည်။

"ပျက်အစဉ်၊ ပြင်ခဏ" ဆိုသော်လည်း ခဏခဏ ပြင်လာရသော ပျက်အစဉ်သည် "ခဏခဏပျက်" ဖြစ်လာရ သည်မှာ ဓမ္မတာပင်။ အိုးဘိုတံတားသည်လည်း နှစ်ကာလ ကြာလာသောအခါ ဟိုနေရာပြင်၊ သည်နေရာပျက်နှင့် လုံးလည်လိုက် လာတော့သည်။ လူ့သဘာဝမှာ မိမိ အပါအဝင် လူအများ ကောင်းကျိုးအတွက် သည်ပိုးရမှာ ဝန်မလေးသော်လည်း မိမိ မပါဝင်သော လူအများ ကောင်းကျိုးအတွက်မူ တစ်ကြိမ်မှ နှစ်ကြိမ် ဖြစ်လာလျှင် နည်းနည်းတော့ တွန့်တိုလာတတ်မြဲ ဖြစ်ပါသည်။

အိုးဘို တံတား ပြုပြင်ရေး မကြာခဏ ဖြစ်လာ သောအခါ ရပ်ကွက်သားချင်း မညီမညွတ် ဖြစ်မလာသည့်တိုင် နည်းနည်းတော့ တွက်ကပ် လာပါသည်။ ထိုအခါ အရပ်လူကြီး ဦးမြင့်သည် ရပ်ကွက်တွင်း တစ်အိမ် တက်ဆင်းပြု၍ လည်းကောင်း၊ ဓမ္မာရုံ အစည်းအဝေးမှာ ဆော်

ဩ၍ လည်းကောင်း တံတားကြီးတစ်လျှောက်လုံး ပြုပြင်ရေး စည်းရုံးရေး ဆင်းရပါတော့သည်။

"ကိုင်း. . . ညည်းတို့ကဖြင့် ငွေကြေးသာ ထည့်ကြပါ"

"မောင်တို့ကတော့ ဆင်းရပါတယ်။ လုပ်အားသာ ပေးကြပါ"

"ဟော့. . . မင်းတို့က လူငယ်တွေပဲ အားလုံးဝိုင်းလုပ် ကြကွယ့်"

သည်လိုဖြင့် စည်းရုံးရေး ဆင်းခဲ့ရာ တော်တော် အောင်မြင်ပါသည်။ စုပေါင်း တံတားပြုပြင်ရေးကိစ္စ တော်တော် ကလေး အရာရောက်လာသော တစ်နေ့တွင်-

"ဦးလေးမြှင် တံတားပြင်မလို့ဆို၊ ကျွန်တော် ဘာကူညီရမလဲ" ဟူသော အောက်ကျို့ အမေးစကားနှင့် အတူ "ကိုမာမက်" တစ်ယောက် အဘိုးလေးမြှင်အိမ်သို့ ရောက်ချလာပါတော့သည်။ တကယ်တော့ အဘိုးလေးမြှင်သည် တံတား ကိစ္စ တစ်အိမ်တက်ဆင်း လိုက်လံ ဆော်ဩစဉ်က ကိုမာမက် အိမ်သို့ မရောက်ခဲ့ချေ။ သူ့တပည့်တပန်းတွေကိုသာ လူလွှတ် အသိပေးခဲ့ပါသည်။

"ဟော့. . . မောင်ဆင့်တို့ ဟိုကောင် မာမက် အိမ်ကိုသွား။ တံတားပြင်မယ့်အကြောင်းပြောချေ။ သူ့ဘာသာသူ အလှူငွေ ထည့်ချင် လည်း ထည့်၊ မင်းတို့ကတော့ အောက်ကျို့ မခံနဲ့" ဟု အမှာစကား ပါးလိုက်၏။ ဤသို့ ကိုမာမက်အပေါ် အရောတဝင် မရှိခဲ့သည် မှာလည်း အကြောင်းရင်းက ခိုင်လုံစွာ ရှိနေပါသည်။ သို့သော် ရပ်ကွက်လူကြီးပီပီ ကျောသား ရင်သားလည်း ခွဲလို့မရတာ တစ်ကြောင်း၊ တံတားကို အသုံးပြုရာမှာ လည်း ကိုမာမက်တို့အိမ်က နေရာအတော်များများ ယူထားသဖြင့် ပုထုဇဉ်ပီပီ "သူရို့လည်း အလှူငွေတော့ ထည့်ရမှာပေါ့"။ ပြီးတော့ "သူဌေး တွေပဲ" ဟူသော စိတ်ကလေးကလည်း ဦးမြှင်မှာ ကပ်ငြိနေတာ တစ်ကြောင်း။ နောက်ဆုံးနှင့် အရေးကြီးဆုံးမှာ ကိုမာမက်သည် အဘိုးလေး ဦးမြှင်၏တူမ "မပြုံးချို" ကို ပိုးပန်းနေကြောင်း ရပ်သိရွာသိ ဖြစ်နေခြင်းပင်။



http://myanmarpyithar.net

မပြုံးချိုသည် လုံးကြီးပေါက်လှနှင့် ဖြူဖြူဖွေးဖွေး မြင်သူငေး လောက်သည့် "မုဆိုးမ" ကလေးတစ်ဦး ဖြစ်သည်။အဘိုးလေးမြှင်၏ တူမချော ဖြစ်သလို ကျွန်တော့်အဘွား ဒေါ်နှင်းလှိုင်၏ အစ်မ ဝမ်းကွဲ လည်း ဖြစ်ပါသည်။ ကျွန်တော့် အမေနှင့်ဆိုလျှင် တူဝရီး ဝမ်းကွဲ ဖြစ်သော် လည်း အမေကမူ "ကြီးကြီးမပြုံးချို" ဟူ၍သာ ဝိဂြိုဟ်ပြုခဲ့ပါသည်။ အကြောင်းမှာ ကျွန်တော်တို့ငယ်စဉ်က ပုဇွန်တောင် ရွှေဘုန်းပွင့် ဘုရားဖူး သွားကြလျှင် ဒေါ်ပြုံးချို အိမ်သို့ ဝင်ထွက်မြဲ ဖြစ်ပြီး သူ့ကို "ကြီးကြီး မပြုံးချို" ဟူ၍သာ နှုတ်ကျိုး ခဲ့သောကြောင့် ဖြစ်၏။ ထို့ကြောင့် အမေက လည်း ကြီးကြီး မပြုံးချို ဟူ၍သာ ကျွန်တော်တို့ သံယောင်ကို လိုက်နေ တော့သည်။ သူသည် ထိုစဉ်က အသက် (၉၀)လောက် ရှိမည်ထင်သည်။

"ကြီးကြီးမပြုံးချိုက အဲဒီတုန်းက အသက်သုံးဆယ် အတွင်း လောက်ရှိမပေါ့သားရယ်။ တော်တော့်ကို ချောတာကွယ့်။ လေးငါး ခြောက် နှစ်အရွယ် သမီးကလေးနှစ်ယောက်နဲ့ မုဆိုးမသာ ဆိုရတာ အရပ်ထဲမှာ တော့ သားတို့ခေတ် စကားနဲ့ဆို စူပါစတားပေါ့"

နဂိုင်းထွက်လောက်အောင် နဂိုရှိသော ထိုအရွယ်၊ ထိုအခြေ အနေ အမျိုးသမီးများ၏ လှသွေးရည် တင့်တယ်တတ်ပုံကို စာဖတ်သူ မျက်စိထဲ မြင်ကြည့်နိုင်ပါသည်။ တစ်ဆက်တည်းမှာပင် ထိုအခြေအနေ သည် ကိုယ့်ဘက်က တိမ်းလွယ်သလို ယောကျာ်းသူငါများ ဘက်ကလည်း ဆွတ်လွယ် ညွတ်လွယ် သည်ကိုလည်း သတိပြုစေချင်ပါသည်။

"အမေတို့ အိုးဘိုရပ်ဆိုတာကလည်း ဆွေမျိုးသားချင်းတွေချည်း လိုလိုကိုး သားရဲ့။ ဒီတော့ ကြီးကြီး မပြုံးချိုကို ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်စေချင်ကြတာကလား။ ဒါပေမယ့် ကြီးကြီးက မာနတော့ အကြီးသား သားရဲ့။ မုဆိုးမဘဝနဲ့ အရိုးထုတ်မယ်ချည်း ဆိုခဲ့တာပဲ။ သူ့ကိုပိုးကြ၊ ပန်းကြသူတွေကိုလည်း အလိုက်သင့်တော့ ပေါင်းတာပေါ့ကွယ်။ မြူစား တာတော့ မဟုတ်ဘူးလေ။ ဘယ်လိုခေါ်မလဲ သူ့အလှပေါ်မှာ သာယာ

တာ။ အေး. . . သာယာမိတာတော့ ရှိမပေါ့ လေ။ ဒီမှာတင် ကိုမာမက် ဆိုတဲ့ လူပျိုလူချော တစ်ယောက်နဲ့ တွေ့ကြရော ဆိုပါတော့"

ကျွန်တော့်အမေ ပြောပြချက်အရဆိုလျှင်-

ကိုမာမက်သည် သူဌေးသားဖြစ်၏။ သူ့အဖေက ပုဇွန်တောင်ဈေး သူဌေးကြီးပါ။ တစ်ချိန်က မြို့မျက်နှာဖုံးဆို ပါတော့။ ဘာသာခြားဆိုပေမယ့် ရပ်ရေးရွာရေးမှာလည်း လက်မတွန့်ခဲ့သူ ဖြစ်၏။ ကိုမာမက်ဆိုသော သားကလေးကိုလည်း ဖူးဖူးမှုတ် ထားခဲ့ပုံရ၏။ မြန်မာတောထဲမှာနေ၍ မြန်မာ ယဉ်ကျေးမှုကို နားလည်သူသာ ဖြစ်ပါ၏။

သူရို့အိမ်က ဈေးသူဌေးအိမ်ပီပီ အိမ်ကြီးရခိုင် ဖြစ်ပါသည်။ အိုးဘိုရပ် အစွန် ပုဇွန်တောင်ချောင်းနားမှာ ရှိပါသည်။ ပုဇွန်တောင်ချောင်းကို အမှီပြုရသော လုပ်ငန်းရှင်များ သည် သူရို့အိမ်နှင့် ကင်းကွာ၍ မရပေ။ ထို့အတူ သူရို့အိမ်အနီး မှ စတင်သော အိုးဘိုတံတားသည်လည်း သူရို့အိမ်နှင့် ဘယ်လိုမှ ကင်းကွာ မရတော့ချေ။

ပုဇွန်တောင်ချောင်း၊ ပုဇွန်တောင်ဈေး၊ အိုးဘိုရပ်နှင့် ကိုမာမက်အိမ်တို့ကို ကူးလူးယှက်သွယ်ပေးနေသော အိုးဘို တံတား၏ ပင်မကျောရိုးကား ကျွန်တော့် အဘွားအိမ်၊ ဘိုးလေးမြင့်တို့အိမ်၊ ကြီးကြီး မပြုံးချိုတို့အိမ်များကို ဖြတ်ကျော်ပြီး သကာလ ရွှေဘုန်းပွင့် ဘုရားသို့ ဦးတိုက်သွားသည်ကပင် ကိုမာမက်အဖို့ လူပျိုလှည့်ရန် အကွက်ကောင်း ဖြစ်ခဲ့ပါသည်။

ထို့ကြောင့် ကိုမာမက်သည် ရေကျချိန်တွင် အိမ်ကြိုအိမ်ကြားမှလည်းကောင်း၊ ရေတက်ချိန်တွင် အိုးဘိုတံတားမှ လည်းကောင်း၊ မယောင်မလည်လိုလို ဣန္ဒြေရရလိုလို၊ လမ်းသလားနေတတ်လေ၏။ ချောင်းရိုးမှာ ချောင်းပေါက်ခဲ့သည် ဆိုပါတော့။

"တစ်ရပ်လုံးက သိနေကြတော့ ဘိုးလေးမြင့်လည်း မသိ ဘယ်ရှိပါ့မလဲ။ ဟို. . . ကိုမာမက်ကလည်း လူရိုး လူကောင်း၊ ကြီးကြီး မပြုံးချိုကလည်း မုဆိုးမတစ်ယောက်ဆိုတော့ မပြောသာဘူး ပေါ့ကွယ်။ ခက်နေ



http://myanmarpyithar.net

တာက ဘိုးလေးမြှင်ဟာ တူမချောကို ဘာသာခြားလက် မအပ်နိုင်တာပါဘဲ။ ကိုယ်တိုင်က ရွှေဘုန်းပွင့် ဘုရားလူကြီးဆိုတော့ ပိုဆိုးတာပေါ့လေ”

မည်သို့ပင် ရှိစေ။ ဟိုစဉ်က ရပ်ကွက်သူ၊ ရပ်ကွက်သားချင်း ညီညွတ် မျှတသော မြန်မာ့ဓလေ့အပေါ် အခြေခံပြီး ကိုမာမက်ကလည်း ဟန်ရေး တပြပြ၊ ကြီးကြီး မပြုံးချိုကလည်း သူ့ အလှကွန်ယက်မှာ သူ့ ဘာသာ သာယာ နေခဲ့ကြပုံရလေသည်။

တစ်ခု ပြောစရာ ရှိတာက-

“ကိုမာမက်မလည်း မနက်ပိုင်း၊ ညနေပိုင်းတွေမှာ တံတားပေါ် ဟန်ရေးပြရင်း ရစ်သီရစ်သီ လုပ်တတ်သလို၊ ကြီးကြီး မပြုံးချိုကလည်း “ဩော်. . . ကိုမာမက်ပါလား။ လက်ဖက်ရည် အချိုကလေးများ သုံးဆောင်ပါဦး ရှင့်” ဘာတွေ လုပ်တတ်တယ်ကွယ့်။ ကျီစယ်တာ ဆိုပါတော့လေ။

ဟိုစဉ်က လက်ဖက်ရည် ဆိုတာ အိမ်မှာ သောက်သုံးသော အရာ မဟုတ်ပေ။ လက်ဖက်ရည် သောက်ချင်လျှင် ပေါက်ဖော်ဆိုင်တို့၊ ကာကာ ကုလားဆိုင်တို့ သို့သာ သွားရောက် ကြရပါသည်။ အိမ်မှာက ကော်ဖီ၊ မိုင်လို၊ အိုဗာတင်း စသည်တို့သာ သုံးကြသည်။

“မင်းတို့ ကြီးကြီး မပြုံးချိုက ဘာလုပ်တယ်ထင်သလဲ။ အေး. . ကိုမာမက် လျှောက်ပြန်သံပေးလုပ်တတ်တဲ့ အချိန်တွေ မှတ်ပြီး ကာလသားကြိုက်၊ လက်ဖက်ရည် ကောင်းကောင်းကို မက်ခွက်ကြီးနဲ့ သူ ကိုယ်တိုင် ဖျော်ထားတတ်သတဲ့။ ဆယ်ခါ့ ရံတစ်ခါဆိုသလို ကိုမာမက် သူ့ အိမ်ရှေ့က အဖြတ်မှာလည်း စောစောက ပြောသလို လက်ဖက်ရည် အသောက် ဖိတ်သတဲ့”

“ဒါဆို ကြီးကြီး မပြုံးချိုကလည်း ကိုမာမက်ကို ကြိုက်တိုက်တိုက် ထင်ပါရဲ့ အမေရယ်”

“ဟဲ့. . . တောက်တီးတောက်တဲ့။ အမေ့ ကြီးတော် အကြောင်း



http://myanmarpyithar.net

အမေ သိတာပေါ့။ သူက အလွန် အကျီစားသန်တာ သားရဲ့”

ဟိုစဉ် ကျွန်တော်မမွေးမီက အခြေအနေကို ကျွန်တော် မသိနိုင်သော်လည်း သေချာတာ တစ်ခုကိုတော့ ပြောရပါသည်။

နှစ်ကြိမ် ပုခက်လွဲခဲ့ဖူးသော နဂိုနဂိုင်း ရှိပြီးသား ဖြစ်သော “လှတစ်ပတ်လည်” လာပြီလည်း ဖြစ်သော မုဆိုးမလက်ဖြင့် ဖျော်အပ်သည့် လက်ဖက်ရည် တန်ခိုးကြောင့် ပုဇွန်တောင် ဈေးတွင် လက်လုပ်လက်စား နေခဲ့ကြရသော အိုးဘိုသားတို့ လာဘ်လာဘ တိုးခဲ့ကြမည်ကတော့ အမှန်ပင်။

ထိုအချိန်မှာပင် တိုက်တိုက်ဆိုင်ဆိုင် ဆိုသလို ကိုမာမက်တို့ အိမ်အနီးမှ အစပျိုးသော “အိုးဘို” တံတားကြီးက အစစ ယိုယွင်းခဲ့လေသည်။ ရပ်ကွက်သွေးကြော ဖြစ်သောကြောင့်လည်း သာရေး၊ နာရေး၊ လူမှုရေးလုပ်ငန်းမှအစ လုပ်ငန်းကိုင်ခန်း ကိစ္စများအလယ် ဘုရားသွား၊ ကျောင်းတက်အဆုံး ကသိကအောက် ဖြစ်ကြရလေသည်။ရေကျချိန်ဆိုလျှင် မထောင်းသာလှသော်လည်း ရေတက်ချိန်ရောက်လျှင် ဆက်သွယ် ရေးတွေ ပြတ်တောက် ကုန်တော့၏။

ဒီလို အခြေအနေမျိုးတွင် တံတား ဆောက်လုပ်ရေး တာဝန်ခံ ဘိုးလေးမြင်အဖို့ မတတ်သာသည့်အဆုံး ဈေးသူဌေး အိမ်ကို မျက်စပစ်ရသလို “ရေငတ်တုန်းချောင်းထဲကျသူ” ကိုမာမက် အဖို့လည်း အလှူရှင်က အလှူခံထံ ဆိုက်ဆိုက်ကြီး ရောက်ခွင့် ကြုံလေတော့သည်။

ထို့ကြောင့်ပင် ဟိုးအစပိုင်း၌ ပြောခဲ့သလို “ဦးလေးမြင် တံတားပြင်မလို့ဆို၊ ကျွန်တော် ဘာအကူအညီ ပေးရမလဲ” ဟူသော စကားဖြင့် အောက်ကျို့စွာ လျှုဒါန်းလာ သည့် ကိုမာမက်တစ်ယောက် ဘိုးလေးမြင်ထံ အချိန်ကွက်တိ ရောက်လာတော့ခြင်း ဖြစ်၏။ “အချိန် ကွက်တိ” ဟု ဆိုရခြင်းမှာ ထိုအချိန်သည် ကြီးကြီး မပြုံးချိုတစ်ယောက် သူ့ဦးလေး ဦးမြင်အိမ်သို့ ရောက်သခိုက်မှာ ဖြစ်သောကြောင့်ပင်။ မပြုံးချို သူ့ ဦးလေး

အိမ် ဘယ်အချိန် ဘာကိစ္စနှင့် ရောက်တတ်သည်ကို ကိုမာမက်က စုံစမ်းထားခြင်းမှာ သဘာဝ ကျပါလိမ့်မည်။ ဒါမှလည်း သူ၏ လှူဒါန်းမှု အစုစုအတွက် သက်သေအဖြစ် မပြုံးချို ပါဝင် ပတ်သက်မည် မဟုတ်လား။ အလှူနှင့်အတူ "ရေစက်"ပါ လက်နှင့်မကွာဖို့ ကိုမာမက် အကွက်ချလေပြီ။

"ဟော့. . . မောင်မာမက်. . . မင်းတို့လည်း ဒီအရပ်ထဲ နေပြီး ဒီအရပ်နဲ့ စီးပွားရှာနေတာပဲ။ အချိုးကျ ပါဝင် ကူညီရင် လုံလောက်ပြီပေါ့" ဘိုးလေးမြင်က အထက်စီးလေသံ ဖြင့် အလှူခံလေသည်။

"ဟာ. . . မဟုတ်တာဘဲ ဦးလေးမြင်ရယ်။ စီးပွားရေးက တစ်ကဏ္ဍပါ။ ကျွန်တော်က ရပ်ဆွေ ရပ်မျိုးလို သဘောထားပြီး ကုန်ကျစရိတ်ရဲ့ တစ်ဝက်လောက်တော့ လှူပါရစေ"

ကိုမာမက်၏ ရေရှည်အကျိုး မျှော်ကိုးသော ရက်ရောမှု။

"အမယ်လေး ကိုမာမက်ရယ်။ သူဌေးသား တစ်ယောက်လုံး လုပ်နေပြီး စေးနှဲလိုက်တာ။ မသကာ တံတား တစ်ခုလုံး အသစ်ပြန်ဆောက်ပြီး လှူဦး တန်းဦးတော့ ဆင့်ပါးစပ် နှမ်းပက်သလောက် ရှိမှာပါ" မပြုံးချို၏ ရေလာမြောင်းပေး စကား။

ဤနေရာတွင် "ဆင့်ပါးစပ်နှမ်းပက်" ပုံခိုင်းစကားသည် ရုတ်တရက် ကြည့်လျှင် လှူမည့်သူအဖို့ မဆီလျော်ပါ။ သို့သော် သေသေချာချာ စဉ်းစားလျှင်တော့ သူ့အကျိုး ကိုယ့်အကျိုးနှင့် ရပ်ရွာအကျိုးမို့ သင့်လျော်သော စကားပုံဟု ယူဆ၍လည်း မရနိုင်ပေဘူးလား။

နဂိုကမှ မပြုံးချို၏ တစ်မျက်နှာ တစ်ရွာ ထင်နေသော ကိုမာမက်ခမျာ "ရက်စက်"၊ "အောရိုက်"၊ "ဗဲရီးဂွတ်" သွားလေတော့၏။ တစ်ဆက်တည်းမှာပင် တံတား အလှူရှင် ဆိုင်းဘုတ်ကြီးကိုလည်း သူ့ဘာသာ သူ မှန်းဆမိမည် ထင်ပါသည်။

"ဈေးသူဌေး ကိုမာမက်၊ ဇနီးဒေါ်ပြုံးချို သားသမီး မြေးတစ်စု ကောင်းမှု၊ နတ်လူ သာစုခေါ်စေသောဝ်" ဟူ၏။

**တွတ်ပီစာအုပ်တိုက်**

အစတွင် တံတားသစ်တည်ဆောက်ရေးကိစ္စ ဘိုးလေးမြင်က အင်တင်တင်လုပ်ချင်သော်လည်း မုဆိုးမ တူမချော၏ မျက်နှာ၊ ရပ်ရွာ မျက်နှာနှင့် သူကိုယ်တိုင်၏ အရပ် လူကြီးမျက်နှာတို့ကို သုံးဖက်မျှ ထောက်ချင့်၍ သဘောတူ လိုက်ရလေသည်။

ဒီလိုနှင့် အိုးဘို လူကူးတံတားသစ်ကြီးကို ကိုမာမက်တို့ အိမ်ရှေ့ ဘက်မှ စတင်၍ ကိုမာမက်တို့ ငွေအား၊ ရပ်ကွက် လူထု လုပ်အားဖြင့် ဆောက်လုပ် ပါတော့သည်။

"ရပ်ရေးရွာရေးကလည်း ဖြစ်ပြန်၊ ကိုမာမက်ရဲ့ ပိုးကြေး ပန်း ကြေးမှန်းလည်း သိပြန်ဆိုတော့ ကာလသမီးတွေ ပျော်ပွဲ တွေ့ကြတာပေ့ါ။ အမေဆို အဲဒီတုန်းက ကလေးသာသာ အရွယ်ဆိုတော့ ဘာဘာညာညာ တွေ မသိဘဲ ပျော်လိုက်တာ သားရယ်။ အေး. . . ဒီလိုနဲ့ သုံးလေးငါးလ လောက်ကြာတော့ တံတားဟာ ဦးလေးမြင်တို့ အိမ်ရှေ့ ရောက်ကရော ဆိုပါတော့"

ဒီမှာတွင် အကွက်ကောင်းစောင့်နေသော ဘိုးလေးမြင်က တစ် စခန်း ထပါတော့သည်။ ညနေဘက်လို တံတားဆောက် လုပ်ငန်းသိမ်း ချိန် အရောက်တွင် အရပ်လူကြီး ဦးမြင်သည် အလုပ်သမားတွေရော၊ လုပ်အားပေးတွေကိုပါ စုရုံးပြီး အော်ဒါ အမိန့်တစ်ရပ် ထုတ်ပြန်ပါလေ တော့သည်။

" ဟေ့. . . ဟေ့. . . မောင်တို့ မယ်တို့ နက်ဖြန်ကစပြီး ဒီ တံတားကို ဆက်ပြီး မဆောက်ကြနဲ့တော့၊ ဒီအတိုင်း ရပ်ထားလိုက်တော့"

"ဗျာ. . . ၊ ရှင်. . ."

"အိုကွယ်. . . ငါပြောတဲ့ စကားဟာ အတည်ပဲ။ ဒါဟာ ရပ်ကွက် လူကြီး အမိန့်ပဲ"

"ဟာ. . . ဘကြီးမြင်ရယ်။ ဘယ့်နှယ် တို့လို့ တန်းလန်းကြီးဗျာ"

"ဟုတ်ပ့ါ ဦးလေးမြင်ရယ်။ ဒီတံတားက ရပ်ရေး ရွာရေးပဲဥစ္စာ"



http://myanmarpyithar.net

အမျိုးမျိုး မြည်တွန်တောက်တီး ကြသော်လည်း အရပ်လူကြီး ဦးမြင့်က-

"ဟော့ . . . လျှာမရှည်ကြနဲ့။ ငါ့အိမ် ဥပစာဟာ ငါပိုင်ပဲကွယ့်။ ငါ့အိမ်ရှေ့က ရေပြင်ဟာ ငါပိုင်ပဲကွယ့်။ မဆောက်နဲ့ဆို မဆောက်ကြရုံပေါ့" ဟု ပါတော ပိတ်လိုက် လေတော့သည်။ သူ့ ရင်ထဲမှာ တော့ကား "ငါ့တူမချောရဲ့"××"ကျိုးလည်း ပါတယ်ဟေ့" ဟူသော လှိုင်ခေါင်းသံကြီးက မြည်ဟီးနေပါသည်။

တကယ်တော့မူ ကိုမာမက်ကလည်း သူ့အကြံနှင့် သူ။

အရပ်လူကြီးဦးမြင့်ကလည်း တစ်ချက်ခုတ် နှစ်ချက်ပြတ်။

ကိုမာမက်က တံတားကြီးပြီးလျှင် အချိန်မရွေး လူပျို လှည့်နိုင်မည် ဟု တွက်သည်။

ဘိုးလေးမြင့်ကလည်း တံတား သူ့အိမ်ရှေ့ရောက်လျှင် လုံလောက်ပြီ။ တူမချော မပြုံးချို အိမ်ရှေ့သို့ တံတား ထိုးပြီးသား ဖြစ်သွားမည်။ ဒီလို ဉာဏ်ကစား ကြရင်းမှ အကြံပိုင်သော အရပ်လူကြီးက တစ်ပန်းသာ သွားခြင်း ဖြစ်တော့သည်။

တံတားသစ်ကြီးမှာ ရပ်ကွက်ကို ဖြတ်သန်းရာ၌ ကိုမာမက်တို့ အိမ်ရှေ့မှ စတင်သည် ဖြစ်လေရာ ဦးစွာ ပထမ ဘိုးလေးမြင့်တို့ အိမ်ရှေ့ ဖြတ်ရပါမည်။ ထို့နောက် သုံးလေးအိမ် ခြားလျှင် မပြုံးချို အိမ်ရှေ့ ရောက်မည်။ ထို့နောက်မှ ရွှေဘုန်းပွင့် ဘုရားခြေတော်ရင်း ဝပ်ဆင်းပါမည်။ ကိုမာမက်အဖို့ ရွှေဘုန်းပွင့်ဘုရားသည် သူ့ကိစ္စမဟုတ်။ တံတား စရိတ်မှာလည်း ရပ်ရေးရွာရေးမို့ သူ့အတွက် သာမည်သာ ဖြစ်သည့်ပြင် မျက်နှာသာလည်း ရဦးမည် မဟုတ်လား။ မပြုံးချို အိမ်ရှေ့ ခေါက်တုန့် လူးလားနိုင်ရေးသည်သာ အဓိက ဖြစ်နေသဖြင့် ကုန်စမ်းပါစေ ဟု ပေယျာလကန် စေတနာတွေ ထားခဲ့ရာမှ ခုတော့ မဆုံတင့်ကြီး ဖြစ်နေလေပြီ။

ရပ်ရွာကလည်း ထိုကိစ္စကို ရိပ်မိကြပါ၏။ သို့သော် သားရေး

သမီးရေးထက် ရပ်ရေးရွာရေးက ပို၍အရေးကြီးသဖြင့် အရပ်လူကြီး ဦးမြင့်ကို နည်းအမျိုးမျိုးဖြင့် နားချကြပါသည်။ သို့သော် ဦးလေးမြင်က ဘူးဆို ဖရုံမသီးထဲက ဆိုတော့ အခက်ကြုံရပါသည်။

ကာယကံရှင် ကိုမာမက်ခမျာမှာလည်း ကိုယ့်လိပ်ပြာ ကိုယ်မလုံ သူမို့ တံတားဆက်ရေး ကိစ္စ ဝင်မပါရဲဘဲ တိတ်တိတ်ကျိတ်၍ စည်းရုံးရေး ဆင်းနေရရှာ၏။

မပြုံးချိုကတော့ အပြုံးမပျက်ပေ။ သနပ်ခါး ခြေဆုံး ခေါင်းဆုံး လိမ်းပြီး၊ အချိန်တန် အိမ်ရှေ့ထွက် ဟန်ရေးပြနေရုံသာ။ ထိုအခါ ကိုမာ မက်ခမျာမှာလည်း ဆောက်ပြီးသမျှသော တံတားသစ် ထက်ပိုင်းပြတ်ပြီး ပေါ်တွင် တံတားစစ်ဆေးသည့် ဟန်မျိုးဖြင့်သာ ရှုံးထုတ်နေရတော့၏။

ထိုမြင်ကွင်းကို မြိန့်မြိန့်ကြီးကြည့်ရင်း ပက်လက် ကုလားထိုင် တစ်လုံးပေါ်ထိုင်၍ ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့ လုပ်နေသူကား အမေတို့၏ ဘိုးလေးမြင်သာ ဖြစ်ပါလေတော့။

❑ ❑ ❑

ဒီလိုနှင့် ပုဇွန်တောင်ချောင်းရေတက်ရေကျ၏။ နရီစည်းဝါး ကြားတွင် တိုးလို့တန်းလန်းတံတားကြီးသည် ငြိမ်နေခဲ့ရာ ရက်အတန် ကြာသွားသော တစ်နေ့နံနက်တွင်-

"ဘကြီးမြင်. . . ဘကြီးမြင်. . . ဟိုမယ် မြင်ပြီးပြီလား။ တံတားထိပ်က စာချိုး ဆိုင်းဘုတ်"

ဒီရေ တစ်ဖက်ကမ်း ဘိုးလေးမြင်အိမ်နှင့် ခါးလွယ်ခုတ် အိမ်မှ အမျိုးသမီးတစ်ဦး၏ အသံသည် မနက် စောစော အိမ်ရှေ့ထွက်၍ တံတား တစ်ဝက်ကြီးကို ပြုံးပြီး ကြည့်နေသူ အရပ်လူကြီး ဦးမြင်ထံသို့ လွင့်ပျံ့လာလေ၏။

အော်ဟစ် အသိပေးသူမှာ ဦးမြင်၏တူမဝမ်းကွဲ (ကျွန်တော့်



http://myanmarpyithar.net

အမေ၏ အမေ) ဒေါ်နှင်းလှိုင်ပင်ဖြစ်ပါသည်။ တူမက လက်ညှိုး တစ်ထိုး ထိုးဖြင့် ညွှန်ပြရင်း အသိပေးသဖြင့် တံတားထိပ် အနီးဆီသို့ ဦးမြှင် တစ်ယောက် မယောင်မလည် သွားပြီး ကြည့်ရလေသည်။

ဆောက်လက်စ တံတားထိပ်တိုင်တွင်မူ အသစ်ကျပ်ချွတ် ဆိုင်းဘုတ် တစ်ခုက ထင်သာမြင်သာရှိနေပါသည်။ ရောင်ပြေး သင်္ဘော ဆေးကို သုံး၍ ပန်းချီ လက်ရေးဖြင့် သေသေသပ်သပ် ရေးထားသော စာချိုး တစ်ခုကို တွေ့လိုက်ရချိန်တွင်တော့ကား ဘိုးလေးမြှင်ခမျာ တိုက် ကြက်ကြီး လည်လိမ်ခံလိုက်ရ သလို ရှုံးရှုံးရှားရှား ဖြစ်သွားရလေတော့ သည်။

စာချိုးမှာ အောက်ပါအတိုင်းဖြစ်ပါ၏။

"စေတစ်လုံးဆင့်တဲ့ သိကြားက. . .

နေနှုန်းတင့်မယ့် တံတားကို. . .

"ဟိတ်"

ရွှေဘုန်းပွင့်ဘုရားထိဆက်"

❑ ❑ ❑

"အစကတော့. . . အမေတို့က ဒီစာချိုးကို အမေ့ အမေ ဒေါ်နှင်းလှိုင်ကြီး ကိုယ်တိုင်ကြီးကြပ်ပြီး ရေးခိုင်းတာလားပေါ့။ ဒါမှမဟုတ် ရပ်ထဲရွာထဲက ကာလသားကြီးတွေက အပြောင်အပြက် ရေးကြတာများ လားပေါ့ကွယ်"

"နေ့ဖြင့်. . . ကိုမာမက် လက်ချက်လား အမေ"

"ဘယ်ကလာ သားရယ်။ ကိုမာမက်တို့က ဒီလောက် ခေါင်း မသွားပါဘူး။ ကုန်သည် ရိုးရိုးတွေပဲဟာ"

"ဟာ. . . သိပြီ အမေရေ. . . သိပြီ။ ဒါဟာ ဘိုးလေးမြှင် ကိုယ်တိုင် တစ်ဖက်လက်လှည့် ရေးတာ မဟုတ်လား"

ကျွန်တော်တို့ သားအမိသည် ဘိုးလေးမြှင်၏ ဇွတ်တရွတ် အနိုင် ယူတတ်ပုံကို ပြန်လည်ပြောကြရင်း ရိုးသားစွာ ရယ်ပွဲဖွဲ့ မိကြလေသည်။

"ဒါနဲ့ ကိုမာမက်နဲ့ ကြီးကြီးမပြုံးချို ကိစ္စကရောတဲ့"

"ဟဲ့. . . သားရဲ့. . . ကြီးကြီးမပြုံးချိုအိမ်ကို သူမသေခင် မင်း ခဏ ခဏ ရောက်နေမင့်ဟာ သေသည်အထိ မုဆိုးမ ဘဝနဲ့ပဲ နေသွား တာ သားအမြင်ပဲ မဟုတ်လား"

"တံတားကတော့ ရွှေဘုန်းပွင့် ဘုရားထိ ဆက်သွားရဲ့လား မေမေ"

"ဩော်. . . စာချိုးမှာကိုက "စေတစ်လုံးဆင့်တဲ့ သိကြား" ဆိုပြီး ကိုမာမက်ကို သိကြားမင်းလို့ မြှောက်ပင့် ထားတဲ့ဟာ။ ခမျာများ ဘယ်နေနိုင် ပါတော့မတုန်းကွယ်"

ကျွန်တော်သည် အမေနှင့် စကားစမြည် ပြောနေရင်းကပင် "လူမစွမ်း နတ်မ"ဆိုတာ ဒါမျိုးထင်ပါရဲ့ဟု မဆီမဆိုင် အတွေးချော်ပြီး ပြုံးပြီးရင်း ပြုံးလို့သာ နေမိပါတော့သည်။

ရွှေအမြုတေ (ရုပ်စုံမဂ္ဂဇင်း)
နိုဝင်ဘာလ (၂၀၀၀ ပြည့်နှစ်)

http://myanmarpyithar.net

# မျိုးရိုးထဲမှဆိုးပေကြီးများ (၃)

အစကတော့ သည်အကြောင်းကို စောစောစီးစီး ရေးဖို့ ဖြစ်သည်။ သို့သော် ခုရေးမည့် အကြောင်းအရာပါ ဆွေမျိုး ဇာတ်လိုက်များမှာ ဟိုတစ်လဆီက အိမ်တွင်းရေး ပြဿနာတစ်ခု အကြီးအကျယ် ပေါ်ခဲ့သဖြင့် သူရို့ကိစ္စကို ချန်လှပ်ထားခဲ့ရသည်။ အကြောင်းမှာ ကျွန်တော် ရေးနေသော စာစုက မိသားစု အရေးအခင်းမို့ ဇာတ်ကောင် နာမည်ကို ဝှက်လို့ မရ။ ပေါ်ပေါ်ထင်ထင် ရေးမှ စာလုံးလှမည် ဖြစ်သောကြောင့်ပင်။ ပြီးတော့ သူရို့ သူရို့အကြောင်း ပြောရာမှာ အချို့ကို ဂုဏ်ပုဒ် ဖော်ကျူးရမည်။ အများသူငါနှင့်ဆိုင်သော ဂုဏ်ပုဒ် ဖြစ်သောကြောင့် ဖတ်မိသူတွေထဲ ဆွေမျိုးသားချင်း၊ ရပ်ဆွေရပ်မျိုးများ ပါရှိပါက "ဒါကဖြင့် ဘယ်သူ၊ ဘယ်ဝါ အကြောင်း" ဟု တန်းခနဲ သိနိုင်သည်။ ကျွန်တော်က ရယ်ရွှမ်းဖတ်ရွှမ်းပဲဖြစ်ဖြစ်၊ လွမ်းမောဖွယ်ပဲဖြစ်ဖြစ် ရေးသားရာ၌ ပီတိ သောမနဿကို ရပါမှ သူရို့အဖို့ ကောင်းမည်။ ကိုယ်က ဘယ်လို စေတနာကောင်းကောင်းနှင့်ရေးရေး သူရို့ စိတ်စနိုးစနောင့် ဖြစ်နေချိန်နှင့် ကြုံလျှင် ဒေါမနဿတွေ ပွားစရာ ဖြစ်မည်။ ကိုယ့်ဆွေကိုယ့်မျိုးပေမည့် ကိုယ်က စာရေးဆရာ ဆိုတော့ သူရို့ကို စာဖတ်ပရိသတ်လို့ပဲ သဘောထားရမည်။

ထိုအခါ သူရို့ထိခိုက်မှာကို ရှောင်ရတော့မည်။

ဟိုတစ်လောဆီကသာ ကျွန်တော် ဤစာမူကို ရေးမိပါက သူရို့၏ အတွင်း ပဋိပက္ခအပေါ် ကျွန်တော်က ဘက်လိုက်သလို ဖြစ်သွားနိုင်သည်။ ထို့ကြောင့် ယခုမှ ရေးသည်။ သူရို့ ကိစ္စများလည်း တော်တော် အေးလောက်ပြီဟု ယူဆပါသည်။

❑ ❑ ❑

Three Dimension (3.D) (ခေါ်) သုံးဖက်မြင် ရုပ်ကွက်များ ခေတ်စားလာသည်မှာ ယခုမှ မဟုတ်ပေ။ ဟိုးလွန် ခဲ့သော နှစ်ပေါင်းများ စွာကပင် ရှိခဲ့သည်။ တစ်ခု ရှိတာက ဟိုတုန်းက ပေါ်ပေါက်ခဲ့သည်မှာ ရုပ်သေမျှသာ ဖြစ်သည်။ ခုနှယ်ခါတော့ အရုပ်ရှင်တွေ၊ ကွန်ပျူတာတွေ ဖြစ်နေပါပြီ။

ကျွန်တော်တို့ ငယ်တုန်းကလည်း (3.D) တွေ ပေါ်ပေါက်ခဲ့ဖူးပါ သည်။ ဓာတ်ပုံရိုက် ကင်မရာလို အရုပ်ကြည့် ကိရိယာကလေး ဖြစ်သည်။ ခလုတ်နှိပ်လိုက်လျှင် “ကလပ်” ဟု အသံပြုပြီး ရုပ်ပုံ ပြောင်းသွားကာ ချောင်းကြည့်ပေါက်မှ မြင်ရသည်။ ကျွန်တော်မှတ်မိနေတာက ကျွန်တော် ငယ်စဉ် ကြည့်ခဲ့ရသော (3.D) (ဘမ်ဘီ)၏ ရေခဲပြင်ပေါ် ချော်လဲသွား ပုံများဖြစ်သည်။ ဇာတ်လမ်းတိုကလေး ဆိုပါစို့။ ဖလင်ပြားက အရှည်လိုက် မဟုတ်ဘဲ အဝိုင်းဖြစ်သည်။ အကွက် (၁၀) ကွက် လား၊ (၁၂)ကွက်လား ပါပါသည်။ ဒါကလေး ကြည့်ရတာ ကလေးတို့ဘဝ အလွန် ပျော်ရွှင်စရာ ကောင်းသည်။

သည်လို (3.D) မျိုးကလေးတွေ ကျွန်တော်မမွေးမီ (ကျွန်တော့် ဖခင် လူလားမမြောက်ခင်) ကတည်းကလည်း မြန်မာပြည်မှာ ရှိခဲ့ပါသည်။ ထိုအကြောင်းကို ကျွန်တော့် အမေကပြောပြသဖြင့် သိခဲ့ရသည်။ အမေ

သည် အဖေ့ဘက်က ဆွေစဉ်မျိုးဆက်များ အကြောင်းကို အထူးတလည် ပြောပြနေတတ်သည်မှာ မဆန်းပြားသော်လည်း ထူးတော့ထူးပါသည်။

ကျွန်တော့်အဘွား "ဒေါ်ဖွားမြင်" ၏ ဖခင်မှာ ဦးဘဖိုးဖြစ်သည်။ မိခင်ကား ဒေါ်စိန်။ သို့သော် တစ်မြို့လုံးကတော့ လျှာချောအောင် "ကိုဝဖိုး မစိန်" ဟူ၍သာ ပညတ်သည်။ နောင်သော် ကိုဘဖိုးသည် ကိုဝဖိုး ဟုသာ အမည်တွင် တော့သည်။

"ကိုဝဖိုး မစိန် ဟု တစ်မြို့လုံးက ပညတ်သည်"ဟု ကျွန်တော်က မှန်းရသည်မှာ သူရို့လင်မယားသည် ပဲခူးမြို့တွင် တစ်ချိန်က တကယ်ပဲ နာမည် တစ်လုံးဖြင့် နေခဲ့ကြသောကြောင့်ပင်။ နာမည် ကြီးရလောက် အောင် လုပ်ကိုင်ရသော အလုပ်မှာကား "ပဲကြော်" ရောင်းချခြင်းမျှသာ ဖြစ်သည်။ အရန်အတား အလုပ်ကား ကိုဝဖိုးက ချင်းသုပ် ရောင်းသည်။ မစိန်က ငါးပေါင်းထုပ်ရောင်းသည်။ "ကိုဝဖိုးချင်းသုပ်" "ဒေါ်စိန် ငါးပေါင်း ထုပ်" ဟု ပဲခူးမှာ နာမည်ကျော်သည်။

ပဲခူး တစ်မြို့လုံးမှာ ရှိတဲ့ အကြော်အလှော် ဆိုင်တွေ မှန်သမျှ ဦးဝဖိုး၊ ဒေါ်စိန်နဲ့ မကင်းကြဘူး သားရဲ့။ သူတို့ရဲ့ ပဲကြော်ကလည်း အတော်ကောင်း ဆိုပဲ။ ဒေါ်စိန်က ပဲခွံချွတ်၊ ဦးဝဖိုးက အကြော်ကြော်နဲ့ မနက် ဝေလီဝေလင်း ထပြီး လုပ်ကြ ကိုင်ကြတာ နေကလေးပူပြီ ဆိုရင် သူတို့ ပဲကြော်တွေ ပြတ်တော့တာပဲတဲ့။ အဲ့သလောက်ကောင်းတာ။ အဲဒီ ပဲကြော်နဲ့ပဲ တစ်မိသားစုလုံး စားနိုင်သောက်နိုင် နေခဲ့ကြတာ" ဟု အမေက ပြန်ပြောပြပါသည်။

အမေသည် တစ်ပါးသူတို့၏ လုပ်ရပ်ကို အကောင်းဘက်က သာ လှည့်တွေးတတ်သူဟု ကျွန်တော် မကြာခဏ ပြောခဲ့ဖူးပါသည်။ သည်တော့ သူ့ယောက်ျား၏ ဆွေမျိုးများ အကြောင်းကိုလည်း အကောင်း ချည်းသာရွေးပြီး ပြောသည်မှာ သဘာဝတော့ အကျသားပင်။ သို့သော် အမေ ပြောသော အကောင်းထဲမှ ကျွန်တော်ကတော့ အဆိုးကို ရှာပါ



http://myanmarpyithar.net

သည်။ အဆိုးဆိုပေမယ့် ခွကလန့်ကျသော စရိုက်မျိုးသာ ဖြစ်သည်ကို လည်း ကျွန်တော်က ဝန်ခံပြီးပါပြီ။

"ကိုဝဖိုး၊ မစိန်ပဲကြော် ရန်ကုန်ကတောင် မှာယူရတယ် ဆိုတော့ လည်း သားသမီး၊ သားမက်၊ ချွေးမနဲ့ မြေးတွေအထိ ကျွေးထားနိုင်တယ် ဆိုတာ ဆန်းတော့ မဆန်းပါဘူးလေ။ ဒါပေမယ့် အဲဒီ တစ်မနက် ပဲကြော် ပြီးတာနဲ့ တစ်ဆွေလုံး တစ်မျိုးလုံး ဘာအလုပ်မှ မလုပ်ကြတော့ဘူးတဲ့ ကွယ်။ တစ်နေ့တာ ဝင်ငွေကို ထိုင်စားပစ်လိုက်ကြရော ဆိုပါစို့ သားရယ်။ ဩော် . . ရှေးလူကြီးတွေများ လောဘနည်းတာကို ပြောပါတယ်"

ကျွန်တစ်နေ့တာ အချိန်ကို အသီးသီး အသက အသက ဖြုန်း ပစ်ကြရာ၌ အဓိကဖြစ်သော ဦးဝဖိုးသည် စောစောက ပြောသော (3.D) ကိုရိယာကလေးဖြင့်သာ အချိန်ကုန်ပါသည်။ အဘိုးက လူငယ်တွေနှင့် သာ ပေါင်းသင်းသည်။ သူ၏မြေး (ကျွန်တော့်ဖခင်) အရွယ် ပီဘိ။ သူငယ် ကလေးများကို စုရုန်းပြီး အိမ်ရှေ့ ရေကပြင်မှာ ဒူးပေါ်ပေါင်ပေါ်ထိုင်၊ သီချင်းကလေး တအေးအေး ဆိုညည်းလျက် (3.D) ကို အလှည့်ကျ ကြည့်ရှုနေတတ်ပါသည်။ သူရို့ခေတ် အငြိမ့် မင်းသမီး "တလိုင်း မမြကျင်" သီချင်းကို ဆိုတတ်ပါသည်။

*"ကားပေါ်အတူယှဉ်xxx လူမြင်မှာ ရှက်သရှင်xxx ညင်းလေ ဟပ်လျှင် ရွှေပါးအပ်ချင် xxx ကြောက်တယ် လို့ဆိုနေတာကို xxx ခု တော့မှ ချော့လာပါနဲ့ xxx လက်ကြီးကိုက xxx ဘာလုပ်ချင်xxx ဟင့်x xxx ကြည့်စမ်းပါလား။ ငိုမှာရှင် . . . " တဲ့။*

တစ်ခါတစ်ရံတွင်မူ သူ့ရှိပြီးသား ခေတ်ပေါ် သီချင်းများကို စာသား ဖျက်၍ သူငယ်တို့ သဘောကျ ဝါကျများ ဖွဲ့၍ တဝါးဝါး တဟား ဟား လုပ်တတ်၏။ အထူးသဖြင့် သူ့မယားသည် ဒေါ်စိန်ကိုသာ အပြောင်အပြက် စာဖွဲ့တတ်လေသည်။ ဆိုကြပါစို့။

*"လာပါ လာပါ. . . မစိန်ရဲ့။ တကယ်စောင့်တဲ့ အချိန် မလွယ်*



http://myanmarpyithar.net

*ပေါက်နဲ့အိမ်. . . ဟိုချိန်သည်ချိန် မီးကလေး ခပ်မှိန်မှိန်. . . ဝင်တော်မူပါ တစ်လိမ်နှစ်လိမ်” တို့ ဘာတို့ လုပ်ပေသည်ပေါ့။*

“သူတို့လင်မယားဟာ ရတတ်သမျှနဲ့ ဝမ်းဝအောင် ကောင်းကောင်း စားသလို အလှူအတန်းလည်း အမြဲမပြတ် လုပ်ကြတယ်ကွယ့်။ မနက် ဝေလီဝေလင်းမှာ ဆွမ်းခံကြွတဲ့ ရဟန်းတွေ၊ သီလရှင်တွေ ဆိုရင် ကော်ဖီနဲ့ မုန့်ကို သေသေချာချာ တိုက်ပန်းကန်နဲ့ တစ်ပါးချင်း ကပ်တယ်ကွယ့်။ ပြက်ကယ်၊ ပြက်ကယ်။ ပြီးပြီးရော လုပ်တာမဟုတ်ဘူး”

ကျွန်တော့်မှာလေ ဟိုးတစ်ခေတ်က ဝေလီဝေလင်းမှာ သံဃာတော်တွေ စီတန်း ဆွမ်းခံချိန် (နောက်ဆုံးပိုင်းက သီလရှင်တွေ) အဘိုးအဘွားတွေကို ကော်ဖီဆွမ်းကပ်နေပုံကို မျက်စိထဲ မြင်ယောင် နေမိပါတော့သည်။ ကြည်နူးဖွယ် ကောင်းလေစွဟု။ သို့သော်. . .

“တစ်ခုတော့ ရှိတယ် သားရဲ့။ မင်းတို့ ဘိုးဘိုးက အပြောင်အပြက် ဝါသနာက အလွန် အားကြီးတာကလား။ စောစောက ပြောသလို ကြွေပန်းကန်နဲ့ စနစ်တကျ ကော်ဖီ ဆွမ်းကပ်ပေမယ့် ကိုယ်တော်တွေခမျာ မသက်သာလှဘူး။ တစ်ပါးချင်း ကော်ဖီနဲ့ မုန့်ကပ်ရင်း ရသမျှ အချိန်အတွင်းမှာ နိပါတ်တော်တွေ မထပ်ရအောင် ထိုင်ပြောတော့တာပဲ။ တစ်ပါးချင်းကို ပြောတာနော်။ သူပြောတဲ့ နိပါတ်တော်တွေက ရဟန်းဘဝက ကျင့်ဝတ်၊ လူ့ဘဝ ကျင့်ဝတ် စတဲ့ သိပြီးသား နိပါတ်တော်တွေပဲ။ သား စဉ်းစားကြည့်စမ်း။ ကိုယ်တော်တွေ ဘယ်လောက် အနေရခက်မလဲ။ သူ့ဆွမ်းကိုလည်း လက်ခံပြီးပြီ။ ကော်ဖီဆွမ်းဆိုတော့ သပိတ်ထဲ ထည့်ယူသွားလို့ကမရ။ ကော်ဖီ မကုန်မချင်း သူပြောတာတွေ သည်းခံနားထောင်ရတော့တာပေါ့။ အဲဒါ နေ့တိုင်းကွယ့်”

“နော့ဖြင့် သီလရှင်တွေကိုရောတဲ့ မေမေ”

“ဘယ်နေပါလိမ့်မလဲကွယ်။ သူ့လိုက်ဖက်ရာရာ နိပါတ်တော်တွေ၊ ပုံပြင်တွေ၊ တစ်ပါးချင်း ပြောတော့တာပေါ့”

"တော်တော် ရှုပ်တဲ့ အဘိုးပဲ"

"ကွယ်. . . ပျော်တတ် ရွှင်တတ်တဲ့ သဘောပါ။ ဒါပေမယ့် သူ့ခေတ် သူ့အခါမတော့ ဆိုးပေကြီး ခေါ်ကြမှာပေ့ါလေ"

ပဲကြော်ကလည်း ရောင်းကောင်းတော့ နေ့စဉ် ဆိုသလို ဟင်းကောင်း ကျွေးကောင်းတွေ တစ်မိသားစုလုံး ပျော်ပျော်ကြီး စားပစ်တတ်ပါသည်။ ခုနှယ်ခါ သဘော ပြောရလျှင် ရရစားစားဟု သုံးနှုန်းရမလားမပြောတတ်ပါ။ သည်လို ကျွန်တော်ကပြောသဖြင့် သည်လောက် နာမည်ကြီးသည့် ပဲကြော်နှင့် သူဌေးမဖြစ်ဘူးလား ဟု မေးစရာ ဖြစ်မနေပေဘူးလား။ သည်အတွက် စောစောကတွင် ကျွန်တော်ဝန်ခံခဲ့ ပြီးပါပြီ။ သူရို့ သူရို့ ရှေးလူကြီးတွေဆိုတာက "ပြဒါးသေ တစ္ဆေဝ" ဆိုသလို အိမ်ထောင်ဦးစီး၏ ဝင်ငွေပေါ်မှာ တစ်ဆွေလုံး မှီပြီး စားကြ၊ သောက်ကြတာမျိုးဟု။ မြန်မာဆန်လွန်းသည်ပဲ ဆိုဆို၊ လောဘနည်းသည်ပဲ ပြောပြော၊ ထိုပုံစံမျိုးသည် ယခု ကျွန်တော့် အချိန်ထိ စွဲနေခဲ့ပါသည်။ ကျွန်တော် ရေးနေခဲ့သော (ကလျာ မဂ္ဂဇင်း) ကွမ်းစကား စာစုများမှာ ကျွန်တော့် အနီးမှ မှီခိုသူ ဆွေမျိုးသားချင်းများ အကြောင်း မဟုတ်ပါလား။ ကျွန်တော် ဆိုလျှင် ဆွေမျိုးသာမက သူငယ်ချင်းများပါ အိမ်ပေါ် ခေါ်တင် ထားတတ်သည်ပဲ။ ကျွန်တော် လုပ်ကိုင်သော အနုပညာ ပုံစံမျိုးက တစ်ဦးတည်း လုပ်ရတာပါ။ သည်လိုပဲ ဝိုင်းစား ခဲ့ကြခြင်းဖြစ်၏။ ဝိုင်းလုပ်စရာမှ မလိုဘဲကိုး။ ထို့ကြောင့် ကျွန်တော်၏ ဘိုးဘွားများလက်ထက်ကလည်း ဤနည်းနှင့်ပင် ဖြစ်မှာ သေချာပါသည်။

"တစ်ခါတလေတော့ ပဲကြော်လို ပစ္စည်း ဆိုတာကလည်း မရောင်းရတဲ့ရက် ရှိတာပဲပေ့ါ။ ဥပမာ လိုအပ်တဲ့ ပဲအမျိုးအစား မရတဲ့အခါတွေ၊ ပဲခူး ရေကြီးတဲ့ အခါမျိုးတွေပေ့ါကွယ်"

"ပဲခူး ရေကြီးတဲ့အခါ ဆိုတာက တစ်ခါတလေ မဟုတ်လား မေမေရဲ့"

"ဟဲ့. . . မင်းမကြားဖူးဘူးလား။ ပဲခူးဆိုတဲ့မြို့က အရင်တုန်းက ဆိုရင် တစ်နှစ်တစ်ခါ မှန်မှန် ရေကြီးတတ်တာ။ ခုနှယ်လို စနစ်တကျ ထိန်းသိမ်းတာတွေ၊ ဘာတွေ မရှိသေးဘူး။ ရေဟော့ ဆိုတာနဲ့ ပဲခူးက စတော့တာ။ ပြီးတော့ မင်းတို့ ဘိုးဘွားတွေနေတဲ့အရပ်က "ပန်းလှိုင်"တဲ့။ ပန်းလှိုင်ဆိပ်ဆိုတာ "မဇင်း" ချောင်းနဲ့ ကပ်နေတာပဲ"

"ဒါဆို ရေတက်ပြီဆိုရင် အဘိုးတို့ အကြော်မကြော် နိုင်တော့ ဘူးပေါ့"

"အေးပေါ့ကွယ်။ အဲဒီအချိန်မျိုးကျတော့ ရှိတာလေး ရောင်းချ ပြီး စားလိုက်ကြတာပဲ။ မရတဲ့ အဆုံးတော့ လက်ကျန် ပဲကြော်တွေစား၊ ရေသောက်ပြီး ဗိုက်မှောက် အိပ်ကြသတဲ့။ တကယ့်ကို ရေသောက်ပြီး တစ်မိသားစုလုံး တန်းစီပြီး ဗိုက်မှောက် အိပ်ကြတာ သားရဲ့"

"ဘယ်သူမှ အလုပ်မလုပ်ကြဘူးလား"

"အဲ. . . တစ်ယောက်ကတော့ လုပ်ပါရဲ့။ ပဲခူး တရားရုံးမှာ ရှေ့ဖတ် စာရေးဆိုလား။ ဦးဝဖိုးရဲ့ တူတော်တယ်။ နာမည်တော့ အမေ လည်း မေ့နေပါပြီ။ ဦးကြက်တောလား။ ဦးဂျာတားလားပဲ။ သူကလည်း ဘမျိုးဘတူ ပါပဲကွယ်။ အဲဒီ ရှေ့ဖတ်စာရေးဆိုတာက အမှုရုံးချိန်းလည်း ရှိမှ၊ ကိုယ်ပါဝင် ပတ်သက်တဲ့ အမှုလည်း ဖြစ်မှ နေ့တွက်ရတာကိုး။ ပုံမှန် ဘယ်ဟုတ်မလဲ။ ဒါပေမယ့် သားရေ. . . အဲဒီ မင်းရဲ့အဘိုးလေးက လည်း ဘာလုပ်တယ်ထင်သလဲ။ ရှေ့ဖတ်ခ ရတဲ့နေ့ ဆိုရင်တဲ့ ဘယ်လက် က ကြက်တစ်ကောင်၊ ညာလက်က ဘဲတစ်ကောင်ဆိုသလို တစ်ကြိမ် တစ်မျိုး မရိုးရအောင် ဟင်းလျာတွေ ဝယ်လာတတ်သတဲ့"

"ဒါဆို မဆိုးဘူးပေါ့ မေမေရယ်"

"ဟဲ့. . . ပိုက်ဆံရတဲ့နေ့ အဲ့သလိုဝယ်လာ၊ ကိုယ်တိုင် ချက် ပြုတ်ပြီး မနက်ည တစ်မျိုးလုံး ဝိုင်းစားကြ။ အဲ. . . မရတဲ့နေ့တော့ သူ လည်း တန်းစီ ဗိုက်မှောက်တဲ့ အထဲ ဝင်လှဲ လိုက်တာပေါ့လေ"



http://myanmarpyithar.net

"နော်. . . သူကကော အဘိုးလို (3.D) မကြည့်ဘူး လား"

"ဟော့အေး. . . သူက ဘိုင်စကုတ်သရဲ။ ပိုက်ဆံ မရှိလို့ ရေသောက်ရပေမယ့် ဘိုင်စကုတ်တော့ မလွတ်ဘူး။ ပိုက်ဆံ ချေးကြည့်တယ်"

"အင်း. . . အဘိုးကတော့ ရေသောက်ဗိုက်မှောက်ပြီး (3.D) ကြည့်တယ်ပေါ့"

"အေးကွယ်။ မင်းအဘိုး (3.D) ကြိုက်ပုံများတော့ ပြောမပြောချင်ပါဘူး"

နှစ်စဉ် ရေမှန်မှန် ကြီးတတ်သော ပဲခူးမြို့သည် နှစ်ခြားဆိုသလိုလည်း မီးလောင်တတ်ပါသည်။ ရာဇဝင်တွင်သော၊ မီးဘေး သမိုင်းတွင်သော လျှောင်ဒဏ်တို့ အကြောင်းကိုကား စာဖတ်သူ ရိပ်မိ သိရှိနိုင်ပါသည်။ နာမည်ကျော် ဖြစ်ရပ်တွေပဲ မဟုတ်လား။

တစ်ခါသော် ပဲခူးမြို့ကြီး မီးကြီးလောင်ပါသည်။ အဘိုးတို့ "ပန်းလှိုင်" ရပ်လည်း မီးထဲပါသွားပါသည်။ လောင်သမှ ပြာကျ လောက်အောင်ကို လောင်ခြင်းဖြစ်သည်။ "မီးဟော့" ဆိုတော့ ရတတ်သမျှလေး ယူပြီး မီးလွတ်ရာ ပြေးကြရသည်။ အဘိုးတို့မှာ မိသားစု များရသည့်အထဲ မြေးငယ်လေးများပါ လက်ဆွဲပြေးရတာမို့ အဖိုးတန်ပစ္စည်းများ မသယ်နိုင် ခဲ့ကြပါ။

"အဲ့သည်တုန်းက အဖေက လေးငါးနှစ်သား ရှိဦးမှာပေါ့ကွာ။ ဘာရယ် ညာရယ်တော့ သိပ်မသိပါဘူး။ လာဟော့ ဖေသန်းဆိုပြီး အဘိုးက ကုန်းပိုးခေါ်တာနဲ့ တစ်ချိတည်း ပြေးရတော့တာပဲ။ မီးက တစ်ညလုံး လောင်တာကိုးကွ။ အဖေတို့မှာ ရွှေမော်ဓော ဘုရားဝင်းထဲ ရောက်တဲ့သူက ရောက်၊ ရွှေသာလျောင်း ဘုရားဝင်းထဲ ရောက်တဲ့သူက ရောက်။ မိသားစုတွေတောင် ကွဲကုန်ကြရောပဲ။ အဖေ့မှာလေ အဘွားတို့၊ အမေတို့နဲ့ လူကွဲသွားလို့ ငိုလိုက်ရတာ"

ထိုကိစ္စရပ်ကိုတော့ အဖေကိုယ်တိုင်က အကြောင်းစုံ တိုင်း

မကြာခဏ ပြောပြတတ်သည့် အတိုင်း ကျွန်တော် ဖောက်သည် ချပါမည်။ ထိုသို့ မီးကြီးလောင်စဉ်အတွင်း ကျောင်းသွားသူ၊ ဈေးသွားသူ၊ ရုပ်ရှင်သွားသူ စသဖြင့် မိသားစု တစ်ကွဲ တစ်ပြား ဖြစ်နေခဲ့ရာ ကိုယ့်ပစ္စည်းကိုယ် သယ်ချိန်ပင် ကောင်းကောင်း မရလိုက်ကြပါ။

"ဖေဖေကတော့ အိမ်မှာ ရှိနေတုန်းဆိုတော့ အဘိုးက အဖေ့ကို ကုန်းပိုး၊ မမ (ဖေဖေ၏အစ်မ) ကို လက်ဆွဲပြီး ဘာပစ္စည်းမှ မသယ်တော့ဘဲ ရွှေမော်ဓော ဘုရားဆီ တန်းပြေးတာပဲ။ ဟိုရောက်လို့ နားဖို့ ခိုဖို့ နေသားတကျလည်း ဖြစ်ရော အဘိုးက ဘာလုပ်တယ် ထင်သလဲ။ သူ့ ခါးပိုက်ထဲ ထိုးထည့်လာတဲ့ (3.D) ကလေးထုတ်ပြီး ထိုင်ကြည့် နေပါရောကွာ။ ပေါင်ပေါ်တင်ထားတဲ့ အဖေ့ကိုလည်း "မြေးကလေး ဘိုမလေးတွေ လှကလှနဲ့ ကြည့်စမ်း" ဆိုပြီး ချော့ရှာတယ်။ အဖေကတော့ ဘယ်ကြည့်ချင်မလဲကွာ"

ဘုရားရင်ပြင်တော်ပေါ် ရောက်လာသည့် ဒုက္ခသည် တွေထဲက အဘိုးကိုသိသော လူတချို့က လာရောက်အားပေးရင်း "ကိုဝဖိုး အိမ်ဘက်က အခြေအနေလေး၊ ဘာလေး ပြေးမကြည့်တော့ဘူးလား" မေးတော့. . "ဟ. . . ဟိုမယ် မီးညွန့် ဒါလောက်ကြီးနေတာ ခုလောက်ရှိ ကုန်ရောပေါ့။ ငါ့. . . ဒီပစ္စည်းလေးကျန်တာ ကံကောင်းတယ်မှတ်။ ကိုင်း. . . မင်းတို့ကော အပျင်းပြေ ကြည့်ပါဦးလား။ ဘိုမရုပ်မလေးတွေ လှကလှသနဲ့" ဟု ပြောပါသည်တဲ့။

ဤမျှနှင့် မပြီးသေးချေ။

ထိုပဲခူးမီးကြီးက သန်းခေါင်ကျော်လောက်မှ ငြိမ်းသည်။ ဝေလီဝေလင်း ရောက်သော် အဘိုးသည် သူ့မြေးနှစ်ယောက်ကို ချီပိုး လက်ဆွဲပြီး သူ့ (3.D) ကလေး ခါးပိုက်ထောင်ထဲ တည့်၍ "ပန်းလှိုင်ရပ်" သို့ ပြန်သည်။

မီးခိုး တအူအူ တလူလူနှင့် မေးကြမြန်းကြ ဖြစ်နေသော ရပ်



http://myanmarpyithar.net

ကွက်သူ ရပ်ကွက်သားများကြား ဝင်ပြီး ကိုယ့်အိမ်ကိုယ့်ယာကို ရှာသည်။ သို့သော်ဘယ်မှာလျှင် တွေ့မည်နည်း။ မြို့လုံးကျွတ်နီးပါး လောင်သော မီးသည် ပန်းလှိုင်ရပ်ကိုလည်း ပြာပုံ တစ်မျှ ဝါးမြိုသွားလေပြီ။ မည်သို့ပင် ရှိစေ ရှေးလူကြီးတို့သည် ခြံကြီးဝင်းကျယ်နှင့် အုတ်ရိုးအုတ်တိုင် အကာ အရံ မထားရှိ နိုင်သော်လည်း မိမိတို့နေရာကလေးများကိုတော့ မှတ်သား မိ ကြပါသည်။ "ဟဲ့. . . ဒီရေတွင်းပျက်ကလေး တောင်ဘက်က ငါ့ အကွက်ပဲ" "ဟဲ့. . . ဟိုနတ်ကွန်း အနောက်ဘက်ကဟာ ကိုဝဖိုးတို့ အကြော်တဲ မဟုတ်လား" စသဖြင့် တစ်ဦးကိုတစ်ဦး အကူအညီ ပေးကြ ရင်း ကိုယ့်နေရာကလေးကိုယ် ပြန်ရှာတွေ့ ကြသည် ဆိုပါစို့။

ငိုကြယိုကြ၊ အော်ကြ ဟစ်ကြဖြင့် ထုံးစံအတိုင်း ကိုယ့်နေရာ၊ ကိုယ့်ပြာပုံကြားမှာ တောက်တိုမည်ရ မီးလက်ကျန် ပစ္စည်းကလေးများကို ရှာကြဖွေကြ၏။ ရွှေတိုရွှေစ ကလေးများမှအစ မီးဖိုသုံး ဓားမကလေးများ အဆုံး ရတတ်ရာရာကလေး များကို ကုန်းရုန်း ရှာဖွေကြလေသည်။

"အဲဒီ့အချိန်မှာပဲကွာ မိုးကလည်း ရွာချပြန်လေရော"

"ဟာ. . . ဆိုးပါ့ဖေဖေရာ"

"ဒါပေါ့ကွ။ ကံဆိုးမသွားရာမိုးလိုက်လို့ရွာ ဆိုတာ။ အင်း. . . မီးဘေးဒုက္ခသည်တွေ ဆိုတာ ရောက်တတ်ရာရာ ပြန်ပြေးကြ၊ လွှားကြ ဖြစ်ကုန်ပါရောလား။ တို့အဘိုးကလည်း အဖေ့ကိုမချီ၊ မမကို လက်ဆွဲပြီး ပြေးတာပဲကွ။ ဒါပေမယ့် သူက ရောက်ရာပေါက်ရာ မပြေးဘူး။ နီးစပ်ရာ မီးလွတ်တဲ့ ဘုန်းကြီးကျောင်းကို ပြေးတာ။ ဘုန်းကြီး တွေကလည်း သူ့ ဆွမ်းခံ ကိုယ်တော်တွေ မဟုတ်လား"

အဘိုးသည် ကျောင်း၌ မိုးစဲသည်အထိ နေလိုက်၏။ ထိုစဉ်မှာ လည်း သူ့ (3.D) ကလေးထဲမှ ဘိုမရုပ်များနှင့်သာ။ အပြုံးမပျက်။ အဲ. . မိုးစဲသောအခါ ကျောင်းမှ သင်ဖြူးဖျာတစ်ချပ် ငှားပြီး မီးလောင်ပြင်သို့ ပြန်ပါသည်။

"သားရယ်. . . ဟိုလည်းရောက်ရော ပြာပုံ စိုစွတ်စွတ်ပေါ်မှာ ဖျာခင်းတဲ့ပြီး တင်ပျဉ်ခွေထိုင်၊ ပေါင်နှစ်ဖက်ပေါ်မှာ ဖေဖေတို့ မောင်နှမ တင်ပြီး"

"ဘာလဲ. . . (3.D) ထိုင်ကြည့်ရောလား ဖေဖေ"

"ဒါပေါ့ကွ။ ဒါပေမယ့် ဒီတစ်ခါတော့ အဘိုး မသက်သာရှာဘူး"

"ဘာဖြစ်လို့တုန်း ဖေဖေ"

"ဟ. . . အဘွားဒေါ်စိန်တို့အုပ်စု ရောက်ချ လာတာကိုးကွ။ အဘွားတို့ခမျာ မိန်းမတွေဆိုတော့ ငိုဟယ်ရယ်ဟယ်နဲ့ အပြေးအလွှား ရောက်လာကြတာမှာ အဘိုးကို ပြာပုံတွေကြား၊ တိုင်ငုတ်တိုတွေကြား မိုးတစွတ်စွတ်၊ မီးခိုးတလူလူနဲ့ အမြိန့်သား ထိုင်ကြည့်နေတာ မြင်တော့ ဒေါသဖြစ်တော့တာပေါ့"

အဘွားသည် အဘိုးနှင့်မြေးနှစ်ယောက်၏ ဖြစ်အင်ကို ကြည့်ကာ ဆောင့်ကြောင့် ထိုင်တဲ့ပြီး အော်ကြီးဟစ်ကြီး ငိုပါလေတော့သည်။ ထိုအခါ အဘိုး ဘာလုပ်သည် ထင်သနည်း။

သူ၏ဝါသနာ ဗီဇအတိုင်း (အဘွားဒေါ်စိန်၏ ဖြစ်အင်ကို ကြည့်ကာ) သူရို့ ခေတ်ပေါ် တေးတစ်ပုဒ်ကို စာသား ဖျက်၍ အကျအန ဆိုပါလေတော့သည်။ ဘာတဲ့။ ကျွန်တော့် အဖေ ပြန်ဆိုပြတာ ကြားယောင်မိပါရဲ့။

*"မိုးစွတ်စွတ် လေစွတ်စွတ်xxx ပျိုတို့နေရပြီဟေ့။ မိုးတစ်စွတ်စွတ် လေတစ်စွတ်စွတ် မယ်စိန်ကလေးတို့ ပျော်ကြသည်။ တယ်နဲ့ ပူနဲ့ပျောင်"*

ထိုအခါ သောကမီးတောက်လောင်နေသော အဘွားခမျာ ယခင်လို ပြုံးပြုံးကြီး လုပ်၍ ချစ်မျက်စောင်းမထိုး နိုင်တော့ဘဲ နီးရာ အုတ်ခဲမီးဖုတ်တစ်လုံး ကိုင်တဲ့ပြီး အဘိုးနောက် လိုက်ပါတော့သည်။ ထိုအချိန်တွင်အဘိုးက မြေးနှစ်ယောက်ကို ဖျာပေါ်အသာချ၍ ပြေးနှင့်

ပြီကိုး။

"အဲဒီတုန်းက အဘွား အဘိုးနောက် လိုက်ရင်း အော်တဲ့အသံကို အဖေခုထိ ကြားနေတုန်းပဲ။ တော့်ဂျီး(ကြီး)တော်က မိုးစွတ်စွတ်၊ တော့် မအေ့လင်က လေစွတ်စွတ် ကိုဝဖိုးရေ။ တော့်သား မောင်စိန်လည်း တစွတ်စွတ်ပဲတော်ရေ တဲ့ကွ"

"ဘယ်က တော့်သား မောင်စိန်က ပါလာတာလဲ ဖေဖေရဲ့"

"ဟော. . . သူ့သား ဦးလေး ကိုဖိုးစိန်ကလည်း အဲဒီ့ မီးလောင်တဲ့ညမှာပဲ မီးဘေးကူညီသလိုလိုနဲ့ ဒေါ်လေးမကြည်ကို ခိုးဖို့ ကြံတာကိုးကွ။ ဟား. . . ဟား. . ."

အဖေ၏ ဦးလေး (အဘိုး ဦးဝဖိုး၏ သားလတ်) ဦးဖိုးစိန်ကို ကျွန်တော် ကောင်းစွာ မှတ်မိပါသည်။ သူလည်း တစ်ချိန်တွင်ပဲခူးမှာ နာမည်ကြီး ဖြစ်လာခဲ့၏။ ဟိုစဉ် မီးဘေး ကြုံတုန်းကတော့ အဘိုးစိန်သည် လူငယ်လူပျိုမျှသာ ဖြစ်၏။ ဖြစ်ပုံမှာ မီးလောင်ပြီဆိုလို့ ပြေးကြလွှားကြ အထုပ်တွေ သယ်ကြဖြစ်စဉ်မှာ ကိုဖိုးစိန်သည် သူနှင့် ချစ်ကြိုက်နေသော မကြည်အိမ်သို့ အရင်ပြေးသည်။ မိမိအိမ်ကို ထားရစ်ခဲ့သည်။ မီးဘေးကူ သလိုလိုနှင့် မကြည်၏ အဝတ်အစားများကို ကူညီ သယ်ပိုးသည်။ တကယ်တော့ ဒီအချိန်မှာ မိန်းမခိုးဖို့ အကွက်ကောင်း ဆိုတာ တွက်ထားပုံရပါသည်။ ဩော်. . . သူမိန်းမ ခိုးဖို့ပဲ မီးလောင်ပေးတာ ကျနေတော့သည်။

"ဘိုးဘိုးစိန်က ဘွားကြည်ကို ခိုးဖြစ်သလား ဖေဖေ"

"ဟာကွာ. . . တောက်တီးတောက်တဲ့။ ဒါလောက် လူတွေ ဒုက္ခ ရောက်နေတာ မိန်းမခိုးပြီး ဘယ်ကိုပြေးမှာလဲ။ ဟိုကကော လိုက်ပါ့မလား"

"အဲဒီတော့. . ."

"အဲဒီတော့ သူသယ်ပေးထားတဲ့ ဒေါ်လေးမကြည်ရဲ့ ထဘီထုပ်

သာ ငါတို့အိမ်. . . အဲ. . . ငါတို့မီးလောင်ပြင်ကို အပိုရောက်လာတော့ တာပေါ့။ ဒါကြောင့်လည်း အဘွားစိန်က ပိုပြီး ဒေါသထွက် ရတာပေါ့ကွ”

“ကျွန်တော်တို့ သိထားတာက ဘိုးဘိုးစိန်မိန်းမက ဒေါ်ကြင် မဟုတ်လား”

“ဟာကွာ. . . ဒေါ်ကြင်က နံပါတ်တူး၊ ဒေါ်ကြည်က နံပါတ် ဝမ်း”

“ဒါနဲ့ အဘွားကြည်ကို ခိုးတာ မအောင်မြင်ဘူးဆို”

“မီးလောင်တုန်းခိုးတာ မအောင်မြင်ပေမယ့် မီးသေတော့လည်း မီးသေ သွားတာပဲပေါ့ကွာ။ ဟဲ. . . ဟဲ. . . ”

ရွှေအမြုတေ (ရုပ်စုံမဂ္ဂဇင်း)
ဒီဇင်ဘာလ (၂၀၀၀ ပြည့်နှစ်)

# မျိုးရိုးထဲမှဆိုးပေကြီးများ (၄)

ပြီးခဲ့သည့် အပတ်က ကျွန်တော်ရေးခဲ့သော ကိုဝဖိုး (ဂျင်းသုပ်)၊ ဒေါ်စိန် (ငါးပေါင်းထုပ်) ထိုဘိုးဘွားနှစ်ဦးတို့တွင် သားသမီး ခုနှစ်ယောက် ထွန်းကားခဲ့ပါသည်။ ဦးဘိုးငွေ၊ ဒေါ်ဖွားမြင်( ကျွန်တော့်အဖေ၏ အမေ)၊ ဦးမောင်တင့်၊ ဦးမောင်မြင့်၊ ဦးစိန်၊ ဒေါ်မမကြီးနှင့် ဦးဂျာတား ဟူ၍ ဖြစ်ကြကုန်၏။

ထိုအုပ်စုထဲမှ ယခုအပတ် ကျွန်တော်ဆက်လက် တင်ပြမည့် ပုဂ္ဂိုလ်ကြီးကား ဦးစိန်ပင် ဖြစ်ပါတော့သည်။ ဦးစိန်သည်လည်း ဆိုးပေကြီး စာရင်းဝင် တစ်ယောက် ဖြစ်သည်။ သူဆိုးပုံက တစ်မျိုးဖြစ်သည်။

သူသည်လည်း သူ့ဖခင် ကိုဝဖိုးကဲ့သို့ပင် နံနက်တိုင်း ရဟန်းသံဃာများနှင့် သီလရှင်များကို ကော်ဖီဆွမ်း မှန်မှန် ကောင်းကောင်း ကပ်သောအကျင့်ကောင်းကလေးတော့ ပါပါသည်။ သို့သော် သူသည် ကိုဝဖိုးထက် သံဃာတော်များနှင့် သီလရှင်များကို ဆွမ်းကပ်ရာ၌ အကျီစားသန်သူ ဖြစ်၏။ ဖိုးစိန် ဘုန်းကြီးတွေနှင့် ပတ်သက်၍ ဆိုးပုံ ဆိုးနည်း တစ်ခုကို ပြောပြပါရစေ။

သူငယ်စဉ်က သူ့အဖေ ကိုဝဖိုးထံတွင် ဘိုင်စကုတ် ကြည့်ရန်

ပိုက်ဆံ တောင်းရာ မရသဖြင့် သောင်းကျန်းလေ၏။ ထိုအခါ သူ့အမေ ဒေါ်စိန်က မရိုက်စဖူး ခြေသလုံးကို ဝါးခြမ်းပြားဖြင့် တစ်ချက်မျှ ရိုက်လိုက်လေသည်။ ဤသည်ကို စိတ်ကောက်ပြီး ပန်းလှိုင် အရှေ့အနောက်၊ တောင်မြောက် ဘုန်းကြီးကျောင်းလေးကျောင်းကို ညကြီးမင်းကြီး တစ်ယောက်တည်း သွားရောက်ကာ ဦးတည်လျှောက်ထားလေသည်။ သူလျှောက်ထားပုံက အရှင်ဘုရားတို့ ကျောင်းမှ ဘုန်းကြီးဆယ်ပါး၊ သီလရှင်ငါးပါး နံနက် အရုဏ်ဆွမ်းဘုဉ်းပေး ဦးဝဖိုး၊ ဒေါ်စိန်အိမ်သို့ ကြွပါဟူ၍ ဖြစ်သည်။

ထိုအခါ ကျောင်းလေးကျောင်းမှ ဘုန်းကြီးအပါး လေးဆယ်နှင့် သီလရှင် အပါးနှစ်ဆယ်တို့သည် ဦးဝဖိုး၊ ဒေါ်စိန် အိပ်ကောင်းနေစဉ် ဝေလီဝေလင်း၌ တံခါးလာခေါက် ကြလေတော့သည်။ မောင်စိန်၏ လက်ချက်မှန်း သိသော်လည်း မတတ်သာသည့်အဆုံး နောက်ဖေးပေါက်မှ ပြေး၍ မုန့်ဟင်းခါး အထမ်းသည် သုံးသည် ခေါ်ယူကာ အရုဏ်ဆွမ်း ကပ်လိုက်ရ လေတော့သည်။

အဘိုးစိန်မှာ ပဲခူးပန်းလှိုင်ရပ်သူကြီးလည်း ဖြစ်နေပြန်ပါသည်။ သူ့ကို ပန်းလှိုင်သူကြီး မောင်စိန်ဟုလည်း ခေါ်ကြ သည်။ "ပိုက်မောင်စိန်" ဟူ၍လည်း သမုတ်ကြ၏။ အကြောင်းကား ဦးစိန်သည် ပိုက်ပြင် ပိုက်ဆက် လုပ်ငန်းကို တစ်ဖက်က လုပ်ကိုင်နေသူ ဖြစ်သောကြောင့်ပင်။ ငွေကြေး အတန်အသင့်ရှိသူ ဆိုကြပါစို့။ ပြီးတော့ ပဲခူး ရွှေမော်ဓော ဘုရားပွဲတွင် ရွှေမန်းတင်မောင် ဇာတ်ကို နှစ်တိုင်း ဒိုင်ခံ ပွဲသွင်းသူလည်း ဖြစ်သည်။ (ဤစာစုကို ပဲခူးရှိ ကနေ့သက်ကြီး ရွယ်အိုများ ဖတ်မိပါက ပိုက်မောင်စိန်ကို ကောင်းကောင်းကြီး မှတ်မိသတိရနေမည်ဟု ကျွန်တော် ထင်သည်)

နောက်တစ်ချက် အဘိုးမှာ ရှိသည့် အရည်အချင်းက အရက်ကလေး နည်းနည်းပါးပါး သောက်တတ်ခြင်း ဖြစ်သည်။ ဒါတွေ ပြောပြနေ



http://myanmarpyithar.net

ရတာက ကျွန်တော်တို့ အမျိုးထဲ ထူးထူး ခြားခြား ဦးစိန်က ယမကာလေး မှီဝဲနေရတာကို ပြဆိုရင်း ထိုမျိုးဆက်သည် တစ်ဆက်မျှ ခုန်ကျော်ပြီး ကျွန်တော်တို့ အလှည့်တွင် ယမကာမှီဝဲသည့် အလေ့ပါလာသည်ကို ပြောချင်၍ ဖြစ်ပါသည်။ (အဖေ သာခုက လုံး၀ အရက် မသောက်တတ်)

ဆိုကြပါစို့။ ဟိုစဉ် ကာလက ပဲခူးမှာ ပန်းလှိုင်သူကြီး မောင်စိန်၊ ပိုက်မောင်စိန် ဆိုလျှင် မသိသူ မရှိပါ။

အဘိုးစိန်တွင် ဇနီးရှိသည်။ ဒေါ်ကြင် ဟု ခေါ်ကြသည်။ ငယ်လင် ငယ်မယား တွေပါ။ နောက်ပိုင်းတော့ အသက်တွေကလည်း ကြီးလာကြတော့ လင်မယားလို မဟုတ်ဘဲ သူငယ်ချင်း ခမ္မမိတ်ဆွေ တွေလိုသာ နေသွားခဲ့ကြတော့သည်။

သူရို့မှာ သမီးတစ်ယောက် ရှိသည်။ ဒေါ်အေးကြည် ဟုခေါ်သည်။ ကျွန်တော်တို့ကတော့ ဒေါ်လေးကြည်ဟုသာ ခေါ်ပါသည်။ ဒေါ်လေးကြည်သည် အလွန် သွက်လက်ဖျတ်လတ်သော မိန်းမပျိုလေး ဖြစ်ခဲ့ပုံရသည်။ အကြောင်းမှာ ခုချိန်ထိ ဒေါ်လေးကြည် တစ်ယောက် ဖျတ်ဖျတ်လတ်လတ် သွက် သွက်လက်လက် ရှိနေတုန်းဆိုတာ ကျွန်တော်တို့ ကိုယ်တွေ့မို့ပါ။

ကိုင်း ဒေါ်လေးကြည်တစ်ယောက် ဘယ်လောက် ခြေသွက် လက်သွက် ရှိခဲ့ပုံလေး ပြောပြပါရစေ။

စောစောက ပြောသလို အဘိုးစိန်နှင့် အဘွားကြင်တို့ ခမ္မမိတ်ဆွေတွေလို နေလာခဲ့ကြရာက တစ်နေ့တွင် အဘိုးစိန် ဖောက်လာပါတော့သည်။ ဟုတ်ပ့ါ။ နောက်မိန်းမ လိုချင်သည် ဖြစ်ပါရော။ လားလား သူလိုချင်တာကလည်း တခြားသူ မဟုတ်၊ သူ့သမီး ဒေါ်လေးကြည် ထက်ပင် ငယ်ရွယ်သော မမြင့်ဆိုသူ ကောင်မလေးကို ဖြစ်သည်။ ထိုစဉ် မမြင့်ခမျာ ၁၅နှစ်သာသာ၊ ၁၆နှစ်လောက်ပဲ ရှိဦးမည် ဆိုသည်။ အဘိုးစိန်က ၆၀စွန်း ရှိနေပါပြီ။



http://myanmarpyithar.net

ကိုင်း. . . ဒေါ်လေးကြည် ဘာလုပ်မည် ထင်သနည်း။ သူငယ်ချင်းမ ဖြစ်သူ မမြင့်ကို စည်းရုံးရေး ဆင်းဖို့သာ ရှိတော့သည်ပေါ့။ ဘယ်လိုများ စည်းရုံးပါသနည်း။

"ဟဲ့. . . ဗလရဲ့ အဲဒီတုန်းက ဒေါ်လေးကလည်း ငယ်သေးတာဆိုတော့ အိမ်ထောင်ရေးတွေ ဘာတွေ ဘယ်သိမလဲ၊ အဖေက မိန်းမလိုချင်တယ်ဆိုတော့ ငါ့ သူငယ်ချင်းကိုပဲ စည်းရုံးရ တော့တာပေါ့ကွယ်"

"ဟင်. . . ဒေါ်လေးဟာကလည်း ကိုယ့်အဖေ ဒီအရွယ်ကြီးကို မမြင့်လို ဒီနုနုထွတ်ထွတ်ကလေးနဲ့"

မှန်ပါသည်။ ကျွန်တော်တို့က မမြင့်ဟုခေါ်သော ဒေါ်မြင့်မှာ ယခုချိန်ထိ ချောတုန်း လှတုန်းပါ။ ဟိုစဉ်ကုမ္မာရီ ပျိုအရွယ်က ဘယ်လောက် လှလိုက်ပါမည်နည်း။ ပြီးတော့ စဉ်းစားကြည့်၊ အဘိုးစိန်က (၆၀) ကျော် အရွယ် အဘိုးကြီး။

"ဒါနဲ့ ဒေါ်လေးလည်း အမြင့်ကို တစ်နေရာခေါ်သွားပြီး စည်းရုံးရတာပေါ့။ ဟဲ့. . . ငါ့အဖေက သူကြီး၊ ပိုက်ဆံလည်း ချမ်းသာတယ်။ မကြာခင်ပဲ သေတော့မှာ၊ အဲဒါဆို အဖေ့အမွေတွေ အကုန် နင်ရရောပေါ့။ အဲဒီကျမှ နင့်ရည်းစားနဲ့ ပြန်ပေါင်းထုပ် ပြီးတာပဲဟာ"

"ဗျာ မမြင့်မှာ ရည်းစားရှိတယ်"

"အေးလေ ရှိလို့လည်း အဲသလို စည်းရုံးရတာပေါ့ သားရဲ့။ ဒေါ်လေး စိတ်ကူးကလည်း တကယ်အဲဒီအတိုင်းပဲ။ အဖေက သေခါနီးပြီ။ သေရင် အမြင့် အမွေရရော။ ရရင် သူတို့ ချစ်သူနှစ်ဦး ပျော်ရွှင်စွာ ညားကြလေသတည်းပေါ့ကွယ်"

"လုပ်ရက်လိုက်တာ ဒေါ်လေးရယ်"

"အိုကွယ် အဲဒီအချိန်က ဒေါ်လေးကလည်း ဘာဘာ ညာညာ တွေ သိမှမသိဘဲ၊ ဒေါ်လေး ဆင်တဲ့ အကွက်ထဲဝင်ရင် ပြီးရောပေါ့လို့ သဘောထားခဲ့တာကိုး"

"ဟဲ့. . . နင်တို့ မမမြင့်က ငအေတုံး မဟုတ်လား။ ဒေါ်လေးက ဘာလုပ်သလဲ ဆိုတော့"

ဒေါ်လေးကြည်သည် မမမြင့်ကို ခေါ်ပြီး သူ့ ရည်းစားနှင့် ချိန်းတွေ့ပေးသည်။ အလွမ်း သယ်ကြဖို့ ဆိုပါစို့။

"အမယ်လေး. . . သားရယ် ရည်းစား နှစ်ယောက် ဖက်ဖက်ငိုလိုက်ကြတာ ဒေါ်လေးတောင် ရောယောင်ပြီး ငိုယူရတယ်"

ထိုအကြောင်းပြောနေစဉ် ကျွန်တော့်မှာ သူရို့ သုံးယောက်၏ အဖြစ်ကို မျက်စိထဲမြင်ပြီး ငိုအားထက် ရယ်အားသန်ရသေးသည်။

"အဲသလို သူရို့ကို မကြာ မကြာ ချိန်းတွေ့ပေးရင်း တစ်ဖက်ကလည်း အဖေနဲ့ အမြင့် မင်္ဂလာဆောင်ဖို့လည်း စီစဉ် ရသေးတာပေါ့ကွယ်"

"အဘွားကြင်က မကန့်ကွက်ဘူးလား"

"အဘွားကြင်က ပေယျာလကန် ထားလိုက်ပုံရပါရဲ့ သားရယ်"

❑ ❑ ❑

သည်လိုနှင့် မင်္ဂလာဆောင်ပွဲကြီးသို့ ရောက်ခဲ့ပါပြီ။ ဧည့်ခံ ကျွေးမွေးရေး အစီအစဉ်တွေ လုပ်ကြကိုင်ကြ။ အဘိုးစိန်ကလည်း ပိုးတောင်ရှည် ပုဆိုးကြီး တကားကားနှင့်ပေါ့။ ခေါင်းပေါင်းစကြီး တစ်လူလူနှင့်။ ဩဘာစာ ဖတ်မည့် ဘိသိက် ဆရာကလည်း အဆင်သင့် ဖြစ်နေပါပြီ။ ထိုအချိန်မှာပင် သတို့သမီးလေး မမြင့် ပျောက်ချင်းမလှ ပျောက်သွားတော့၏။

"ဟင်. . . ဘယ်လိုဖြစ်တာလဲ၊ ထွက်ပြေးတာလား"

"ဘယ်ကလာ ဒေါ်လေးကိုယ်တိုင်ခေါ်သွားပြီး သူ့ ရည်းစားနဲ့ နောက်ဆုံးအကြိမ် အဖြစ် တွေ့ပေးလိုက်တာ အံမယ်လေး ဖက်ဖက်ပြီး



http://myanmarpyithar.net

ငိုလိုက်ကြတာ တော်တော်နဲ့ မပြီးနိုင်ဘူး။ ဒေါ်လေးကလည်း ဟိုမှာ မင်္ဂလာ အခမ်းအနားစနေပြီ ဆိုတော့ မြန်မြန် လွမ်းကြ၊ ငိုကြဖို့ တိုက်တွန်း ရတော့တာပေါ့”

“ဘယ့်နှယ်ဟာတွေလဲဗျာ”

“ဘယ့်နှယ်မှ မဟာတွေနဲ့လေ၊ မင်္ဂလာဆောင်က ဖျက်လို့မှ မရတာ။ ဒါတောင် အမြင့်ကို ခေါ်ပြီး မင်္ဂလာဆောင် ပြန်ပြေးတော့ ဟိုမှာ ရေခဲမုန့်တွေ အရည်ပျော်နေပြီလေ။ မင်းတို့ အဘိုးကလည်း ချွေးသံ တရွှဲရွှဲနဲ့ ဖြစ်နေပြီလေ”

❑ ❑ ❑

လေးစားအပ်ပါသော စာဖတ်သူ။ ယခုတစ်ပတ် ဆိုးပေကြီးများ ကို ဤမျှ အဆုံးသတ်ပါသည်။ သို့သော် သေချာတာ တစ်ခုတော့ ပြောချင် ပါသည်။ ဒါသည် ရှေးလူကြီးသူမတို့၏ ရိုးသားခြင်း လက္ခဏာလည်း ဖြစ်ပါလိမ့်မည်။

သည်လိုပါ။ မမြင့်သည် အဘိုးကွယ်လွန်ချိန် (၈၀)အထိ အဘိုးစိန်ကို ကောင်းမွန်ရှိသေ လေးစားစွာ ပေါင်းသင်းသွားခဲ့ခြင်းပင် ဖြစ်ပါတော့သတည်း။

ရွှေအမြုတေ (ရုပ်စုံမဂ္ဂဇင်း)
ဖေဖော်ဝါရီလ (၂၀၀၁ ပြည့်နှစ်)

# မျိုးရိုးထဲမှဆိုးပေကြီးများ(၅)

မူလအစီအစဉ်မှာ မျိုးရိုးထဲက "ဆိုးပေကြီးများ" ကို ရေးသားရာ၌ အဖေ့ဘက်မှ၊ အမေ့ဘက်မှ စသဖြင့် ကပ်သီးကပ်သပ် ချောင်ကြိုချောင်ကြားမှ ရှာကြံ၍ ရေးမည်ဟု ဖြစ်ပါသည်။ ဥပမာ အဖေ့ဘက်က အဘိုး၊ အမေ့ဘက်က ဘကြီးစသဖြင့် ဖြစ်ပါသည်။ လောက လူ့ ပတ်ဝန်းကျင်နှင့် ဖီလာပြု၍ ခွကန့်လန့်ပြုမူတတ်သော စရိုက်များကို ဖော်ကျူးလိုရင်း ဖြစ်ပါသည်။

တကယ်တမ်း ရေးသောအခါ ထိုစရိုက် သဘာဝများကို ရှာဖွေရတာ တော်တော် ခက်ပါသည်။ ပြီးတော့ လုပ်ကြံဖန်တီးပြီး ရေးလို့က လည်း မဖြစ်ပါ။ မိသားစုအရေးအခင်း ဖြစ်သောကြောင့် နာမည်ရင်းဖြင့် လည်း ရေးရပါသည်။ တကယ့် ဖြစ်ရပ်မှန် စရိုက်ဆန်းများလည်း ဖြစ်ရပါမည် မဟုတ်ပါလား။

ဤတွင် ကျွန်တော်သည် အနီးစပ်ဆုံးဖြစ်သော လက်ကျန် လူကြီးသူမဖြစ်သည့် အမေ့ကိုသာ အားကိုးပြီး မျိုးရိုးထဲက ဆိုးပေကြီးများ အကြောင်း စုံစမ်းရပါသည်။

တကယ်တော့ အမေသည် အကောင်းမြင်ဝါဒသမား ဖြစ်ရာ၊ မျိုးရိုးထဲက ဆိုးပေကြီးများအကြောင်းကို သိပ်ပြီး မပြောလိုပါ။ ပြောပြန်

လျှင်လည်း ရယ်စရာမောစရာ အဖြစ်သာ ပြောတတ်ပါသည်။

ဤသို့ဖြင့် လူဆိုးစာရင်း ရှာရတာ ကျွန်တော့်မှာ အခက်ကြုံပါသည်။

❑ ❑ ❑

မနေ့ကတော့ စာအုပ်ဗီရို ရှင်းရင်း အဖေသာခု၏ စာရေးလျှင်သုံးသော မိတ္တူ စာအုပ်တစ်အုပ်ကို အမှတ်မထင် သွားတွေ့ပါသည်။ (အဖေကမူ စာရေးလျှင် မိတ္တူမှင်ခံ စက္ကူခံ၍ ရေးပါသည်။ အတုယူဖွယ်ဖြစ်ပါသည်။)

ယင်းစာအုပ်ကို လှန်ကြည့်သောအခါ သူကွယ်လွန်ခါနီး ရေးသွားသော စာမူ တစ်ပိုင်းတစ်စကို တွေ့ရပါသည်။

မည်သည့်တိုက်မှ မပို့ရသေးကြောင်းနှင့် ကွယ်လွန်ခါနီး ရေးသွားကြောင်း သိသာပါသည်။အကြောင်းမှာ မူရင်းလက်ရေးရော၊ မိတ္တူပါ ရှိနေသည် တစ်ကြောင်း၊ လက်ရေး လက်သားများမှာ မပီကလာဖြစ်နေသည်က တစ်ကြောင်းကြောင့် ဖြစ်ပါသည်။ အဖေသည် ကွယ်လွန်ခါနီး အချိန်ထိ စာတွေရေးသွားခဲ့ပါသည်။ ထိုစဉ်၌ မျက်စိတစ်ဖက်လုံး၀ ကွယ်နေပါပြီ။ ကျန်တစ်ဖက်ကလည်း အလွန်မှုန်နေပြီ ဖြစ်သဖြင့် ဦးစံရှားမှန်ဘီလူးဖြင့် ရေးရှာပါသည်။ လက်ရေးတွေ မပီတော့ပါ။ စာလုံးပေါင်းတွေ မှားနေပါပြီ။ ဒါတွေကို ကျွန်တော်က ပြန်၍ ပြုပြင်ပေးရပါသည်။

စောစောကပြောသလို သူ၏ ရေးလက်စ စာမူကို ဖတ်ကြည့်သောအခါ အဆုံးမသတ်သေးသဖြင့် လိုရင်းကို မသိရပါ။ သို့သော် ဖတ်မိရသလောက်နှင့်တော့ "အမှုကိစ္စ" အကြောင်းဖြစ်မှန်း သိသာပါသည်။ စာဖတ်သူလည်း သိသာစေရန် မူရင်း အဖေ့စာမူကို ဖော်ပြလိုက်ပါသည်။

## သာခု"ကူညီကြပါ"ဆိုလို့

သာစု တစ်ယောက် (၇၀)ကျော်လာပြီ။ သေကာနီးမှ အမှုတွေ ဖွေ၊ ရှုံးတွေတက်နေရတယ်။ ခြံကိစ္စ၊ မြေကိစ္စ၊ တိုက်ကိစ္စ၊ အိမ်နှင်လို့မှု စသဖြင့်. . . အင်း. . . စသဖြင့်ပေါ့။

သာစုသေခါနီးလို့ သတိရသေးတယ်။ လွန်ခဲ့တဲ့ ဆယ့်လေးငါး ခြောက်နှစ်လောက်က ထင်ပါရဲ့။ ဆရာ့စန္ဒြ(လက္ခဏာဗေဒင်)နဲ့ သူ့သား လက္ခဏာမောင်ဒေဝတို့ သားဖနှစ်ယောက် သာစုကို ဝဲယာညှပ်ပြီး လက္ခဏာကြည့်ကြတယ်။ ဗေဒင်ဟောကြတယ်။ သူတို့ဟောတဲ့ အများကြီးထဲက ဒီဆောင်းပါးနဲ့ အကြောင်းဆိုက်တာ လောက်ပဲပြောချင်တယ်။

အတိုချုပ်ကတော့ သာစုတော်တော်နဲ့ မသေသေးဘူးတဲ့။ အဲဒီအချိန်က သာစုအသက်(၅၅)လောက်ပဲ ရှိသေးတော့. . .

(ဟာ. . . ဒီလောက်ကြာကြာကြီး မနေချင်ဘူး။ ပျင်းတယ်။)

(အဲဒါ ဆရာတိုက်ပေါ်က ခုန်ချ၊ ခြေလက်ကျိုးရင် ကျိုးမယ်၊ မသေဘူး) လို့ဟောထားတယ်။ ပြီးတော့. . .

သာစု (၇၀)ကျော်ပိုင်းမှာ လက္ခဏာ အင်မတန် ကောင်းမယ်တဲ့။ ခြံ၊ မြေ၊ တိုက်တာ၊ မော်တော်ကား ဝင်စရာတွေ ရှိတယ်။ အလှူကြီး ပေးရမယ်။ ငွေဆို မလိုချင်အောင် ရမယ်လို့ ဟောပြန်တယ်။

(ဟေး. . . ညီလေး၊ ဆရာစန္ဒြရဲ့ ခြံတွေ၊ တိုက်တွေ၊ ကားတွေက ရှိပြီးသားပဲ။ အဲဒါ. . . )

(ရှိပြီးသား ပစ္စည်းမျိုး ထပ်မဝင်ရဘူးလို့ ဗေဒင်မှာ စည်းကမ်း မပါဘူး။ ဘဝအကျိုးပေး ကောင်းသူမှာလည်း ချမ်းသာကြွယ်ဝမှု စည်းကမ်း သတ်ထားတာမရှိဘူး ဆရာရဲ့။ ပြီးတော့ ဆရာ နိုင်ငံခြား သွားရလိမ့်ဦးမယ်)

ဆက်ရေးရင်တော့ ဝတ္ထုရှည် တစ်ပုဒ်စာလောက်ရှိမှာမို့ နောင်အလျဉ်းသင့်မှ ရေးပါဦးမယ်။ စိတ်ဝင်စားစရာတော့ အတော်ကောင်း။ ဒါ အသာထားလိုက်ကြဦးစို့။

**တွတ်ပီစာအုပ်တိုက်**

http://myanmarpyithar.net

သာစုပြောချင်တာကတော့ ဆောင်းပါးအစပျိုးခဲ့တဲ့ သေခါနီး အမူတွေ ပွေ့ရတာကိုတော့ ညည်းစရာလိုမယ် မထင်ပါဘူး။ အသက် (၁၀၀) မနေရ၊ အမူ (၁၀၀) တွေ့ရတတ် ဆိုသလို၊ ဘဝ ဆိုတာက ဒီ အတိုင်းပဲ မဟုတ်လား။

၁၉၉၀ ပြည့် ခုနှစ်ပေါ့လေ။ မေလ အတွင်းကစပြီး သာစု ရုံးမှာ သွားသွား အစစ်ခံ နေရတယ်။ အဲဒီအချိန်မှာပဲ သာစုက မကျန်းမမာ ဖြစ်နေတယ်။ အိပ်ရာထဲထိုင်နေ၊ စကားပြောနေ၊ တစ်နာရီ ကြာကြာ ဘာမှ မဖြစ်ဘူး။ အဲ ထပြီး လမ်းလျှောက်ရင်တော့ ၁၅ပေလောက် လှမ်း ပြီးရင် တစ်ခါ (၅)မိနစ်လောက် နားရတယ်။ အမောဖြေရတယ်။ အဲ. . . လှေကားတက်ရမယ်ဆိုရင်တော့ (၅) ထစ်လောက်တက်ပြီး တစ်ခါ နားရ တယ်ဗျာ။

ခု သက်သေခံသွားရတဲ့ရုံးက ရန်ကုန်တိုင်း တရားမရုံး ကမ်းနား လမ်းနဲ့ (၃၁)လမ်းထိပ်က ရုံးနှစ်ထပ်ပေါ်တက်ရတယ်။ နောက်တစ်ရုံးက မောင်ခိုင်လမ်း (ဗိုလ်ရွဲလမ်း)က တိုင်းတရားမရုံး နှစ်ထပ်ပဲ။

တစ်ခါတက်ရင် နာရီဝက်လောက် ကြာတယ်။ နားနားပြီး တက်ရတယ်။ အဆင်းလည်း ထိုနည်းလည်းကောင်းပဲ။ မောတာတော့ မပြောနဲ့တော့။

မိုးတွင်းကြီးတောင် ချွေးတပြိုက်ပြိုက် ကျလိုက်တာလည်း လွန် ပါရော။ အဲဒါကို သာစုခံနိုင်တယ်။ မောတာကိုတော့ သေမတတ် ကြောက် တာဘဲ။ အနေရ အခံရခက်လွန်းလို့ ဒါကို ဒီလိုနဲ့ စိတ်ပျက်မနေဘူး။ သာစု ထုံးစံအတိုင်း နည်းနည်း လမ်းရှာတယ်။ မမောအောင် ဘယ်လို တက်မလဲ။

ရှေးစကားပုံအတိုင်း လိုလျှင်ကြံဆ နည်းလမ်းရ တယ်ပေါ့။ အဲဒီ နေ့က သား (အလတ်ကောင်) သရုပ်ဆောင် မောင်ရှုပ မျှော်လင့်ဘဲ

*ရုံးကို ရောက်လာတယ်။ သူ သတင်းကြားလို့တဲ့။ သာခုကို တွဲခေါ်ဖို့ လာတာတဲ့။*

*အိမ်း. . . သားတွေထဲမှာ ဒီကောင်အတောင့်ဆုံး၊ ဘောလုံးသမားလည်း ဖြစ်၊ အရက်ဆေးလိပ် လုံးဝမသောက်။*

*သူ့ကိုယ်ထည်ကို ကြည့်ပြီး၊ သာခု စိတ်ကူးရလိုက်သဖြင့်. . .*

*(ကဲ သားရေ၊ ဖေဖေ့ကို ပွေ့ချီပြီး အပေါ်ထပ် လိုက်ပို့ပါလား။ အမော သက်သာလိမ့်မယ် ထင်တယ်)*

*(ဟာ. . . သေချာတာပေ့ါ အဖေရ။ လာ။)*

အထက်ပါ အဖေ၏ရေးလက်စ စာမူကို ဖတ်ပြီးပြီဆိုလျှင် သေခါနီး အထိ အမှုပွေ့နေသော အဖေ၏ စရိုက်ကို မြင်လောက်ပါပြီ။

အမှန်ပါပဲ။ အဖေသည် အိပ်ရာထဲ ဘုန်းဘုန်းမလဲမီ ကလေး အထိ လူအတွဲ၊ အချီအပိုးဖြင့် တရားရုံးပေါင်းစုံလိုက်ပြီး၊ အမှုပွေ့ခဲ့ပါသည်။ ထူးဆန်းသည်မှာ အဖေ့ကို အမှုစွဲခြင်းများမဟုတ်ဘဲ။ အဖေကချည်း လိုက်၍ အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ ဒါသည် ကောင်းသော လက္ခဏာမဟုတ် ဟု ရုတ်တရက် ထင်စရာ ရှိသော်လည်း တကယ်တမ်း အဖေ့အကြောင်း ကို သိမည်ဆိုလျှင် ခွင့်လွှတ်ကြပါလိမ့်မည်။

အမှန်တော့ အဖေသည် သနားစရာ ကောင်းသည်ဟု ကျွန်တော်က သားအဖချင်း ခွင့်လွှတ်စကားပြောချင်ပါသည်။ "အတာ" ဟူသော သူ၏ဝတ္ထုကြီးကို ဖတ်ဖူးမည်ဆိုလျှင် ပို၍ ခံစားနိုင်ပါလိမ့်မည်။

အဖေသည် ငယ်စဉ်က ကျောင်းစာတော်သလောက်၊ "ကြီးလာရင် ဝတ်လုံတော်ရကြီး လုပ်မယ်" ဟု စိတ်ကူးရည်ရွယ်ခဲ့သူသာ ဖြစ်ပါသည်။ ဘဝအကျိုးပေး (ပညာရေးတွင်) နည်းပါးသဖြင့် ကိုးတန်းနှင့် ကျောင်းထွက်ပြီး နိုင်ငံရေး လောကထဲ ဝင်ရောက်ခဲ့ရပါသည်။ "ကျွန်ပညာ အလိုမရှိ" ဟုကြွေးကြော်ရင်း "သခင်ပညာ" သည်လည်း ဆုံးခန်းမတိုင် ခဲ့ရရှာပါ။

ထို့ကြောင့် သူ၏ဝါသနာရင်းဖြစ်သော ရှေ့နေရှေ့ရပ် အလုပ်ကို တရားမဝင်ဘဲ လုပ်နိုင်ရန်၊ အလကားနေရင်း အမှုရှာနေသူဖြစ်မှန်းမသိ ဖြစ်လာရပါတော့သည်။

❑ ❑ ❑

စောစောကပြောသလို ကျွန်တော့်မှာလည်း "မျိုးရိုးထဲက ဆိုးပေကြီးများ" စာမူအတွက် အကြောင်းအရာ ရှားပါးနေချိန်၊ အဖေ၏ ရေးလက်စ အထက်ပါ စာမူတစ်ပိုင်းကိုလည်း ပြန်တွေ့လိုက်လေရာ "ဟာ. . . အဖေကိုယ်တိုင်ကိုက ဆိုးပေကြီးတစ်ယောက်ပါလား" ဟူ၍ သတိရ သွားပါသည်။ ဟုတ်ပ့ါ။ သေခါနီးအထိ အမှုနှစ်မှုကို သူက ရှာပြီး စွဲတာ။ ပေခြင်း၊ တေခြင်းပင် မဟုတ်ပါလား။ပြီးတော့ ဆေးရုံ တစ်ဝက်၊ အိမ်တစ်ဝက်နေရသောကာလ။ လမ်းလျှောက်လျှင် လူ တွဲရသောဘဝ။ အသက်က ခုနှစ်ဆယ်ကျော်။

အဖေ ကွယ်လွန်ခါနီး အိပ်ရာထဲမှာ အဓိကထား လုပ်သွားသော အလုပ်နှစ်မျိုးကား "စာမူရေးခြင်း" နှင့် "ဥပဒေ စာအုပ်ပေါင်းစုံကို" ဖတ်မှတ်ခြင်းသာ ဖြစ်ပါသည်။ (ကျွန်တော် ခိုးကြောင်ခိုးဝှက် ရိုက်ကူးထားသောဓာတ်ပုံကို ရှုပါ။ အဲဒါ ဥပဒေစာအုပ် ဖတ်နေသော ဦးသာခုပါပဲ)

ဘာအမှုတွေပွေ၍ ဘယ်လိုတရားတွေစွဲခဲ့သည်ကိုမူ စာရှည်မည် စိုးသဖြင့် မဖော်ပြတော့ပါ။ သူ့စာမူပါအတိုင်း သားတွေက သူအမှု ဆိုင်ရာရုံးသို့ တွဲချီ တစ်ခါ၊ ချီပိုးတစ်လှည့် လုပ်ရင်း ကျွန်တော့် အလှည့်ကျသော နေ့များဆီက သူအမှုစစ်ခံပုံကလေးများကို ဥပမာ ပြုပါရစေတော့။

ကွယ်လွန်ခါနီးအထိ သတိကောင်း၊ ဖြတ်ထိုးဉာဏ်ကောင်း သလောက် တစ်ဖက်လူ(တရားပြိုင်)အဖို့ အသည်းယားချင်စရာ လုပ်ပေါက် အချို့ကို ဖော်ပြပါမည်။

တရားသည် မတရားသည်ကို အပထားလို့ တရားတဘောင်



http://myanmarpyithar.net

ကိစ္စရေးရာနှင့် ပတ်သက်ပြီး အနိုင်ယူတတ်ပုံ ကလေးကိုတော့ဖြင့် မှတ်သားဖွယ်ကောင်းသည်ဟု ကျွန်တော်ထင်ပါသည်။ တဆက်တည်းမှာပင် "တော်တော်ဆိုးသည့် အဘိုးကြီး" ဟု ချစ်စနိုး သမုတ်လိုကလည်း ရနိုင်ပါလိမ့်မည်။ သည်လိုပါ။

တစ်ခုသော အမှုကို ရင်ဆိုင်ရာ၌ (အနီးတွင် ကျွန်တော်က စကားပြန်အဖြစ် ရှိနေပါသည်။ အဖေက နားအလွန် လေးသောကြောင့် မြန်မာစကားကို မြန်မာလို ပြန်ပေးနေရပါသည်။) အဖေသည် တရားသူကြီးအား အခွင့်အရေးတစ်ခု တောင်းပါသည်။ သူတောင်းသော အခွင့်အရေးမှာ တရားရုံးတော် ဥပဒေနှင့် ဆိုင်မဆိုင်တော့ မသိပါ။ ကျွန်တော့်စိတ်ထင် ရောဂါကျွမ်းနေသောအသက်(၇၀)ကျော် အဘိုးကြီးတစ်ဦးအား လူမှုရေးအရ အလိုလိုက်ပြီး တရားသူကြီးက ခွင့်ပြုလိုက်ဟန် တူပါသည်။

အဖေတောင်းဆိုသော အခွင့်အရေးမှာ-

"တရားသူကြီးမင်းခင်ဗျား။ သာဓုက ရုပ်ရှင်ဒါရိုက်တာပါ။ သရုပ်ဆောင်မှု ပညာကို ကောင်းကောင်းသိပါတယ်။ လူတစ်ယောက်က သရုပ်ဆောင်တယ် ဆိုတာ၊ ဟန်လုပ်တာပါ။ ဟန်လုပ်တဲ့ လူတစ်ယောက်၊ အဲ. . . လိမ်တဲ့လူ တစ်ယောက်ကို အဓိကအားဖြင့် သူ့မျက်လုံးကို စိုက်ပြီး ကြည့်ရင် သိသာပါတယ်။ အဲ. . . အခု အစစ်ခံတော့မယ် တစ်ဖက်က တရားပြိုင်ဟာ လိမ်မှာ သေချာပါတယ်။ သူ လိမ်လည် ထွက်ဆိုပါလိမ့်မယ်။ ဒီတော့ ကျေးဇူးပြုပြီး သူအစစ်ခံ ထွက်ဆိုနေချိန်မှာ သူ့ရဲ့မျက်လုံးတွေကို တရားသူကြီးမင်းက အသေအချာ စိုက်ကြည့်ပေးစေချင်ပါတယ်။ အဲဒီ အခါသူလိမ်နေတယ်ဆိုတာ သူ့မျက်စိမှာ ပေါ်နေမှာ သေချာပါတယ်။ မယုံရင် ကျွန်တော်ပြောတဲ့အတိုင်း ကြည့်ပေးပါခင်ဗျာ။ ဒါပါပဲ"

ရွှေအမြုတေ (ရုပ်စုံမဂ္ဂဇင်း)
မတ်လ (၂၀၀၁ ပြည့်နှစ်)

**တွတ်ပီစာအုပ်တိုက်**

http://myanmarpyithar.net



http://myanmarpyithar.net

# မျိုးရိုးထဲမှဆိုးပေကြီးများ (၆)

ကျွန်တော်၏ အဘေး ဦးဝဖိုးနှင့် ဒေါ်စိန်တို့မှ မွေးဖွားလာခဲ့သော ဦးဘိုးငွေ၊ ဒေါ်ဖွားမြင် (ဖေဖေ့အဖေ)၊ ဦးမောင်တင့်၊ ဦးမောင်မြင့်၊ ဦးစိန်၊ ဒေါ်မမကြီးနှင့် ဦးဂျာတားတည်းဟူသော သားသမီး ခုနှစ်ယောက်အနက်မှ အကြီးဆုံးသား ဦးဘိုးငွေ၏သား ဦးခင်မောင်သည် ယခုထိသက်ရှိ ထင်ရှား ရှိနေပြီး ကျွန်တော့်အိမ်မှာပင် အလုပ်လုပ်ဆဲ ဖြစ်ပါသည်။

အစ်ကိုအကြီးဆုံး ဦးဘိုးငွေမှ မွေးသော်လည်း ကျွန်တော့်အဖေထက် အသက် ဆယ်နှစ်မျှ ငယ်ပါသည်။ ခု ဦးခင်မောင်သည် ခုနှစ်ဆယ်အတွင်း ရောက်နေပါပြီ။

ဤနေရာတွင် "ကျွန်တော့်အိမ်မှာပင် အလုပ်လုပ်နေဆဲ" ဆိုတာကို နည်းနည်း ရှင်းပြဖို့ လိုလာပါလိမ့်မည်။

ဦးခင်မောင်သည် အဖေ၏ညီတစ်ဝမ်းကွဲ ဖြစ်သောကြောင့် ကျွန်တော့် ဦးလေး တော်စပ်ပါသည်။ ဒါကို ကျွန်တော်က ဘယ့်နှယ်လုပ်ပြီး အိမ်မှာ အလုပ်လုပ် ခိုင်းရသနည်းဟု မေးဖွယ်ရှိသည်။ ဒါကို နောက်ပိုင်း ရှင်းပါမည်။



http://myanmarpyithar.net

ဦးခင်မောင်သည် ငယ်စဉ်ကတည်းက ကျွန်တော့်ဖခင်ထံတွင် နေထိုင်ပြီး အလုပ်သင်ဘဝဖြင့် ကြီးပြင်းခဲ့ပါသည်။ အဖေ ပုံနှိပ်စက် လုပ်သောအခါ စက်ရိုက်၊ စာရွက် ရေတွက်ရ စသော အောက်ခြေသိမ်း အလုပ်များကို လုပ်ပါသည်။ အဖေ ရုပ်ရှင်နယ် ပြောင်းတော့ မီးထိုးမှန်ထိုး လုပ်ပါ သည်။ ထိုမှတဆင့် ရာထူးတိုးခဲ့ရာ ရုပ်ရှင်ရိုက်ရာတွင် အသုံးပြုသော လျှပ်စစ်မီး ကိစ္စကို ကိုင်တွယ်ရသူ ဖြစ်သွားပါသည်။

ကြားဖြတ် ပြောရလျှင် သူငယ်စဉ်က (အဖေ စာပေသမားဘဝ) ပဒေသာ၊ သစ္စာ စသော မဂ္ဂဇင်းများ ထုတ်ဝေခြင်း၊ စာသဘင် စာအုပ်တိုက် ထူထောင်ခြင်း၊ ပူတူတူး ပုံနှိပ်စက် တည်ထောင်ခြင်းများတွင် သူနှင့်တွဲဖက် အလုပ်သင်များ၊ အလုပ်သမားများစွာ ရှိခဲ့ပါသည်။ ကျန်လူများက ဆွေမျိုးနီးစပ် အကိုင်းအဖျားများ ပတ်သက်ရာ ပတ်သက်ကြောင်း အလုပ်သင်များသာ ဖြစ်ခဲ့ပြီး ဦးခင်မောင်မှာ ဆွေမျိုးရင်းချာ ဖြစ်သော်လည်း ကျန်လူများ စာပေနယ်တွင် အခြေကျပြီး လူတစ်လုံး သူတစ်လုံး ဖြစ်ခဲ့သော်လည်း ဦးခင်မောင်မှာမူ ဒုံရင်းဒုံရင်း အနေအထား အဖေ့နောက်လိုက် လက်တိုလက်တောင်း ဘဝဖြင့်သာ အချိန် ကုန်ခဲ့ပါသည်။ ဥပမာ "နှလုံးလှ" စာအုပ်တိုက်ပိုင်ရှင် ဦးချစ်အောင်၊ လှည်းတန်း "အလိမ္မာ" စာပေတိုက်ပိုင်ရှင် ဦးစိန်လွင်၊ မျက်နှာဖုံး ပုံနှိပ်ဘုရင် "ကာလာ (ဦး) မောင်မောင်လှ" စသူတို့မှာ အဖေ စာပေနယ်ကို စွန့်ခွာသွားသောအခါ သူရို့နည်း သူရို့ဟန်ဖြင့် ကျန်ရစ်ခဲ့ပြီး နောင်သော် စာပေနယ်၏ သမိုင်းဝင် စာအုပ်တိုက် ပိုင်ရှင်ကြီးများ ဖြစ်ခဲ့ကြပါသည်။ အနီးကပ်အရင်းအချာ ဦးခင်မောင် တစ်ယောက်သာ ယောင်ပေပေနှင့် အဖေ့နားကပ်ပြီး ရုပ်ရှင်နယ်သို့ ပါလာပါသည်။

သူ၏ဘဝတွင် အတိုးတက်ဆုံးရာထူးမှာ စောစောကပြောသော ရုပ်ရှင် လျှပ်စစ်မီး ကိုင်တွယ်ရသူ အဆင့်မျှသာ။ (အလင်းအမှောင် ကိုခင်မောင် ဟူသော ဆောင်းပါးတစ်ပုဒ် ရွှေအမြုတေမှာ ရေးဖူးပါသည်)



http://myanmarpyithar.net

မည်သည့်လုပ်ငန်းမဆို ထူးချွန်အောင်မြင်အောင် လုပ်တတ်သော ဦးသာခုံ၏ ညီသည် အနီးကပ် နေရပါလျက် ဘယ့်အတွက် ထိုဘဝနှင့် တင်းတိမ်နေရ ပါသနည်း။

“ဒီကောင် ခင်မောင်က သားတို့ကို ကျောင်းလိုက်ပို့တဲ့ အလုပ်၊ လမ်းထိပ် မုန့်ဟင်းခါးဆိုင်က ကုလားမလေးကို ရည်းစားထားပြီး ပရောပရီလုပ်တဲ့ အလုပ်နဲ့ အားအားရှိ အိပ်တဲ့ အလုပ်လောက်ပဲ စိတ်ဝင်စားတာကွ” ဟု အဖေ ပြန်ပြောဖူးပါသည်။

စာပေ လုပ်ငန်း၊ ပုံနှိပ်လုပ်ငန်း ဆိုတာက နေ့ရောညပါ လုပ်ရပါသည်။ ကိုယ့်ဂျူတီနှင့် ကိုယ်ပေ့ါလေ။

“အဲ့ . . ညပိုင်း ဦးခင်မောင် ဂျူတီကျလျှင် သူက ဦးမောင်လှ (ကာလာ မောင်လှ) ကို မုန့်ဖိုးပေးပြီး ပုံနှိပ်စက် ရိုက်ခိုင်းသည်။ သူကမူ နီးရာ စက္ကူပုံပေါ် တက်အိပ်သည်။

“အဖေက ဒါကိုသိလို့ သူ့ကိုစက္ကူပုံပေါ်က ကန်ချတာ။ သူက အောက်ပြုတ်ကျပြီး တမံသလင်းပေါ်မှာ ဆက်အိပ်တယ်ကွ၊ လုံးဝမနိုးဘူး။ ဒါကြောင့်လည်း သူ့ကိုယ်စားပါဝင်ပြီး စက်ရိုက်တဲ့ မောင်မောင်လှက ပညာထူးချွန်ပြီး ကာလာမောင်မောင်လှဆိုတဲ့ ဆရာကြီး တစ်ဆူဖြစ်သွားတာပေ့ါ”

စာပေလုပ်ငန်းနှင့် ပတ်သက်၍ အခြားအလုပ်များကို ခိုင်းကြည့်သော်လည်း “ဝင်း” အတိုင်းပင် သူ့ မူမပျက်နေခဲ့ရာ ဘာမျှ မကျွမ်းကျင်တော့ချေ။ သည်လိုနှင့် အဖေ့နောက်တော်ပါးက လိုက်နေရသော ဘဝဖြင့်သာ အချိန်ကုန်ခဲ့ ပါတော့သည်။

တစ်ခုပဲ သူစွဲစွဲမြဲမြဲလုပ်သည့် ကိစ္စရှိသည်။ ကျွန်တော်တို့ကို ကျောင်းလိုက်ပို့သော အလုပ်ဖြစ်သည်။ သည်အလုပ်ကိုတော့ သူသည် ဝတ္တရား မပျက်၊ တာဝန်မပျက် လုပ်သည်။ ဝါသနာလည်း ပါသဖြင့် ကျောင်းပို့ ကျောင်းကြိုအလုပ်တွင် လိုသည်ထက်ပင် ပို၍ တိကျသေချာပါ



http://myanmarpyithar.net

သည်။ (လမ်းထိပ် မုန့်ဟင်းခါးသည် ကုလားမလေးမှအစ လမ်းတစ်လျှောက် ကြုံသမျှသော ဈေးသည်လေးများမကျန် ကျွန်တော်တို့ကျောင်းမှ ဈေးသည်လေးများကိုပါ ပိုးရပန်းရတာလည်း ပါပါလိမ့်မည်။)

ကျွန်တော်တို့ ငယ်စဉ်က ၄၇လမ်း (ယခင် တလောက မဟေသီ မဂ္ဂဇင်းတိုက်ပင် ဖွင့်လိုက်သေးသော) တိုက်တွင် နေခဲ့လေရာ ကျွန်တော်တို့ တက်ခဲ့သော စိန်ပေါလ်ကျောင်းနှင့် နီးပါသည်။ ထို့အတွက် ဦးခင်မောင်သည် ကျွန်တော်တို့ ညီအစ်ကိုတစ်တွေကို ကုန်းပိုး၍ လမ်းဖြတ်ကူး၊ မော်တော်ကား ဖြတ်လမ်း မရှိလျှင် လက်ဆွဲ၍ ကျောင်းပို့ပါသည်။ မှတ်ချက်။ ကျွန်တော်မူကား သာမန်ပလက်ဖောင်း လမ်းတွင် ဦးခင်မောင်ကို ကုန်းပိုးလိုက်ပြီး မော်တော်ကား လမ်းကူးကျမှ အောက်ဆင်းပြီး ကိုယ့်ဘာသာ ကူးမည်ဟု ဂျီကျသဖြင့် ဦးခင်မောင်၏ ဆော်ပလော်တီးခြင်းကို နေ့စဉ် ခံရပါသတဲ့။

သည်လိုနှင့် ၄၇လမ်းမှ ယခုနေသော သယ်န်းကျွန်း သာဓုခြံသို့ ရုပ်ရှင်လုပ်ငန်းအတွက် အဖေပြောင်းရွှေ့ခဲ့ရာ အိမ်နှင့်ကျောင်း အလွန်ဝေးကွာသွားတော့သည်။ ထိုအခါ ကျောင်းပို့ ကျောင်းကြိုကို မော်တော်ကားဖြင့် သွားရလာရပါသည်။ သည်တော့လည်း ဦးခင်မောင်သည် အလိုလိုနေရင်း ဒရိုင်ဘာဖြစ်သွားရတော့၏။ ဤနည်းဖြင့် ဦးခင်မောင်သည် လျှပ်စစ်လုပ်သား တစ်ပိုင်း၊ မော်တော်ယာဉ်မောင်းသူ တစ်ပိုင်း ဖြစ်သွားပါသည်။ ကျောင်းပို့ကျောင်းကြို သာမက အဖေ၏ လုပ်ငန်းတွင်လည်း သူပဲမောင်းနှင် ရပါသည်။ မော်တော်ကား မောင်းခြင်းသည် သူ၏ ပင်မအလုပ် ဝါသနာအလုပ်ဖြစ်သွားပါတော့သည်။

❑ ❑ ❑

ဦးခင်မောင်သည် သူဝါသနာမပါသော အလုပ်ကို ဘယ်လိုခိုင်းခိုင်း သင်သင် မလုပ်ချင်သော်လည်း သူဝါသနာပါသော အလုပ်ကိုကား



http://myanmarpyithar.net

တိတိကျကျ စနစ်တကျ တာဝန်ကျေကျေ လုပ်တတ်သူဖြစ်ပါသည်။ လျှပ်စစ်လုပ်ငန်းနှင့် မော်တော်ကားမောင်းခြင်း (ကားတော့မပြင်ချင်ပေ) ကိစ္စမှာတော့ သူသည်ဆရာတစ်ဆူပင်။ ထိုလုပ်ငန်းများနှင့် ပတ်သက်၍ တစ်ပါးသူ ဝင်ရောက် စွက်ဖက်တာကို လုံးဝမကြိုက်။ ခက်တာက သူ့ တာဝန်ချိန် ပြီးသည်နှင့် ဘယ်လောက် အရေးကြီးကြီး လှည့်မကြည့်တော့ ခြင်းဖြစ်၏။ သူကလည်းမလုပ်၊ ဘယ်သူ လုပ်တာမှလည်းမကြိုက် ဖြစ် သဖြင့် တော်တော် ဒုက္ခရောက်ပါသည်။ ထိုအခါမျိုးတွင် သူ့ကိုဒေါသဖြစ် ရသည်မှာ အကြိမ်ကြိမ် သတိရနေသော ဥပမာတစ်ခု ပြရလျှင်။

တစ်ခါကား အဖေသည် မြို့ထဲဝန်ကြီးများ ရုံးသို့ အလုပ်ကိစ္စ တစ်ခုဖြင့်သွားရာ သူက ကားမောင်းပို့၏။ ဟိုမှာ လူကြီးချင်း စကားပြော နေရာ ထမင်းချိန်လွန်သွား၏။ ဦးခင်မောင်သည် ထိုကိစ္စကြီးကို အမှု မထားပါ။ သူ့အတွက် အရေးကြီးသည်မှာ ထမင်းစားချိန်ဖြစ်၏။ ထို့ ကြောင့် သူသည် အဖေ့ကို ဝန်ကြီးများ ရုံးမှာ ထားခဲ့ပြီး ထမင်းစားချိန် အမီ အိမ်သို့ ကားမောင်းပြန်ခဲ့တော့၏။

အဖေ့ခမျာ သုံးဘီးကားငှားပြီး နေပူကြီးထဲ ပြန်ခဲ့ရသည်။

"ခင်မောင် မင်းဘယ်လိုလုပ်တာတုန်း" ဆိုတော့. . .

"အစ်ကို့ ဝန်ကြီး ကိစ္စထက် ကျွန်တော် ထမင်းဆာတာ အရေး ကြီးတယ်" ဟု တစ်လုံးတည်း ပြန်ပြောပါသည်။ အဖေက ဒေါသကို ချုပ်၏။ သက်ပြင်းချရပါသည်။ "သူ့ကံနှင့်သူ"၊ "သူ့ဦးနှောက်နှင့်သူပဲလေ" ဟူသော သဘောပင်။ ပြီးတော့ မျိုးထဲ ရိုးထဲ ဒီညီတစ်ယောက်သာ ကျန် တော့သည် မဟုတ်လား။

ထိုအဖြစ်မျိုး ကျွန်တော်လည်း ကြုံဖူးပါသည်။

(၁၉၈၅) ဝန်းကျင်လောက်က "အသည်းပေါက်အောင် ချစ် တယ်" ဇာတ်ကား ရိုက်နေတုန်းလည်း ဖြစ်သည်။ (ယခင် "ချစ်ခွင့်မပိုင် ဇာတ်ကားဟောင်း) ထိုဇာတ်ကားတွင် ကျွန်တော်က သျှောင်တစောင်း

ခေါင်းပေါင်းနှင့် ပုဆိုးကွက်နှင့် တောသားအခန်းမှ ပါဝင်ရပါသည်။ ထိုစဉ်က ရုပ်ရှင်ရိုက်ရင်း စာရေးနိုင်သော ကျွန်တော်သည် ရိုက်ကွင်း နားချိန်မှာ မြို့ထဲ (၃၃)လမ်းသို့ စာမူပို့အသွားရာ ဦးခင်မောင်က လိုက် မောင်းပို့ပါသည်။ သွားရမှာက လမ်းထဲကိုပါ။ လမ်းက တစ်လမ်းမောင်းမို့ မဟာဗန္ဓုလလမ်းမှ သွားပြီး ပတ်ဝင်ရပါမည်။ ဒါကို သူ အလုပ်ရှုပ် မခံချင်ပေ။ ထို့ကြောင့် လမ်းထိပ်မှာပင် ကားရပ်ပေးခြင်းဖြစ်၏။

"ဦးလေး. . . လမ်းထဲ ကွေ့ဝင်ပေးလေ"

"ဟာ. . . ဒီကပဲ ဆင်းလျှောက်သွားကွာ၊ ငါမမောင်းချင်ဘူး။ ကားတွေ ရှုပ်တယ်"

"ကျွန်တော့် မျက်နှာမှာလည်း ကြည့်ပါဦးဗျာ။ ကျွန်တော် ဘယ်သူလဲဆိုတာ"

"ဟော့. . . မင်းဟာ ငါ့တူ ဗလ၊ သုမောင်ပဲကွ။ ဘာဖြစ်လို့တုန်း"

"အဲဒါ ပြောတာမဟုတ်ဘူး။ ခု သျှောင်ထုံးကြီးနှင့် မိတ်ကပ်တွေနဲ့ ဘယ့်နှယ်လုပ်ပြီး လမ်းလျှောက်သွားရမလဲ"

သူအတန်ကြာ စဉ်းစားပြီး "ဟာ ဒါလွယ်ပါတယ်ကွာ။ ရော့ ရော့. . . ဒါလေး ခေါင်းမြီးခြုံပြီးသွား၊ မင်းကို ဘယ်သူမှ မမှတ်မိတော့ဘူး" ဟု. . . မော်တော်ကား ဖုန်သုတ်သော မျက်နှာသုတ်ပုဝါ အစုတ်ကို ထုတ်ပေးပါတော့သည်။ ဒါသည် နောက်ပြောင်နေခြင်း မဟုတ်၊ တကယ်ပင် ကျွန်တော့်ကို ရုပ်ဖျက် ခိုင်းနေခြင်း ဖြစ်၏။ နောက်ဆုံး ဘယ်လိုမှ ပြောမရသဖြင့် သူပြောသည့် အတိုင်းပင် ကျွန်တော့်မှာ စာပေရပ်ကွက်ထဲ ခြေလျင်ဝင်ရပါတော့သည်။ ထိုအဖြစ်ကို ဆရာ မောင်သိန်းဆိုင်တို့၊ ပန်းချီ ကိုစံတိုးတို့ ကောင်းစွာမှတ်မိပါလိမ့်မည်။

နေ့ဖြင့် ကိုယ့်ဘာသာ ကားတက်မောင်းပါရော့လားဟု ပြောစရာရှိသည်။ အကယ်၍သာ ထိုသို့ပြုမူခဲ့လျှင် နောက်နောင် ကျွန်တော့်

အား ဦးခင်မောင် ကားလိုက်မောင်းပေးမည် မဟုတ်တော့ကြောင်း စာဖတ်သူ သဘောပေါက် ပါလိမ့်မည်။

ဤမျှလောက်ဆိုလျှင် ဦးခင်မောင် စရိုက်သဘာဝ ကိုယ်ရည်ကိုယ်သွေးနှင့် သူ့အကျင့်သီလကို သိတန်လောက်ပေပြီ။ ထို့ကြောင့် သူ၏ဘဝအတ္ထုပ္ပတ္တိကို အကျယ်မချဲ့တော့ဘဲ ကြုံဖူးကြားဖူး သလောက် အဖြစ်အပျက်တချို့ကိုသာ ပမာပြုပါမည်။

❑ ❑ ❑

လွန်ခဲ့သော သုံးလေးနှစ်ကလည်း ကျွန်တော့်အစ်ကို မောင်ဝဏ္ဏသံလျင် ဘက်မှာ ရုပ်ရှင်သွားရိုက်ရာ ဦးခင်မောင်သည် လျှပ်စစ်မီးဆရာအဖြစ်ပါသွားပါသည်။ သံလျင်မြို့စွန်က ဘုန်းကြီးကျောင်း တစ်ကျောင်းတွင် ရိုက်ကူးခြင်းဖြစ်သောကြောင့် လျှပ်စစ်မီး မရပါ။ ထို့ကြောင့် အဖေ၏မီးစက်ကြီးကိုလည်း ဦးခင်မောင်သာ စက်နှိုး၊ မီးသွယ်လုပ်တတ်ပါသည်။

မှတ်မှတ်ရရ“ဒွေး”တို့၊ “မျိုးသန္တာထွန်း”တို့လည်း ထိုဇာတ်ကားမှာပါသည်။ ပရိသတ်တွေ စုစုရုန်းရုန်း ရှိသည်ဆိုပါစို့။ တစ်နေ့သော်အဖေ့ မီးစက်ကြီးက ထွေလီကာလီလုပ်ပါတော့သည်။ တော်တော်နှင့်နှိုးမရ။ စက်နှိုးပြန်တော့လည်း လျှပ်စစ်မီးက ရုတ်တရက် မထွက်ပြန်။

ပရိသတ်ကလည်း တရုန်းရုန်း၊ လျှပ်စစ်မီးကလည်း ရုတ်ချည်းမရသဖြင့် ဒါရိုက်တာ ဖြစ်သူ မောင်ဝဏ္ဏ အကြီးအကျယ် ဒေါသဖြစ်တော့သည်။ မီးစက်မှာ ဒီဇယ်ဆီသုံးစက် ဖြစ်သောကြောင့် စက်သံက ပြင်းသည်။ ထို့ကြောင့် ရိုက်ကွင်းနှင့် ဝေးရာမှာထားရသည့် စက်က ကူလီကူမာလုပ်သောအခါ ရိုက်ကွင်းပေါ်က မန်နေဂျာက မီးစက်ဆီပြေး သတင်းမေးလိုက်၊ ဦးခင်မောင်က ရိုက်ကွင်းသို့လာပြီး သတင်းပို့လိုက်နှင့် အလုပ်ရှုပ်နေပါသည်။ သည်ကြားထဲ မင်းသားမင်းသမီးကို လာအုံသော ပရိသတ်ကလည်း ထိန်းမနိုင် သိမ်းမရ။ နောက်ဆုံး ရိုက်ကွင်း၏ ဘုရင်ကြီး



http://myanmarpyithar.net

အကယ်ဒမီမောင်ဝဏ္ဏခမျာ ဒေါသကို ဦးခင်မောင်အပေါ်၌သာ ပုံချလေတော့သည်။

❑ ❑ ❑

"ဦးလေး ဘယ်လိုလုပ်နေတာလဲ"

"ငါ့ဘာသာ ငါလုပ်နေတာ မင်းမမြင်ဘူးလား"

"ခုထိ မီးက မရသေးဘူးလား"

"မရသေးလို့ လုပ်နေတာပေါ့ကွ"

"စောစောစီးစီး ကြိုပြီး စီစဉ်မထားဘူးလား"

"ဟေ့ကောင် မောင်ဝဏ္ဏ၊ ဒါစက်ကွ လူမဟုတ်ဘူး။ အမိန့်ပေးလို့ ရတာမဟုတ်ဘူး။ သူဖောက်ချင်တဲ့အချိန် ထဖောက်မှာပဲ"

စဉ်းစားကြည့်ကြပါ။ ရိုက်ကွင်းဘုရင် အကယ်ဒမီ ဒါရိုက်တာ မောင်ဝဏ္ဏကို အောက်ခြေသိမ်း မီးဆရာက လူကြားသူကြား၊ မင်းသား၊ မင်းသမီးတွေ ရှေ့မှာ ခံပြီးအော်နေတာ။

"တော်ပြီဗျာ. . . ဦးလေး မီးမြန်မြန်ရအောင် လုပ်ပါ"

"ဟေ့ကောင် မင်းငါ့ကို အမိန့် မပေးနဲ့။ မင်းဟာမင်း အကယ်ဒမီ နှစ်ထပ်ကွမ်း မကလို့ ဘာကြီး ဖြစ်နေဖြစ်နေ ဟိုမှာတွေ့လား (ခပ်လှမ်းလှမ်းမှာ လာရောင်းနေသော မုန့်ဟင်းခါး အထမ်းသည်ကို လက်ညှိုးထိုးပြလျက်) မင်းပါးစပ်ထဲ မုန့်ဟင်းခါးဖတ်တွေ ထိုးထည့်ပြီး ပိတ်ပစ်လိုက်ရမလား"

အထက်ပါ စကားကို မသိသူများကတော့ ဘယ့်နှယ်ပါလိမ့်ဟု အဓိပ္ပာယ် ရှာမရဖြစ်ပါလိမ့်မည်။ သို့သော် မောင်ဝဏ္ဏခမျာမှာတော့ ထိုစကားကို ကြားလိုက်ရသည်နှင့် ခြသေ့်ရှေ့ ရောက်သွားသော ယုန်သူငယ်ပမာ ပြုံးဖြီးဖြီးကြီး လုပ်ပြီး ငြိမ်ကုပ်သွားရပါတော့သည်။

ထိုကိစ္စနှင့် ပတ်သက်၍ နည်းနည်း ဇာတ်ကြောင်း လှန်ရသော်။

**တွတ်ပီစာအုပ်တိုက်**

ဟိုအစဉ် ကျွန်တော်ဖော်ပြခဲ့သလို (၄၇)လမ်းထိပ် မုန့်ဟင်းခါး ဆိုင်မှ ကုလားမလေးကို ဦးခင်မောင် ပရောပရီ လုပ်နေစဉ်က အစ်ကို မောင်ဝဏ္ဏကိုလည်း တလက်စထဲ ထိန်းကျောင်းရပါသည်။ မုန့်ဟင်းခါး ဆိုင်မှာ ကုလားမလေးနှင့် စကားလက်ဆုံ ပြောမကုန်ဖြစ်နေစဉ် မောင် ဝဏ္ဏက ငိုကြွေးလျှင် ဦးခင်မောင်သည် ဆိုင်မှ မုန့်ဟင်းခါးဖတ်များကို ယူ၍ မောင်ဝဏ္ဏ၏ပါးစပ်ထဲ အပြည့်အသိပ်အသိပ် ထိုးထည့်တတ်ပါ သည်။ ထိုအခါ နောင်အကယ်ဒမီ မောင်ဝဏ္ဏ ဖြစ်လာလတ္တံ့သော ချာတိတ်ကလေး ဘယ်လောက် ကြောက်ရွံ့စွာ ခံစားရမည်ကို စဉ်းစား သင့်ပါသည်။ ဒါကို ငယ်နိုင် ဟုခေါ်အပ်သည် မဟုတ်ပါလား။

❑ ❑ ❑

ကျွန်တော့်ဖခင်ကြီး မော်တော်ကားပြင်တာ ဝါသနာပါကြောင်း စာဖတ်သူ သိပြီးသားပါ။

အဖေက အိပ်ရာထနောက်ကျသူမို့ နံနက်စောစော သူ့ အိမ် ရောက်တတ်သော တပည့်သားမြေးများကို သူနိုးလျှင် အဆင်သင့်ဖြစ်ရန် လုပ်ငန်းများအတွက် စာရေးပြီး မှာထားတတ်ပါသည်။ တစ်နေ့သော်. . .

"ခင်မောင်

မော်တော်ကား ဘရိတ်တွေ အစ်ကိုနိုးရင် စစ်မယ်။ ဘီးတွေ ဖြုတ်ထား။ ရှေ့နောက် ဘယ်ညာ သေသေချာချာ မြေဖြူခဲနဲ့ မှတ်"

သာခု

ဟူသော မှာကြားစာကလေး ရေးထားသဖြင့် ဦးခင်မောင် ရောက်တော့ ကျွန်တော်က ပေးလိုက်ပါသည်။

အဖေမနိုးခင်မှာ ဦးခင်မောင်သည် သူ့အစ်ကိုမှာသည့်အတိုင်း သေသေချာချာ လုပ်ရှာပါသည်။ ဘီးတွေဖြုတ်၊ ရှေ့နောက်ဘယ်ညာ မြေဖြူခဲဖြင့် အမှတ်အသားပြုပါသည်။ သည်လိုနှင့် အဖေအိပ်ရာက နိုးလို့



http://myanmarpyithar.net

မော်တော်ကား ဘရိတ်များ စစ်ဆေးပြီးသောအခါ-

"ခင်မောင် ကားဘီးတွေယူခဲ့"

ကားဘီးလေးဘီး အဖေရှေ့ရောက်လေသော ဦးခင်မောင် အမှတ်အသားထားသော မြေဖြူ အမှတ်အသားများကို ကြည့်ပြီး ခေါင်း ကုတ်ပါတော့သည်။

"ဟော့ကောင် "ရှေ့R"ဆိုတာ ဘာလဲကွ"

"ဟာ. . . အစ်ကိုကလည်း စာရေးဆရာလုပ်နေပြီး ဒါမှ မသိ ဘူးလားဗျ။ ရှေ့R ဆိုတာ ရှေ့ရိုက် ရှေ့ညာပေါ့ဗျာ"

"ဒါဖြင့် ဒီဘီး ရှေ့B ဆိုတာကကောကွ"

"ဟာ. . . ညံ့ပါဗျာ။ ရှေ့B ဆိုတာ ရှေ့ဘယ်ပေါ့"

ထိုအခါ အဖေသည် သူ့သွားကျိုးကလေးများပေါ်အောင် ရယ်မောပြီး-

"ခင်မောင်၊ ခင်မောင် ဒါကြောင့်လည်း မင်းဒီဘ၀က မတက် တာပေါ့" ဟုပြောပါသည်။ ထိုအခါ ဦးခင်မောင်က ၀မ်းနည်းရိပ်သန်း သော အသံဖြင့် ပြန်ပြောပါသည်။

"ဟာ. . . အဲသလိုတော့ မပြောပါနဲ့ အစ်ကိုရာ။ ကျွန်တော် သာ အစ်ကိုလောက် ဉာဏ်ကောင်းရင် ခုလောက်ရှိ ကျွန်တော်က သာမု ဖြစ်နေလောက်ပြီပေါ့"

အဖေ့ခမျာ ဆက်လက်မရယ်နိုင်တော့ဘဲ မောသွားသလို သက် ပြင်း ချပါသည်။

"ဒီကောင် ပြောတာမှတ်သားလောက်တယ်သားရဲ့" ဟု ကျွန် တော့်ကို တိုးတိုးပြန်ပြောပါသည်။ (ထိုအကြောင်းကို သာမု လူပါး၀တယ် စာစဉ်၌ "အေးချို" ဟူသော ခေါင်းစဉ်ဖြင့် အဖေက စာတစ်ပုဒ် ရေးဖူး ပါသည်)

❑ ❑ ❑



http://myanmarpyithar.net

မည်သို့ပင်ရှိစေ။ ထိုဦးခင်မောင်သည် ယခုတိုင် ကျွန်တော့်အိမ်တွင်အလုပ်လုပ်နေဆဲ ဖြစ်ပါသည်။ သည်လိုပါ။ ကျွန်တော်တို့ ငယ်စဉ်က ကျောင်းပို့ကျောင်းကြို တာဝန်ယူခဲ့သော ဦးခင်မောင်ခမျာ ခုနှယ် ဇရာထောင်းသောအခါ လျှပ်စစ်မီး အလုပ်ကိုလည်း မလုပ်နိုင်တော့ပါ။ ကားမောင်းခြင်းဆိုရာ၌လည်း အချိန်ပြည့် နေ့ရောညပါ မမောင်းနိုင်ရှာပါ။

သားသမီးတွေ တစ်ပြုံတစ်မကိုလည်း ခုထိ တာဝန်ယူနေရဆဲမို့ ကျွန်တော့်သားသမီးများ ကျောင်းသွားကျောင်းပြန်လောက်ကို သူ့အား တာဝန်ယူ စေရပါသည်။ သဃ်န်းကျွန်းမှ T.T.C အထိ ခရီးလမ်း တစ်လျှောက် လမ်းကြုံသော အခြားကလေးများကိုလည်း ကျွန်တော့်ကားဖြင့် တင်သွားရာ ကျောင်းကားလခ ပေးကြသဖြင့် ကျောင်းကားတစ်ပိုင်း ဖြစ်သွားပါသည်။ ထိုအခါ ထိုထိုသော ကျောင်းကားလခများသည် ကျွန်တော့်ကား တစ်လစာ ဓာတ်ဆီဖိုးအပြင် ဦးခင်မောင်အတွက်လည်း ယာဉ်မောင်းလခအဖြစ် ဖူလုံစေပါသည်။ ဒါကို ကျွန်တော်က ဦးလေးအား အလုပ်တစ်ခု ပေးထားနိုင်သည်ဟု ယူပါသည်။ သူ့ဝါသနာပါရာလည်း လုပ်ရစေ၊ မပင်ပန်းလည်းရှိစေ၊ ကျွန်တော့်အဖို့လည်း မျိုးထဲရိုးထဲ တစ်ယောက်တည်း ကျန်ခဲ့သော ဦးလေးတစ်ယောက်ကို ကြည့်ရှုထားရာလည်းရောက်စေဟု ပီတိဖြစ်ရပါသည်။

တစ်ခုပဲရှိသည်။

သူကငယ်ကျင့်တော့ မပျောက်ပေ။

ကျောင်းကြို ယာဉ်မောင်းအလုပ် စဝင်ကတည်းက အလုပ်စည်းကမ်းကို သူက ကျွန်တော့်အား ချမှတ်လေသည်။

“ဟော့ကောင် ဗလ၊ ကားပဲ မောင်းပေးမှာနော်။ ကား မပြင်ဘူး။ ကားပျက်ရင် မင်းတာဝန်၊ ပျက်တဲ့နေရာမှာ ငါက ရပ်ထားခဲ့မှာပဲ။ ပြီးတော့ သုံးရက်တစ်ခါ ဓာတ်ဆီဆိုင်မှာ တန်းစီဖို့လည်း မင်းပဲ တာဝန်ယူ။ မနက်မိုးလင်းရင် အင်ဂျင်ဝိုင်တိုင်း၊ ရေတိုက်ကီရေဖြည့်၊ ရှေ့နောက်ဘီး



http://myanmarpyithar.net

တွေ လေရှို မရှိစစ်၊ ကားကို တစ်ပတ်တစ်ခါ ရေဆေး”

ငယ်နိုင်ဖြစ်နေသော ကျွန်တော့်မှာ ခေါင်းညိတ် သဘောတူရုံ မှတစ်ပါး ဘာများကော တတ်နိုင်ပါဦးမည်နည်း။ ပြီးတော့ ကျွန်တော့် အမေ ပြောသလို. . .

“ဟဲ့. . . သားရဲ့။ ဒီဦးလေးလေး တစ်ယောက်ပဲ မင်းတို့မှာ ကျန်တော့တာကွယ်”

ရွှေအမြုတေ (ရုပ်စုံမဂ္ဂဇင်း)
ဧပြီလ (၂၀၀၁ ပြည့်နှစ်)

# ဦးသာဓုရဲ့ထွက်ဆိုချက်

"ခင်ဗျားဖခင်ကြီး ဦးသာဓုရဲ့. . . တရားရုံး ထွက်ဆိုချက်တွေကိုရေးစမ်းပါဗျာ" ဟု မိတ်ဆွေရှေ့နေ တစ်ယောက်က မကြာမကြာ တိုက်တွန်းတတ်ပါသည်။ သူဘာကို ဆိုလိုမှန်း ကျွန်တော် သိသော်လည်း. . . ရေးရန် သင့်မသင့်ကို ကျွန်တော် စဉ်းစားရပါသည်။ အကြောင်းမှာ. . . ကျွန်တော့် အဖေ၏ တရားရုံး ထွက်ဆိုချက်များသည်၊ ဥပဒေ အကြောင်းရော လူမှုရေး အသာစီးများပါ ရောစွက်၍ တစ်ဖက် အမှုသည်ကို ချည်နှောင် တတ်သောကြောင့် ဖြစ်ပါသည်။ တရားဥပဒေတွင် လူမှုရေး စစ်ကြောင်းကို စာရေးဆရာတစ်ယောက်က အနုပညာ လက်နက်ဖြင့် ခြုံခိုတိုက်ခိုက်ခြင်းသည် သင့်မသင့် ရမရ ကျွန်တော်နားမလည်ပါ။ အမှုနိုင်သည် ရှုံးသည် အသာထားလို့ မလိုအပ်သော စကားများကို တရားရုံးတွင် မပြောရ ဟူ၍တော့ ကျွန်တော် နားလည်ထားပါသည်။ ကျွန်တော်ကိုယ်တိုင်က တရားတဘောင် ကိစ္စများနှင့် ကင်းကင်း နေတတ်သော်လည်း အမှုရှာ ဝါသနာပါသော ဖခင်ကြီးနှင့် မကြာမကြာ. . . တရားရုံးလိုက်ရတတ်သဖြင့် ဥပဒေကို တို့မိထိမိသည်တော့ ရှိခဲ့ဖူးပါသည်။ မည်သို့ပင် ရှိစေ. . . စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာကြီး တစ်ယောက် ဖြစ်



http://myanmarpyithar.net

သော. . . ကျွန်တော့်ဖခင် တစ်ခါ တစ်ခါ ချီလိုက် တုပ်လိုက်လျှင်-တစ်ဖက်သူ နလံမထူနိုင်ဖြစ်ခဲ့ရသည့် သာဓကများတော့ ကျွန်တော် တွေ့ပေါင်း များပါပြီ။

သို့သော် စောစောကပြောသလို ဥပဒေ ရေးရာတွင် လူမှုရေး စစ်ကြောင်း ဖွင့်ခြင်းသည် သင့်မသင့်ကို စဉ်းစားနေသဖြင့် ကျွန်တော်က မရေးဖြစ်ခဲ့ပါ။

တစ်လောဆီ ကတော့ **JOSEPH A WAPNER** ရေးသော **A VIEW FROM THE BENCH** စာအုပ် လက်ဆောင် ရပါသည်။

ယင်းစာအုပ်ကို ဖတ်မိသောအခါကျမှ စာအုပ် ရေးသူ တရားသူကြီး **WAPNER** သည် သူစစ်ဆေးခဲ့သော အမှုပေါင်း များစွာ၌ လူမှုရေးကို များစွာ အလေးထားပြီး ဆုံးဖြတ်မှု ပြုခဲ့ကြောင်း သိရတော့သည်။ ကမ္ဘာကျော် တရားသူကြီး တစ်ယောက်က ပေထက်အက္ခရာ တင်ထားခြင်း ဖြစ်လေရာ ထိုစာအုပ်ကို ကျွန်တော်က ကျမ်းကိုးသဖွယ် သဘောထားလိုက်၏။ တရားဥပဒေကို ကောင်းစွာနားမလည်သော စာရေးဆရာ တစ်ယောက်အဖို့ လူမှုရေးကို အခြေခံထားသော ဇာတ်လမ်း ဇာတ်ကွက်ပါ တရားဥပဒေ စာအုပ်ကို နှစ်သက်မိခြင်းသည် သဘာဝ ကျသည်ဟု ကျွန်တော် ကတော့ ထင်လိုက်ပါ၏။

မည်သို့ပင်ရှိစေ. . . စောစောက ပြောသလို မိတ်ဆွေ ရှေ့နေကလည်း တိုက်တွန်း **A VIEW FROM THE BENCH** စာအုပ်ကလည်း လက်ကိုင်တုတ်လို ဖြစ်နေ. . ထိုအခါ ကျွန်တော်သည် ကျွန်တော့်ဖခင် ဦးသာခ၏ တရားရုံး ထွက်ဆိုချက်များကို ရေးရန် စိတ်ဒုန်းဒုန်း ချလိုက် ပါတော့သည်။

❑ ❑ ❑



http://myanmarpyithar.net

ကျွန်တော့်ဖခင်ကြီး ဦးသာခုသည် သူငယ်စဉ် ကျောင်းသား ဘဝက ကြီးလာရင် "ဝတ်လုံတော်ရကြီး" လုပ်မယ်ဟု အားခဲခဲ့သူ ဖြစ်ပါ သည်။ မိဘ ဆင်းရဲသည်က တစ်ကြောင်း "ကျွန်ပညာရေး အလိုမရှိ" ဟူသော ကြွေးကြော်ချက်နှင့် အတူ နိုင်ငံရေး လှုပ်ရှားမှုများတွင်လည်း စိတ်ရော ကိုယ်ပါ ဖြစ်သွားခဲ့လေရာ တန်းကျောင်းပညာရေး တစ်ဝက် တစ်ပျက်နှင့် နိုင်ငံရေးသမား ဖြစ်သွားခဲ့ရလေသည်။ နောက်ပိုင်း ဗိုလ်ချုပ် အောင်ဆန်းတို့ ကျဆုံးစဉ်ကာလ နိုင်ငံရေး ကမောက်ကမ မြင်ကွင်းများကို ဒေါသ ဖြစ်ခဲ့ရာမှ စာတစ်ပုဒ်လောက် ရေးရင်း စာရေးဆရာ ဖြစ်မှန်းမသိ ဖြစ်သွား ရလေတော့သည်။ (ဤသို့ အဖေက ပြန်ပြောပြပါသည်) နိုင်ငံ ရေးသမားဘဝမှ စီးပွားရေးသမားဘဝ ထိုမှ အနုပညာသည် ဘဝသို့ ကူးပြောင်းခဲ့သော်လည်း သူငယ်စဉ်က စိတ်အားသန်ခဲ့သော တရား တဘောင် ကိစ္စကိုကား ကွယ်လွန်ခါနီး ရက်ပိုင်းအလို အထိ လုပ်ဆောင် သွားခဲ့သည်ကား ကျွန်တော့်ကိုယ်တွေ့ပင်။ ကျွန်တော်သည် အဖေနှင့် အနေနီးခဲ့သူ မဟုတ်လား။ အဖေသည် ကိုယ်တိုင် ရှေ့နေရှေ့ရပ် မဖြစ်ခဲ့ရ သော်လည်း "အမှုရှာ အလွန် ဝါသနာပါသူ" ဖြစ်ပါ၏။

သူက တရားလိုဖြစ်စေ သူက တရားခံဖြစ်စေ ကုန်ကုန် ပြောကြ ကြေး မကင်းရာမကင်းကြောင်း ပုဂ္ဂိုလ်တို့ အမှုအခင်း ဖြစ်ကြရာတွင် ဖြစ်စေ အဖေသည် ယင်းဥပဒေ အရေးအခင်း၌ ပါဝင် ပျော်မွေ့တတ်သူ ဖြစ်၏။ ကျွန်တော့်အထင် ပြောရလျှင် တရားတဘောင် ဖြစ်ရသည်ထက် အချေအတင် ငြင်းခုန်၍ အနိုင်ယူရသော ဉာဏ်ကစားခြင်း၌ ပို၍ သာယာပုံ ရပါသည်။ ယင်းသို့ အမှုအခင်း တစ်ခုခုနှင့် ပတ်သက်လာတိုင်း အဖေ ပြောလေ့ရှိသော လက်သုံးစကားမှာ **"ပျော်စရာကြီးဟေ့"**။

သူ့အနေနှင့် "ပျော်စရာကြီးဟေ့" သော်လည်း နံဘေးမှ ကျွန် တော်တို့ အဖို့ကား မသက်သာလှပါ။ သူလိုအပ်သော အချက်အလက် များ ရှာဖွေပေးရခြင်း ဟိုသည် ပြေးလွှားရခြင်း စသည့် ဗာဟီရက များလှ



http://myanmarpyithar.net

ပါသည်။ အဆိုးရွားဆုံးကား အဖေ နားလေးသောကြောင့် တရားခွင်တွင် ဗမာ စကားကို ဗမာလို ပြန်၍ အော်ဟစ် ဘာသာပြန်ပေးရသော အလုပ်ဖြစ်ပါသည်။ ဆိုပါစို့. . . တစ်ဖက် ရှေ့နေ၏ အမေးစကားကို သူမကြား။ ကျွန်တော်က အော်ဟစ် ဘာသာပြန်ပေး။ တရားသူကြီး၏ စကားများကိုလည်း ထိုနည်းလည်းကောင်း။

စဉ်းစားကြည့်ကြပါ။ နားအလွန်လေးသော အဘိုးကြီး တစ်ယောက်နှင့် တစ်ဖက် ပုဂ္ဂိုလ်များ တရားသူကြီးများကြားတွင် အဆိုတော်ရုပ်ရှင်မင်းသား သုမောင်တစ်ယောက် ဗမာစကားကို အော်ဟစ် ဘာသာပြန်နေရသည်မှာ ဘယ်လောက်ခွကျလိုက်ပါသနည်း။

တစ်ခုတော့လည်း ရှိသည်။ ထိုကဲ့သို့ အဖေနားလေးနေခြင်းကပင် သူ၏တရားခွင် ဘဝ၌ အတော်ဟန်ကျခဲ့သည်များ ရှိခဲ့သည်။ ကြုံလျှင်ကြုံသလို ကျွန်တော် ရေးပါမည်။

ယခုလည်း ကျွန်တော် ကြုံဖူးသော အဖေ့ထွက်ဆိုချက် တစ်ခုကို သတိရသလို ရေးပါမည်။ ကြုံဖူးသည်က များသောကြောင့် သတိရရှိနေ သော မှတ်မှတ်ထင်ထင်ရှိနေသော အကြောင်းအရာများကို ကြုံသလို သာရေးပါမည်။ ဥပဒေ ပညာပေးစာမူ မဟုတ်သဖြင့် ရှေ့နောက်အဆီ အငေါ် မတည့်ပါက ခွင့်လွှတ်ကြပါကုန်။

စောစောက ပြောသလို အဖေ၏ နားလေးခြင်း ရောဂါသည်ပင် သူ့အဖို့ တရားခွင်မှာ အသာစီး ရတတ်သည်ကို နည်းနည်းပြောပြချင်ပါသည်။

ကျွန်တော် ငယ်ငယ်တုန်းက (လူပျိုပေါက်ဘဝ) အဖေနှင့် အတူ တရားရုံး တစ်ခုကို လိုက်ပါသွားခဲ့ရဖူးပါသည်။ ကြီးမားသော အထောက်အပံ့ ပေးရန်တော့ မဟုတ်။ ရေနွေးကြမ်းငှဲ့ပေးရန် သာဖြစ်သည်။ အဖေသည် ရေနွေးကြမ်းကို သူအမြဲလွယ်သော လွယ်အိတ်ကဲ့သို့ မက်မောသူဖြစ်ပါသည်။ ရေနွေးကြမ်းနှင့် စီးကရက်သည် အဖေ၏ ဇနီးနှစ်ယောက်

ထက်ပင် အဖေနှင့် မြဲခဲ့ပါသည်။ ကုန်ကုန် ပြောကြကြေး နောက်ဖေးသွား ရင်းပင် ရေနွေးကြမ်းအိုးအိမ်သာထဲ ယူသွားသည်အထိ။

သည်တော့. . . သူဘယ်သွားသွား ရေနွေးကြမ်းသည် သူ့အနားမှာ အမြဲ ရှိနေရပါသည်။ ကျွန်တော်သည် အဖေ၏ ရေနွေးကြမ်း ဒကာဟု ယူဆလိုက ယူဆနိုင်ပါကြောင်း။

စောစောကပြောသော တရားရုံးသို့လည်း ကျွန်တော်သည် ပထမဆုံး အကြိမ်အဖြစ် တရားဝင် လိုက်ပါခဲ့ဖူးခြင်း ဖြစ်ပါသည်။

ဤသို့ဖြင့် တရားတဘောင်ကိစ္စစတင်ပြီ ဆိုပါစို့ ရဲလုပ်ထုံး လုပ်နည်းများကို ကျွန်တော်ကမသိပါ။ (ပြောခဲ့ပါသကော။ ရေနွေးကြမ်း တာဝန်ခံပါဟု) သူ့ကို ထုံးစံအတိုင်း သူတို့ဖာသာ စီစဉ်လုပ်ကိုင်ကြ ပါသည်။

ထိုတရားရေးတွင် ကျွန်တော် စိတ်ဝင်တစားနှင့် သတိထားရ မည်မှာ တစ်ခုသာ ရှိပါသည်။ တစ်ဖက် ရှေ့နေက ကျွန်တော့် ဖခင်ကို မေးခွန်းထုတ်ပြီးအဖေက ပြန်ဖြေရသော အသိမျိုးသာ ဖြစ်ပါသည်။

ရှေ့နေကြီးသည် ကျွန်တော့်ဖခင်အား တိုတုတ်တုတ်နိုင်သော မေးခွန်းတစ်ခုကို မေးပါသည်။ ဘာ အဆက်အစပ်ရှိမှန်း ကျွန်တော်မသိ ပါ။ ရုတ်တရက် ဖြေရန်ခက်သော မေးခွန်းမှန်းတော့ သဘောပေါက်ပါ မည်။ ဆိုပါစို့ ဟုတ်ပါတယ် မဟုတ်ပါဘူး၊ ဤအဖြေမျိုးကိုသာ အဖြေပေး ရမည့်သဘော။

ဟုတ်နေသော်လည်း "မဟုတ်ပါဘူး" မဟုတ်သော်လည်း "ဟုတ်ပါတယ်" ဟု ဖြေသင့်က ဖြေရမည်ကိုတော့ ကျွန်တော်ရေးရေးမျှ နားလည်သည်။ ကျမ်းကျိန်ထားသည် ဆိုသော်လည်း လိမ္မာစွာ လိမ်လို့ ရသည် ဟူ၍လည်း ကျွန်တော်သဘောပေါက်နေခဲ့ပါသည်။ မပေါ်အောင် လိမ်ရမည်။ သို့မဟုတ် ဝေ့လည်ကြောင်ပတ် ဖြေရမည်။ ဤသို့ထင်ပါ သည်။

အဖေ့နေရာတွင် ကျွန်တော်ဝင်၍ နေကြည့်သည်။ ယင်းရှေ့နေကြီး၏ မေးခွန်းကို ကျွန်တော်ဖြေမည်။ တော်တော်ကျပ်သည့် ကိစ္စပေပဲ။ ဟုတ်သော်လည်း ဟုတ်သည် ဖြေလို့မရ။ အချိန်အတော်ယူပြီး စဉ်းစား၍ အဖြေပေးရပါလိမ့်မည်။

အဖေကတော့ ဘာလုပ်သနည်း။ သူ၏ကြီးမားသော နားရွက်၏ နောက်ကွယ်တွင် လက်ဝါးဖြန့်ကာရင်း မကြားဟန် ပြုလေ၏။ တကယ်မကြားနိုင်မှန်း ကျွန်တော်သိပါသည်။ ထိုအခါ တစ်ဖက် ရှေ့နေကြီးက ခပ်ကျယ်ကျယ် လေးထပ်မေး၏။ အဖေကတော့ "ဗျာ" "ဗျာ" ဟူ၍သာ ပြန်မေးပြီး မကြားဟန် ပြုပြန်ပါ၏။ တကယ် ကြားမကြားကို ကျွန်တော် မခန့်မှန်းတတ်သေးပါ။ နောက်တစ်ကြိမ် ရှေ့နေကြီးက အကျယ်ကြီး အော်၍ မေးလာသောအခါလည်း အဖေက "ခင်ဗျာ" ဟူ၍သာ လုပ်ပြန်ပါ၏။ သည်တစ်ကြိမ်မှာတော့. . . အဖေ ကောင်းကောင်း ကြားနိုင်မှန်း ကျွန်တော် သိပါသည်။ ကျွန်တော်နှင့် အဖေ အိမ်မှာနေရင်း စကားပြောလျှင် ကျွန်တော်အော်ပြောသော အသံထက် ယခု ရှေ့နေကြီး၏ အော်သံကပို၍ ကျယ်လောင် နေသောကြောင့် ဖြစ်ပါသည်။

အဖေကမူ "သာစု နားသိပ်လေးလို့ပါခင်ဗျာ. . . ဒီထက်ကျယ်ကျယ်လေး ပြန်ပြောပါဦးလား" ဟူ၍ ထပ်ကွန့်လိုက်ချေသေး၏။

သည်အကြိမ်တော့မူ တစ်ဖက်ရှေ့နေကြီးသည် ဒေါသတကြီး ဖြစ်ရလေတော့၏။ မှန်ပါသည်။ သာမန် အချိန်များ၌ပင် နားလေးသူများကို အထပ်ခါခါ အော်ဟစ်ပြောဆိုရဖန်များလျှင် ပြောရသူသည် စိတ်မရှည်နိုင်ပဲ ဒေါသဖြစ်ရတတ်သည် မဟုတ်ပါလား။ ယခုဟာက တရားခွင်ပေါ်မှာ။

ထို့ကြောင့်ရှေ့နေကြီးသည် ဒေါသသံထွက်လျက် လိုအပ်သည်ထက်ပိုပြီး အော်ဟစ် မေးမြန်းလေတော့သည်။ ထိုအခါ ကျတော့လည်း အဖေက. . .



http://myanmarpyithar.net

"တရားသူကြီးမင်း ခင်ဗျာ. . . တစ်ဖက်က ပညာရှိ ဝတ်လုံတော်ရမင်းက ကျွန်တော့်ကို အော်ဟစ်ကြိမ်းမောင်းနေပါတယ်. . . တားမြစ်ပေးပါ ခင်ဗျား" ဟု လုပ်ချလိုက်လေတော့သည်။ ထိုအခါ တရားသူကြီးကလည်း ကောင်းကောင်းမွန်မွန် မေးမြန်းပါရန်။ တစ်ဖက် ရှေ့နေကြီးကို မေတ္တာရပ်ခံလေ၏။

ကျွန်တော်သည် တစ်ဖက်ရှေ့နေကြီးနေရာသို့ တစ်လှည့် ပြန်ဝင်ကြည့်ပါ၏။ ဘယ်လောက် မခံချင်စရာ ကောင်းလိုက်ပါသနည်း။ ထပ်ခါတလဲလဲလည်း မေးရသေးသည်။ အပြစ်ပြောလည်း ခံရသေးသည်။ ပြီးတော့ သူမေးသည့်မေးခွန်းက. . . ဟုတ်တယ် မဟုတ်ဘူး တစ်ခွန်းတည်း ဖြေရုံသာ။ အချိန်ယူစဉ်းစား နေစရာလည်း မလိုပါ မဟုတ်လား။ ကျွန်တော်ကတော့ ဥပဒေသမား မဟုတ်သဖြင့် သည်လောက်ပဲ နားလည်ပါသည်။

စောစောကပြောသလို အထပ်ထပ် အခါခါ မေးသူကမေး အဖေက မကြား။ ကြားပြန်တော့လည်း မကြားချင်ဟန်ဆောင်။ စိတ်မရှည်လို့ အော်ဟစ်ပြန်တော့လည်း တရားသူကြီးကို တိုင်ကြားနှင့် ထိုကိစ္စသည် ကျွန်တော့်စိတ်ထင် ငါးမိနစ်လောက် ကြာသွားပါသည်။ နောက်ဆုံးတွင် တစ်ဖက်ရှေ့နေကြီးသည် အောင့်သီးအောင့်သက်ဖြင့် ဒေါသမပါသော အသံကျယ် သုံးပြီး ထပ်မေးရလေသည်။ ထိုအခါကျမှ ကျွန်တော့်အဖေသည် "သြော်. . . ဒါလား. . . မဟုတ်ပါဘူးခင်ဗျား. . . ဒါပေမယ့်"

တစ်ဖက်ရှေ့နေ. . . "ရပါပြီ ရပါပြီ. . . မဟုတ်ဘူးဆိုရင်ပြီးတာပါပဲ. . . ဒါပေမယ့်. . . တွေ ဘာတွေ မလိုပါဘူး" ဟူ၍ ရှူးရှူးရှားရှား ပြောရင်း ဝုန်းခနဲ ထိုင်ချလိုက်လေတော့သည်။ သူလိုချင်သောအဖြေမျိုးကို ရမသွားရှာမှန်းတော့. . . ကျွန်တော်ကလည်း သိလိုက်ပါရဲ့။

သည်တော့မှပင်. . . နားလေးသည်ကို အခွင့်ကောင်းယူပြီး အဖေ အချိန်ဆွဲမှန်း ကျွန်တော် သဘောပေါက်ရပါသည်။ မှန်ပါ၏။ တစ်ဖက် ပုဂ္ဂိုလ်၏ အမေးစကားသည် အမှုကြောင်းအတွက် အရေးကြီး ပုံရသည်။ အဖြေမှားလျှင် ဒုက္ခရောက်နိုင်သည်။ ဟိုကလည်း သူလိုချင် သော အဖြေကို ဒက်ခနဲ ရနိုင်အောင် ရေလာမြောင်းပေးစကား မေးထား သည်။ စဉ်းစားနေချိန်လည်း မရ။ ဝေ့လည်ကြောင်ပတ် လုပ်နေလို့လည်း မဖြစ်။ သည်တော့. . . မကြားချင်ဟန်ဆောင် နေလိုက်ရုံပေါ့။

ထိုသို့ မကြားချင် ဟန်ဆောင်နေခဲ့သော အချိန်များတွင် စဉ်း စားချိန် များစွာရ၏။ တစ်ဖက်လူ ဒေါသထွက်သောအခါ သူ့မေးခွန်းများ သည်လည်း မှားကုန်နိုင်သည်။ စကားမမှားသည့်တိုင်. . . ဒေါသကြောင့် စေတနာ မှားနိုင်သည်။

“မှတ်ထားသားရဲ့ ရှေ့နေရှေ့ရပ်ဆိုတာက. . . တစ်ဖက်လူကို စကားနှိုက်တဲ့အခါ သူတို့ကသာ လိုရာဆွဲပြီး လေကြောရှည်တာ. . . ဖြေရတဲ့လူ စကားရှည်ရင်မကြိုက်ဘူး- သူတို့လိုချင်တဲ့ အဖြေကိုပဲ မြန်မြန် ရချင်ကြတာ. . . အဲ. . . မြန်မြန်ဖြေလိုက်လို့ သူတို့ ခွင်ထဲရောက်ပြီ ဆိုတာနဲ့. . . ဖေဖေတို့ ရုပ်ရှင်ရိုက်သလိုပေါ့ကွာ. . . cut ပဲ. . . ရပ် တော့ပဲ. . . ဟဲဟဲ. . . ” ဟု နောင်အခါ အဖေက ကျွန်တော့်ကို ပြောပြ ပါသည်။

ဤသို့ဖြင့် ထိုနေ့က တရားခွင်ပြင်ပသို့ ရောက်ရှိကြသောအခါ စောစောကပြောသော ရှေ့နေကြီးသည် အဖေ့ထံသို့ လျှောက်လာပြီး နှုတ် ဆက်လေသည်။ ပြုံးပြုံးရွှင်ရွှင်ပင် စကားဆိုပါ၏။ သာမန် အသံဖြင့်ပင် ပြောပါ၏။ “ဆရာကြီး. . . ဆရာကြီး. . တော်ပါပေတယ်ဗျာ. . . ဒါနဲ့ ဆရာကြီး နားကြပ်တွေ ဘာတွေ ဝယ်မထားဘူးလား. . . အရေးဟယ် အကြောင်းဟယ် ဆိုရင် သုံးရတာပေါ့”

အဖေက ဒါတော့ ကြားပြန်ပါသည်။ ရှေ့သွား နှစ်ချောင်းသာရှိ



http://myanmarpyithar.net

သော သူ့ပါးစပ်ကို မဟာတဟာ ပြုံးပြလျက် သူ့လွယ်အိတ်ထဲသို့ လက်နှိုက်ရင်း. . .

"ဝယ်စရာတောင်မလိုပါဘူး ဝတ်လုံတော်ရမင်းရယ်. . . တစ်လောကတွင်. . . ဝန်ကြီးဦးရဲခေါင် (ယခင်နိုင်ငံခြားရေး) လက်ဆောင်ပေးလို့ အဆင်သင့် ရှိပါတယ်. . . ဟော့ဒီမှာ. . ." ဟု ပြောပြီး နားကြပ်ဗူးကို ထုတ်ပြလေသည်။ ရွှေနေကြီးက "ဟာ. . . ဒါဖြင့်လည်း. . . စောစောက တရားခွင်မှာ တပ်ထားရောပေါ့. . . ကျွန်တော်မှာ အော်ရလွန်းလို့ မောလိုက်တာဗျာ. . ." ဟုဆိုပါသည်။ အဖေကမူ "အင်း. . . ဝတ်လုံတော်ရမင်းကြီး မသိဘူးဗျ. . . နှစ်ရှည်လများ နားလေးနေတဲ့သူဟာ နားကြပ်တပ်စ မရှိရင် ခေါင်းမူးတယ်. . . ပြီးတော့ နားကြပ်က. . . အနီးသံရော အဝေးသံတွေပါ အကုန်လုံး စုပြုံကြားနေရတော့. . . ကိုယ်အာရုံစိုက်တဲ့ စကားအပြင် တခြားအသံ ဗလံတွေပါ ဝင်ရောနေတာလား. . . အရေးကြီးတဲ့ စကားဆိုရင်. . . နားကြပ်မတပ်ပဲ အော်ပြောမှ သဲသဲကွဲကွဲ ကြားရတာ. . . ရော့. . . မယုံရင်တပ်ကြည့်ပါလား" ဟု နားကြပ်ဗူးကို ပေးရင်း ပြောပါသည်။

ထိုအခါ ရွှေနေကြီးလည်း အောင့်သက်သက်ဖြင့် "နေ. . . နေပါစေဗျာ ကိုင်းကိုင်း. . . နောက်တစ်ခေါက် ကျရင်အမေးအဖြေလုပ်လို့ လွယ်အောင်. . . ခုကထဲက နားကြပ်တပ်တာ လေ့ကျင့်ထားပေတော့ဗျို့. . ." ဟု ရယ်မောပြောပါသည်။

"ဟုတ်ကဲ့. . . ကြိုးစားကြည့်ပါမယ်. . . ခက်တာက. . . နားလေးတဲ့ လူဟာ မကြားချင်တာတွေ မကြားရတာကို အရသာတွေ့တတ်တဲ့ လူစားမျိုးဗျ. . . နားလေးဖူးမှ သိနိုင်ပါတယ်လေ. . ."

ရွှေနေကြီးလည်း မချိသွားဖြဲ နှုတ်ဆက်ရင်း သူ့မော်တော်ကားရှိရာသို့ ထွက်သွားလေ၏။ ကားပေါ်ရောက်လျှင် အဖေ့ဘက်သို့ တစ်ချက်လှည့်ကြည့်ရင်း သူ့နံဘေးမှ လူတစ်ယောက်အား တစ်စုံတစ်ရာ ရေရွတ်



http://myanmarpyithar.net

ပြောဆိုလိုက်မည်ကို မြင်လိုက်ပါသည်။ အဖေက. . .

"ဟော့. . . သား. . . ဟိုမှာ. . . အဖွေအတင်း ပြောသွားတာ ကြားလား"

"ဟာ. . . ဒါလောက် အဝေးကြီး ဘယ်ကြားပါ့မလဲ ဖေဖေရ" အဖေကတော့ ရယ်မောလျက်

"မင်းကလဲကွာ. . . အဖေက နားလေးနေကျဆိုတော့. . . လူတစ်ယောက် ပါးစပ်လှုပ်တာကို ကြည့်ပြီး ဘာပြောတယ်ဆိုတာ ခန့်မှန်း တတ်မှန်း မင်းမသိဘူးလား မင်းသားမင်းသမီးတွေ ဒိုင်ယာလော့စ် မှားရင် တောင် အဖေမကြားပဲ သိသေးတာပဲဟာ. . ."

"နော့. . . သူဘာပြောသွားတာလဲ ဖေဖေ"

"တော်တော် လူပါးဝတဲ့ လူကြီးတဲ့ကွ. . . ဟားဟားဟား"

မဏ္ဍိုင်(မဂ္ဂဇင်း)
နိုဝင်ဘာလ (၁၉၉၇)

# ဦးသာခု၏ထွက်ဆိုချက် (၂)

ကျွန်တော့်ဖခင်ကြီး ဦးသာခု၏ တရားရုံး ထွက်ဆိုချက်များကို အလျဉ်းသင့်သလို ရေးမည်ဟု စိတ်ကူးရှိ၏။ သို့သော် ကျွန်တော့်တွင် တရားတဘောင် ကိစ္စနှင့် ပတ်သက်၍နားလည်မှု အားနည်းနေသဖြင့် အမှားအမှန် ခွဲခြားရန် လက်တွန့်နေခဲ့ကြောင်းကို ဦးသာခု၏ ထွက်ဆိုချက် (၁) (၁၉၉၇- နိုဝင်ဘာမဂ္ဂဇင်း)တွင် ကျွန်တော်ဝန်ခံခဲ့ပြီး ဖြစ်ပါသည်။ ပြန်လည်၍ဖော်ပြမည်ရှိသော် . . ။ ကျွန်တော့်ဖခင်သည် ရှေ့နေ ရှေ့ရပ် တစ်ဦး မဟုတ်သော်လည်း . . တရားရေး၌ လိမ္မာနှံ့စပ်သူ ဖြစ်သည့် အပြင်- တစ်ဖက်မှလည်း စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာ ဖြစ်နေလေရာ တရားတဘောင် ရင်ဆိုင်ရသောအခါ ဥပဒေလက်နက် အပြင် အနုပညာ လက်နက်များကိုပါ အသုံးချလေ့ရှိသူ ဖြစ်သည်။ ယခုအခါ အဖေ၏ ယင်း တရားရေး တိုက်ပွဲများကို ကျွန်တော်က ပြန်လည်ဖော်ပြရာ၌ ဥပဒေ အကြောင်းကို ကျွန်တော် မကျွမ်းကျင်သည် တစ်ကြောင်း အနုပညာ လက်နက်ကို တရားရေး၌ အသုံးချခြင်းသည် တစ်ဖက် တရားပြိုင်ကို အနိုင်ကျင့်ရာများ ကျနေမည်လားဟု စဉ်းစားမိသည် တစ်ကြောင်း တို့ ကြောင့် လက်တွန့် နေခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်တော်၏ စာဖတ် ပရိသတ်



http://myanmarpyithar.net

တချို့က "ဦးသာခု၏ ထွက်ဆိုချက်များ" ကို အစဉ်တစိုက် ရေးပါရန် တိုက်တွန်း ကြသော်လည်း စောစောက ပြောသလို လက်တွန့် နေစရာ အကြောင်းများ ရှိသည့် အပြင် ကျွန်တော် မှတ်မိသမျှ အကြောင်းအရာ များမှာလည်း အစီအစဉ် မကျနဲ၊ အဖေ၏ ထွက်ဆိုချက်များကို သိမှီလိုက် သူများကလည်း ကြုံသလိုသာ ပြန်လည် ပြောပြနိုင်ကြလေရာ. . .။

ကျွန်တော်သည် ဤစာစုများကို ခုနှစ်သက္ကရာဇ်များ အတိ အကျ မပါဘဲ. . .၊ အကြောင်းအရာများ အစီအစဉ်မကျနဘဲ. . . အမှု တွင်ပါဝင်ပတ်သက်ခဲ့သူတို့၏ အမည်နာမကို အမှန်အတိုင်း မဖော်ပြဘဲ . . . ရေးရ ပါလိမ့်မည်။ အဖြစ်အပျက်ကား အမှတ်(၁) ဖြစ်ချင် ဖြစ် ပါလိမ့်မည်။ အမှတ်(၉၉) ဖြစ်ချင် ဖြစ်ပါမည်။ ခွင့်လွှတ် ကြပါကုန်လော့"

❑ ❑ ❑

ပြီးခဲ့သည့် ဦးသာခု၏ ထွက်ဆိုချက်(၁)တွင် အမှုကြီးတစ်ခု၌ တစ်ဖက်ဝတ်လုံတော်ရမင်း၏ "အဖြေရခက်သော မေးခွန်း" တစ်ခုကို ချက်ချင်း အဖြေမပေးဘဲ. . . မကြားချင် ဟန်ဆောင်၍ (တကယ်လည်း အဖေ နားလေးကြောင်းကို တစ်နိုင်ငံလုံး သိပါသည်။) အချိန်ဆွဲပြီးမှ သင့်လျော်သော အဖြေကို ပေးခဲ့သဖြင့်. . . တစ်ဖက်ဝတ်လုံကြီး ဒေါသ ဖြစ်ရသည်ကို ရေးခဲ့ပါသည်။

ယခု ဤစာစုတွင်ကား. . .။

သူ၏ စူးရှ ပြူးကျယ်သော မျက်လုံးအစုံကို လက်နက်အဖြစ် အသုံးချပြီးတရားရုံးတော်တွင် ထိုးစစ်ဆင်ခြင်း အကြောင်းကို ဖော်ပြပါ မည်။ စူးရှ ပြူးကျယ်သော မျက်လုံးဟု ကျွန်တော်က သုံးနှုန်းရသော်လည်း တကယ်တမ်း ထိုအမှု ဖြစ်စဉ်ကာလဆီက အဖေ့ ခမျာမှာ မျက်စိတစ်ဖက် ကွယ်နေပြီ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော် ဆိုလိုသည်မှာ အဖေ၏ ပင်ကိုယ်မူလ ပြူးကျယ်စူးရှသော မျက်လုံးကြီးများကို ဝိသေသပြုသည်

ဟူ၍ နားလည်ကြပါရန်။

အဖေသည် နှုတ်နည်းသူတစ်ဦးမဟုတ်သလို နှုတ်လျှာသွက်သူတစ်ဦးလည်းမဟုတ်ပါ။ စကားအရာ၌ သာမန်လူတစ်ဦးလောက်မျှသာဖြစ်ပါသည်။ လိုအပ်လျှင် ထိထိရောက်ရောက် ပြောတတ်သည်ကား စာရေးဆရာ ရုပ်ရှင် ဒါရိုက်တာ တစ်ယောက်အဖို့ အလေ့အကျင့်လိုဖြစ်နေပါသည်။ သို့ရာတွင် အဖေ၏ အကြည့်သည်ကား လွန်စွာကြောက်ဖွယ် ကောင်းပါသည်။ တစ်နည်းအားဖြင့် အဖေသည် မျက်လုံးဖြင့် အလွန်စကားပြောတတ်သူ ဟူလို။

အဖေသည် သူ့မိသားစုကို လည်းကောင်း၊ သူ၏ တပည့်သားမြေးများကိုလည်းကောင်း မျက်လုံးဖြင့်သာ စကားပြောတတ်သူ ဖြစ်ပါသည်။ အဖေ့မျက်လုံးသည် ဘာကြောင့်မှန်းမသိ တစ်ဖက်သားကိုအဓိပ္ပာယ် ရှင်းလင်းစွာ နားလည်စေတတ်ပါသည်။ သူနှင့် ရုပ်ရှင် ရိုက်ဖူးသော သရုပ်ဆောင်များကို မေးကြည့်. . . “ဦးသာခု ဒါလောက် နားလေးတာ ခင်ဗျားတို့ သရုပ်ဆောင်တဲ့အခါ ဒိုင်ယာလော့(ခ်)တွေ ပြောတဲ့အခါ. . . အမှားအမှန်ကို. . . သူဘာနဲ့ ဆုံးဖြတ်သလဲ”ဟု။ ဦးသာခု၏ မျက်လုံးကို ကြည့်ပြီး မိမိတို့ အမှားအမှန်ကို သိရပါသည်ဟူ၍သာ အဖြေပေးကြပါလိမ့်မည်။

ယခု- အဖေနှင့် ပတ်သက်ခဲ့သော အမှုတစ်မှုတွင်- လူ တစ်ယောက်၏ မျက်လုံးအကြည့် မည်မျှ အရေးကြီးကြောင်းကို အဖေက ဖော်ကျူးခဲ့လေသည်။

❑ ❑ ❑

ယင်းအမှုမှာ အဖေ၏ ကိုယ်ပိုင်အမှု ဖြစ်ပါသည်။ ဆိုလိုတာက. . . အဖေ့တွင် သူကိုယ်တိုင် ဖြစ်ပွားခဲ့ရသော အမှုများ ရှိခဲ့သလို နီးစပ်ရာ မိတ်ဆွေ သင်္ဂဟများ၏ အမှုတို့ကိုလည်း စိတ်ရောကိုယ်ပါ

(ကိုယ့်အမှုကဲ့သို့ သဘောထားပြီး) ပါဝင် ကူညီတတ်ပါသည်။ သူ့စိတ်ထဲ မတရားဟု ထင်လျှင် ကာယကံရှင်က အကူအညီ မတောင်းသည့်တိုင် အဖေက ယင်းအမှု၌ ဇွတ်တရွတ် ပါဝင် ပတ်သက် ပေးတတ်လေသည်။ ကျွန်တော့် အတွေ့အကြုံ အရ. . . အဖေသည် **"ခြေနှစ်ချောင်း"** ပေါင်း များစွာလည်း ကယ်ခဲ့ဖူးလေသည်။ **"မင်းလေ့"** မျောသည်ကိုလည်း ဆယ် ခဲ့ဖူးပေါင်း မနည်းပါပြီ။

မည်သို့ပင် ရှိစေ. . . အဖေ အမှုရှာ ဝါသနာ ပါသည်ကို တော့. . . ကျွန်တော်ကလည်း ဝန်ခံပြီးလေပြီ။ သည်အတွက် စိတ်ညစ်ရ သော ဒုက္ခကိုလည်း ကျွန်တော် ပြောခဲ့ဖူးပါပြီ။ သို့သော်. . . ယင်းကိစ္စကို ယခုနှယ်ခါ ကျွန်တော် ပြန်စဉ်းစားကြည့်တော့ အဖေ့ဝါသနာကို ခွင့်လွှတ် သင့်သည်ဟု ယူဆနေမိပြန်သည်။ အဘယ့်ကြောင့်ဆိုသော် သူ၏ မဟုတ် မခံစိတ်ကို သဘောကျသောကြောင့်ပင်။ **"မဟုတ်မခံစိတ် ရှိသူဟာ ရန်သူ ပေါတယ်. . . မှန်ရာကို ဒဲ့ဒိုးပြောလို့ လူမုန်းခံရတယ်ဆိုရင်. . . အဲဒါ သာခုအဖို့ အရသာပဲ"** ဟူသော စာတန်းကို **"သာခုလူပါးဝတယ်"** ဆိုသည့် စာအုပ်တွင် အဖေက တကူးတကန့် ရေးသား ပုံနှိပ်ခဲ့လေသည်။ ယင်း စာတန်းကိုပင် ကျွန်တော်ကနှစ်သက်သဖြင့် အဖေ ကွယ်လွန်သောအခါ သူ၏ အုတ်ဂူတွင် ကမ္ပည်းကျောက်စာ ထိုးခဲ့ပါသည်။

❑ ❑ ❑

ထို့ကြောင့်ပင် အများကောင်းကျိုးကိုသာ ဆောင်ရွက်ရန် စိတ် ကူးတတ်သော စာရေးဆရာကြီး တစ်ယောက် အထူးသဖြင့် အမှန်တရား ဘက်မှ မျက်နှာ အပျက်ခံပြီး ဘက်လိုက်တတ်သော လူကြီးတစ်ယောက် ၏ တရားရေးဆိုင်ရာ ဉာဏ်ကစားချင်သော ဝါသနာကို ကျွန်တော်တို့ အဘယ်ကြောင့် ခွင့်မလွှတ်နိုင်ရမည်နည်း။

ကိုင်း. . .၊ စောစောကပြောသော- မျက်လုံးဖြင့် စကားပြော



http://myanmarpyithar.net

သော အမှုကိစ္စကို စကားဆက်ကြပါစို့ရဲ့။

အမှုကြောင်းနှင့် အမှုသွား အမှုလာ ဖြစ်စဉ်များကို ကား ကျွန်တော်က ပြောမပြတော့ပါ။ ယင်းအမှုသည် စိတ်ဝင်စားဖွယ် အလွန် ကောင်းပြီး. . . အဖေနှင့်ပတ်သက်ခဲ့သော တရားတဘောင် လောကဌ် ဂယက်တစ်ခု ထင်ခဲ့သောကြောင့် ယင်းအကြောင်းအရာကို သီးသန့် ကျွန်တော် ရေးလိုပါသည်။ ရေးလည်း ရေးပါမည်။

ယခုတော့. . . ဥပဒေ ရေးရာထက်- လူတို့၏ စိတ်နေသဘာဝ တစ်ခုကြောင့် အမှန်တရား ပေါ်ပေါက်ရခြင်းကိုသာ ကျွန်တော်လို စာရေး ဆရာ မျိုးကသာ ရေးတာ သင့်လျော်ပါလိမ့်မည်။

အဖြစ်က သည်လိုပါ။

အဖေကွယ်လွန်ခါနီး လပိုင်းအလိုတွင် မပြီးသေးသော အဖေ၏ ကိုယ်ပိုင် အမှုတစ်မှုကို စစ်ဆေးခဲ့ပါသည်။ ရုံးတော်မှာ ရန်ကုန်မြို့လယ် ခေါင်မှ အလွန် ဆူညံသော လမ်းတစ်လမ်း၏ လေးထပ်မြောက် အဆောက်အအုံတွင် ရှိပါသည်။ ကျွန်တော်တို့လို လူရွယ်များပင် ရုံးတော် ရှိရာ အပေါ်ထပ်သို့ တက်ရသည်မှာ မောလှပါသည်။ သည်ကြားထဲ တရားခွင်တို့ ထုံးစံအတိုင်း သပနပေါင်းစုံသော လူများဖြင့် ယောက်ယက် ခတ်နေသော နေရာ ဖြစ်လေရာ. . . လူရောစိတ်ပါ မောရပါသည်။

ဤတွင် သေခါနီးထိ နေရာတကာ သူကိုယ်တိုင်သာ လုပ်ချင် တတ်သော လူမမာ အဘိုးကြီး ဦးသာစု ယင်းတရားခွင်သို့ တက်ရသည် မှာ မည်မျှ ဒုက္ခကြီးကြောင်း သိသာနိုင်ပါသည်။ သို့သော် သည်နေ့ သူ ကိုယ်တိုင်ပင် တရားခွင်သို့ လိုက်ချင်သည်ဟု ဇွတ်တရွတ် ဆိုနေသဖြင့် ခေါ်သွားခဲ့ရပါသည်။ အဖေ့ကို ကျွန်တော်က တစ်ဖက် သူ့တပည့် တစ် ယောက်က တစ်ဖက် ဘယ်ညာ လက်ချင်းယှက်၍ ပုခက်ကဲ့သို့ လုပ်ပြီး အပေါ်ထပ် တင်ပေးရပါသည်။ ဒါတောင် ကျွန်တော်တို့ချည်း လေးထပ် သို့ မတင်နိုင်သဖြင့် နီးစပ်ရာ အမြင်မတော်သူများက အလှည့်ကျ ဝင်ပြီး



http://myanmarpyithar.net

ကူညီ ထမ်းပေးရပါသည်။ ထမ်းပိုးရသူ ကျွန်တော်တို့တွင် မောလားဆို တော့. . . မဟုတ်သေး. . . အထမ်းဖြင့် လိုက်ပါရသူ အဖေကိုယ်တိုင် ပင် မောမောနေသဖြင့် လှေကား တစ်ဆစ်ချိုးတိုင်း ရပ်တန့် ပေးရပါသေး သည်။ ဩော် သေခါနီး လူမမာသည်ကြီးကိုး။

အပေါ်သို့ ရောက်သောအခါ. . . တရားသူကြီးများ ပင်လျှင် သူတို့နေရာ အသီးသီးတွင် အသင့် ရှိနေကြပါပြီ။ ကျွန်တော် မှတ်မိနေ သေးသည်။ နာယက တရားသူကြီးတစ်ဦးသည်. . . အဖေ့ ဖြစ်အင်ကို ကြည့်ပြီး "ခက်လိုက်တာ ဆရာကြီးရယ်. . . ဒါလောက် ဖွဲကောင်းနေတဲ့ တရားလို ကျွန်တော့် တစ်သက် မကြုံဖူးပါဘူး" ဟုပြောနေသယောင် သက်ပြင်းကြီး ချနေပါသည်။ နှုတ်က ဖွင့်မပြောသော်လည်း သူ့မျက်နှာရိပ် ကို ကျွန်တော် ကောင်းကောင်းကြီး ဖမ်းစားမိခဲ့၏။

သို့ဖြင့်. . . အမှုစစ်ဆေးခြင်း စတင်သည် ဆိုကြပါစို့ရဲ့။ ဤ တွင် အဖေသည် သူ့အား ကရုဏာသက်စွာ ကြည့်နေသော တရားသူကြီး များအား ကတုန်ကယင်သော လက်ကြီးများကို ကာ၍ပြလေ၏။ (ခဏ နေပါဦး ခင်ဗျား ဆိုသည့် သဘော။)

"တရားသူကြီးမင်း ခင်ဗျား. . ." တော်တော် ကြာကြာကြီး စကားပြတ်နေပြန်၏။ မောလွန်းလို့။

"ယခု အမှုနဲ့ပတ်သက်ပြီး (မောနေပြန်). . . သာခုမှာ အရေး ကြီးတဲ့ စကားလေး တစ်ခွန်း. . . (ရပ်နေပြန်). . . ပြောစရာ ရှိပါ တယ်. . . အဲဒါ. . ."

ထိုအချိန်တွင် ဘာကြောင့်မှန်းမသိ တစ်ဖက်မှ ရှေ့နေကြီးက အဖေ့ စကားကို ဟန့်တားရန် ကြိုးစားလေ၏။

သို့ရာတွင်. . . တရားသူကြီးက ကရုဏာသက်သော သဘော၊ အလိုလိုက်သော သဘောဖြင့် တစ်ဖက်ရှေ့နေကြီးအား "ပြောပါစေဗျာ" ဟူသော အမူအရာမျိုးကို ပြလေ၏။ တရားသူကြီး၏ အမူအရာမှာ. . .

စောစောက ပြောသလို "တော်တော် ဖွဲ့ကောင်းတဲ့ အဖိုးကြီး" ဟူသော မျက်နှာထားအပြင်. . . "ဪ သေလုမျောပါး ဝေဒနာသည်ကြီး တစ်ယောက် ပြောချင်တာ ပြောပါစေလေ". . . ဟူသော အမူအရာပါ စွက်ဖက် နေတော့သည်။ အဖေက စကားဆက်လေသည်။

"ကျွန်တော်က စာရေးဆရာပါ. . . (ခဏနား) ပြီးတော့- ရုပ်ရှင် ဒါရိုက်တာပါ. . . (ခဏနား). . . ဒီတော့. . လူတွေရဲ့ မူလစိတ် တွေကို လေ့လာရပါတယ်. . . တရားသူကြီးမင်းများလည်း ဒီအတိုင်းပဲ လို့ကျွန်တော် ထင်ပါတယ်. . . (တော်တော် ကြာကြာနား). . . ဒီ တော့. . . လူတွေရဲ့ အတွင်း သဘောဟာ. . . ပါးစပ်က ထွက်တဲ့ စကားပေါ် မူတည် မနေပါဘူး. . . သူတို့ရဲ့ မျက်လုံးတွေ ပေါ်မှာသာ မူတည်နေပါတယ်" ထိုအချိန်တွင် တစ်ဖက် ရှေ့နေကြီးက ထပ်မံဟန့်တား ပြန်၏။ တရားသူကြီးက မျက်စ, ပစ်ပြန်၏ အဖေကလည်း "တောင်းပန်ပါ တယ် သည်းညည်းခံပါဗျာ" ဟူသော အမူအယာမျိုးကို လှည့်၍ပြ၏။ ပြီးမှ. . .

"သာဓုလို နားအင်မတန်လေးတဲ့. . . အနုပညာသည် တစ် ယောက်ဟာ. . . (ခဏနား) လူတွေရဲ့ မူလစိတ်ကို သိချင်ရင်. . . သူတို့ စကားထက်. . . သူတို့ မျက်လုံးတွေကိုသာ သေချာအာရုံစိုက် ရပါတယ် (ခဏနား) တရားသူကြီးများဟာလည်း ဒီသဘာဝကို သဘောပေါက် လက်ခံကြမယ် ထင်ပါတယ်. . . (တရားသူကြီးများ စိတ်ဝင်စားလာပြီး . . . အဖေ၏ ပြူးကျယ်သော မျက်လုံးကြီးများကို စူးစိုက်ကြည့်နေကြ သည်ကို ကျွန်တော် သတိပြုမိ၏။). . . ဒီတော့ ခင်ဗျာ. . . တစ်ဆိတ် ကျေးဇူးပြုပြီး အခု အမှုစစ်ဆေးလို့. . . ဟောဟိုဘက်က. . . ကျွန်တော် ရဲ့ တရားပြိုင်များ သက်သေများ ဝတ်လုံတော်ရမင်းကြီးများကို မေးတဲ့ အခါ သူတို့ရဲ့ (ခဏနားပြန်) မျက်လုံးတွေကို အသေအချာ စူးစိုက်ကြည့် ပေးဖို့. . . သာဓု အနူးအညွတ် တောင်းပန်ပါတယ်. . . ဒါလောက်ပါ

ပဲ. . .”

အဖေသည် မောလွန်းသွားဟန်ဖြင့် ကျွန်တော်၏ ပခုံးပေါ်သို့ သူ့ခေါင်းကလေးကို မှီချလိုက်ရင်း. . .

“မျက်လုံး ဆိုတာ ဘယ်တော့မှ လိမ်လို့ ရတဲ့အရာ မဟုတ်ပါဘူး. . . ဟူး. . . မောလိုက်တာ သားရေ. . . ရေနွေးကြမ်း တစ်ခွက်လောက်. . .”

လေးစားအပ်ပါသော စာဖတ်သူ။ ယင်းစကား ပြောဆိုအပြီး နောက်ပိုင်း. . . တရားခွင်၏ တရားဝင် အခြေအနေများကို သင့်ဘာသာပင် တွေးကြည့်ပါတော့။ ကျွန်တော် သတိထားမိ တာကတော့. . . တစ်ဖက်မှ ထွက်ဆိုသမျှ. . . မေးသမျှသော ပုဂ္ဂိုလ်များသည် အမှုအရာတွေ ပျက်စကားတွေမှား ဖြစ်တန်သလောက် ဖြစ်ကုန်တာတော့ သေချာပါသည်။ တရားသူကြီးများမှာလည်း. . . အဖေ၏ တိုက်တွန်းချက်ကို လက်ခံ၍လား၊ သူတို့ဘာသာ ယောင်ပြီး လိုက်လုပ်နေမိသလား၊ မပြောတတ်ပါ။ တစ်ဖက်မှ တစ်ယောက်ယောက်မေးရန် သို့မဟုတ် ဖြေရန် ထလိုက်တိုင်း ထိုသူ၏ မျက်လုံးအစုံကိုသာ ဝိုင်း၍စူးစိုက်ကြည့် နေကြပါတော့သည်။ အဖေသည်လည်း ဘာတစ်ခွန်းမှ ထပ်မပြောတော့ဘဲ. . . တရားခွင် ဆုံးသည်အထိသာ. . . တစ်ဖက် ပုဂ္ဂိုလ်များကိုသာ သူ၏ ပြူးကျယ်သော မျက်လုံးကြီးများဖြင့် စူးစိုက် ဒေါက်ထောက် ကြည့်နေပါတော့သတည်း။

**(မှတ်ချက်**။ ။ ဤစာစုကို ဖတ်ပြီးသကာလ၊ အကြင်စာဖတ်သူသည် သဘောကျ၍ပဲဖြစ်ဖြစ်. . . လက်နက်သဖွယ် သဘောထားလို၍ပဲ ဖြစ်ဖြစ်. . . ကိုယ်တိုင်တရားခွင်၌ ကျင့်သုံးချင်မိသည် ဆိုငြားအံ့. . .။ အရမ်း မပြုမူလိုက်ကြ ပါကုန်နှင့်။ အဘယ့်ကြောင့်ဆိုသော်. . . မိမိသည် . . . ဥပဒေ ရေးရာ၌ ကျွမ်းကျင်ပါရဲ့လား၊ တစ်ဖက်လူသည် တကယ်ပင် လိမ်လည်နေသူလား. . . မိမိကကော တကယ် ရိုးသားရဲ့လား. . .

မိမိ၏ တောင်းဆိုချက် စကားကို တရားခွင်က လက်ခံပါမည်လား. . . ဆို တာတွေ သတိထားရမည် ဖြစ်သောကြောင့်ပင်။ လူတိုင်းသည် "သာခု" မဟုတ်ပါချေ။)

မတ္တကိုင် (မဂ္ဂဇင်း)
မေလ (၁၉၉၈)

## ဦးသာခု၏ထွက်ဆိုချက် (၃)

ပြီးခဲ့သည့် ဦးသာခု၏ ထွက်ဆိုချက်(၂)တွင် အဖေ၏ တရားပြိုင်နှင့် အပေါင်းအပါ သက်သေနှစ်ဦး အကြောင်းကို ကျွန်တော်က အလျဉ်းသင့်တော့ ရေးပါမည်ဟု ဆိုခဲ့ပါသည်။

ယခုအခါ အလျဉ်းသင့်သည်ပဲ ဆိုဆို. . . ရေးချင်စိတ် ပေါက်လာသောကြောင့်ပဲ ဖြစ်ဖြစ် ရေးပါတော့မည်။ သူရို့နှင့် အကြောင်း ဆိုတာထက် သူရို့နှင့် ပတ်သက်သောအကြောင်းဆိုက ပို၍မှန်ကန်ပါလိမ့်မည်။

သူရို့ဆိုသည်မှာ ကျွန်တော့်ဖခင်နှင့် တရားပြိုင်ဖြစ်သော ဦးဘ သက်သေဖြစ်သော ဦးမြနှင့် ဝတ်လုံတော်မင်း- ဦးလှတို့ ဖြစ်ကြသည်. . . ဆိုပါစို့။

ပြဿနာမှာ. . . သူရို့နှင့် အဖေတို့ "ရောင်းပေါင်" ငွေချေးခြင်းကိစ္စဖြစ်၏။ ရောင်းပေါင် ဆိုသည့်စကားကို. . . ကျွန်တော်ယခင်က မကြားသိဖူးပါ။ ခုနောက်ပိုင်း စီးပွားရေးသမား သူငယ်ချင်းများနှင့် စကားစမြည် ပြောဖြစ်တော့မှ သဘောပေါက်ခဲ့ရပါသည်။

ပစ္စည်းတစ်ခုခုကို အရောင်းအဝယ် စာချုပ်ချုပ်ပြီး ငွေကြေးကို အတိုးဖြင့် ချေးငှားခြင်း ဖြစ်၏။ သို့သော်. . . ချေးယူသည့် ငွေကြေး

ပမာဏနှင့် အပေါင်ထားသော ပစ္စည်း ပမာဏက မတိမ်းမယိမ်းဖြစ်နေသောကြောင့် စိတ်ချရအောင် အရောင်းအဝယ် စာချုပ် ချုပ်ဆိုခြင်းဖြစ်သည်ဟု ကျွန်တော် သဘောပေါက် ပါသည်။

ဤကိစ္စကို ယခု ကျွန်တော် နားလည်နေပြီဟု ရှင်းပြနေရသည်မှာ. . . စောစောကပြောသလို ကျွန်တော့်ဖခင်နှင့် ဦးဘတို့ ငွေချေး အရောင်းအပေါင် စာချုပ်ချုပ်စဉ်ကာလက ကျွန်တော်သည် ပီဘိငယ်ရွယ်သူမျှသာ ဖြစ်သောကြောင့်ပင်။ ကျွန်တော် ထိုကိစ္စကို ဘာမျှ နားမလည်ခဲ့ပါ။ နားလည်စရာလည်း မလိုပါ။ ထိုစဉ်က ကျောင်းသားဘဝ။ ယင်းအမှုအခင်း ဖြစ်ပွားပြီး နောက်ဆုံး အဆုံးသတ်သွားသော ကာလတွင် ကျွန်တော် အလယ်တန်းရောက်စ ကျောင်းသားဘဝ။ ယင်းအမှုအခင်း ဖြစ်ပွားပြီး နောက်ဆုံးအဆုံးသတ်သွားသော ကာလတွင် ကျွန်တော့် အသက် (၄၀)။ သည်တော့ အသက်(၄၀) အရွယ် ကျမှ အမှုအခင်း၏ နောက်ဆုံး အပိုင်း အချုပ်ကို သိမြင်လိုက်ရသောအခါ. . . အမှုသွား အမှုလာ အစမှ အဆုံးတိုင်ကို ကျွန်တော်ရေးပြရမည်မှာ မရှင်းသာ ဖြစ်နေပါလိမ့်မည်။ ပြီးတော့ "တရားမ"မှုတဲ့။ အမှုအခင်းဆိုလို့ နကန်းတစ်လုံးမျှ ဥပဒေ အကြောင်း နားမလည်သူအဖို့ အဖေ့ကိစ္စကို ရေးပြရာ၌ ဥပဒေ အကြောင်း ရေးခြင်းထက် လူမှုရေး အကြောင်းကို ရေးခြင်းသည်သာ သင့်လျော်မည်ဟု ကျွန်တော့် ဘာသာပင် ဆုံးဖြတ်ရပါတော့မည်။

အကယ်၍ ဤစာစုတွင် ဥပဒေရေးဆိုင်ရာ ပုဒ်မများသဘော တရားများ အတိအကျ ပါရှိနေပါက. . . တတ်ကျွမ်းသော ဥပဒေ ပညာရှင် တစ်ယောက်ထံမှ မေးမြန်း အကြံဉာဏ်ယူခြင်းဟု မှတ်ယူ တော်မူကြပါ။ အဖြစ်အပျက်များကို ဖော်ကျူးရာ၌ အတိမ်းအစောင်း ရှိခဲ့သော်. . . ရသမြောက်အောင် ကျွန်တော်က ရေးဖွဲ့သည်ဟူ၍သာ ခွင့်လွှတ်တော်မူကြပါကုန်လော့။

❑ ❑ ❑

ဖြစ်ပွားပုံမှာ. . . စောစောကပြောသလို ကျွန်တော်အလယ်တန်းကျောင်းသား ဘဝရောက်ခါစ အရွယ်တွင် အဖေသည် ရုပ်ရှင်ကားတစ်ကား ရိုက်ရန် ငွေကြေးလိုအပ်နေ၏။

အဖေရို့ခေတ်က ရုပ်ရှင်ကား ရိုက်ကူးရန် ရုပ်ရှင်ရုံများ ရုပ်ရှင်ကန်ထရိုက်တာများထံမှ ငွေကြိုတင်ယူ၍ ရသော်လည်းကောင်း ယင်းဇာတ်ကားမှာလည်း အရှုံးပေါ်ခဲ့သော ဇာတ်ကားမှာလည်း အရှုံးထပ်ပေါ်ခဲ့သဖြင့် အပြင်မှ ထိုကဲ့သို့ ငွေချေးခြင်း ဖြစ်ပါသည်။ အဖေသည် သူရိုက်ကူးလိုသော ဇာတ်ကားဆိုလျှင် မည်သူ့အားကိုး ( ဥပမာ- မင်းသားမင်းသမီး) မျှ မယူပဲ စိတ်ထင်ရာ လုပ်တတ်သဖြင့် ရုပ်ရှင်နယ်ထဲမှ အဖေ့ကို ငွေထုတ်ချေးမည့်သူ မရှိပါ။ ထို့ကြောင့် ပြင်ပ ကုန်သည်တစ်ဦးထံမှ ချေးယူရ၏။ အစောက ပြောသလို ရောင်းပေါင်ဖြင့် ချေး၏။ ငွေကများများစားစား မဟုတ်။ (နည်းနည်းနောနော ပြောရလည်း အခက်) ထိုစဉ်က ကျပ်တစ်သိန်း။

သည်တော့. . . အဖေပိုင် ပစ္စည်း တစ်ခုကို အတိုးဖြင့် ဦးဘထံ ပေါင်နှံရ၏။ သို့သော်. . . စာချုပ်ချုပ်တော့ အရောင်းအဝယ်။ အတိုးနှုန်းကတော့ ကာလပေါက်စျေးပေါ့။ သည်လိုနှင့် အဖေသည် ယင်းဇာတ်ကားကို စတင် ရိုက်ကူးတော့၏။ ဇာတ်ကားအမည်ကို မဖော်တော့ပါ။ အကြောင်းမှာ အဖေသည် ရုပ်ရှင်ဇာတ်ကား (၁၃) ကားမျှသာ ရိုက်ကူးခဲ့လေသောကြောင့် ယခု ကျွန်တော်က ဇာတ်ကားအမည် ဖော်ပြလိုက်လျှင်. . . သည်ကိစ္စ ဗူးပေါ်သလိုပေါ်ကုန်ပါလိမ့်မည်။ ယခုအခါ အဖေလည်း ကွယ်လွန်ခဲ့ပါပြီ။ ဦးဘသည်လည်း တရားရိပ်မှာ ခိုလှုံနေပါပြီ။ တစ်ဖက် ဝတ်လုံကြီးလည်း ကွယ်လွန်ရှာပါပြီ။ သူရို့ သက်သေမှာလည်း အသက်အရွယ် ကြီးလှပါပြီ။ ဘာထူးတော့မှာနည်း။ အမှုကလည်း ပြီးပြတ်နေပါပြီ။ ပြောခဲ့ပါပကော။ ကျွန်တော်ကလည်း ဤစာစုကို ရေးရာ၌ ပုဂ္ဂိုလ်ရေး သဘောလည်းမဟုတ်။ လူမှုရေး ရှုဒေါင့်မှ စရိုက် လက္ခဏာ



http://myanmarpyithar.net

များကိုသာ ဖော်ညွှန်းလိုခြင်းပါ. . . ဟု။

ဆိုကြပါစို့. . . သည်လိုနှင့် ယင်းဇာတ်ကားကို အဖေသည် တစ်နှစ်ခွဲ. . . နှစ်နှစ်လောက် အချိန်ယူ ရိုက်ကူးခဲ့ပါ၏။ ထိုအတော အတွင်း အစပိုင်းတော့ အတိုးမှန်မှန် ပေးနိုင်ခဲ့ပါသည်။ နောက်ပိုင်း "လှော်ရင်းနစ်" ဆိုသလို. . . အဖေ့မှာ အတိုးပင် မှန်မှန် မပေးနိုင်တော့ ပါ။ သည်တော့. . . ဇာတ်ကားပြပြီးမှ အတိုးရော အရင်းပါ ပေါင်းယူ။ သည်တွင်လည်း ပြဿနာမရှိပါ။ အဖေနှင့် ဦးဘမှာ ရပ်ဆွေ ရပ်မျိုးတွေ လို ဖြစ်နေသောကြောင့်။

တစ်ဦးပေါ်တစ်ဦးဘယ်လောက်ပဲ ယုံကြည်ကြသည် ဆိုသည့် တိုင် အခြေအနေနှင့် အချိန်အခါသည် သစ္စာတရားကို ပျက်ပြားစေပါ သည်။

ယင်းဇာတ်ကား ပြသသောအခါ ကံဆိုးချင်တော့ အဖေ၏ လက်ရာ ဇာတ်ကားများအနက် ဒုတိယအရှုံးဆုံး ဇာတ်ကားစာရင်း ဝင် သွားလေတော့သည်။ အဖေဘယ်လိုလုပ်ပြီး ကြွေးပြန်ဆပ်မည်နည်း။ အဖေ့ဘက်ကတော့ လွယ်ပါသည်။ နောက်ထပ် တစ်ကား ရိုက်ဦးမည်။ ပိုက်ဆံရအောင် ရိုက်ပြမယ်။ "သို့သော်. . . တစ်ဖက်လူအဖို့ကား အချိန် နှင့် ငွေသည် သူ့ဘဝ။ သည်ကြားထဲ အတိုးကလည်းမရ။ သည်တော့. . ဦးဘက-

"ဆရာရယ်. . . ဒီလိုလုပ်ပါလား အရင်းကို ဆရာ ပေးနိုင်မှပဲ ပေးပါတော့. . . အတိုးလည်း မယူတော့ဘူး. . . ဆရာ ပေါင်ထားတဲ့ ပစ္စည်းသာ. . . ကျွန်တော့်ကို ယူသုံးခွင့်ပေးပါ. . . အဲဒီလို ယူသုံးထား တာကို အတိုး ပေးနေတာလို့ ကျွန်တော်က သတ်မှတ်ပါ့မယ်. . . ဆရာ . . . အရင်းကို ဆပ်နိုင်တော့မှ ဆပ်ပြီး ဆရာပစ္စည်း ပြန်ရွေးပေါ့"

ကိုင်းမိတ်ဆွေ. . . အထက်ပါ စကားသည် ကျွန်တော့်ဖခင် ဦးသာဓုသာ ဇာတ်မင်းသားတစ်ယောက်ဆိုလျှင် ထ,ကချင်စရာမကောင်း

ပေဘူးလား။ အင်း. . . သဘောကောင်းလိုက်တဲ့ မိတ်ဆွေကြီး။

"ဒါပေမယ့်. . . တစ်ခုတော့ကူညီပါဆရာ. . . ဒီစာချုပ် အလွတ်မှာ. . . ဆရာလက်မှတ် တစ်ခုတော့ ထိုးပေးထားပါ။ ဆရာ့ကို မယုံလို့ မဟုတ်ဘူးနော်. . . လုပ်ငန်းသဘောလေး ဆန်သွားအောင် လို့ပါ"

သူ့ကိုယ်သူမှ လွဲ၍ သူ့စီးကရက်ဗူးကိုတောင် မယုံတတ်သော အဖေသည် ထိုစဉ်ကတော့. . . ယင်းစာချုပ်အလွတ်တွင် လက်မှတ် ထိုးဖို့ရာကား လက်မနှေးခဲ့ပါချေ။ အင်း. . . ဝမ်းသာလုံး ဆို့သွားခြင်း ဆိုတာ ဒါမျိုး ထင်ပါရဲ့။

ဦးဘ ပြောသည့်အတိုင်း သဘောတူပြီး အပေါင်ပစ္စည်းကို အသုံးချခွင့် ပြုလိုက်ပါသည်။ ဟုတ်သားပဲ. . . ဘယ်လောက် ကြာကြာ အချိန်တန်တော့ ငွေပြန်အမ်း ပစ္စည်းပြန်ယူ. . ။ ဟန်မကျပေဘူးလား။

ဤနေရာတွင် ပြောစရာ ရှိသည်မှာ ယင်း (အဖေ့ပစ္စည်း) ဆို တာ ဖြစ်၏။ ယင်းပစ္စည်းသည် ထိုစဉ် ကာလက အဖေ့အတွက် မရှိမဖြစ် မဟုတ်။ လိုသုံးမည်သုံးမျှသာ။ သို့သော်. . . နောင်တစ်ချိန်တွင် တဖြည်း ဖြည်းနှင့် မရှိမဖြစ် ပစ္စည်း သို့မဟုတ် ကြာလေအဖိုးတန်လေ ဖြစ်လာမည့် ပစ္စည်းဟူ၍ကား အဖေမသိရှာပါချေ။ ဦးဘသည်လည်း ထိုစဉ်က သတိ ထားမိဟန် မတူဟု ကျွန်တော်ကတော့ ရိုးသားစွာပင် ထင်ပါ၏။ ဘာ ပစ္စည်း ဟူ၍လည်း ကျွန်တော်မပြောတော့ပါ။ စောစောက ပြောသလို ဘူးပေါ်သလို ပေါ်ကုန်မှာ စိုး၍ဖြစ်သည်။ (အကယ်၍ ဤစာစုကို ဖတ်ပြီး ဒါဘယ်အမှုပဲ ဟူ၍- စာဖတ်သူ ဥပဒေ ပညာရှင်များ ရိပ်မိ သိရှိသွားလျှင် လည်း တိတ်တိတ်ကလေးနေပေးကြပါဟု တောင်းပန်ပါသည် ခင်ဗျာ အင်း. . . ပြီးခဲ့ပြီပဲလေ။)

သည်လိုနှင့် အချိန်တွေ ကြာမြင့်လာခဲ့လေရာ. . . အဖေ့ဘက် ကလည်း အေးအေးလူလူ ဦးဘကလည်း အေးအေးဆေးဆေး ဆိုသလို



http://myanmarpyithar.net

ဖြစ်လာခဲ့ကြသည်မှာ. . ခေတ်ကာလ အပြောင်းအလဲ လူနေမှု အပြောင်း အလဲ၊ လောဘ ဒေါသ မောဟတွေ အရှိန်အဟုန် မြင့်မားခြင်း စသည့် သဘာဝတရားများက သူရို့နှစ်ဦးစလုံးကို လက်မပြဘဲ ဖြတ်ကျော် သွားပါ တော့သည်။

ကိုင်း- ကျွန်တော်တို့ အရွယ်ရောက်ကြပြီ ဆိုသော ကာလ ဝယ်. . . အဖေနှင့် ဦးဘ အမှုအခင်း ဖြစ်ကုန်ကြရုံအပြင် အခြားရှိပါ ဦးမည်လား။

ငယ်ချစ်ဟောင်း လင်မယားတွေပင် ကတောက်ကဆ ဖြစ်လာ ကြသောအခါ- ငယ်ကျိုးငယ်နာတွေ ဖော်ကြသေးသည်ပဲ။ အဖေနှင့် ဦးဘ အမှုအခင်း ဖြစ်ပြီ ဆိုသောအခါ. . . စဉ်းစားသာကြည့်ကြပါတော့။

အမှုသွား အမှုလာကိုတော့ ဤမျှ ဆိုလျှင် စာဖတ်သူ သိတန် သလောက်ပါပြီ။ မှန်ပါ၏။ အဖေ့ဘက်က သူ့ပစ္စည်းပြန်လိုမှု။ ဦးဘ ဘက် ကလည်း ခုချိန်ကျမှ အဖေ့ပစ္စည်းကို မူလတန်ဖိုးဖြင့် ပြန်မပေးနိုင်တော့ ပါ။ ယင်းပစ္စည်းမှာလည်း ယခုကာလတွင် မရှိမဖြစ် လိုအပ်သော ပစ္စည်း (တစ်နည်း) တန်ဖိုးဖြတ်လို့ပင် မပြီးနိုင်လောက်သော ပစ္စည်း ဖြစ်နေပါပြီ။ အချိန်နှင့်အမျှ တန်ဖိုးက တက်နေသည်။ ခုလည်း. . . "တရားမမှု" ဆိုတော့. . . အချိန်က ဆွဲထားလေလေ. . . အမှုကြာလေလေ။ ပစ္စည်း တန်ဖိုးတက်လေ၊ လောဘတွေတက်လေ. . .။ ထိုအခါ ဒေါသတွေ ထွက် လေ. . . အပြစ်တွေ ရှာကြလေ. . .။

ကျွန်တော့် အထင်ပြောရလျှင်ပင် အဖေရှုံးမှာ သေချာ သလောက် ဖြစ်နေပါပြီ။ မှတ်မိမလားမသိ။ ကျွန်တော်ပြောခဲ့သည်။ စာချုပ်အလွတ်မှာ အဖေ လက်မှတ်ထိုးပေးခဲ့သည်ဟု။ ပွဲ သိမ်းရုံသာပေ့ါ။ ပွဲမှာရိုးရိုး သိမ်းမည်မဟုတ်။ အမှုလည်းရှုံး အဖေ့အသက်လည်း ဆုံးရှုံးမည့် ကာလသို့ ရောက်ခဲ့လေပြီ။ ဆေးရုံမှ အဖေ့ကို ရက်ချိန်းပေးလိုက်လေပြီ။

"အလွန်ဆုံးခံလှ- ခြောက်လ" တဲ့။ အဖေ့ရောဂါက ကျွမ်းနေပါ



http://myanmarpyithar.net

ပြီ။ လောကဌ် ကျွန်တော်တို့ပြီးလျှင် သူအချစ်ဆုံးဖြစ်သော "စီးကရက်" က အဖေ့အသက်ကို ခြွေနေခဲ့ပါပြီ။ ကြွေရုံသာ ရှိတော့၏။

ဤစာစု၏ လိုရင်းအချက်သည် ယင်းအဖေ၏ နောက်ဆုံးလူ့ဘဝ ခြောက်လတာ အတွင်းမှာပင် ဖြစ်ပျက်ခဲ့ပါသည်။

❑ ❑ ❑

ကျွန်တော်ပြောခဲ့သလိုပင် အဖေသည် သူ့ကို လူနှစ်ယောက်ဘယ်ညာ လက်ချင်းပုခက်ချိတ်၍ ချီပိုးသွားရသော ကာလ၌ပင် ရုံးပြင်ကနားသို့ ကိုယ်တိုင်သွားနေတတ်သည်။ ဇွဲကောင်းသည်ဟု ကျွန်တော်က မြင်သည်။ "ဇော" ကောင်းသည်ဟု တရားသဘောဖြင့် မြင်လိုက မြင်ကြပါ။ ယင်းအမှုနှင့် ပတ်သက်၍အဖေသည် ရက်ချိန်းမပျက် ရုံးတော်သို့ သွားလာသည်။ ကိုယ်တိုင် အစစ်ခံပြီး ကိုယ်တိုင် လျှောက်လဲချက် ပေးသည်။ (လျှောက်လဲချက် ဆိုရာ၌ ရှေ့နေ ရှေ့ရပ်တို့၏ တရားဝင် လျှောက်လဲချက်ကို မဆိုလိုပါ. . . ဦးသာရ၏ ထွက်ဆိုချက်(၂)ပါ အတိုင်း တရားသူကြီးများက. . . သေခါနီး. . . အဘိုးအိုတစ်ဦးအား ပြောလိုရာ ပြောပါစေဆိုသည့် သဘောအလိုလိုက်ခံရခြင်းကိုသာ ဆိုလိုပါသည်။) တစ်ခါတစ်ရံ ကိုယ်တိုင်က မေးခွန်းတွေ ထုတ်သဖြင့် တစ်ဖက်ဝတ်လုံက ကန့်ကွက်ယူရသည်။ ထိုအခါ အဖေသည် သူပြောလို မေးလိုသော စကားများကို တရားဝင်ဖြစ်စေရန် မိမိရှေ့နေ ဝတ်လုံစသူတို့ကို အကြံပေး မေးမြန်းဆွေးနွေးစေပါသည်။ ဆိုပါစို့. . . "ဒီမေးခွန်းလေး ထည့်မေးပေးစမ်းပါ ညီလေးရာ" (အဖေက သူ့ဝတ်လုံတော်ရကို ညီလေး ဟု ခေါ်ဝေါ် ပါသည်) "ဒီအကြောင်းကလေး ပြောဖြစ်အောင် ထည့်ပြောစမ်းပါ" စသဖြင့်၊ ထိုအခါ အဖေ့ဝတ်လုံ အဖေ့ရှေ့နေတို့ကလည်း သဘော တူညီကြပါ သည်။ တစ်ခါတစ်ရံ အဖေ၏ အကြံဉာဏ်များကလည်း အမှုကြောင်း တွင် အကွက်ဝင်တတ်ကြောင်း သိထားတာလည်း ပါပါလိမ့်မည်။

မည်သို့ပင် ရှိစေ. . ဤအမှုတွင် အဖေရှုံးတော့မှာကိုကား. . အဖေ ကိုယ်တိုင်ပင် သိနေပါသည်။ သို့သော်. . . သူ့ဘဝမှာ နေဝင်ချိန်တွင် အရှုံးဖြင့် ရင်ဆိုင်ရမည်ကို အဖေ လိုလားခြင်း မရှိပါ။ အဖေသည် ရေနစ်သူကဲ့သို့ ဖြစ်နေသော်လည်း နွယ်တစ်ပင်မြက်တစ်ပင်ကို အားကိုးလေ့မရှိ။ သေချာပေါက် အသက်ရှင်ရေးအတွက် ရုန်းကန်မည်။ သေမှသာ သေရောပဲ။ အဲ. . . သူ့ဘာသာသူ ရေနစ်ခြင်း မဟုတ်ပါပဲ. . . တစ်ပါးသူက အတင်းနှစ်သတ်ခံရတာမျိုးဆိုလျှင်တော့. . . ထိုသူကိုပါ ရေအောက်သို့ အပါဆွဲခေါ်လိမ့်မည် ဖြစ်ပါသည်။

ယခုအမှုတွင်လည်း အဖေသည် ဤသို့ ပြုမူပါတော့၏။ တစ်ဖက် တရားပြိုင်ကို တမင်တကာ နှစ်ခြင်းတော့ မဟုတ်ပါ။ အချိန်အခါ အခွင့်အရေးကလည်း ပေးလာသည်. . . တစ်ဖက်ကလည်း အမှားတစ်ခု မှားသွားသည်. . . ဤတွင် အဖေက ကောက်ခါငင်ခါ ပြုမူလိုက်ခြင်း ဖြစ်ပါတော့သည်။

ဖြစ်ပုံမှာ. . . အမှုအတွက် ဖေဖေ့ရှေ့နေက တစ်ဖက် သက်သေများကို စစ်မေးသည်။

* "ဦးသာခုကို ××ပစ္စည်းအတွက် ကျပ်ငွေတစ်သိန်းပေးခဲ့ရတယ်ဆိုတာ ဟုတ်ပါသလား"

(ဦးဘ) "×/×/××/ နေ့ကပါ"

* "ငွေပေးချေစဉ်မှာ သက်သေဘယ်သူတွေ ရှိပါသလဲ"

(ဦးဘ) "ကျွန်တော့်ဝတ်လုံ ဦးလှနှင့် ကျွန်တော့်မန်နေဂျာ ဦးမြ ရှိပါတယ်. . ."

"ဘယ်လောက်တန် ငွေစက္ကူတွေ ပေးချေခဲ့ပါသလဲ"

(ဦးဘ) "တစ်ရာတန်တွေပါ"

* "ရပါပြီ. . . ဒီလောက်ပါပဲ"

(**မှတ်ချက်**. . . မူလ ငွေစက္ကူတန်ဖိုးကို မဖော်ပြလိုသဖြင့် ၁၀၀ိ/-တန်



http://myanmarpyithar.net

ဟု သုံးနှုန်းထားပါသည်။)

နောက်ထပ် အဖေရှေ့နေက. . . တစ်ဖက် မန်နေဂျာ သက်သေနှင့် ဝတ်လုံသက်သေတို့ကို မေးမြန်းသောအခါ၌. . . အဖေက ထိုမေးခွန်းကိုသာ ထပ်၍မေးရန် အကြံပြုသည်နှင့်. . .။

* “ဘယ်လောက်တန်တွေပေးချေခဲ့ပါသလဲ”
(မန်နေဂျာဦးမြ) “တစ်ရာကျပ်တန်တွေပါ”

❑ ❑ ❑

* “ဘယ်လောက်တန် ငွေစက္ကူတွေ ပေးချေခဲ့ပါသလဲ”
(ဝတ်လုံဦးလှ) “အချပ်ကြီးတွေပါ”
* “ကျေးဇူးတင်ပါတယ်”

❑ ❑ ❑

ထိုနေ့က. . . ရုံးတော်မှအပြန် အဖေအမောဖောက်လာသဖြင့် ဆေးရုံ ပြန်ပြေးခဲ့ရသည်ကို ကျွန်တော်မှတ်မိ နေပါသေးသည်။ ပြီးတော့. . . အမောဖောက်နေသည့်ကြားက. . . “သားသု. . . အဲဒီ. . . တစ်ရာ. . . တစ်ရာကျပ်တန် ငွေစက္ကူတွေ သုံးစွဲရန် စတင်ထုတ်ဝေ ဖြန့်ချိတဲ့ သတင်းပါတဲ့. . . သတင်းစာတွေ ဒီညတွင်းချင်းရအောင် ရှာစမ်းကွာ. . မရရင် နက်ဖြန်/စာကြည့်တိုက်တွေ လျှောက်သွားရအောင် ရှာခဲ့. . . ”။

ထိုအချိန်တွင် အသက်(၄၀) ဝန်းကျင်အရွယ် သုမောင်သည် အဖေဘာကို ရည်ရွယ်မှန်း သိနေပါလေပြီ။

လားလား. . .။ ယင်းတစ်ရာကျပ်တန် ငွေစက္ကူများစတင်ထုတ်ဝေဖြန့်ချိမည့် သတင်းပါသောနေ့စွဲက (×/×/××) အဖွဲ့ အမှုတွင် သူရို့က ငွေတစ်သိန်း (၁၀၀ိ/-တန်များ) ပေးချေပါသည် ဆိုသောနေ့ကား “ယင်းမတိုင်ခင် ပဝေသဏီက ကြည့်စမ်း။ ယင်းငွေစက္ကူတွေ



http://myanmarpyithar.net

ထုတ်ဝေ ဖြန့်ချီခြင်း မရှိခင်ကာလက. . . အဖေ့ကို ဘယ်ပုံဘယ်နည်းဖြင့် (၁၀၀ိ/- တန်တွေ) သူရို့ ပေးနိုင်မည်နည်း။ သူရို့ ထွက်ဆိုချက်တွေ မှားယွင်း နေပါပြီကော။ သည်မှာတွင် အဖေကမရပ်။

“သား. . . ပြီးခဲ့တဲ့ အပတ်(xxxxx) နေ့က. . . တရားရေး ဝန်ထမ်းတွေကို မိန့်ခွန်းပြောခဲ့တဲ့ သတင်း T.Vမှာရော သတင်းစာ မှာပါ, ပါတာ မှတ်မိလား၊ ရုံးတော်ကို လိမ်လည်ထွက်ဆိုမှုဟာ ဘယ်လောက် အပြစ်ကြီးတယ်ဆိုတာကို ပြောသွားတာလေ. . . အေး. . . ဒီကောင် တွေတော့နာပြီသာမှတ်. . အဲဒါ. . မမှန်သက်သေခံ ထွက်ဆိုမှု ပုဒ်မ (၁၉၃)ကွ. . ထောင်ကျနိုင်တယ်. . . သူတို့က လိမ်တာမှ တစ်ယောက် တည်း မဟုတ်ဘူး၊ အမိက တရားလိုရော. . . သက်သေရော. . . ဝတ်လုံတော်ရ ကိုယ်တိုင်ပါ”

မဏ္ဍိုင်(မဂ္ဂဇင်း)
ဇွန်လ (၁၉၉၈)

## ဦးသာရ၏ထွက်ဆိုချက် (၄)

အရေးကြီးဆုံးအချက် တစ်ချက်သာ မှာထားချင်ပါသည်။ ဤစာစုတွင် ပါဝင်သော မျဉ်းသားထားသည့် "လညသတ် ဝစ္စပေါက်" "**လည်း**" ကို "**လဲ**" ဟူ၍ အသံထွက် မယူကြပါနှင့်။ လလုံးကြီးတင် ဆံခပ် ဝစ္စနှစ်လုံးပေါက်သံ ထွက်ကြပါ။

ဤသို့ ဆိုသဖြင့် ကျွန်တော်က ညစ်တီညစ်ပတ်ရေးသည် ဟူ၍လည်း မထင်ကြပါကုန်နှင့်။ အဘယ့်ကြောင့် ဤသို့ ကျွန်တော်က တောင်းပန်နေသည်ကို စာစုဆုံးသောအခါ စာဖတ်သူ သဘောပေါက်ပါလိမ့်မည်။ ပြောကြကြေးဆိုလျှင် ကျွန်တော် ပြောသလို အသံထွက်ကို စိတ်ဖြင့် ဖတ်ပါမှ . . . ဤစာ၏ ရသပို၍ ပေါ်လွင်မည် ဖြစ်ပါသည်။

အချို့သော ရိုင်းပျမှုများသည် တစ်ခါတစ်ရံ ယဉ်ကျေးမှုသဖွယ် ဖြစ်နေတတ်ကြသည် မဟုတ်ပါလားလေ။

❑ ❑ ❑

"ဟော့ . . . သား . . . အဲ့ . . အဲဒီပုဂ္ဂိုလ်ကြီးကို အဖေ "**လည်း**" တစ်လုံးတည်းနဲ့ နိုင်ဖူးတယ်ကွ"

မြန်မာ့ရုပ်မြင်သံကြား ပေါ်ဦးစကာလ ဖြစ်ပါသည်။ ကျွန်တော်တို့ ရပ်ကွက်ထဲတွင်ပင် တစ်ရပ်ကွက်လုံးမှ. . . တီဗွီလေးငါးလုံးသာ ရှိသေးသောကာလ။

အိမ်မှာက အဖေသည် အပေါ်ထပ်၊ ကျွန်တော်တို့ မိသားစုက အောက်ထပ် နေကြသည်။

အဖေသည် နိုင်ငံရပ်ခြား ရုပ်ရှင်ကားများ ပြသချိန်နှင့် သတင်းလွှင့်သော အချိန်များတွင် အပေါ်ထပ်မှဆင်း၍ လာကြည့်တတ်သည်။ ကျွန်တော်၏ ယောက္ခမကြီး အပါအဝင် အိမ်နီးချင်းများလည်း ကျွန်တော့်အိမ်သို့ တီဗွီကြည့်ချိန်တွင် ရောက်လာတတ်ကြသည်။

အထက်ပါ စကားကို အဖေကပြောလိုက်သောအချိန်တွင် အိမ်မှာ ပရိသတ်အတော် စုံစုံလင်လင် ရှိနေ၏။ အဖေ့ စကားကြောင့် ဧည့်သည်များ ရှုံးတိုးရှုန့်တန့် ဖြစ်ကြရသည်။

သို့သော် အကြောင်းမဲ့ မဟုတ်သည်ကိုကား နားလည်ကြပုံပေါ်ပါသည်။ ရယ်စရာအဖြစ် သဘောထားလိုက်ကြ၏။

"သတင်းပြီးလို့ သားမကြည့်တော့တဲ့ အချိန်ကျရင် အပေါ်တက်ခဲ့. . . သူ့ကို **"<u>လည်း</u>"** တစ်လုံးတည်းနဲ့ နိုင်ခဲ့တာ အဖေပြောပြမယ်။

တီဗွီ ဖန်သားပြင်ပေါ်တွင် ခဏတာမျှ ပေါ်လာသော ယင်းပုဂ္ဂိုလ်ကြီး၏ အရုပ်များပျောက်ကွယ်သွားသော်လည်း. . . သူသည် အရေးပါသော လူတစ်ယောက် ဖြစ်ကြောင်းကိုကား. . . အနီးကပ် ရိုက်ချက်များက သက်သေခံနေပါသည်။

မည်မျှ အရေးပါသည်- သူမည်သူမည်ဝါ ဖြစ်သည်ကိုကား ကျွန်တော်မပြောလိုတော့ပါ။ သူ၏ ဂုဏ်ထူး ဝိသေသနများကိုလည်း ချန်လှပ်ထားပါမည်။ အဘယ့်ကြောင့်ဆိုသော် သူ၏ နာမည်နှင့် ဂုဏ်ထူး အပြည့်အစုံကို ဖော်ပြလိုက်ပါက မည်သူမည်ဝါ ဖြစ်ကြောင်း စာဖတ်သူ သိသွားမှာသေချာသောကြောင့်ပင်။ သိတော့ကော ဘာဖြစ်သေးလဲ

သူမောင်ရယ် ဟု ဆိုပါက ထိုပုဂ္ဂိုလ်ကြီး၏ သိက္ခာကို စောင့်စည်းမိသော ကြောင့် ဟူ၍သာ ဖြေရပါမည်။

ကျွန်တော့်တွင် အကျင့်တစ်ခု ရှိပါသည်။ လူပုဂ္ဂိုလ်တစ်ဦး အကြောင်းစာဖွဲ့လျှင် ထိုသူသက်ရှိထင်ရှား ရှိနေစဉ်၌ အကောင်းအဆိုး ဒွန်တွဲလျက် အမှန်အတိုင်း ရေးသည်။ ထိုပုဂ္ဂိုလ်ကွယ်လွန်ပြီးမှ ဆိုလျှင် တတ်နိုင်သမျှ အကောင်းကိုသာ ရေးသည်။ အဆိုးမှန်သမျှကို ရှောင်သည်။ သို့မဟုတ်. . . ထိုသူ၏ အဆိုးစရိုက်များကို ဟာသသဘော ရေးသည်။

ဘဝကူးသွားပြီး သူ၏အကြောင်း (နိုင်ငံရေးမှအပ) အဆိုးမြင်ခြင်းကို ကျွန်တော်မကြိုက်။ ကျွန်တော်ကလည်း လူမှုရေး အရေးများသော စာရေးဆရာဆိုတော့. . . လက်ရှိဘဝရော နောင်သံသရာအတွက်ပါ အကျိုးမရှိသော အတင်းအဖျင်းကို လက်ရှောင်တာ မကောင်းပေဘူးလား။ သို့သော် ဤစာစုသည် အမှန်တရားနှင့် သက်ဆိုင်နေသော တရားရေးစာစု ဖြစ်နေသဖြင့် ကွယ်လွန်ပြီးသူ အကြောင်းကို အဆိုးအကောင်း ဒွန်တွဲ ရေးရပါတော့မည်။ ထိုအခါ. . . ယင်းပုဂ္ဂိုလ်၏ နာမည်နှင့် ဂုဏ်ထူးဝိသေသနများကို ချန်လှပ်ထား ရတော့မည်သာ ဖြစ်တော့၏။ အကြောင်းမှာ ထိုပုဂ္ဂိုလ်ကြီးကား ကွယ်လွန်ပြီးချေပြီ ဖြစ်သောကြောင့် ဒါတွင် ဘယ်ကမတုန်း၊ ကျွန်တော့် အဖေသည်လည်း ကွယ်လွန်ပြီးပြီ မဟုတ်လား။

❑ ❑ ❑

ထုံးစံအတိုင်းပင် တီဗွီသတင်းပြီးတော့. . . အဖေအပေါ်ထပ်သို့ ပြန်တက်သွားသည်။ ကျွန်တော်လည်း နောက်အစီအစဉ်ကို စိတ်မဝင်စားသဖြင့် အဖေ့နောက်မှ ကပ်လိုက်သွားခဲ့သည်။

"သား. . . ဆက်မကြည့်တော့ဘူးလား"



http://myanmarpyithar.net

"မဟုတ်ဘူး ဖေဖေ စောစောက ပုဂ္ဂိုလ်ကြီးကို ဖေဖေ "**လည်း**" တစ်လုံးတည်းနဲ့ နိုင်ခဲ့တယ်ဆိုတာ ပေါ့ပေါ့တန်တန် မဟုတ်ဘူးထင်လို့. . . အဲဒီ အကြောင်းသိချင်လို့"

"ဒီလိုကွ"

❑ ❑ ❑

တစ်ခါဝယ်. . . ကျွန်တော့်ဖခင် (သာစု)၏ ဝတ္ထုတစ်ပုဒ်ကို နိုင်ငံကျော် ရုပ်ရှင်ကုမ္ပဏီကြီးတစ်ခုမှ ခိုးယူ ရုပ်ရှင်ရိုက်သည်။ သိရသလောက် ထိုခေတ်က ရုပ်ရှင်ဆရာတို့သည် မိမိတို့ ကြိုက်နှစ်သက်သော ဇာတ်လမ်း ဇာတ်ကွက်များကို မူပိုင် စာရေးဆရာကို အကြောင်းမကြား၊ ညာဏ်ပူဇော်ခ မပေး ခေါင်းစီးစာတန်းမှ မထိုးပဲ သဘောရှိ ယူသုံးတတ်ကြသည်။ (ယခုခေတ်လိုမဟုတ်) သည့်အတွက် စာရေးဆရာများဘက်ကလည်း မတောင်းရဲ မတောင်းတတ်။ (တောင်းလို့လည်း စကားသာ အဖတ်တင်မည်။) စာရေးဆရာများ အသင်းဟူသော ဆင်းရဲသားအဖွဲ့အစည်းမျှသာရှိသည်။ တစ်ဖက် ရုပ်ရှင်သမားများကလည်း ညာဏ်ပူဇော်ခပေးရကောင်းမှန်း မသိတတ်ကြ။ သိကြသည့်တိုင်. . . ဟိုလိုလို သည်လိုလိုနှင့် ရောချတတ်သည်။ တစ်ဖက်က ကြည့်ပြန် တော့လည်း စာရေးဆရာဟူ၍ဆိုင်းဘုတ် လည်ပင်းချိတ်ပြီး ရုပ်ရှင်ရိုက်ရန် ဇာတ်လမ်းရေးပေးနေသူများကလည်း ရှိနေတော့ ပြောရအခက်သားလား။ ထားလိုက်ပါ။ ယခု ကျွန်တော်ပြောလိုသည်မှာ အဖေတို့ခေတ်။ (သည်တုန်းက အဖေ ရုပ်ရှင်ဒါရိုက်တာ မဖြစ်သေး။) စောစောက ပြောသလို အဖေ့ဝတ္ထုကို ခိုးယူ ရိုက်ကူးမှန်း အဖေသိသောအခါ. . . ထိုခေတ် က မကြုံစဖူးသော စာရေးဆရာ ရပိုင်ခွင့်နှင့် ပတ်သက်သော တရားစွဲဆိုမှုကို အဖေက ပြုလေသည်။ အဖေက ဆင်းရဲသား၊ တစ်ဖက်က လူချမ်းသာ။

အစပိုင်းတွင် ထုံးစံအတိုင်း အဖေ၏ စွဲဆိုချက်မှာ သိပ်အရာ

မထင်လှသော်လည်း ယင်းရုပ်ရှင်ဇာတ်ကား လူကြိုက်များလှသော အခြေအနေတွင် ရုပ်ရှင်ပြရင်း တန်းလန်း တားဝရမ်းဖြင့်. . . ရပ်ပစ်လိုက်ရသောအခါ၌ မူကား. . .။

ထိုသူဌေးကုမ္ပဏီသည် စွေ့စွေ့ခုန်ပါလေသည်။ ဝရမ်းဖြင့်တားသဖြင့် ခေတ္တ ရုံပိတ်လိုက်ရသောကြောင့် ငွေကြေးဆုံးရှုံးမှုမှာ မပြောပလောက်သော်လည်း၊ သိက္ခာပိုင်း အနေနှင့်မူ များစွာ ထိခိုက်သွားပေသည်။ ထိုခေတ်သတင်းစာများကလည်း အဖေတို့ ကိစ္စကို အကြီးအကျယ် ဖော်ပြကြလေရာ. . . စာရေးဆရာ အဖေကတစ်ဖက်. . သူဌေးကုမ္ပဏီပိုင်ရှင်ကတစ်ဖက် အကြီးအကျယ် တရားတဘောင် ဖြစ်လေတော့သည်။ သူ့ရဲ့ဘက်က ငွေရှင်ကြေးရှင်များ အဖေ၏ ကျောထောက် နောက်ခံကား လူဆင်းရဲ စာရေးဆရာများ. . .။

"အဲဒီတုန်းက အဖေတို့ စာရေးဆရာတွေထဲက. . . ရှေ့နေစာရေးဆရာ တစ်ယောက် နှစ်ယောက်က အဖေ့ဘက်က အခမဲ့ လိုက်ကြတယ် သူတို့ဘက်ကတော့ ဘိလပ်ပြန် ဝတ်လုံတော်ရကြီးတွေ ငွေနဲ့ပေါက်ပြီးငှားကြတယ်. . . အဲဒီ. . ခုနကတီဗွီမှာပါတဲ့ ငနဲကြီးရောပေါ့. . ."

"ဟင်- သူက ဝတ်လုံလား"

"အေး. . . အဲဒီတုန်းကတော့ နိုင်ငံကျော် ဝတ်လုံကြီးပေါ့ကွာ ဒေါက်တာ ပါရဂူဘွဲ့တွေလဲ ရထားတယ်. . ခုထိတောင်. . . တီဗွီထဲပါတဲ့အထိ လူရာဝင်နေတာသာ ကြည့်တော့ကွာ. . ."

သည်လိုနှင့်. . . ယင်းအမှုသည် ပြည်သူလူထုအကြား စိတ်ဝင်စားစရာ သတင်းတစ်ပုဒ် ဖြစ်လာခဲ့ရပါတော့သည်။ နေ့စဉ် သတင်းစာများကလည်း အမှုရက်ချိန်းတိုင်းတွင် လာရောက်သတင်းယူပြီး ဖော်ပြပေးနေကြလေသည်။

ဆိုကြပါစို့. . .။ သည်လိုနှင့် အပြီးသတ် လျှောက်လဲချက်ပေးရသည့် အချိန်သို့ ရောက်လာခဲ့လေသည်။

"အဲဒီနေ့ကများကွာ. . . သူ့ခမျာ ခေါင်းပေါင်းစကြီးတလူလူ ပိုးလုံချည်တရွှမ်းရွှမ်းနဲ့ အေး. . ရုပ်ရှင်ထဲက ဦးသိမ်းမောင်တို့ ဦးကျော်က လုံးတို့ စတိုင်နဲ့ပေါ့ကွာ. . ခြေဟန်လက်ဟန်တွေ ချိုပြီး သူ့လျှောက်လဲ ချက်ကို စမတ်ကျကျ ဖတ်ပါလေရော. . . "

အဖေက ထိုသူ၏ လျှောက်လဲချက်များ ရေပက်မဝင်အောင် ကောင်းလှပုံကို ချီးကျူးလိုက်ပါတော့သည်။

"ဒါပေမယ့်. . . သူ့လျှောက်လဲချက်ကို အဖေသေသေချာချာ နားထောင်လိုက်တော့. . . အရေးကြီးတဲ့ စာပိုဒ်တစ်ပိုဒ်မှာ **"လည်း"** ဆိုတဲ့ စာလုံးတစ်လုံး ပိုနေတာကို သတိထားလိုက်မိတယ်။ လျှောက်လဲ ချက်ဆိုတာ စာရွက်စာတန်းနဲ့ ကိုင်ပြီးပြောရတာမို့. . . အဲဒီ **"လည်း"**ကို ပြင်လို့ မရတော့ဘူးကွ. . . "

သည်မှာတွင် အဖေသည် မိမိဘက်က လျှောက်လဲရမည့် အချိန် ရောက်သော်. . .

"အဖေက. . . တရားသူကြီးကို. . . အဖေကိုယ်တိုင် တိုက် ရိုက် လျှောက်လဲခွင့် တောင်းတယ်. . တရားသူကြီးကလည်း ပေးရှာ တယ်. . . "

"လျှောက်လဲခွင့် ဆိုတာ. . . ကိုယ့်ရှေ့နေက လျှောက်လဲရတာ မဟုတ်လား ဖေဖေ"

"ဟာ. . . ဒါတွေ မင်း နားမလည်ပါဘူး မင်းဘာသာ သီချင်း ဆိုတဲ့အလုပ်သာ စိတ်ဝင်စားစမ်းပါ။ ခုဟာက. . . မင်းစာရေးတဲ့ အခါ သတိထားနိုင်ဖို့ ဥပမာ ပေးနေတာ. . . လိုရင်းသာနားထောင်. . . "

ဤသို့ဖြင့် အဖေက ကိုယ်တိုင်လျှောက်လဲချက်ပေးပုံကို ပြောပြ ပါသည်။ အကျဉ်းချုပ်မှာ. . .။

"တရားသူကြီးမင်းခင်ဗျား- တစ်ဖက်က ပညာရှိ ဝတ်လုံတော်ရ မင်းရဲ့ အပြီးသတ် လျှောက်လဲချက်. . (အပိုဒ်×××)မှာ. . . **"လည်း"**

တစ်လုံး ပိုနေတာ တွေ့ရပါတယ်။

အသံထွက်မှာ လလုံးကြီးတင်ဆံခတ် ဝစ္စပေါက် ဖြစ်သောကြောင့် တရားရုံး တစ်ခုလုံး ပွဲကျသွား၏။

"ဒီ. . . "**လည်း**" ဟာ အင်မတန်အရေးကြီးတဲ့ "**လည်း**" ဖြစ်ပါ တယ်. . . "**လည်း**" တစ်လုံးကြောင့် အဓိပ္ပါယ်တွေ များစွာ ဖြစ်ပျက်တတ် ပါတယ်"

တရားသူကြီးမင်း အပါအဝင် ရယ်မောလိုက်ကြသည်။

"ဥပမာ. . . "ကျွန်တော် ခရီးထွက်ပါသည်" ဆိုတဲ့ ဝါကျမှာ "ကျွန်တော် "**လည်း**" ခရီးထွက်ပါသည်" လို့ ရေးလိုက် သုံးလိုက်တာနဲ့ "ကျွန်တော် တစ်ယောက်တည်းမဟုတ် အခြားသူများနှင့် အတူလို့ အဓိပ္ပါယ် ထွက်ပါတယ်. . . ဒီအပြင်. . . ကျွန်တော်သာ ခရီးထွက်သည်မဟုတ် အခြားသူများလည်း ခရီးထွက်နေကြပါသည်" ဆိုတဲ့ အဓိပ္ပါယ်မျိုးလည်း ရနေပြန်ပါတယ်. . . ဒါကြောင့် တစ်ဖက် ပညာရှိကြီးရဲ့ ဝါကျမှာပါတဲ့. . . အဲဒီ"**လည်း**"ဟာ သူ့ရဲ့လျှောက်လဲချက် တစ်ခုလုံးကို ပျက်ပြားစေတဲ့ အဓိပ္ပါယ် ထွက်ရှိနေပါတယ် ဆင်ခြင်ပါခင်ဗျား"တဲ့။

❑ ❑ ❑

"အဲဒီအမှု ဖေဖေ နိုင်တယ်ဆို။ မေမေက အကြမ်းဖျင်းတော့ ပြောပြဖူးတယ်"

"အေးကွ. . . အမှုသွားအမှုလာအရကလည်း ဖေဖေ့ဘက်က အမှန်ဖြစ်နေတယ်. . . ပြီးတော့. . . အဲဒီ "လည်း" ကလည်း အများကြီး အထောက်အကူ ပြုသွားတယ်. . . ဘာပဲဖြစ်ဖြစ်. . . အဲဒီနေရာမှာ "လည်း" မဟုတ်ပဲ တခြားစကားလုံး စာလုံးတစ်လုံးဆိုရင်တော့ ဒါလောက် ထိရောက်မှာ မဟုတ်ဘူးကွ. . . "**လည်း**" ကျတော့. . . တရားရုံးလို နေရာမျိုးမှာ. . . အသံထွက်လိုက်တာနဲ့ "ဟာ"ခနဲ "ဟင်"



http://myanmarpyithar.net

ခနဲ. . . ဂရုစိုက်ကြရတာ မဟုတ်လား. . .”

“ဖေဖေက. . . အဲဒီအတိုင်း အသံထွက်တာလား”

“တစ်တစ်ခွခွပေါ့ကွာ. . . ဒါမှ အာရုံစိုက်ခံရမှာ ပြီးတော့ ဖေဖေဘက်ကလည်း ညစ်ညမ်းတဲ့ စကားသုံးတာ မဟုတ်ဘူး စာသံပေသံ အတိုင်း ပြောတာ မဟုတ်လား”

ဆိုပါစို့ အဖေနိုင်လိုက်ပါသည်။

“နော့. . . အဲဒီ ပုဂ္ဂိုလ်ကြီးဟာ. . . စာရေးဆရာလည်း စာရေးဆရာဆို. . .”

“အေးလေကွာ. . . ဒါကြောင့်မို့ မင်းကို စာရေးတဲ့အခါ စာလုံး တစ်လုံးကအစ ဂရုစိုက်တတ်ဖို့ သတိပေးနေရတာပေါ့. . .”

“အင်း. . . ကျွန်တော် ကိုယ်တိုင် အမှုအခင်း ဖြစ်တဲ့အခါကျ မှ. . . ကောင်းကောင်း သတိထားရမယ်”

“ဟာ ဒီကောင်. . . (×)တဲ့မှပဲ”

(×) ဤနေရာတွင် အဖေသည် အသံထွက်ရော. . . စာလုံး ပေါင်းပါ အမှန်အတိုင်း ရေရွတ်ပါသည်။ သို့သော်. . . ထို (×)သည်ကား သားအဖကြား ချစ်စရာ စကားလုံးမျှသာ ဖြစ်ပါသည်။

မဏ္ဍိုင် (မဂ္ဂဇင်း)
အမှတ် (၂၄)

http://myanmarpyithar.net

## ဦးသာဒုအမှုပွဲ

ကျွန်တော့်အဖေသည် မြေယာနှင့် ပတ်သက်၍ အကျိုးမပေးသူဖြစ်ပါသည်။ မြေယာဆိုရာ၌ ထိုမြေပေါ်ရှိ အိမ်ပါ, ပါဝင်သည်။ ဆိုလိုတာက နားခိုစရာနေရာနှင့် ပတ်သက်၍ ကံမကောင်းပါဟု ဆိုချင်ပါသည်။ ကျွန်တော့်တစ်သက် ဖေဖေတစ်ယောက် အိုးအိမ် အတည်တကျနှင့် နေသွားခဲ့ရသည်ကို တစ်ခါမျှ မတွေ့ကြုံ ခဲ့ရဖူးပါ။ ကျွန်တော့်ကို မွေးတော့ (၄၇)လမ်း ရန်ကုန်မြို့တွင်း၊ ကျွန်တော်မူလတန်းကျောင်းသားအရွယ်မှာ အဖေ သယ်န်းကျွန်း ယခုသာဓု ရုပ်ရှင်ခြံသို့ ပြောင်းသည်။ ဟော. . ကျွန်တော် အထက်တန်းကျောင်းသားဘဝတွင် သံလွင်လမ်း. . ကမာရွတ်သို့ အဖေ. . . တစ်ယောက်တည်း ပြောင်းရွှေ့သွားပြန်သည်။ နောက်ဆုံး. . . ကွယ်လွန်တော့ ကျွန်တော်က. . . မှတ်မှတ်ရရ ဖြစ်စေရန်. . . ကြံတောသုသာန်မှာ ဂူသွင်းသင်္ဂြိုဟ်ခဲ့သည်။ ကျွန်တော်က ဇွတ်စီစဉ်ခြင်းကြောင့် ဖြစ်၏။ အဖေ့နောက်ဆုံးစကားမှာကား. . .

"သား. . . အဖေသေရင် မင်းအဘွား (ငါ့အမေ)ရဲ့ မြေပုံနားမှာ တစ်ခါတည်း မြှုပ်လိုက်ပါ။"

ကျွန်တော်က ခေါင်းညိတ်ခဲ့သော်လည်း တကယ်တော့ အဘွား



http://myanmarpyithar.net

လဲလျောင်းရာ- ကျိုက္ကဆံ သချိုင်းမြေမှာ အဖေဆုံးခါနီးတော့. . . သယ်န်းကျွန်း စံပြဆေးရုံကြီး ဖြစ်နေနှင့်ပါပြီ။

"မီးမသဂြိုလ်နဲ့ကွ ပုပ္ပမှာစိုးလို့ အလောင်းလည်း ပြင်မထားနဲ့. . ငါ့ကို လူတွေလာကြည့်မှာ ရှက်စရာကောင်းတယ်၊ အအေးတိုက်ထဲတော့ လုံးဝမထားနဲ့ဟေ့. . . အဖေ အအေးကြောက်တာ မင်းအသိပဲ မဟုတ်လား" ဟူသော ရယ်မောဖွယ် စကားများကို အားယူ၍ (သူက အားပြန်ပေးရင်း) ပြောသွားပါသေးသည်။ မည်သို့ပင် ရှိစေ အဖေ့ကို နောက်ဆုံးမြေတစ်နေရာတော့ဖြင့် သတ်သတ်မှတ်မှတ် ဖြစ်စေချင်သောကြောင့် ကျွန်တော်က ကြံတောသုသာန်မှာ ဇွတ် ဂူသွင်း သင်္ဂြိုဟ်ခဲ့၏။ သို့သော် ထိုနေရာမှာလည်း အဖေ မတည်မြဲခဲ့ပါချေ။

ကျွန်တော့်မျက်စိအောက်မှာပင် အဖေသည် စောစောကပြောသလို နေရာအနှံ့ ပြောင်းလွှဲ နေထိုင်ခဲ့သော်လည်း ဘယ်နေရာမှ သူ့အတွက် အမြတ်အစွန်း မကျန်ဘဲ ပြောင်းပေးခဲ့သည်သာ ဖြစ်ပါ၏။ မြေဈေး အိမ်ဈေးတွေ ကြီးမားလာသည့် ကာလမှာပင် အဖေသည် လျှော့ဈေးနှင့်သာ ကျေနပ်ခဲ့ရလေသည်။

သည်ကိစ္စနှင့် ပတ်သက်၍ အမေကတော့ တရားသဘောဖြင့် ပြောပါသည်။

"သားရဲ့ အဖေဟာ ဘဝဘဝက ဘုရား ပစ္စေကဗုဒ္ဓါ- ရဟန္တာတွေကို ကျောင်းဇရပ်မြေနေရာတွေ လှူခဲ့ပုံရသကွဲ့၊ ဒါကြောင့် ခုဘဝမှာ နေစရာ မရှားခဲ့တာပဲ၊ ဒါပေမဲ့ လှူခဲ့စဉ်ကာလတွေမှာ တွန့်တိုစိတ်ကလေး ဝင်သွားပုံ ရတယ်၊ ဒါကြောင့် ခုဘဝမှာ ဘယ်နေရာမှ စွဲစွဲမြဲမြဲ မနေရတာ ဖြစ်မယ်"

သို့သော် ကျွန်တော်လူ့ဘဝသို့ မရောက်ခင် ကာလ၊ အဖေ လူ့ဘဝသို့ စရောက်စဉ်ကတည်းကပင် အိမ်မြေအတည်တကျဖြင့် မနေခဲ့ရဟု သိရပါသည်။ သူများအိမ်မှာ ခိုကပ်နေခဲ့ရသည်။ ဟိုအိမ်သည်အိမ်

ကူးပြောင်းနေခဲ့ရသည်ဟု ဆိုပါသည်။ ဒါကိုကြည့်ပြန်တော့ အမေပြော သလို ဘဝဘဝက မြေယာတွေ လျှုဒါန်းခဲ့သော်လည်း တွန့်တိုစိတ်ဝင်မိ ခဲ့တာမှ ဟုတ်ရဲ့လား အဖေသည် ဘဝဘဝက သူများ အိမ်မြေ ယာမြေ တွေကို ဤသို့ ပြုမူခဲ့လေသလား ဟူ၍ပင် ကျွန်တော်က သံသယဝင်ခဲ့ မိပါသေးသည်။

မည်သို့ပင် ရှိစေ. . . ကျွန်တော့် အဖေသည် သူကွယ်လွန်ချိန် ထိ မြေယာနှင့် ပတ်သက်ပြီး အကျိုးမပေးခဲ့ရုံသာမက. . . တစ်နေရာမှ တစ်နေရာ ပြောင်းတိုင်းလည်း အမှုအခင်းနှင့် မလွတ်ကင်းခဲ့သည်ကား သေချာလှပါတော့သည်။

❑ ❑ ❑

ဤစာစုတွင် ကျွန်တော်က အထက်ပါအတိုင်း နိဒါန်းချီခဲ့သော် လည်း၊ တကယ်တမ်း ကျွန်တော်ပြောလိုသည်မှာ မြေယာနှင့် ပတ်သက်၍ အဖေ ကံဆိုးခဲ့သည့် အကြောင်းမဟုတ်ပါ။ ယင်းမြေယာကိစ္စနှင့် ပတ် သက်၍ အမှုအခင်း ဖြစ်ခဲ့သည့် အကြောင်း တစ်ခုသာ ဖြစ်ပါသည်။ မြေယာနှင့် ပတ်သက်၍ကံဆိုးသော်လည်း အမှုအခင်းနှင့် ပတ်သက်၍ ကံကောင်းသည်ကိုသာ ပြောချင်ပါသည်။

မှတ်မှတ်ရရ "ဗိုလ်ကာတွန်း" ဆိုသော ရုပ်ရှင် ဇာတ်ကား တစ်ကား ကို အဖေ ရိုက်ကူးခဲ့စဉ်က ဖြစ်၏။ သူ၏ထုံးစံဖြစ်သော သယ်န်း ကျွန်း သာခုခြံကြီး ထဲမှာပင် လှည့်ပတ်၍ ရိုက်ကူးခဲ့ခြင်း မဟုတ်ပါ။ ထူးထူးခြားခြား ရှမ်းပြည်နယ်တောင်ပိုင်းသို့ ခရီးထွက် ရိုက်ကူးခဲ့ခြင်း ဖြစ်ပါ၏။ အဖေ သည် ရုပ်ရှင်ရိုက်ရာတွင် ဇာတ်ကားတစ်ကားကို ရိုက် ရက်မည်မျှနှင့် အပြတ်ဟူ၍ သတ်မှတ်ရိုး ထုံးစံမရှိ။ ရိုက်ချင်သလောက် စိတ်တိုင်းကျ ရိုက်၏။ ထိုအခါ "ဗိုလ်ကာတွန်း" ဇာတ်ကားကို ရှမ်း ပြည်နယ်၌ သွားရောက် ရိုက်ကူးရာ တော်တော်နှင့် မပြတ်သဖြင့် ရှမ်း



http://myanmarpyithar.net

ပြည်နယ်နှင့် ရန်ကုန် ခေါက်တုံ့ လူးလား ပြေးနေရတော့၏။ ထိုအခါ အဖေသည် ရုပ်ရှင်ရိုက်နေရင်းမှပင် ရှမ်းပြည်နယ် တောင်ပိုင်း "အောင်ပန်း" မြို့နှင့် "ကလော" မြို့တို့ တွင် ရုပ်ရှင် ခြံများ ထပ်မံတည်ဆောက်ရန် စိတ်တုံးတုံး ချလိုက်တော့၏။ ခြံနှစ်ခြံ ဝယ်လိုက်သည် ဆိုပါစို့. . . ။

တစ်ခြံက မြန်မာပိုင်။ တစ်ခြံက. . . ကုလားပိုင်။ မြန်မာပိုင်ခြံတွင် အဖေက ရုပ်ရှင်ရိုက်သည်။ ကုလားပိုင်ခြံမှာ မြို့လယ်ခေါင်တွင် တည်ရှိပြီး အိမ်ကြီးရခိုင်ပါ, ပါသဖြင့် နားခိုရာစခန်း။ ဗိုလ်ကာတွန်း ရုပ်ရှင်ကလည်း လပေါင်း အတော်ကြာ ရိုက်ကူး နေလေရာ၊ မြို့လည်ခြံမှာ စတည်းချ။ မြို့ပြင်ခြံမှာ ရုပ်ရှင်ရိုက်။ ကိစ္စပေါ်လျှင် ရန်ကုန်ပြန်လာလိုက်။ စိတ်ကူးပေါက်လျှင် ရှမ်းပြည်နယ် ပြန်တက်။ ဗိုလ်ကာတွန်း ဇာတ်ကားဖြင့် အဖေသည် ရှမ်းပြည်နယ်နှင့် ရန်ကုန်-လွန်းပျံ။

ဤသို့ဖြင့် "ဗိုလ်ကာတွန်း" ဇာတ်ကား ရိုက်ကူး ပြီးစီးသွားသော အခါ. . .

"အင်း. . . နောက်နောင် ခုလိုနယ်မှာ ရုပ်ရှင်တစ်ကား အပြီး အပြတ် ရိုက်ရတာ ကောင်းတယ်" ဟူ၍ ဆိုလာပါတော့သည်။ တကယ်တော့မူ အဖေသည် နယ်ထွက်ခြင်းအလုပ်ကို အပိုဆာဒါးဟု ထင်ခဲ့သူသာဖြစ်သည်။ သူ၏ ရုပ်ရှင်ဇာတ်ကားများမှာလည်း ရေမြေ တောတောင် သဘာဝ သရုပ်ဖော်များ မဟုတ်ကြပါ။ လူ့သဘာဝ သရုပ်ဖော် များသာ ဖြစ်ကြလေရာ. . . ဇာတ်လမ်းပါ နယ်မြေဒေသသည် သူ့အတွက် အရေးမကြီးပါ။ မပါမဖြစ် ပါရမည့် နယ်အခန်း ရှိသည်ဆိုပါစို့။ ယင်းမြို့/နယ်များသို့ ကင်မရာဆရာ ခေါ်ပြီး တစ်ယောက်တည်းသွား၏။ သင်္ဘောဆိပ်၊ လေယာဉ်ဆိပ်၊ မော်တော်ကားဆိပ် စသဖြင့် ယင်းမြို့နယ်၏ မှတ်မှတ်ရရ နေရာများကို ရိုက်ကူးခဲ့သည်။ ဇာတ်ဝင်ခန်း အတွင်းခန်းများကိုကား. . . ရန်ကုန် သာဓုခြံမှာပင် ဆက်တင်လုပ်၍ ရိုက်ကူးပါသည်။

ရန်ကုန်မှအပ နယ်ခရီးထွက်ဖို့ဝေးစွ. . .၊ နယ်တွင် ဧည့်သည်



http://myanmarpyithar.net

လုပ်ဖို့ ဝေးစွ၊ သူ့အိမ်သို့ အရည်မရ အဖတ်မရ ဧည့်သည်လာသည်ကို ပင်မကြိုက်သော (ဒါကြောင့်လည်း "ဧည့်သည်" ဆိုသည့် ရုပ်ရှင်ဇာတ်ကားကို ပညာပေး ရိုက်ကူးခဲ့၏) အဖေသည် "ဗိုလ်ကာတွန်း" ရိုက်ကူးပြီးစီးသောအခါ. . . ဘာစိတ်ကူးပေါက်လာသည်မသိ၊ နယ်ထွက်ရုပ်ရှင်ရိုက်ကူးရန် စိတ်အားသန်ခဲ့ပြန်လေသည်။

ကျွန်တော်သဘောပေါက်သလောက် ရှမ်းပြည်နယ်တွင် ခြံနှင့်အိမ် ဝယ်ပြီး ဖြစ်သောကြောင့် အလဟဿ မထားလိုသောကြောင့် တစ်ကြောင်း၊ သူ့မိတ်ဆွေမင်းသားကြီး ကျော်ဆွေနှင့် မင်းသမီးကြီး ဒေါ်မေနွဲ့တို့က ခြံနီးဝန်းကျင်တွင် ရှိနေကြသောကြောင့် တစ်ကြောင်း၊ ရန်ကုန်မှာရုပ်ရှင်ရိုက်ရသော ကားသံလူသံစသည့် ဝန်းကျင် အနှောင့်အယှက်များကြောင့် စိတ်ပျက်လာသည်တစ်ကြောင်း. . . ဖြစ်ပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ. . . လူသုံးပစ္စည်း (မော်တော်ကား မူလီတစ်ချောင်းမှအစ) ဝယ်ပြီးလျှင် အလကားမထားတတ်သော ဦးသာရသည် ယင်းရှမ်းပြည်နယ်မှ ခြံနှင့်အိမ်တို့ကို နည်းမျိုးစုံဖြင့် တစ်ခုမဟုတ်တစ်ခု အသုံးတည့်ရန် စီစဉ်နေခိုက်။

တစ်နေ့တွင် အဖေသည် "ဟာ. . . ဒီကုလားမကြီး ဘယ်လိုလုပ်လိုက်တာလဲ" ဆိုသော စကားကိုထပ်ခါတလဲလဲ ပြောရင်း ဒေါသကြီးနေသည်ကို သတိထားမိပါသည်။ အဖေသည် ဒေါသဖြစ်ခဲသလောက် ပေါက်ကွဲပြီဆိုလျှင်လည်း မီးဖိုချောင်မှ ပန်းကန်များပေါက်ခွဲသည်အထိ ဖြစ်တတ်သူ ဖြစ်သဖြင့်၊ ကျွန်တော် သတိထားလိုက်မိခြင်း ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော်သည် (၆)တန်းကျောင်းသားအရွယ်မျှသာ ဖြစ်လေရာ လူကြီးတွေ ဘာပြဿနာ တက်သည်ကို သေချာမသိရသော်လည်း နားစွန်နားဖျား ကြားရဖန်များလာသောအခါ ကလောမြို့ရှိ အိမ်နှင့် ခြံကိုမူလပိုင်ရှင် ကုလားမကြီးက ပြဿနာလုပ်လာသည်ဟု သိရပါတော့သည်။

နောင် ကျွန်တော်အရွယ်ကလေးရလာတော့မှ သိလာရသည်



http://myanmarpyithar.net

မှာ အဖေသည် သူ၏ ပင်ကိုယ် မူလသဘာဝအတိုင်း. . . လူချင်း ခင်မင်ရင်းနှီးလာပြီဆိုလျှင်. . . စာချုပ်စာတမ်းများ၊ မိမိဘက်မှ အပိုင်ချီနှောင်မှုများ မပြုလုပ်တတ်။ ပါးစပ်စကားလောက်ဖြင့်ပင် သဘောတူတတ်သည်။ တိတိကျကျလုပ်ရမည့် ကိစ္စများ၌ပင်. . . ဘာမျှ ရေးနှိပ်မထားသော စာချုပ် အလွတ်ပေါ်တွင် လက်မှတ်ထိုးပေးတတ်သည်။ သူ့ဘက်က ကတိတည်သလို တစ်ဖက်လူကိုလည်း ယုံကြည်သည်။ စေတနာရောင်ပြန်ဟပ်သည့် တရားကို လက်ကိုင်ထားသည်။ (ဤမဏ္ဍိုင် မဂ္ဂဇင်းတွင် ကျွန်တော် ရေးသားခဲ့သော အဖေနှင့် ပတ်သက်သော အမှုအခင်းများသည်လည်း ယင်းကဲ့သို့ စာချုပ်အလွတ်မှာ လက်မှတ်ထိုးမိခြင်းကြောင့် အဖြစ်များခဲ့ပါသည်။)

ဤသို့ဖြင့်. . . စောစောကပြောသော ကုလားမကြီးနှင့် ခြံမြေအမှုသည်လည်း ပြဿနာတက်ခဲ့ရခြင်းဖြစ်သည်။ သိရသည်မှာ သူရို့ကုလားများမှာ အမျိုးကြီးအဆွေကြီး ဖြစ်ကြသည်။ အစတွင် တစ်ဦးနှင့်တစ်ဦး ဆွေမျိုးသားချင်း, ချင်း. . . အလွန် သင့်မြတ်ခဲ့ကြသည်။ နောင်သော်. . . ညီအစ်ကို မောင်နှမရယ်လို့ ညှာတာခြင်း မရှိကြတော့ပါ။ သူရို့ချင်း အမွေဆိုင်မှုများ ဖြစ်လာတော့သည်။ ထိုအခါ. . . အဖေဝယ်ယူထားသော ကလောခြံကိစ္စသည်လည်း. . . တစ်ကြောင်းပါဝင်ပတ်သက်လာလေ၏။

ယင်းခြံ ဝယ်ယူခဲ့စဉ်က. . . သူရို့ဘက်က. . .

"အစ်ကိုကြီးပြီးရင် ပြီးတာပဲ" "ဦးလေး သဘောတူရင်ပြီးတာပဲ" "အမျိုးတွေပဲ ဘယ်သူဖြစ်ဖြစ် ကျေနပ်ပါတယ်" ဟူသော စကားများအခံရှိခဲ့သလို အဖေ့ဘက်ကလည်း စာချုပ်လွတ်တွင် လက်မှတ်ထိုးတတ်သော ဗီဇက ရှိနှင့်လေရာ၊ နှုတ်ခမ်းပဲ့ချင်းမီးမှုတ်သလို. . . ခွင်ကျနေစဉ်တော့ ဟန်ကျပါရဲ့။ နှုတ်ခမ်းပဲ့ချင်း တစ်လွဲဖြစ်သွားသောအခါ ဘယ်လိုမှ သဟဇာတ မဖြစ်နိုင်တော့ပါ။



http://myanmarpyithar.net

ဤတွင် ကုလားမကြီးသည် ရန်ကုန်နှင့် ရှမ်းပြည်နယ် မကြာခဏ ကူးလူးနေသော အဖေ့ကို ကလောမြို့နယ် တရားရုံးတွင် တရားစွဲသည်အထိ ဖြစ်လာပါလေတော့သည်။

သို့သော်. . . "မစွမ်းရင်းကလည်းရှိ. . . ကန်စွန်းခင်းကလည်းညိ" ဆိုသော စကားပုံသည် အဖေ့အဖို့ ဟန်ကျသွားသလို ဖြစ်ခဲ့ရပါသည်။ အကြောင်းမှာ. . . ရုပ်ရှင်ရိုက်ရန် ကိစ္စ မရှိတော့သော်လည်း ရှမ်းပြည်နယ်သို့ မကြာမကြာသွားရန် အကြောင်းပေါ်လာခြင်း။ နဂိုကတည်းက အဖေ့ဝါသနာ၊ စရိုက်သဘာဝက ရှိနေခြင်း။

ကိုင်း. . . ယင်းအမှုသည်လည်း အဖေ့ အဖို့တော့ သူပြောနေကျစကားအတိုင်း "ပျော်စရာကြီးဟေ့"

တကယ်တမ်းတော့မူ- ထိုအမှုသည် အဖေ့အတွက် ပျော်စရာကြီး ဖြစ်ခဲ့သော်လည်း ကုလားမကြီးအဖို့မူ စိတ်ညစ်စရာကြီး ဖြစ်ခဲ့ရပါတော့သည်။

ထုံးစံအတိုင်း အဖေက နိုင်ရမှ ကျေနပ်သည်။ နိုင်လည်း နိုင်တတ်သည်။

တရားမမှုဖြစ်သော ယင်းအမှုသည် တော်တော်ကလေး အရှိန်ရလာသောအခါ. . . ဟိုဘက်သည်ဘက် စစ်ရင်းဆေးရင်းနှင့် ကုလားမကြီးကို အဖေက တရားမမှုပြန်စွဲနိုင်ရန် အခွင့်အလမ်းတစ်ခု ပေါ်လာခဲ့လေသည်။ ထိုအခွင့်အရေးကို အဖေက ကောင်းကောင်းကြီး အသုံးချလိုက်ပါသည်။ ကုလားမကြီးကို ပြန်၍ တရားစွဲလိုက်ခြင်းပင်။ ရှုံးရှုံးမဟုတ်၊ ကြန့်ကြာတတ်သော တရားမမှု၊ စွဲသည့်နေရာက ရန်ကုန်မြို့ သဃ်န်းကျွန်း တရားရုံးမှ။

ကိုင်း ဤအမှုလောက်ဆိုလျှင် မဏ္ဍိုင်ဖတ်သော စာဖတ်သူသဘောပေါက်လောက်ပါပြီ။ ကုလားမကြီးသည် ကလောမှနေ၍. . . ရန်ကုန်မြို့စွန်. . . သဃ်န်းကျွန်း. . (ထိုစဉ် ဘတ်(စ်)ကားလိုင်းတစ်လိုင်း



http://myanmarpyithar.net

သာရှိသည်။) သို့. . . အခေါက်ခေါက် အခါခါ အမှုချိန်းလာရသည်မှာ မည်မျှ ပင်ပမ်းလိုက်ရှာ ပါမည်နည်း။

မှတ်မိနေတာ တစ်ခုရှိသည်။ ကုလားမကြီး ပထမဆုံးအမှု ရက်ချိန်းလာရသောနေ့က. . . အဖေကိုယ်တိုင်. . . မော်တော်ကားဖြင့် မင်္ဂလာဒုံ လေဆိပ်သို့ သွားကြိုခဲ့သည်ကို ထိုစဉ်က ဘုမသိဘမသိဖြင့် ကျွန်တော်က အဖေနှင့် ပါသွားခဲ့သည်။ ဝဝဖိုင့်ဖိုင့်. . . ထော့ကျိုးထော့နင်းနှင့် လေဆိပ်မှ ထွက်လာသော ကုလားမကြီးတစ်ယောက်ကို အဖေက တယုတယ ခရီးဦးကြိုပြုခဲ့ရာ. . . ကုလားမကြီးက ကျွန်တော်နားမလည်သော အင်္ဂလိပ်စကားများဖြင့် အဖေ့ကို စူဆောင့် တုံ့ပြန်ခဲ့ပါသည်။

❑ ❑ ❑

နောက်ပိုင်း. . . ကုလားမကြီးသည် မူလ သူ ကလောမှ စွဲသော အမှုကို ပြန်ရုပ်သိမ်းခဲ့ပါသည်။ အဖေနိုင်လိုက် ပြန်၏။

ချစ်ရစွာသော စာရှုသူ။ အထက်ပါအဖေ၏ လုပ်ရပ်သည် တရားသလား မတရားသလား ကျွန်တော်မသိခဲ့ပါ။ သို့သော်. . . ကျွန်တော် ကတော့ ပညာတစ်ခုတိုးသည်ဟု မှတ်ပါ၏။ ဦးသာစုသည် ကျွန်တော့်ဖခင် မဟုတ်ပါလား။

မဏ္ဍကိုင် (မဂ္ဂဇင်း)
အမှတ် (၂၅)

# ဦးသာစု၏နောက်ဆုံးရေ

"ရွှေ့နေ" ဟု လူနားလည်လွယ်အောင် သုံးနှုန်း ရသော်လည်း တကယ်တော့ သူက "ဝတ်လုံတော်ရ" ဖြစ်သည်။ "ရွှေ့နေ"နှင့် "ဝတ်လုံ" ဝေါဟာရ ကွာခြားချက်ကို ကျွန်တော်က ရှင်းပြရန် မလိုပါ။ သို့သော် ငယ်စဉ်ကတော့ မည်းမည်း ဝတ်ရုံကြီးတွေ ခြုံထားသူမှန်လျှင် "ဝတ်လုံ" ဟူ၍ ကျွန်တော်က ထင်ခဲ့၏။

အရွယ်ကလေးရလာလို့ ယင်းဝေါဟာရ နှစ်လုံး၏ အတိမ်အနက်ကို သိလာရသောအခါ၌လည်း ကျွန်တော်ကတော့ "ရွှေ့နေ" ဆိုသော စကားရပ်ကို ပိုကြိုက်၏။ "ရွှေ့နေရွှေ့ရပ်" ဟူသော မြန်မာဝေါဟာရ ရှင်းရှင်းကလေးသည် ကျွန်တော်တို့ မြန်မာများနှင့် အကိုက်ညီဆုံးဟု ထင်သည်။ မိမိရွှေ့မှာ မားမားမတ်မတ် ရပ်ပေးသူဟု ကွက်ကွက်ကွင်းကွင်း မြင်လွယ်စေသည့် အဓိပ္ပာယ် ရသောကြောင့်ပင်။

"ဦးသာစု၏ နောက်ဆုံးရွှေ့နေ" ဟု ကျွန်တော်က ဤစာစုခေါင်းစီးကို တပ်ရသည်မှာလည်း ကျွန်တော့်အဖေ ကွယ်လွန်ခါနီး နာရီပိုင်းအလိုထိ အဖေ့အနားတွင် သူရှိနေခဲ့သောကြောင့် ဖြစ်၏။ သူသည် ဝတ်လုံ ဖြစ်သော်လည်း အဖေ၏ လူမှုရေးကိစ္စရပ်များတွင်လည်း အဖေ့



http://myanmarpyithar.net

ရှေ့မှ ရပ်ခဲ့သူဖြစ်သာဖြစ်၏။ (အဖေကလည်း ဘာကိစ္စလုပ်လုပ် ရှေ့နေနှင့် တိုင်ပင်လုပ်တတ်သည်။ သို့မဟုတ် စိတ်ထင်တိုင်း လုပ်သမျှကိုလည်း "ရှေ့နေဉာဏ်" သုံးတတ်သူ ဖြစ်၏။)

ကျွန်တော်တို့ စာပေနယ်စကားနှင့် ပြောရလျှင် ထိုပုဂ္ဂိုလ်ကြီးနှင့် အဖေသည် စာပေဝေဖန်ရေးသမားနှင့် စာရေးဆရာ ကဲ့သို့တည်း။ တစ်ဦးနှင့် တစ်ဦးအမှားအမှန် အကောင်းအဆိုးကို အမြဲအကြံပေး အကြံယူသုံးသပ်နေတတ်ကြပါသည်။ သူတို့သည် တစ်ခါတစ်ရံ "ကျီးနှင့်ခင်ဘုတ်" ကဲ့သို့ နေပြီး တစ်ခါတစ်လေတော့ "ဘုတ်ကို ကျီးရိုသေ ကျီးကိုဘုတ်ရိုသေ" ဖြစ်နေတတ်ပါ၏။ မည်သို့ပင်ရှိစေ ဥပဒေ ပညာတတ်ကျွမ်းသူနှင့် ငယ်ကတည်းက ရှေ့နေ ရောဂါရှိသူတို့ ပေါင်းဖော် မိကြသည်မှာ မဆန်းပါချေ။

ကျွန်တော် မကြာမကြာ ပြောဖူးသလို Hobby ခေါ် အပျော်တမ်း ဝါသနာဟူ၍ "မော်တော်ကားပြင်ခြင်း" နှင့် "အမှုရှာ" တတ်ခြင်းကိုသာ စွဲမြဲတတ်သော ဦးသာခုသည် ကွယ်လွန်ခါနီး လူတို့ပြုအပ်သော ကိစ္စမျိုးကိုပင် ရှေ့နေဉာဏ်ကို သုံးပြီး ရှေ့နေကို သူ့အနား ခေါ်ထားခဲ့လေသည်။

❑ ❑ ❑

ကျွန်တော်တို့ အမျိုးသည် သတိကောင်းသော အမျိုးဟု ဆိုအပ်၏။ အထူးသဖြင့် သေခါနီး သတိကောင်းကြပါသည်။ စုတိစိတ် ငြိမ်သည် ဆိုပါစို့။ ဒါက အဖေ့ဘက်မှာရော အမေ့ဘက်မှာပါ, ပါလာသည့် မျိုးစေ့မျိုးဆက် ဖြစ်ပါသည်။ ဥပမာ- တစ်ခု နှစ်ခုလောက် ပြရမည် ရှိသော်. . . အဖေ့အဘိုးသည် သေခါနီးသောအခါ သူကပေးစရာ ရှိသော ကြွေးမြီများကို အပြီးအပြတ် ပေးဆပ်ရ၏။ ရစရာ ရှိသော အကြွေးများကိုလည်း မရမနေ လိုက်တောင်းခိုင်း၏။ မပေးနိုင်သော သူများကိုလည်း သူသေ



http://myanmarpyithar.net

လျှင် မိသားစုထံ ပေးဆပ်ရန် လုံးဝကြွေးဆုံးမည့် ပုံပေါ်သူများကိုလည်း အကြွေးများ လျော်ပစ်ရန်ဟူ၍ ကိုယ်တိုင် စီမံခဲ့ပြီးမှ အသက်ထွက်သည် ဟူ၏။ အဖေ့အဘိုး ထားရစ်ခဲ့သော စကားမှာ "ဟေ့. . . သံသရာကြွေး တွေထဲမှာ ဘယ်လိုမှ ပြန်ဆပ်မရတာ ပိုက်ဆံကြွေးပဲကွယ့်" ဟူသတည်း။ (အဖေ့အဘိုးက ပဲခူးမှာ ပဲခြမ်းကြော် အကြီးအကျယ် ရောင်းသူဖြစ်၏)

သည်ဘက်က အမေ၏ အဘွား။ သူကတော့ တရားဘာဝနာ ဘက်သို့ အလေးသာသည်။ သူသေခါနီး နာရီပိုင်းအလိုထိ သူ့အသုဘ ကို သူစီမံသွားခဲ့သည်။ သူ့ရုပ်အလောင်းကို ဆင်ပေးရန် အဝတ်အစား အရောင်အသွေး အမျိုးအစား ကအစ တိတိကျကျ သတ်မှတ်ပေးခဲ့၏။ သူသေလျှင် ကျန်ရစ်သူများ ပရိဒေဝမီး တတ်နိုင်သမျှ ငြိမ်းအေးစေရန် သူကပင် တရားပြခဲ့၏။ အထူးခြားဆုံးကား သူဘဝကူး အချိန်ပိုင်းကိုပင် ပြောသွားနိုင်ခဲ့ခြင်းပင်။

"ကဲ. . . အားလုံး ဘုရားတရား အာရုံပြုပြီး စိတ်အေးအေး ထားနေရစ်ကြ။ ငါမနက်အရုဏ်တက်မှာ မဂ် စိတ်ရထားနဲ့ သံသရာခရီး သွားမယ်" ဟု ညဦးသန်းခေါင်တွင် မိသားစုအားလုံးကို ခေါ်ပြောခဲ့၏။ ပြီးမှ. . .

"ဟဲ့. . . ချင်းညိုလေး (ကျွန်တော့်အမေ ဒေါ်ခင်ညို၏ ချစ်စနိုး ငယ်နာမည်). . . အဘွားအနားလာစမ်း၊ သင်ပေးထားတဲ့ ပရိတ်ရွတ် ပေး၊ အဘွားအိပ်ပျော်သွားရင် မြေးလည်း သွားအိပ်တော့"

ထိုစဉ်က ကျွန်တော် အမေသည် အသက် (၄)နှစ်သာသာ ရှိ သေး၏။ အဘွားခိုင်းတော့ ဘာရယ်မဟုတ် ရွတ်ဆိုရပါသည်တဲ့. . .။

**"ပရိပက္ကော- ဝယောမယှံ ပရိတ္တံ မမဇီဝိတံ"**

သူမှာခဲ့သည့်အတိုင်း ထိုနေ့အရုဏ်တက်တွင် အမေ့အဘွား သည် နတ်ရွာလား လေ၏။ (မင်းမျိုးမင်းနွယ် မဟုတ်သော်လည်း နတ် ပြည်သွားမည်ဟု ကျွန်တော်ခံစားရသဖြင့် "နတ်ရွာလား" ကို သုံးရပါ

သည်)

ကျွန်တော် သိသလောက်ကြားသလောက် မြင်သလောက်ဖြင့် အဖေ့ဘက်ကရော အမေ့ဘက်ကပါ သေခါနီး လိမ့်လိမ့်လူးလူးနှင့် ဇော အတန်တန် ပြန်သွားကြသူ ဟူ၍ မရှိသလောက်ပင်။ ကွာခြားတာက စုတိစိတ်ကို မွေးရာတွင် အဖေ့ဘက်က လူမှုရေးဆန်ပြီး၊ အမေ့ဘက်က ဘာသာရေး ဆန်ခြင်းပင်။ ဘာပဲဖြစ်ဖြစ် အဖေနှင့် အမေမှ မွေးလာသော ကျွန်တော်သည် သေခါနီးလျှင် ဘယ်သူ့ဘက်ပါမည် မသိရသော်လည်း ဘယ်ဘက်ပါပါ, ကောင်းပါလိမ့်မည်။ သို့သော် တစ်ခါသေကောင်ပေါင်း လဲ ဖြစ်တုန်းကတော့ သူငယ်ချင်းတွေကိုသာ သတိတရ ရှိနေခဲ့ပါသည်။ ခက်တာက ထိုစဉ်က ကျွန်တော်သတိတရ ရှိနေသော သူငယ်ချင်းအများ စုမှာ ကျွန်တော့်အပေါ် ကလိမ်ကကျစ် လုပ်သွားတဲ့ ကောင်တွေချည်း ဖြစ်နေခြင်းပါပဲ။ ။

❑ ❑ ❑

အဖေကွယ်လွန်ခါနီး တစ်ပတ်အလိုတွင် သတိလစ်သွားခဲ့သေး၏။ (၂၄)နာရီခန့် ကြာပါသည်။ မြောသွားခြင်းဟု အများက ဆိုကြ၏။ ကျွန်တော်ကမူ အချိန်အပိုင်းအခြားနှင့် မအိပ်ဘဲ အိပ်ချင်သည့် အချိန် အကန့်အသတ်မရှိ အိပ်တတ်သော အကျင့်ရှိသဖြင့် အဖေ နှစ်နှစ်ခြိုက် ခြိုက် အိပ်သွားသည်ဟု သာထင်ခဲ့၏။ သူသတိရလာတော့ ပထမဆုံး စပြောသည့် စကားမှာ. . .

"သားဗလကြီး၊ အဖေ့ကို ခွင့်လွှတ်ကွာ၊ မင်းကို အကြောင်း မကြားဘဲ အဖေ အပြင်ထွက်သွားမိတယ်၊ အဝေးကြီး မဟုတ်ပါဘူးကွာ မြေနီကုန်း ကြက်တန်းမှာ ကားပစ္စည်း သွားရှာတာ၊ ဩော်. . . ဟော့ ဆိုက်ကားခ ရှင်းပြီးပလား"

သည်တော့မှ အဖေ သတိလစ်သွားခြင်းဟု ကျွန်တော်ယုံကြည်

တော့သည်။ အမှန်က ကျွန်တော်တို့ သားအဖ အတူနေစဉ်ကာလ တစ်ယောက်ယောက် အပြင်ထွက်လျှင် အတိအကျ သတင်းပေးနေကျ ဖြစ်သည်။ လူချင်း မတွေ့လျှင် စာတိုရေးခဲ့ကြသည်။ ပြီးတော့ အဖေက ဆိုက်ကား အသုံးပြု၏။ နောက်ပိုင်း သူကောင်းကောင်း သတိရလာတော့-

"သား ဟိုကောင် စာရေးဆရာနေမျိုး (စာရေးဆရာဒါရိုက်တာ) ကိုသွားခေါ်စမ်း၊ တကယ်လို့ သူရောက်ချိန် အဖေအိပ်ပျော်နေရင် ဒီငွေ ၃၀၀၀ိ/- ပေးလိုက်၊ ဇာတ်ညွှန်း လိုက်ရေးပေးခ လို့ပြော"

အဖြစ်အပျက်က ဒီလိုပါ။

အဖေ အိပ်ယာထဲလဲနေစဉ် ကာလက ရုပ်ရှင်ဇာတ်လမ်းနှင့် ဇာတ်ညွှန်းတစ်ပုဒ်ကို ရေးခဲ့၏။ (အောင်မြင့်မြတ် ရိုက်ကူးခဲ့သော "ခရာ တာတာ" ဇာတ်ကား) ထိုအချိန်တွင် အဖေသည် မျက်စိတစ်ဖက် ကွယ်နေပါပြီ။ လူက အိပ်ယာထဲမှာ၊ သည်တော့ သူက ထိုဇာတ်ညွှန်းကို "ဦး စံရှား" မှန်ဘီလူးဖြင့် အားစိုက်ရေးသည်။ လက်ရေးလက်သား စာလုံး ပေါင်း အကျအနများကို ကျွန်တော်က ပြန်စစ်ရ၏။ အဖေ့ အခြေအနေ ကိုသိနေသော ဒါရိုက်တာ အောင်မြင့်မြတ်ကလည်း အလိုက်တသိပင် ထိုကိစ္စကို အပူမကပ်ဘဲ ထားလိုက်ပါတော့သည်။ သို့သော် အဖေက အလုပ်ကြွေးမထားခဲ့ပါ။ နောက်ဆုံးလက်ဖြင့် မရေးနိုင်တော့သောအခါ နှုတ်ဖြင့် ကက်ဆက်ထဲ အသံသွင်းထည့်သည်။

"ဟိုကောင် နေမျိုးဆီ ဒီစာရွက်တွေနဲ့ ကက်ဆက်ခွေသွားပို့၊ စာသားတွေနဲ့ ကက်ဆက်ထဲက အသံတွေ ဆက်စပ်ပြီး ဇာတ်ညွှန်းအချော ပြန်ကူးပါလို့၊ မရှင်းတာရှိ လာမေးပါလို့ ပြောခဲ့"

သို့သော် ဦးနေမျိုးက အိမ်တိုင်ရာရောက် ဆရာ အနားနေပြီး ပြုစုရင်း ရေးပါမည် ဆိုတော့. . .

"ခွေးမသား မင်းအလုပ်လုပ်မှာလား၊ ငါနဲ့ စကားပြောမှာလား။ သွား. . . ဧည့်ခံရတာ လူမမာ မောတယ်ကွ၊ မှတ်ထား"

ဤသို့အားဖြင့် ဒါရိုက်တာ မောင်နေမျိုး ကူညီခဲ့သည်ကို သတိလည်လာတော့ အဖေက မှတ်မှတ်ထင်ထင် သတိရှိနေခဲ့ခြင်းကြောင့် စောစောက ပြောသလို သူ့ကို ငွေ ၃၀၀၀ ခေါ်ပေးခြင်းဖြစ်၏။

ထိုစဉ်က မောင်နေမျိုး ငိုရှာသည်။

❑ ❑ ❑

ဤသို့လျှင် သူကွယ်လွန်ခါနီး လုပ်ဆောင်ဖွယ် ကိစ္စမှန်သမျှ (ကြီးငယ်မဟူ) ကို ရှေ့နေညာဏ်ဖြင့် လုပ်သွားခဲ့၏။ သူ့ ရှေ့နေကိုလည်း မကြာမကြာ ခေါ်ထားတတ်၏။ ဟိုကလည်း မိတ်ဆွေရင်းချာမို့ မခေါ်သော်လည်း အမြဲလိုပင် အနားမှာ ရှိနေခဲ့ပါသည်။ နှစ်ယောက်သား တိုင်ပင်ပြီး လုပ်ဆောင်ဖွယ်တို့ကို ခေတ်စကားနှင့် ပြောရလျှင် တိတိကျကျ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် လုပ်လေသည်။

မှတ်မှတ်ရရ တစ်ခုကိုသာ ပြောချင်ပါသည်။ အဖေစပြီး အိပ်ရာထဲလဲတော့ ဝင်ဒါမီယာ သာမူခြံမှာပါ။ အဖေနှင့် အတူ ကျွန်တော်တို့ ဇနီးမောင်နှံနေကြသည်။ ခြံနှင့် အိမ်က စပေါ်ခေါ်မလား၊ အပျောက်ခေါ်သလားမသိ။ ငွေအလုံးအရင်း တင်ထားပြီး လခနှင့်နေရသည်။ သူ့ အခြေအနေကို သူသိသွားသော ကာလ၌ "ငါမင်းအိမ်မှာ သေကြည့်ချင်တယ်" ဟုဆိုပြီး ဝင်ဒါမီယာ အိမ်နှင့် ခြံကို နောက်ဆက်နေမည့်သူတစ်ဦးထံ လက်လွှဲသည်။ ထို့အတွက် ငွေ ၈၀၀,၀၀၀/- (ရှစ်သိန်းကျပ်) ပြန်ရသည်။ ထိုနေရာနှင့် ငွေရှစ်သိန်းသည် မတန်မရာ ပြောပလောက်စရာ မဟုတ်သော်လည်း အဖေကွယ်လွန်ခါနီးမို့ ထိုမျှနှင့်သာ ကျေနပ်လိုက်ရသည်။ အဖေကလည်း ရှစ်သိန်းဆိုတာကို သူတွက်ပုံရသည်။ အဖေ့အဖို့တော့ ထိုမျှငွေသည် ကျွန်တော်တို့ညီအစ်ကိုမောင်နှမ ခုနစ်ယောက်အား အမွေခွဲပေးဖို့ လုံလောက်သည်ဟု အထင်ရှိပုံရပါသည်။ ဆိုပါစို့ရဲ့. . .၊ ထိုငွေထုပ်ကြီး အိမ်ရောက်လာကတည်းက အဖေ အလုပ်ရှုပ်ပါတော့



http://myanmarpyithar.net

သည်။ သူ့ရှေ့နေရော ကျွန်တော်တို့ လင်မယားပါ ဦးနှောက်စား ခဲ့ရပါသည်။ ထိုငွေထုပ်ကြီးကို နေရာ ချထားရေးသည်ပင် အဖေ့အတွက် အလုပ် တစ်ခု။ စဉ်းစားကြည့်၊ အဖေ့အိမ်သည် မော်တော်ကားပြင် ဝါသနာပါသော စာရေးဆရာအိမ်၊ သံတိုသံစများ၊ ကားပစ္စည်းများ၊ စာအုပ်စာတမ်းများဖြင့် အတိပြီးနေခဲ့သည်။ ဧည့်ခန်းမရှိ အိပ်ခန်းမရှိ။

ထို့ကြောင့်ပင် အဖေသည် ထိုငွေထုပ်ကြီးကို ဘယ်လို နေရာချထားရမှန်းမသိ ဖြစ်နေခဲ့ပါသည်။ အစတွင် ကျွန်တော်တို့က. . . "အင်း ဒီအဖိုးကြီးတော့ ငွေအစွဲနဲ့ မကျွတ်ဘဲနေရင် ဒုက္ခ" ဟု ကရုဏာဒေါသော ဖြစ်ခဲ့သေးသည်။ နောင် သူ ကွယ်လွန်လေမှ "ငွေ"အစွဲ မဟုတ်၊ "စည်းကမ်း" အစွဲဖြစ်မှန်း သိရလေသည်။

ကျွန်တော်. . . "ဖေဖေ အစ်ကိုဝဏ္ဏဆီ အပ်ထားပါလား၊ သူက စည်းကမ်းရှိတယ်. . ."

"သူလား၊ အားလုံးထဲမှာ စည်းကမ်းမရှိဆုံးကောင်၊ ပြီးတော့ ဒီကောင့်အိမ်က ငါ့အိမ်ထက်စုတ်တယ်၊ ခဏ ခဏ သူခိုးခိုးခံရတာကြည့်"

"နော့ဖြင့်၊ အေးဘုံ အမေအိမ်မှာ သွားသိမ်းခိုင်းထားမယ်လေ"

"ဟဲ့. . . ကျုန်တဲ့ ချွေးမတွေ ငါ့. . . ဘယ်လိုထင်မလဲ"

"ဒါဆို. . . ကျွန်တော် သိမ်းထားပေးပါ့မယ် ဦးသာခုရယ်" ဟု သူ့ရှေ့နေကြီးက ဆိုတော့

"ဟာ. . . ညီလေးက ဘက်လိုက်တတ်တယ်။ အားလုံးထဲမှာ ဝဏ္ဏနဲ့ ဗလကို အချစ်ဆုံး။ ဒီနှစ်ယောက်တောင်းရင် ပေးမိနေလိမ့်မယ်။ မဖြစ်ပါဘူး၊ ဟော့ ဗလကြီး၊ စိန်တံဆိပ်သော့ခလောက်ဆိုဒ် သုံးမျိုးသုံးလုံး သွားဝယ်။ ဂွတ္တလစ်ဈေးက အဖေဝယ်နေကျ တရုတ်ကုန်စုံဆိုင် မင်းသိတယ်မဟုတ်လား။ သော့ခလောက် တစ်လုံးကို သော့တံနှစ်ချောင်းပါတယ် နော. . . မမေ့နဲ့"

သော့ခလောက် သုံးလုံး သုံးဆိုဒ်ရောက်လာလေသော်. . .

"ကိုင်း. . . ညီလေး ရွှေနေရော၊ ဟိုကောင်ဗလရော၊ အားလုံး အောက်ထပ်ဆင်းပေး။ ရွှေဘုံတစ်ယောက်ပဲနေခဲ့" (အေးဘုံကို အဖေက ရွှေဘုံဟု ခေါ်သည်။) အဖေက အားမနာတတ်။

နောက်မှ သိရသည်မှာ သူ့ပိုက်ဆံတွေ သိမ်းသည့်နေရာနှင့် သိမ်းပုံသိမ်းနည်းကို လျှို့ဝှက်ထားချင်လို့တဲ့။ ဒါတောင် အေးဘုံက သူ့ အနားနေ့ညမပြတ် ပြုစုသည့်အနီးကပ် ချွေးမမို့. . . တစ်ကြောင်း၊ မတော်တဆ သူရုတ်တရက် တစ်ခုခုဖြစ်သွားရင် ငွေထုပ်ကြီး၏ လျှို့ဝှက်ချက်ကို ပြန်ပြောနိုင်ရန် လည်းကောင်း ဖြစ်ပါသည်။ ပင်ကိုအားဖြင့်မူ အဖေသည် သူ့ကိုယ်သူမှလွဲ၍ ဘယ်သူ့ကိုမှမယုံချေ။ ဒါလည်း ပင်ကို ဗီဇ မဟုတ်။ သူ့ဘဝပေး သင်ခန်းစာ တွေကြောင့်ပါတဲ့။

အတိုချုပ်ကြစို့ရဲ့။ သည်လိုနှင့် အဖေသည် သူ၏ ဗီရိုတစ်လုံး ကို အေးဘုံအား ရှင်းခိုင်းလေသည်။ ဗီရိုမှာ အပေါ်က အံဆွဲသုံးဆင့်ပါ ပြီး အောက်က အလုံပိတ်ဖြစ်၏။ အပေါ်ဆုံးအံဆွဲတို့တွင် ငွေအနည်းငယ် စီကို သတင်းစာ စက္ကူများဖြင့် ရောနှောပြီးခွဲထည့်သည်။ အောက်ဆုံး အလုံပိတ် အခန်းများမှာတော့ ငွေအများစုကို သူ၏ လုံခြည်အစုတ်များ လက်နှီးစုတ်များဖြင့် ထုပ်ပိုး ရောမွှေပြီး အပြင်ဘက်မှာ. . . ဂလန့်ထိုး၊ သော့ခလောက် သုံးလုံးဖြင့် ခပ်လိုက်လေသည်။ ဒါတွေလည်း နောင် အေးဘုံ ပြန်ပြောမှ သိရပါသည်။

ပြဿနာကား ငွေထုပ်ကြီးမဟုတ်။ သော့တံများ သိမ်းဆည်းရ ခြင်းနှင့် ငွေများ ပြန်စစ်ရခြင်း တာဝန်ကြီး နှစ်ရပ်သာဖြစ်၏။ သည်လိုပါ။

အဖေသည် ရက်ခြားဆိုသလို သူ၏ ငွေထုပ်များကို ထုတ်ယူ စစ်ဆေးပါသည်။ သူကိုယ်တိုင်က မျက်စိမမြင် နားမကြားသဖြင့် တာဝန်ခံ ရသူမှာ အေးဘုံဖြစ်တော့၏။ သက်သေအဖြစ်ကား သူ၏ ဇာတ်လိုက် ရွှေနေကြီးပေါ့။

ထို့ကြောင့် သူငွေထုပ်တွေအဖေတစ်ခါစစ်ဆေးတိုင်း နံပတ်(၁)

အေးဘုံ စိတ်ကုန်လက်ပန်းကျရ၏။ နံပတ်(၂) သူ့ရှေ့နေကြီး မှာလည်း အချိန်မတော် အဖေခေါ်တိုင်းလာရောက် သက်သေခံနေရ၏။ (မျက်စိမကောင်းသော အိပ်ရာပေါ်က လူနာ ဘယ်မှာ နေ့တွေ ညတွေ သိမည်နည်း။) အဆိုးဆုံးအလုပ်မှာ သူသော့တံများ ရှာဖွေခြင်း။

အဖြစ်က စောစောကပြောသလို သော့ခလောက် သုံးလုံးဝယ်တော့ သော့တံ ခြောက်ချောင်းပါလာသည်။ သုံးချောင်းတစ်စုံကို အေးဘုံအား အပ်နှံသည်။ ကျန်သုံးချောင်းကို အဖေက သူ့ဘာသာ သိမ်းသည်။ အခက် အခဲမှာ သူသိမ်းသည့်နေရာ သူတစ်ယောက်တည်းသာ သိခြင်းပါတည်း။ နေ့ဖြင့်၊ သူသော့တံသုံးချောင်းကို သူဘယ်လို သိမ်းပါသနည်း။ (နောင်မှသိရသည်မှာ) ဆိုပါစို့. . . တစ်ချောင်းကို သူ့စွပ်ကျယ်အင်္ကျီတစ်နေရာရာမှာ ချိတ်ဖြင့် တွယ်သည်။ နောက်တစ်ချောင်းကို ခေါင်းအုံးစွပ်အောက်ဘက်မှာ၊ ကျန်တစ်ချောင်းက. . . မွေ့ရာအောက်မှာ. . . စသဖြင့် နေရာ အပြောင်းပြောင်းလှည့်ထားနေခြင်းပင် ဖြစ်ပါသည်။ ကြာသော် ငွေထုပ်စစ်ချိန် သူ့ခြင်ထောင်ထဲဝင်သွားပြီး သော့သုံးချောင်းရှာပုံတော်ဖွင့်နေတာကပင် ကြာလွန်းသဖြင့် ရှေ့နေကြီးနှင့် အေးဘုံတို့ သည်းညည်းမခံနိုင်တော့ပါ။ ဗီရိုဖွင့်တော့လည်း သူ့သော့တွေနှင့်သာ ဖွင့်ရသည်။ အေးဘုံကို အပ်ထားသော သော့တံကို သူပြန်သိမ်းပြန်၏။ ကိုင်းမခက်ပါလား။ တော်ရုံလူ သည်တာဝန်ကို ဘယ်မှာယူချင်မည်နည်း။

"ငါ. . . အချိန်တန်တော့ အားလုံးသားသမီးတွေ ရှေ့မှာ သော့တွေချပြပြီး စာရင်းရှင်းပေးမယ်. . . ဒါပဲ" သူ့အမိန့်က သည်လောက်ပါပဲ။

အဖေ ဘယ်လောက်စေ့စပ်သနည်းဆိုသော် တစ်နေ့သူ့ငွေထုပ်တွေစစ်ဆေးကြတော့ ဘာစိတ်ကူးပေါက်သည်မသိ၊ "ရွှေဘုံ. . . သမီးသိမ်းထားတဲ့ သော့တွဲသွားယူခဲ့" ဟုဆိုသည်။ ထိုသော့တွဲတွေကို ထပ်ဆင့်ခတ်သော သော့တံကိုလည်း ပြန်ပေးသည်။ အေးဘုံက မြန်မြန်ထက်ထက်

ပင် ယူပေးသည်။ ထိုအခါ. . .

"ဟင်- သော့တံယူတာမြန်လှချည်လား၊ ဘယ်လိုသိမ်းသလဲ"

"သမီးလက်ဝတ်လက်စားတွေ ထားတဲ့အံဆွဲထဲမှာပါ"

"ပြစမ်း. . . ပြစမ်း. . . ဟာအမိုက်မ သော့တံတွေ ဘာကြောင့် တစ်တွဲတည်း တွဲထားရသလဲ"

"အဖေရယ် ဘာအကြောင်းထူးမှာမို့လို့လဲ"

"ခွေးမ၊ သော့တံသုံးချောင်း တစ်တွဲတည်းထားတော့ သူခိုးတွေ့ သွားရင် ငါ့ဗီရို တစ်ပြိုင်နက် ဖွင့်လို့ရသွားမှာပေ့ါ။ ငါသိမ်းသလိုသိမ်း၊ တစ်နေရာစီထား၊ သူခိုးက အလွန်ဆုံး သော့တံ သော့ခလောက် တစ်လုံး ခတ်ရက် ကျန်မယ်၊ အဲဒါ မြဲမြဲမှတ်"

❑ ❑ ❑

ထိုအစီအစဉ်အတိုင်းပင် ငွေထုပ် သံသရာလည်နေခဲ့ရာ သူ ပြောသည့်အတိုင်းပင် သူ၏ နောက်ဆုံး နေ့ရက်များသို့ ရောက်သောအခါ သားသမီး, သမက် ချွေးမအစုံအလင်ရှေ့တွင် သူ့ဗီရိုကြီးကို ဖွင့်ပါတော့ သည်။ (ရှေ့နေကြီးလည်း ထုံးစံအတိုင်းပေ့ါ။) အေးဘုံကိုလည်း ကျွန်တော် မသိအောင် သူတိတ်တိတ် ချေးထားသော ငွေစာရင်းတွေ တောင်းလေ ၏။ ကျွန်တော်က "နေပါ့စေ အဖေရယ်" ဆိုတော့ "သုံးမကျတဲ့ ကောင်၊ ခု နှယ်သာ ငါသေခါနီးလို့ ဒီငွေ ငါချေးထားမှန်းသိလို့ မင်းပြန်လိုချင် ဘယ်သူ့ဆီ သွားတောင်းမလဲ. . . မှတ်ထား. . . ပိုက်ဆံကြွေးဆိုတာ သူ့ဘက် ကိုယ့်ဘက် မတင်စေနဲ့" ဟုဆိုပါသည်။

သည်လိုနှင့် သူ့ငွေတိုက်ကြီးကို ဖွင့်ပြရောဆိုပါစို့။ ပထမဆုံး မဖြစ်စလောက် ငွေအနည်းငယ်စီထားသော အပေါ်အံဆွဲသုံးခုကို ဆွဲ ထုတ်စေပါသည်။ ပြီးမှ အောက်ထပ်အလုံပိတ်အကန့်မှ သော့ခလောက် သုံးလုံးကို စနစ်တကျ ဖွင့်စေပါသည်။ ဤလုပ်ငန်းကိုကား သူ့ရှေ့နေကြီး က လုပ်ကိုင်ရပါသည်။

**တွတ်ပီစာအုပ်တိုက်**

http://myanmarpyithar.net

သို့သော် ဤမျှ စနစ်တကျအခိုင်အမာ လှို့ဝှက်သိမ်းဆည်းထားသောသူ၏ ငွေထုပ်ကြီးကိစ္စသည် ကျွန်တော်တို့ မိသားစုအားလုံး ဝိုင်းဝန်းငြိမ်သက် အာရုံစိုက်နေစဉ်မှာပင် ရှေ့နေကြီး၏ လုပ်ရပ်ကြောင့် ငိုအားထက် ရယ်အားသန် ဖြစ်ကုန်ရပါတော့သည်။ အကြောင်းမှာ ရှေ့နေကြီးသည် ဗီရိုအံဆွဲသုံးခုကို ဆွဲထုတ်ရင်း နောက်ဆုံးအံဆွဲကို ကြမ်းပြင်ပေါ် အသာချပြီးသည်နှင့် "ကိုင်းကိုင်း အားလုံးဒီမှာ လာကြည့်ကြပါဦးကွယ်တို့" ဟု ခပ်တိုးတိုးလေသံဖြင့် ပြုံးပြုံးကြီး ပြောလေသည်။ ကျွန်တော်တို့ ညီအစ်ကိုတစ်စု ရှေ့နေကြီး ညွှန်ပြရာ ကြည့်လိုက်တော့ ဗီရို အပေါ်အံဆွဲသုံးခုနှင့် အောက်ဆုံးအကန့်တို့ကြားတွင် အပိတ်အကာမရှိ ဟောင်းလောင်းကြီး ဖြစ်နေတာတွေ့လိုက်ရသောကြောင့်ပင် ဖြစ်ပါသည်။ အဖေသိမ်းဆည်းထားသော အဝတ်စုတ်များ ပတ်ထားသည့် ငွေထုပ်ကြီးများသည် အောက်ထပ်တွင် ငြိမ်သက်နေကြသည်ကို အတိုင်းသား မြင်နေရပါတော့သည်။ ခပ်ထားသောသော့ခလောက်သုံးလုံးကိုပင် တကူးတကန့် ဖွင့်နေစရာမလို။ အသာကလေး ဆွဲနှိုက်ယူလိုက်ရုံပင်။

သည်တော့မှ အဖေ့ ရှေ့နေကြီးက. . .

"အင်း. . . ဦးသာခု၊ ဦးသာခု ခင်ဗျားဟာ ရှေ့နေဦးနှောက်ပြေးတာကတော့ ကျွန်တော်တို့တောင် နမူနာယူရပါတယ်။ ဒါပေမယ့် ခုလို ဟာကွက်ကလေးတွေ ရှိနေလို့သာ၊ ခုနောက်ဆုံးအမှု ခင်ဗျားရှုံးရတာပါပဲ" ဟုအဖေ့ကိုလှည့်၍ပင် တည့်တည့်ပြောပါသည်။ ပြောပေမပေါ့၊ ထိုအချိန်တွင် အဖေသည် ပြန်၍ မှိန်းစက်နေပြီ မဟုတ်လား။

အဖေ အိပ်ပျော်သွားတာလား နောက်တစ်ကြိမ် သတိလစ်မေ့မြောသွားပြန်တာလား. . .။

မဏ္ဍိုင် (မဂ္ဂဇင်း)
ဧပြီလ (၁၉၉၉)

http://myanmarpyithar.net

# သာရဘောပင်အတ္ထုပ္ပတ္တိ

**ကျွန်တော့်ဆီမှာ အဖေ့အမွေ ဘောပင် တစ်ချောင်း ရှိ၏။ ဘောပင်** ပေါ်ဦးစက "ပတ်ကား" အမျိုးအစားဖြစ်၏။ ဖောင်တိန်ထဲမှာ ပတ်ကားသည် စူပါဖြစ်သလို ဘောပင်ခေတ်မှာလည်း ပတ်ကားသည် တန်းမနိမ့်ပါ။ ကျွန်တော်က နေ့တိုင်းစာရေးသူ ဖြစ်သောကြောင့် စာပေ ရေးသားရာ၌မူ တစ်ခါသုံး မြဝတီဘောပင်ကိုသာ သုံးခဲ့ပါသည်။ "ချောစာ" "ပေးစာ" "လျှောက်လွှာစာ" စသဖြင့် သီးသန့် ရေးသောအခါ မျိုးကျမှ အဖေ၏ "ပတ်ကား" ဘောပင်ကို အသုံးပြုပါသည်။ ကျွန်တော့် မှာ အခြားသော ဘောပင်အကောင်းစားတွေ များစွာရှိပါသည်။ သို့သော် "စာရေးဆရာသာရ"၏ ဘောပင်ကိုသာ ကျွန်တော်က မြတ်နိုးစွာကိုင် တွယ်သည်မှာ အဓိပ္ပာယ်ရှိသည်ဟု ထင်သည်။ ပြီးတော့ ထိုဘောပင်၌ "စာပေနတ်" စီးနေသည်ဟု ပြောရမလားမသိ။ ခုနောက်ပိုင်း ထိုဘောပင် နှင့် စာပေရေးသားရတာ ပို၍အရသာ ရှိသလို စာသန့်သလိုလည်း ထင် နေမိပါသည်။

သို့သော် နေ့စဉ်နှင့်အမျှ စာတွေရေးလာသောအခါ ထိုဘောပင် မင်ချောင်းက ပြဿနာပေါ်လာတော့သည်။ "ပတ်ကား" အမျိုးအစား



http://myanmarpyithar.net

သည် အဝါးဝပါသည်။ အခြားတစ်ခါသုံး ဘောပင်တွေ အင်္ဂါအပြည့်အစုံ နှစ်ဆယ်လောက်ပေးရလျှင် ပတ်ကားက မင်ချောင်းချည်းနှစ်ရာကျော် သည်။ ကျွန်တော့်အဖို့ တွက်ခြေမကိုက်ပါ။ ထို့ကြောင့် ကျွန်တော် တစ်မျိုး ကြံပါသည်။ တရုတ်(သို့) အိန္ဒိယ မင်ချောင်းကို ဝယ်ပြီး "ပတ်ကား" မှာ တပ်ဆင်ကြည့်သည်။ တစ်ချောင်းမှ သုံးလေးဆယ်သာ ရှိသည်။ ဘောပင် အိမ်က အမေရိကန်၊ အတွင်းမင်ချောင်းက တရုတ်(သို့) အိန္ဒိယ။ ဘယ်သူ မှမသိ။ ကိုယ့်ဘာသာတော့ လိပ်ပြာမသန့်လှ။

အဲ. . . ပြဿနာတစ်ခုတော့ ရှိသည်။ ထိုမင်ချောင်း နောက် မြီး ခွေးသွားအထစ်များနှင့် ပတ်ကား၏နှိပ်ခလုတ်က သိပ်အံမကျပါ။ "ငင်း" အတိုင်းပါပဲ။ သို့သော် ထိုပြဿနာလည်း အသုံးကြာလာတော့ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အဆင်ချောလာပါသည်။ သည်လို လုပ်နေရတာ ပင် ခံတွင်းတွေ့လာမိ၏။ လက်အရသာ ဆိုပါစို့။

ဘာပဲဖြစ်ဖြစ် ဆရာသာမု၏ "စိန်ပေါက်ကြယ်သီး" ကို အင်္ကျီ မှာတပ်၊ အိတ်ထောင်မှာ သူ့"ပတ်ကား" ဘောပင်ကိုထိုး၊ သူ့လွယ်အိတ် ကိုလွယ်၊ သူ့နာရီကို ပတ်ပြီး ကျွန်တော်လမ်းထွက်ရတာကို အလွန်ဂုဏ် ယူ နေမိပါတော့သည်။

ထိုဘောပင်ကို အဖေကွယ်လွန်သော (၁၉၉၁)မှစ၍ ကျွန်တော် သုံးလာခဲ့ရာ မနေ့က အထိဖြစ်သည်။ မနေ့က (၂၆. ၉. ၉၉)။ ထိုဘောပင် ၏ ထူးခြားချက်သည် တစ်မြန်နေ့ (၂၄. ၉. ၉၉) ကစ၍သူ၏ အစွမ်းကို ပြခဲ့လေသည်။

❑ ❑ ❑

ထိုနေ့နံနက်က ကျွန်တော့်အိမ်သို့ ဧည့်သည်ရောက်လာသည်။ ကချင်ပြည်နယ်မှ တာဝန်ကြီးပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ သူရို့ ကချင်ပြည် နယ်နေ့တစ်နေ့အတွက် ကျွန်တော့်ထံမှ ဂီတနှင့် ပတ်သက်သော အကူ

အညီတစ်ခု လာတောင်းခြင်းဖြစ်သည်။ လုပ်ငန်းကိစ္စ စကားပြောဆိုပြီးတော့ ကျွန်တော်က စာတစ်စောင်ရေးပြီး လက်မှတ်ထိုးရန် လိုအပ်လာသည်။ ထိုအခါ ကျွန်တော်ကလည်း မှတ်မှတ်ရရပင် အဖေ့ဘောပင်ကို တကူးတက သွားယူပါသည်။ စာရေးရန် ဘောပင်ခလုတ်ကို နှိပ်သောအခါ စောစောကပြောသော ပြဿနာပေါ်ပါတော့သည်။ သုံးလေးကြိမ် နှိပ်မှ မင်ချောင်းထွက်လာပါသည်။ စာရေးလက်မှတ်ထိုးပြီး မင်ချောင်းပြန်သွင်းသောအခါ၌လည်း "ဂုင်း" အတိုင်းပါပဲ။

ကျွန်တော်က လုပ်ရိုးလုပ်စဉ်မို့ ဂရုမထားသော်လည်း ဧည့်သည် ပုဂ္ဂိုလ်ကြီးက တော်တော် စိတ်မကောင်း ဖြစ်သွားပုံ ရပါသည်။ သူက သူ၏ အတာချီ သေတ္တာကို မရဲတရဲဖွင့်ပြီး အကောင်းစား ဘောပင်အသစ်တစ်ချောင်းကို မေတ္တာလက်ဆောင်ပေးပါတော့သည်။ အစ၌ လက်မခံဟုဆုံးဖြတ် သော်လည်း လူမှုရေးအရ လက်ခံလိုက်ရပါသည်။ သူပြန်သွားသောအခါ သမီးကြီးက "လှလိုက်တာဟယ်" ဟု ကိုင်တွယ်ကြည့်သဖြင့် "ကိုင်းကိုင်း. . . သမီးယူလိုက်"။

တိုက်တိုက်ဆိုင်ဆိုင် ဆိုရမလားဘဲ။ ထိုညနေမှာ သူငယ်ချင်း ဆရာဝန်တစ်ယောက် အကြီးအကျယ် နေမကောင်းဖြစ်သည် ကြားသဖြင့် သူ့အိမ် လူနာသတင်းမေး သွားခဲ့သည်။ ရောဂါက သိပ်မကြီးမားသော်လည်း သူ့ခမျာ ချောက်ချားနေပုံရပါသည်။ ထို့ကြောင့် "တရားခွေ" နားထောင်ရန် ညွှန်းမိသည်။ သူက ပါဠိပါဒ်သားတွေ ပါနေသဖြင့် စာရွက်နှင့် ရေးပေးရန်ပြောသည်။ ကျွန်တော်က ဘောပင်ကို ထုတ်သည်။ ခလုတ်ကို နှိပ်သည်။ အဖေ့ဘောပင်သည် ထုံးစံအတိုင်းပင် ကပ်တိကပ်ဖွဲ့ လုပ်ပါသည်။ ဒါကိုမြင်တော့ သူငယ်ချင်းဆရာဝန်က "မင်းနှယ်ကွာ၊ မင်းသားလုပ်နေပြီး ပတ်ကား အစုတ်နဲ့" ဟု ကျီစယ်ပါသည်။ ကျွန်တော်ကလည်း အဖေ့ဘောပင်မို့ အမြတ်တနိုး သုံးရကြောင်း ရှင်းပြသည်။

သူ့အိမ်ကပြန်တော့ မော်တော်ကားဆီအထိ လိုက်ပို့ရင်း "ဘယ်



http://myanmarpyithar.net

လိုမှ သဘောမထားနဲ့ကွာ၊ လက်ဆောင်ပါ” ဟုဆိုပြီး အကောင်းစား ဘောပင်တစ်ချောင်း (ဘူးအိမ်နှင့်) ကို ကားရှေ့အံဖုံးပေါ်တင်ပေးလိုက်သည်။ သူငယ်ချင်းချင်း ထားအပ်သော ယဉ်ကျေးမှုကို ငဲ့ပြီး လက်ခံလိုက်သည်။ စိတ်ထဲမှာတော့ “အင်း. . . သားကြီးကို ပေးရမယ်” ဟုကွက်ခနဲဖြစ်သွားမိသည်။

(၂၅. ၉. ၉၉) တစ်နေ့ကမူ အဖေ့ဘောပင်သည် သူ့တန်ခိုးကို ထပ်၍ပြလေသည်။ တိုက်ဆိုင်မှုအဆင့်ထက် လွန်လာပါပြီ။

မနက်ပိုင်း မြေနီကုန်း ပလာဇာသို့ ကိစ္စတစ်ခုဖြင့် ရောက်သွားတော့ ဆွေမျိုးတစ်ယောက်၏ ကုန်စုံဆိုင်သို့ လမ်းကြုံဝင်ဖြစ်သည်။ ကျွန်တော်ကိုင်သော ပတ်ကားဘောပင်အတွက် တရုတ်(သို့) အိန္ဒိယမင်ချောင်း တစ်ချောင်း ဝယ်လိုက်သည်။ တစ်ခါတစ်ရံတွင် ထိုမင်ချောင်းတို့သည်လည်း ပတ်ကားအိတ်နှင့် မတော်တဆ သွားပြီး ကိုက်ညီနေတတ်သဖြင့် ဆိုင်ရှင်ရှေ့မှာပင် မင်ချောင်းအသစ်ကို ဖြုတ်တပ်ပြီး စမ်းသပ်ကြည့်သည်။ မရပါ။ ထုံးစံအတိုင်းပင် အထစ်ထစ်အငေါ့ငေါ့။ ထိုအခါသူက “ဟာ. . . ကိုသု၊ ပတ်ကားမင်ချောင်းအစစ်ပဲ သုံးပါလားဗျာ” ဟု လောကဝတ်စကားဆိုသည်ကို ကျွန်တော်က “ဈေးသည်စကား” ပဲဟု ထင်ပြီး “ဈေးကြီးတယ်ဗျ၊ မသုံးနိုင်ဘူး” ဟု စကားပြတ်ပြောမိသည်။ ထိုအခါ သူက ကျွန်တော့်လက်ထဲမှ ဘောပင်ကို လုယူပြီး သူ့ရှိုးကေ့အတွင်းမှ ပတ်ကားမင်ချောင်းအသစ် ကို ထုတ်ယူတပ်ဆင်ပေးလိုက်ပါတော့သည်။

မတတ်သာသည့်အဆုံး ကျွန်တော်က စိတ်တွက်တွက်ပြီး ငွေနှစ်ရာတန် တစ်ချပ် ထုတ်ပေးတော့ “နေပါစေ” ဟုဆိုပါသည်။ မရမနေပေးတော့မှ ထိုငွေစက္ကူဖြင့် သူ့ဆိုင်ကောင်တာကို တဖျပ်ဖျပ်ခေါက်ပါသည်။ ဈေးဦးပေါက်ထင်ပါရဲ့။ သို့သော် သူသည် သူ့စေတနာကိုကား အပျက်ကွက် မခံပါ။ အခြားရှိုးကေ့အတွင်းမှ (ဘူးနှင့်အိမ်နှင့်) အကောင်းစား ဘောပင်တစ်ချောင်းကို ထုတ်ယူပေးပြန်ပါသည်။ “ဒါတော့ လက်ခံပါဗျာ၊



http://myanmarpyithar.net

ပရဲဇင့်ပါ” ဟု ကျွန်တော့်လွယ်အိတ်ထဲ ဇွတ်ထည့်ပေးပါသည်။ အချီအချ ငြင်းဆန်ခြင်းပြုလုပ်နေစဉ်ကာလမှာ ကျွန်တော့်စိတ်သည် “အင်း. . . တတိယကောင်အတွက်တော့ ဟန်ကျပြန်ပြီ” ဟူသောအတွေး ဝင်လာသည်ကိုကား ရိုးသားစွာဝန်ခံပါရစေ။

❑ ❑ ❑

အဖေ့ဘောပင်သည် တန်ခိုးပြပြီးရင်းပြနေပါသည်။ ထိုနေ့ (၂၅. ၉. ၉၉)ညဦးပိုင်းမှာပင် “အိကွေတိုးရီးယား” ဟိုတယ်၌ လိုက်ဖ် စတိုင်မဂ္ဂဇင်း ဧည့်ခံပွဲတစ်ခု တက်ရန် ရှိပါသည်။ တကူးတက ဖိတ်ထားသဖြင့် တက်ဖြစ်အောင်လည်း တက်မိပါသည်။ ထိုဧည့်ခံပွဲ သွားရာ၌လည်း အပေါ်တိုက်ပုံ ဝတ်ထားပေမည့် အတွင်းအင်္ကျီအိတ်ထဲမှာတော့ အဖေ့ဘောပင်က ချိတ်လျက်သား ပါမြဲပါလာသည်။

ထိုညကကျွန်တော်နှင့် တစ်ဝိုင်းတည်းကျသူများမှာ မျက်နှာချင်းဆိုင်က ကိုရွှေဝင်းငြိမ်း၊ လက်ယာဘက်မှာက ပန်းချီစိုးမိုး၊ လက်ဝဲဘက်မှာက မင်းသားရဲအောင်နှင့် လွင်မိုး။ သူရို့လေးယောက်သား ကျွန်တော်နှင့် မဆိုင်သောစကားများ ပြောနေကြသဖြင့် ဘာရယ်မဟုတ် မျက်လုံးဝေ့ ကစားလိုက်တော့ သူရို့အိတ်ထောင်တွေထဲမှာ (လွင်မိုးမှလွဲ၍) ရွှေရောင် အကောင်းစား ဘောပင်ကလေးတွေ ကိုယ်စီနှင့်ပါလား။

ထိုအခါကျွန်တော်သည် ကျွန်တော်၏ ရှေးဟောင်းအင်းတိတ် ဘောပင်ကြီးကိုလည်း ကြွားလိုသည်။ ပြီးတော့ ထိုဘောပင် အကျိုးပေးပုံကိုလည်း ဟာသနှော၍ ပြောလိုစိတ် ဖြစ်ပေါ်နေသည်။ (မှတ်ချက်- မနက် ကဆိုင်မှထည့်ပေးလိုက်သော ပတ်ကားမင်ချောင်းအသစ်ကို ပြန်ထုတ်ပြီး မင်ချောင်းအဟောင်းနှင့် လဲလှယ်ထားပါသည်)

သူရို့စကားဝိုင်းအပြတ်တွင် ကျွန်တော်က အဖေ့ဘောပင်ကို ထုတ်ယူလိုက်သည်။

"ဒီမယ် ကိုဝင်းငြိမ်း၊ စကားမစပ် ပြောရဦးမယ်။ ဒါက အဖေ့ရဲ့ ဘောပင်ဗျ။ ပတ်ကားအစစ်။ ဒါပေမယ့် ဟောဒီမှာကြည့်" ဆိုပြီး မင်ချောင်းကို ထုတ်ပြသည်။ ထုံးစံအတိုင်း အထစ်ထစ်အငေါ့ငေါ့။ ပြန်သွင်းပြသည်။ "ဂုင်း" အတိုင်းပါပဲ။ ကိုရွှေဝင်းငြိမ်းနှင့် ပန်းချီစိုးမိုးတို့က ကျွန်တော့်အထာကို သိသဖြင့် ပြုံးရုံမျှသာ။ ဟိုမင်းသား နှစ်လက်ကတော့ ဦးသာရ ဘောပင် ရှေးဟောင်းပစ္စည်းဆိုပြီး ကြည့်ငေးကြ၏။ ပြီးတော့ ရယ်ပွဲဖွဲ့ကြ၏။

သည်တော့ သားဦးအရွယ် ဖြစ်နေသော လွင်မိုးက

"ဦးသုမောင်က သားသမီးဘယ်နှစ်ယောက်လဲ" ဟုမေးသည်။ ကျွန်တော်က "လေးယောက်ကွ၊ သမီးနှစ်ယောက်၊ မျောက်နှစ်ကောင်" ဟု ပြန်ဖြေလိုက်စဉ် အလွန်မတန်မှ စာနယ်ဇင်းသမားပီသသော ကိုရွှေဝင်းငြိမ်းက-

"လုပ်မနေပါနဲ့ ကိုရွှေဗလရယ်၊ အငယ်ဆုံးမအတွက် နောက်တစ်ချောင်း လိုနေတယ် မဟုတ်လား။ ကျွန်တော်ပေးပါမယ်" ဟု ဝင်ပြောရာ အားလုံးပွဲကျသွား၏။ ပျော်စေပြက်စေ စကားမျိုး ဖြစ်သော်လည်း ကျွန်တော့် အဖို့မူ အငယ်ဆုံးသမီးအတွက် ဘောပင်အသစ်တစ်ချောင်းကို ကွက်ခနဲ မျှော်လင့်မိသည်တော့ အမှန်ပင်။ ရစေလိုသဘော မဟုတ်သော်လည်း ရလျှင်ကောင်းမှာဟူ၍တော့ ဖြစ်သွားမိသည်။

သည်မျှော်လင့်ချက်ကိုတော့ ဘာရယ်မဟုတ်ဟု ကျွန်တော်မယူဆတော့ပါ။ ကျွန်တော့် စိတ်တွင် လိုချင်တပ်မက်မှု စွက်လာနေပြီမှာ သေချာနေပါပြီ။ အဖေ့ဘောပင်၏ အကျိုးပေးမှု (ကံကောင်းသည် ဆိုပါစို့) အပေါ် ကျွန်တော့် မသိစိတ်က ယုံကြည်မိနေပြီ ထင်ပါသည်။ အကျိုးပေး ပေါ်မှာလည်း ကျွန်တော် သာယာစပြုနေလေပြီ။

❑ ❑ ❑



http://myanmarpyithar.net

ကျွန်တော့်ကို နတ်ကလေး စောင့်သည် ထင်၏။ ထိုညက ဘောပင်ကိစ္စ ပြီးပြီးပျောက်ပျောက် သဘောထားခဲ့သော ကျွန်တော်သည် မနေ့က (၂၆. ၉. ၉၉) ရွှေအမြုတေသို့ စာမူအပေး ရောက်သည်။ သည်မှာ ကိုရွှေဝင်းငြိမ်းနှင့် ဆုံသည်။ ဟိုနေ့က ကိစ္စကိုတော့ တကယ်ပင် သတိတရ မရှိခဲ့ပါ။ သို့သော် ကိုရွှေဝင်းငြိမ်းက အမှတ်သညာ ကြီးပုံရသည်။ ပြန်ခါနီးတော့မှ “ကိုင်း. . . ကိုရွှေဗလ၊ ရော့ ဒီမယ် ခင်ဗျားသမီး အငယ်ဆုံးအတွက်” ဟုရယ်ကာမောကာဖြင့် ဘောပင်အသစ် တစ်ချောင်း (ဘူးနှင့်အိမ်နှင့်) လက်ဆောင်ပေးပါသည်။

ထိုတဒင်္ဂတွင် ကျွန်တော် ကြွေနည်းနည်း ပျက်နေသည်ကို သူ သတိထားမိ ပေလိမ့်မည်။ အဘယ့်ကြောင့် ဆိုသော် ထိုဘောပင်အတွက် ကျွန်တော် အကျေနပ်ကြီး ကျေနပ်နေသောကြောင့်ပင်။ ဟန်ပင် မဆောင်နိုင်ဘဲ ဝမ်းသာအားရ လှမ်းယူလိုက်သည်။ အဖေ့ဘောပင် အပေါ်မှာလည်း လာဘ်ကောင်းကြောင်း ယုံသထက်ယုံလာမိတော့၏။ ဒါသည် ကလေးဆန်ခြင်းမျိုးတော့ မဟုတ်။ မသိစိတ်ဖြင့် သာယာနေခြင်း၊ ကံတရားအပေါ် ယုံစားလွယ်ခြင်း၊ စေတနာအပေါ် စီးမျောနေမိခြင်းမျိုး ဖြစ်မည်ဟုဆိုလျှင် ကောင်းမလားဘဲ။

❑ ❑ ❑

ကိုရွှေဝင်းငြိမ်းထံမှ ပြန်ဆင်းလာလို့ မော်တော်ကားပေါ် ရောက်သောအခါ သူပေးသည့် လက်ဆောင်ဘူးကလေးကို ရှေ့အံထဲမှာ တယုတယသိမ်းဆည်းလိုက်ရင်း ကျွန်တော့် အင်္ကျီအိတ်ကို အမှတ်မထင် စမ်းကြည့်လိုက်ပါသည်။ ကံကောင်းသည့် အဖေ့ဘောပင်။

အလို. . . မရှိတော့ပါလား။

ကျွန်တော် ပျာသွားသည်။ ကားပေါ် ရှာသည်၊ မတွေ့။

ကားရပ်ထားစဉ်က ယာဉ်ရပ်နားခပေးဖို့ အိတ်ထဲနှိုက်တုန်းက



http://myanmarpyithar.net

များ ပြုတ်ကျသွားသလား၊ ကားဘေးလမ်းပေါ်မှာလည်း မတွေ့၊ ကား စောင့် မိန်းကလေးကို မေးတော့လည်း သူမသိ။ တစ်နေရာရာ ပြုတ်ကျ လျှင်လည်း သိသာရမည်။

ကိုဝင်းငြိမ်းတို့ အပေါ်ထပ်မှာများ ကျန်ခဲ့သလား။ မဖြစ်နိုင်။ ဒီတစ်မနက်လုံး ဘောပင်လုံးဝ အသုံးမချရသေးပါ။ ဟုတ်သည်ပဲ ထားဦး။ သူရို့တိုက် အပေါ်ထပ် ပြန်တက်ရှာရမှာ ဘယ်လောက်ရှက်ဖို့ ကောင်း သနည်း။ ကွင်းဆက်တွေ စဉ်းစားလျှင် အဖေ့ဘောပင်၏ ကံကြမ္မာ အပေါ် ကျွန်တော် ကိုးစားမှုလွဲပုံတွေ အကုန် ပေါ်တော့မည်။

သည်လိုနှင့် ကသိကအောင့် ဖြစ်နေသောစိတ်ဖြင့် အိမ်ပြန်ခဲ့ ပါတော့သည်။ အိမ်မှာလည်း ကျွန်တော် ဂဏှာမငြိမ်တော့ပါ။ ဖြစ်တန် သလောက်သော နေရာတွေမှာ "အဖေ့ဘောပင်" ရှာပုံတော် ဖွင့်နေခဲ့ရာ ညမိုးစုပ်စုပ်ချုပ်လေ၏။

ရှက်ရှက်နှင့်ပင် ဝန်ခံရလျှင် တီဗွီကြည့်တော့လည်း စိတ် မဖြောင့်။ အိပ်ရာဝင်တော့လည်း တော်တော်နှင့် အိပ်မပျော်။ ဘယ်အိမ် သားကိုမှလည်း ဖွင့်မပြောရဲ။ ကျွန်တော်သည် ငွေသိန်းချီပြီး ဆုံးရှုံးဖူး သည်။ ဒါကို မေ့မေ့ပျောက်ပျောက် ထားလို့ ရသော်လည်း မြတ်နိုးဖွယ်ရာ ပစ္စည်းအသေးအမွှား ပျောက်သော် တနုံ့နုံ့ဖြစ်နေတတ်ပါသည်။ ခုလည်း "ငင်း" အတိုင်းပါပဲ။

❑ ❑ ❑

မနေ့ညက တစ်ညလုံး ကောင်းကောင်းအိပ်မပျော်သော်လည်း ထုံးစံအတိုင်း သည်မနက်တော့ စာတစ်ပုဒ်ပြီးအောင် ထိုင်ရေးဖြစ်ပါသည်။ သို့သော် အဖေ့ဘောပင်နှင့် မဟုတ်တော့ပါလား။ အရင်ရေးနေကျ မြဝတီ ဘောပင်နှင့်။

မည်သို့ပင် ရှိစေ၊ နံနက်ခင်းမှာ နည်းနည်းကြည်လင်လာသည်



http://myanmarpyithar.net

မို့ အတွေးသစ်တစ်ခု ဝင်လာသည်။ တရားကျသည်ဆိုလျှင် ပိုကောင်းမည်။

အကယ်၍ ကျွန်တော်သည် အဖေ့အမွေဖြစ်သော စိန်ပေါက်ကြယ်သီးလက်ပတ်နာရီနှင့် လွယ်အိတ်ကလေးတစ်ခုခု ပျောက်သွားပါက ဤမျှ စိတ်ထိခိုက်မည် မဟုတ်ပါ။ ခုဟာက ဘောပင်။ ဘောပင်ဆိုသည်မှာ ခုနှယ်ခါ စာရေးဆရာ၏ ကလောင်တံ။ သည်တော့ စာရေးဆရာသာခု၏ ကလောင်တံကို စာရေးဆရာသုမောင်က ဖျောက်ပစ်လိုက်ရာ ရောက်နေပါပြီ။

ပစ္စည်းတစ်ခုခုနှင့် ပတ်သက်၍ ဖြစ်ပေါ်လာသော ကံတရားအပေါ် အလွဲ သာယာမိခြင်းသည် မကြာမတင် ဒဏ်ခတ်ခံရသည်ဟုဆိုပါလျှင် စာရေးဆရာသည် ကလောင်တံတစ်ချောင်းအပေါ် သာယာမိခြင်းသည် ဝတ္ထု ပစ္စည်းအနေနှင့် ဒဏ်ခတ်ခံရခြင်းအပြင် စာပေ၏ဒဏ်ခတ်ခံရခြင်းပါ နောက်ဆက်တွဲ ဖြစ်ပေါ်မလာနိုင်ပေဘူးလားဟု ကျွန်တော် စဉ်းစားကြည့် နေမိပါတော့သည်။

ရွှေအမြုတေ (ရုပ်စုံမဂ္ဂဇင်း)
ဒီဇင်ဘာလ (၁၉၉၉ ခုနှစ်)

**သုမောင်**

http://myanmarpyithar.net

## စာရေးသူ၏ထုတ်ဝေပြီးစာအုပ်စာရင်း


၁။ အချစ် (၁၉၇၄)
၂။ သိပ်ချစ်တယ်မဟုတ်လား (၁၉၇၆)
၃။ ရှင်နေမင်းမှပေးသောစာ (ဘာသာပြန်) (၁၉၇၆)
၄။ ပင်တိုင်စံစိတ်မကောင်းပါဘူးကွယ် (၁၉၇၇)
၅။ အချစ် (ဒုတိယအကြိမ်) (၁၉၇၇)
၆။ အချစ်ပွင့်ကလေးများ (၁၉၇၈)
၇။ အချစ်သစ်ပင် (၁၉၇၈)
၈။ စာမျက်နှာ ၁၆ (၁၉၇၈)
၉။ အချစ်ငါမသိ (၁၉၇၈)
၁၀။ *သာမုအင်ဆန်း(စ်) (၁၉၇၈)
၁၁။ အချစ် (၂) (၁၉၇၉)
၁၂။ အချစ်စက် (၁၉၇၉)
၁၃။ အချစ်၏နောက်ဆုံးနေ့များ (၁၉၇၉)
၁၄။ သူ့မောင်မှာ သူ့မောင်မှာ (၁၉၇၉)
၁၅။ အချစ်နှင့် သူ၏ကိုကို (၁၉၇၉)
၁၆။ *ငါကွ၊ ခုဆယ်ရာထောင်သောင်သိန်းသန်းကုဋေ (၁၉၈၀)
၁၇။ တစ်တီတူး (၁၉၈၀)
၁၈။ ချစ်ချစ်ချစ် ၁-၂-၃ (၁၉၈၀)
၁၉။ အကယ်ဒမီ (၁၉၈၀)
၂၀။ *ထို့ကြောင့် အချစ်ဟုခေါ်ပါသည် (၁၉၈၁)
၂၁။ စပယ်သုံးကုံး (၁၉၈၁)
၂၂။ လ (၁၉၈၁)
၂၃။ *ပန်းစွယ်တော်ရွက်ကလေး (၁၉၈၂)

http://myanmarpyithar.net

၂၄။ ဒု ရင်ကောက်နှင့် အခြားဝတ္ထုတိုများ (၁၉၈၃)
၂၅။ သာခုနှင့် ကျွန်တော်တို့၏ဖခင်များအကြောင်း (၁၉၈၄)
၂၆။ ဝတ္ထုတိုတစ်ပုဒ်ပေးပို့ခြင်း (၁၉၈၅)
၂၇။ မချစ်တတ်တာမဟုတ်ပါ မချစ်ချင်တာပါ (၁၉၈၅)
၂၈။ အချစ်လား သူဖျားနေတယ် (၁၉၈၆)
၂၉။ ကမ္ဘာကြီးတုန်သွားတယ် (၁၉၈၇)
၃၀။ ငှက်ကလေးတွေက မောင့်ခေါင်းပေါ်မှာ မင်းခေါင်းပေါ်မှာ (၁၉၈၈)
၃၁။ အချစ် (တတိယအကြိမ်) (၁၉၉၆)
၃၂။ မှတ်မှတ်ရရ ရှုမဝဝတ္ထုတိုများ (၁၉၉၉)
၃၃။ ကွမ်းစကား (၁၉၉၉)
၃၄။ အေးဘုံကပြောပါသည် (၁၉၉၉)
၃၅။ ပန်းယွန်းအိမ် (စာရေးဆရာတွဲ) (၂၀၀၀)
၃၆။ နံနက်စာ (၂၀၀၁)
၃၇။ *တြိ (စာရေးဆရာတွဲ) (၂၀၀၁)
၃၈။ အရက်သမားအမှားတစ်ခါ (၂၀၀၂)
၃၉။ သက်ကြီးရွယ်အို (စာရေးဆရာတွဲ) (၂၀၀၂)
၄၀။ ၂၀ ရာစုမြန်မာဟာသ ဝတ္ထုတိုများ (စာရေးဆရာတွဲ) (၂၀၀၃)
၄၁။ ကွမ်းစကား (ဒုတိယအကြိမ်) (၂၀၀၄)
၄၂။ ကွမ်းစကား (၂၀၀၄)

* ပြထားသောစာအုပ်များသည် အခြားစာရေးဆရာများနှင့် ပူးတွဲ ထုတ်ဝေသော စာအုပ်များဖြစ်ပါသည်။

http://myanmarpyithar.net



http://myanmarpyithar.net